
www.burmeseclassic.com

ပျိုး
စင်တင်သည်

# နှစ်ဘဝမြဲ

ရှင်ခုန်သံတွေနိုးသောက်တဲ့ဝတ်ရဲ့




www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၄၁၀၇၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၄၀၀၇၀၈

ထုတ်ဝေသူ

ဒေါ်မိုးသီတာ (မိုးမိုးစာပေ) (မြ-၀၃၈၅၁)

အမှတ် (၁၃)၊ ၁၀၇ လမ်း၊

မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့

ပုံနှိပ်သူ

ဦးမြင့်သန်း (မြ-၀၄၉၀၂)

စပယ်အော့ဖ်ဆက်

၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။

ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ၊

အုပ်ရေ - ၅၀၀၊ တန်ဖိုး - ၁၀၀ ကျပ်

မျက်နှာဖုံးပန်းချီ

သိန်းရွှေကြည်

ဖြန့်ချီရေး

မိုးမိုးစာပေ

# အခန်း (၁)

"ဟင်"

ကော်ဖီဆိုင်ထဲလက်တွဲဝင်လာတဲ့ စုံတွဲကို 'ပန်းချယ်ရီ'မယုံလောက်အောင် ငေးခနဲ ကြည့်မိ၏။

သက်တန့်နဲ့ ပယင်း။

ဟာ ... ပန်းချယ်ရီရဲ့ နှလုံးသွေး ဆောင့်ခုန်သွားသည်။

သက်တန့်က ပန်းချယ်ရီရဲ့ ချစ်ဦးသူ။

'ပယင်း'က ပန်းချယ်ရီရဲ့ ငယ်သူငယ်ချင်း သူငယ်တန်းကနေတန်းအထိ တွဲလာတဲ့ အချစ်ဆုံး အရင်းနှီးဆုံးသူငယ်ချင်း။

ဘယ်ကဘယ်လို စုံတွဲဖြစ်သွားတာလဲ။ ဟင့်အင်း စုံတွဲမကလို့ဘာပဲဖြစ်ဖြစ်ပေါ့။ ပန်းချယ်ရီ စိတ်ကိုတင်းပစ်လိုက်သည်။

တင်းလိုက်ပေမယ့် ထိုစုံတွဲကို အကြည့်မလွှဲနိုင်သေး။ ဖက်ရှင်ကြော်ငြာတဲ့ မော်ဒန်စုံတွဲလို၊ တီရှပ်အနီရဲရဲ ဆင်တူဝတ်ထားတဲ့ ချစ်ဦးသူနဲ့



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူငယ်ချင်းက စားပွဲနံပါတ်တစ်မှာ မျက်နှာချင်းဆိုင် ထိုင်က
တစ်ယောက်ကိုတစ်ယောက် မျက်တောင်မခတ်တမ်းကြည့်၍ ပြုံးလိုက်

"မ- ဟင့်အင်း။ မကြည့်ချင်ပါဘူး။

သူတို့ရဲ့အကြည့်ဆိုက်မှုက ပန်းချယ်ရီ့ ရင်ခုန်သံကို ကျ
လာစေသည်။ ဘာတတ်နိုင်မလဲ ကံကြမ္မာ အလိုအရပေါ့မောင်ရယ်။

ချစ်ဦးသူနဲ့ ချစ်သူငယ်ချင်းက ပန်းချယ်ရီကို အရွဲ့တိုက်နေတ
လား။ အရွဲ့မတိုက်ပါနဲ့ကွယ်။

ပန်းချယ်ရီတို့က အရှုံးနဲ့ နောက်ဆုတ်ပေးမယ့်သူပါ။ မောင်
ချစ်သူဘဝကို ပန်းချယ်ရီ မနှောင့်ယှက်ပါဘူး။ မောင်တို့စုံတွဲကို တိုက်
တွေ့နေပေမယ့် မတွေ့သလိုနေပါ့မယ်။ ပန်းချယ်ရီ ရှောင်ပေးပါ့မယ်

ချစ်ဦးသူနဲ့ ချစ်သူငယ်ချင်းရယ်။ ပန်းချယ်ရီ ရင်ခုန်သံ
နှုတ်ခမ်းလေး တင်းတင်းစေ့ပိတ်လိုက်ခြင်းဖြင့် ဝမ်းမနည်းမိအော
ထိန်းလိုက်သည်။

ထို့နောက် ပန်းချယ်ရီ ထိုစုံတွဲထံမှ အကြည့်ရုတ်သိမ်း
မတ်မတ်လေးထိုင်နေသည့် ကောင်တာမှထကာ ကောင်တာအနော
ဘက် အခန်းတံခါး တွန်းဖွင့်ဝင်ပုန်းမိသည်။

"ကောင်တာထိုင်ရကာ ပျင်းသွားပြီလား ချယ်"

ရန်နိုင်ဦး မေးသံကြောင့် ချယ် ကျောပြင်စိမ့်ခနဲ ဖြစ်သွား
မှန်ရှေ့အကျအနထိုင်ပြီး နှုတ်ခမ်းမွေးဆိုးနေတဲ့ ရန်နိုင်ဦး နှုတ်ခမ်းနှစ်လွှာ





လွှတ်ကာ

"ဆိုင်ဖွင့်စက ဒီလိုပဲ ချယ်ရယ်"

"အင်း အင်း ပေါ့"

ချယ် သံယောင်လိုက် ခေါင်းညိတ်မိသည်။

"ခုမှ ဆိုင်ဖွင့်တာ နာရီပိုင်းပဲရှိသေးတာ ချယ်ရယ်၊ စိတ်ရှည်ရှည်ထားမှပေါ့၊ ဘာဖြစ်လို့ ဝင်လာတာလဲ"

"အင်း အို ဘာ ဘာမှ မဖြစ်ဘူး"

"အဲဒါဆိုလည်း ကောင်တာထိုင်နေလေ၊ ချယ်ပဲပြောတယ် မဟုတ်လား၊ ပထမဦးဆုံး ဆိုင်ထဲဝင်လာတဲ့ ဈေးဦးပေါက်ဖောက်သည်ကို ပြုံးပြုံးလေးကြည့်ချင်တယ်ဆို"

ရန်နိုင် မှန်ရှေ့မှခွာ၍ မျက်ခုံးပင့်ကာမေးသည်။

"အင်း"

ချယ် သက်မချ၍ ထိုင်ခုံလွတ်မှာ ထိုင်ချလိုက်သည်။

"အဲဒါဆိုလည်း ကောင်တာမှာထိုင်ကြည့်ပေါ့"

"မကြည့်တော့ပါဘူး"

"ဘာဖြစ်လို့"

ရန်နိုင်ဦး တအံ့တသြကြည့်သည်။ ချယ် မလုံမလဲမဖြစ်အောင် မျက်နှာလေး ဟန်ဆောင်ပြင်၍

"ဈေးဦးပေါက်ဖောက်သည်ကို တွေ့ပြီးပြီ"

(စိုးမိုး - စာပေ)

www.burmeseclassic.com



"ဟေး ဟုတ်လား။ ဒါဆို ချယ် ဆိုင်လေး လာဘ်ပွင့်သွား ပေါ့ဟုတ်လား။ နေဦး ဖောက်သည်ဦးလေးကို 'ရန့်' မေးကြည့်လိုက်မယ်"

ရန့် မျက်လုံးလေးရွှန်းလက်ကာ ဝမ်းသာအားရပြော၍ အခန်း ပြင်ထွက်သွား၏။ ချယ် စိတ်လေးလံဖိစီးသလို ခံစားလိုက်ရသည်။

"အိုး ချယ် ဆိုင် သိပ်ကံကောင်းတာပဲ"

ရန့် ချက်ချင်းဝင်လာ၍ အားရဝမ်းသာပြော၏။

"ကံကောင်းတယ်"

"ဟုတ်တယ်လေ ချယ် ကံကောင်းတာပေါ့"

"ဘာဖြစ်လို့"

"ချယ်ဆိုင်ရဲ့ ဖောက်သည်ဦးက စုံတွဲဖြစ်လို့ပေါ့"

ဖောက်သည်ဦး စုံတွဲဖြစ်တာက ချယ် ကံကောင်းတာတဲ့လား သ်။ ချယ် ပြန်မပြောမိ။ ရန့် မျက်ခုံးညွှတ်ကွေးကွေးလေးကိုပင့်

"ဟုတ်တယ် ချယ် ဆိုင်ဖွင့်စမှာ ဖောက်သည်ဦးစုံတွဲဖြစ်ရင် အဲဒီဆိုင် ကံကောင်းတဲ့နိမိတ်ဆောင်တယ်တဲ့"

"မဆိုင်တာတွေ"

"ဆိုင်တယ်လေ မယုံရင် စောင့်ကြည့် ချယ် ဆိုင်လေး မကြာ ခင် စည်ကားလာတော့မှာ ဆိုင်စည်ရင် ချယ်ကံကောင်းပြီလေ နော့"

အားတက်သရောပြောနေတဲ့ ရန့်ကို ချယ် ဘဝင်မကျမဖြစ်





ရက်။ ချယ် ဖွင့်ချင်တဲ့ကော်ဖီဆိုင် ဖွင့်နိုင်အောင် ကူညီပေးခဲ့သူ။ ချယ် ဆိုင်လေး စည်ကားတာကို မြင်ချင်တဲ့သူလေ။

"အင်း ချယ် ကံကောင်းပါတယ် ရန့်ရယ်"

ရန့်ဦးကျေနပ်အောင် ချယ် အောင့်သက်သက် တစ်ခွန်းပြော လိုက်သည်။

"ဟွန်း ကံကောင်းပါတယ်လို့ပြောတဲ့ ချယ်အသံက အားမပါ သလိုပဲ"

"ထင်လို့ပါ ရန့်ရယ်၊ ချယ် တကယ်ကံကောင်းပါတယ် ဟိုမှာ ကြည့်လေ"

တံခါးဟာနေရာမှ လှမ်းမြင်ရတဲ့ ဆိုင်ဝင်ပေါက်ဆီ တစ်ချက် ကြည့်၍ ရန့်အာရုံကို လွှဲလိုက်သည်။

ဆိုင်ထဲလှမ်းဝင်လာတဲ့ လူရွယ်နဲ့ ကောင်မလေးတွေ။ တချို့ စုံတွဲလေးတွေကြောင့် ဆိုင်မှာ စားသောက်သူ စည်ကားနေတော့၏။ ရန့်ငေးကြည့်ရင်း ပီတိတွေ ဖိတ်လျှံလာသည်။

"တွေ့လား ချယ် ဆိုင်ကို စုံတွဲစဝင်ဈေးဦးပေါက်တာနဲ့ ချယ်ဆိုင် လေး စည်ကားသွားပြီလေ၊ ချယ် အရှိန်းကံကောင်းတာပဲ တကယ်"

ဝမ်းသာလွန်းပြီး မြူးကြွနေတဲ့ ရန့်ကို ချယ် ငေးကြည့်မိသည်။ ရန့်က ချယ် ခံစားချက်ကို မသိသလို ထိုစုံတွဲနဲ့ ချယ် ဖြစ်စဉ်ကို မသိ ပဲလေ။ ရန့်သိရင် ဘာပြောမလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ချယ် သိပ်ကံကောင်းတာပဲ"လို့ ပြောမှာမဟုတ်ဘူး ထင်ရဲ့။

"ချယ် ကောင်တာသွားထိုင်လေ"

"အင်း အဲ မထိုင်တော့ဘူး"

ကော်ဖီကို လက်စသတ်သောက်နေသည့် ချစ်ဦးသူ စုံတွဲထံမှ ချယ် အကြည့်ရုပ်ကာ ငြင်းလိုက်၏။

"ဘာဖြစ်လို့လဲ"

"ဘာ ဘာမှမဖြစ်ဘူး"

"ဘာမှမဖြစ်ရင် ကောင်တာထိုင်လေ"

"ရန်နဲ့ပဲ ထိုင်လိုက်တော့"

"အိုး ဘယ်ဖြစ်မလဲ၊ ကောင်တာထိုင်တာက မျက်နှာပေးချိုချို နဲ့ လှလှပပဖြစ်ဖို့ အရေးကြီးတယ်၊ အဲဒါကြောင့် ချယ်ကို ကောင်တာ ထိုင်ခိုင်းတာပေါ့၊ ရန့်လို မျက်နှာပေးမာဆတ်ဆတ်ပုံစံ မဖြစ်ဘူး ချယ်ရဲ့ ကဲ သွားထိုင်"

ရန့် ဘာမှမသိဘဲနဲ့ ချယ်ကို ကောင်တာထိုင်ဖို့ ဆွဲထုတ်နေသည်။ ရန့် လက်ချောင်းလေးကို ချယ်ရုန်းဖယ်ရင်း

"ဒီနေ့ ရန့်ပဲ ထိုင်ပါနော်"

"ရန့် မျက်နှာ မာဆတ်ဆတ်ချည်းနဲ့"

"ရပါတယ် ရန့်ရယ်၊ အဓိက ဆက်ဆံရေးပြေလည်ဖို့ အရေး ကြီးတာပါကွယ်"





"ချယ် ဒီနေ့ ထူးဆန်းနေသလိုပဲ"

ကောင်တာထိုင်ဖို့ စိတ်အားထက်သန်လှတဲ့ ချယ်က ဘာဖြစ်လို့ မျက်နှာမှုန်ကုတ်ကုတ်နဲ့ ငြင်းနေပါလိမ့်။ ချယ် မျက်နှာချောချောလေးကို စူးစိုက်ကြည့်ကာ ရန့်ရွတ်လိုက်၏။

"မထူးဆန်းပါဘူး ရန့်ရယ်"

"မထူးဆန်းရင် ဘာဖြစ်လို့"

"ကဲပါ ရန့်ရယ် ဒီနေ့ တစ်နေ့တည်း ထိုင်ပေးပါကွယ်၊ နော်"

ချယ် မျက်နှာပေးငယ်ငယ် အသနားခံလိုက်တော့ ရန့် ဘဝင် မကျချင်ဘဲ ခေါင်းညိတ်ပြီး

"ချယ် သဘော"

"ကျေးဇူးတင်တယ် ရန့်ရယ်"

"ဟွန်း ဇကျေးဇူးတင်တယ်တဲ့ တကာတည်း သူစိမ်းတွေကျနေ တာပဲ ရင်းနှီးတဲ့သူငယ်ချင်းပါနော် ကျေးဇူးတင်တဲ့စကား မပြောပါနဲ့ ဟွန်း"

နီညိုရောင် ဆေးခြယ်ထားတဲ့ နှုတ်ခမ်းလွှာလေးကို စုချွန်းပြီး ပြောလိုက်တဲ့ ရန့်ကို ချယ် ချေပမပြောတော့။ ရန့်ထွက်သွားမှ ချယ် သက်ပြင်းချမိသည်။ ကြုံမှကြုံတယ် မောင်ရယ်။

ဒီနေ့က ချယ် ကော်ဖီဆိုင်လေး စဖွင့်တဲ့နေ့။

ချယ် ကော်ဖီဆိုင်စဖွင့်တဲ့နေ့မှာ ချယ် ချစ်ဦးသူက ချယ်သူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်း လက်ကလေးချိတ်ပြီး အဦးဆုံးဝင်ရောက်အားပေးတဲ့ ဖောက်သည်တဲ့။

ချယ် နှလုံးသား ကံကောင်းတာလား ကံဆိုးတာလား။ မေ့ပစ်ထားတဲ့ နှလုံးသားခံစားမှုက တိုက်တိုက်ဆိုင်ဆိုင် ဆုံလာတော့ အိုး။ ချယ် မသိဟန်ဆောင်ပြီး ကျောခိုင်းရုံပေါ့ကွယ်။

⊞ ⊞ ⊞



## အခန်း (၂)

"တနို့ ကော်ဖီသောက်ရင်း စကားပြောရအောင်"

ပယင်းတောင်းဆိုမှုကြောင့် အနီးဆုံး ကော်ဖီဆိုင်မှာ သူ ကားထိုးရပ်လိုက်သားဖြစ်သွား၏။

ကော်ဖီနာမည်က(Green House)တဲ့။ ကော်ဖီဆိုင်ထဲ လှမ်းဝင်လိုက်သည်နှင့် သူ့ ရင်မှာ တစ်စုံတစ်ရာ ခံစားရသလို အေးခနဲ စိမ့်သွား၏။

ပယင်း သူ့လက်ကို တွဲချိတ်စဉ်ကပင် သူ့ ရင်မှာ ဘာမှမခံစားမိခဲ့။ ခုမှ ဘာကြောင့်ပါလိမ့်။ ကော်ဖီခန်းမကို ဝေ့ကြည့်မိတော့ ခံစားမှုတစ်စုံတစ်ရာက တိုးကြွလာသလို အခန်းပတ်လည်မှာ ရေးဆွဲထားတဲ့ နံရံကပ်ပန်းချီကားတွေကြောင့်လား။

နံရံနဲ့ မျက်နှာကျက်မှာ သစ်တောသစ်အုပ်နဲ့ ရေတံခွန် ပုံတွေက တကယ့်သစ်တောနဲ့ သက်ဝင်တဲ့ ရေတံခွန်အလား။ ရင်ထဲ အေးခနဲ

www.burmeseclassic.com



စိမ့်သွားစေသည်။

စတီးထိုင်ခုံနဲ့ စားပွဲခုံးပတ်လည်အနားတွေမှာ နွယ်ခက်ကလေးများသုံ့က်ဖြာ တန်ဆာဆင်ထားသည်က နွယ်ပုခက်လေးမှာ ထိုင်ရသလို ခံစားရစေသည်။ ဒီအပြင်ဆင်နဲ့ ဒီအသွင်မျိုးကို သူ ရင်ခွင်မှာ မရှိးနိုင်လောက်အောင် ကြားခဲ့ဖူးတယ်။

"ချယ်လေ သစ်တောစိမ်းစိမ်းတွေ ရေတံခွန်တွေဖြာကျနေတဲ့ စိမ်းစိမ်းစိုစို ဝန်းကျင်မှာ ကော်ဖီပူပူလေး သောက်ရမယ့်ဖီလင်မျိုး ခံစားချင်တယ်၊ နောက်ပြီး အဲ့ဒီခံစားမှုကို ကော်ဖီကြိုက်တဲ့ သူတွေကို ထပ်ဆင့်ပေးဝေချင်တယ်"

"ချယ် ဘာတွေပြောနေတာလဲ"

"ချယ် ကော်ဖီဆိုင် ဖွင့်ချင်တဲ့စိတ်ကူးရှိတယ် မောင်ရဲ့"

"ဟွန်း ကော်ဖီဆိုင်ဖွင့်မယ် စိတ်ကူးတဲ့၊ ကော်ဖီဆိုင်ဖွင့်လို့ ချယ် ဘဝ ဘယ်လိုတိုးတက်မလဲ"

"စိတ်ခံစားမှု တိုးတက်မှာပေါ့"

"ဟွန်း ချယ်ရာ၊ ချယ်ပြောလေ ရှုပ်လေပဲ"

"ဟုတ်တယ်လေ စိတ်ခံစားမှု တိုးတက်ရင် ဘဝတိုးတက်မှာပေါ့ မောင်ရဲ့"

"အပိုတွေ"

"မပိုပါဘူး မောင်ရယ်၊ အေးစိမ့်စိမ့်ရှိလှတဲ့ ဝန်းကျင်ထဲရောက်





သွားရင် စိတ်ဘယ်လောက်ပဲ ရှုပ်ထွေးနောက်ကျိနေပစေ အာရုံ လန်းဆန်းလာမယ်၊ ရေတံခွန်တွေက စိတ်ကြည်ပြီးအားတက်စေတယ်လေ၊ စိတ်ကြည်လင်မှုပေးနိုင်တဲ့ စိမ်းစိုစိုပုံရိပ်တွေက ရင်ကို အေးစိမ့်စေမယ်၊ အဲသလို အေးစိမ့်နေတဲ့ နောက်ခံနေရာဝန်းကျင်မှာ ကော်ဖီပူပူလေး သောက်လိုက်ရရင် ဘယ်လောက်မိန်းမူးဖွယ်ကောင်းမလဲ မောင်ရဲ့"

ချယ့်စိတ်ကူးယဉ်ကို သူနှာခေါင်းတွန့်ရှုံ့ချလိုက်သည်။

"အဲဒါကြောင့် ချယ်က မိန်းမူးဖွယ် ခံစားမှုလေးပေးနိုင်မယ့် အပြင်အဆင်မျိုးနဲ့ ကော်ဖီဆိုင်တစ်ဆိုင်ဖွင့်ချင်တယ်၊ ကော်ဖီသောက်တဲ့ သူတွေရဲ့စိတ် မိန်းမူးအောင် ခံစားမှုပေးချင်တယ်၊ အခြေအနေပေးရင် ချယ်က စိတ်ကူးရှိတဲ့အတိုင်း ကော်ဖီဆိုင်လေးဖွင့်ချင်တာ မောင်ရဲ့"

"အရူးမလေး"

စိတ်ကူးတွေနဲ့ ရွှက်လွှင့်နေတတ်တဲ့ ချစ်သူနဖူးပြင်ကို သူ ထုပစ်လိုက်သည်။

"တန့်"

လက်မောင်းဆုပ်ကိုင် ခံလိုက်ရမှ သူ အသိဝင်လာသည်။ ကျနေတဲ့ ရေတံခွန်ပုံကို စိုက်ကြည့်ခံစားမိနေတဲ့ သူ့မျက်ဝန်း ပယင်း ပြန်ရောက်၏။

"ပြောလေ ပယင်း"

"ဘာတွေငေးနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမငေးပါဘူး"

"ကြည့်ပါလား တန့်ကို အဲဒါကြောင့်အားမရတာ"

ပယင်းရဲ့ ပန်းဖျော့ရောင် နှုတ်ခမ်းနှစ်လွှာ ရှုသွား၏။ သူ မသိချင်ဟန်ဆောင်၍

"ဘာကိုလဲ"

"တန့် စိတ်ကိုပေါ့"

"ကိုယ့်စိတ် ဘာဖြစ်နေလို့လဲ"

"ဟွန်း တန့်ကိုယ်တန့် ဘာဖြစ်နေမှန်း မသိဘူးတဲ့လား"

"ဟင့်အင်း"

"ဘာမသိချင်ဟန်ဆောင်တာလဲ နံရံတွေ မျက်နှာကျက်တွေကို ငေးကြည့်နေပြီးတော့"

အစဉ်အမြဲ အလိုမကျ ရှုတော်နေတတ်တဲ့ ပယင်းကို သူ အေးစက်စက်ကြည့်၍

"ပုံရိပ်တွေ အသက်ဝင်လို့ကြည့်တာပေါ့"

"ဩော် အဲ့ဒီပုံရိပ်တွေက အသက်ဝင်တာပေါ့လေ"

"ဟုတ်တယ် ပယင်း၊ ကြည့်ပါလား ရေတံခွန်က တကယ့်ရေတံခွန်အစစ်လိုပဲ ကြည့်လေတူလေ"

"ဩော် ဒါဆို ပယင်းမျက်နှာက ကြည့်လေ အသက်မဝင်သလို ခံစားရတဲ့သဘောပေါ့ ဟုတ်လား"





ကျစ် မဆီမဆိုင် ဆွဲပြောလိုက်တဲ့ ပယင်းကို သူ ဖြေရှင်းချက်မပေးလိုတော့ ဖြေရှင်းလို့လည်း ရမှာမဟုတ်ဘူး။

ပယင်းက မဆီမဆိုင်ကပ်သတ်ပြီး ပြောတတ်။ ဒါမှမဟုတ် စိတ်မဝင်စားလို့လား။ ဘာကြောင့်မှန်းမသိ သူ ဘာတစ်ခွန်းမှ ချေပမပြောတော့။

အကျိုစိမ်းဖျော့ရောင် ရှပ်လက်ရှည်မှာ နက်ခဝိုင် စိမ်းရင့်ရောင် အစိမ်းလေးနှင့် ကြည့်သန့်စိမ်းလန်းနေတဲ့ စားပွဲထိုးလူရွယ် လာချပေးသည့် ကော်ဖီခွက်ကို ပယင်းရှေ့ သူချပေးလိုက်သည်။

ပယင်းက ပယင်းကို အရေးတယူရှိမှ ကြိုက်တာလေ။ အဓိပ္ပါယ်ရှိတဲ့ ပုံရိပ်တွေကို ကြည့်နေမယ့်အစား ပယင်းမျက်နှာလှလှလေးကို ကြည့်ပါလား ဟွန်း။

"ပယင်း ကော်ဖီသောက်လေ"

သူ့ကို ဘဝင်မကျ မျက်လုံးဝိုင်းနဲ့ ပြူးကြည့်နေတဲ့ ပယင်းမျက်နှာကို လျစ်လျူရှုပြောလိုက်သည်။

"သောက်မယ်"

ပယင်း ခပ်ဆတ်ဆတ်ပြောပြီး ကော်ဖီခွက်ကို မဲ့မဲ့ရွဲ့ရွဲ့ကြည့်သည်။ အပူငွေ့ဖြာထွက်နေတဲ့ ကော်ဖီခွက်ကို သူ ပင့်မကာ အပူလျော့အောင် အသာမှုတ်ပေးလိုက်သည်။

သူ မှုတ်ပေးလိုက်မှ ပယင်းနှုတ်ခမ်းရှုတာ အနည်းငယ်လျော့



www.burmeseclassic.com

www.burmeseclassic.com



လာသည်။ သူ့ချစ်သူတောင် သူ့ကို ဒီလို စိတ်မကောက်ဖူးသလို နှုတ်ခမ်း မစူဖူးပါ။

အချိန်ပြည့် နှုတ်ခမ်းစူတတ်တဲ့ ပယင်းနဲ့ကြုံမှ ချစ်ဦးသူကို ပိုသတိရလာသည်။

"တန့် ကော်ဖီသောက်လေ"

"အင်း"

ပယင်း ကော်ဖီတစ်ကျိုက်သောက်ပြီးပေမယ့် တန့်က ကော်ဖီခွက်ကို ငေးကြည့်ပြီး ငြိမ်သက်နေတာ ပယင်း စိမ်မကြည်သာတော့ ပယင်းပြောမှ ကော်ဖီခွက်ကောက်ကိုင်တဲ့ တန့်ကို မျက်နှာထားနဲ့ကြည့်သည်။

"တန့်နော် ပယင်း စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်နဲ့"

"ကိုယ် ဘာမှမလုပ်ပါဘူး"

"ဘာမှမလုပ်ဘူးဆိုတာ မှန်တာပေါ့၊ ဒါပေမယ့် တန့် စိတ်က ပယင်းအပေါ်မရှိတာ"

"ဆောရီးပါကွာ"

"နောက်တစ်ခါ အဲလို တောင်းပန်လို့မရဘူးနော်"

"အင်းပါ"

"အင်းပါ အင်းပါဆိုပြီး နောက်တစ်ခါ တောင်းပန်လို့ကတော့ ပယင်းအကြောင်းအသိပဲ"





ခပ်ကျိန်းကျိန်းလေးဖိပြောတဲ့ ပယင်းကို သူ ဒေါကမတက်လိုတော့။ အပူငွေ့လေးပျံတက်နေတဲ့ ကော်ဖီရည်ကို နှုတ်ခမ်းလွှာလေးနဲ့ ခပ်သောက်လိုက်သည်။

အေးစိမ့်နေတဲ့နောက်ခံဝန်းကျင်မှာ ကော်ဖီနွေးနွေးအရသာက နှလုံးသားကို နွေးခနဲ လှုပ်ခတ်စေသည်။

ချယ်ရယ်။ ချယ် ဘယ်မှာလဲကွယ်။ ဟောဒီပုံရိပ်တွေက ချယ် ကိုယ်ပွားတွေလားကွယ်။ ဖြစ်နိုင်ရင် ချယ်ကို ထိုစဉ်ကလို ရင်ခွင်ထဲ ထွေးထားချင်ရဲ့။

"အေးစိမ့်နေတဲ့ နောက်ခံနေရာဝန်းကျင်မှာ ကော်ဖီပူပူလေး သောက်လိုက်ရရင် ဘယ်လောက် မိန်းမူးဖွယ်ကောင်းမလဲ မောင်ရဲ့"

ချစ်သူ့အသံလေး တိုးဝင်လာလေ သူ့စိတ်က Dream House ကော်ဖီဆိုင်လေးဆီ ပြေးလွှားနေလေ။

ပယင်းကို ပို့ပြီးသည်နှင့် သူ ခြေလှမ်းက ကော်ဖီဆိုင်ဆီ ဦးတည်ခဲ့သည်။ သူတစ်ယောက်တည်း ကော်ဖီသောက်ရင်း အကဲခတ် ကြည့်နေမိသည်။

'Dream House ကော်ဖီဆိုင်က ချယ်ရန့် လွှမ်းခြုံထားသလို ခံစားရသည်။

ချယ် ဒီနေရာလေးမှာရှိနေရင် ထိုအတွေးက သူ့ရင်ခုန်သံကို မြူးမူးပျော်ဝင်သွားစေသည်။ လှုပြည့်နေတဲ့ ကော်ဖီဆိုင်က အသက်ဝင်

www.burmeseclassic.com



လျက် အစိမ်းရောင်ဖျော့ဖျော့ တူညီဝတ်စုံနဲ့ ဝိတ်တာတွေက ပျံ့ပျံ့ကြ

ကောင်တာထိုင်နေတဲ့ မိန်းကလေးက မျက်နှာမာဆတ်ဆတ်

ဖြစ်ပေမယ့် နှုတ်ခမ်းလှလှလေးကို အပြုံးပန်းဆင်ထားသည်က ကော်

သောက်လာသူရဲ့စိတ်ကို ပို၍ကြည်လင်စေသည်။

တစ်စုံတစ်ရာကို သိလိုတဲ့ သူ့ခြေလှမ်းက ကောင်တာရှေ့ ရော

လျှားသွားသည်။ သူ ကောင်တာရှေ့ရပ်လိုက်သည်နှင့်

"ဘာလိုအပ်လဲရှင့်"

ကောင်တာထိုင်မိန်းကလေး မျက်နှာပေး မာဆတ်ဆတ်ပေ

စကားသံက ချိုလှသည်။ ချယ်အသံက သူမအသံထက် ပိုပြီးချို

ရှသဖွယ်ကောင်းတဲ့အသံ ဖြစ်မှန်း ခုမှခွဲခွဲခြားခြား ခံစားမိလာသည်

"ဘာဖြည့်ဆည်းပေးရမလဲရှင့်"

သူမအသံချိုချို ထပ်ဆင့်ပေါ်ထွက်လာမှ သူ နှုတ်ခမ်းပါး

၍

"ဟို သိချင်တာလေးတစ်ခု မေးမလို့"

"ဘာများလဲရှင့်"

"ဟိုလေ ဒီကော်ဖီဆိုင်ရဲ့ အပြင်အဆင်ပိုင်းကို ဘယ်သူ့စိတ်

နဲ့ ဖန်တီးထားတာလဲလို့"

"ရှင်"

ရန့် တအံ့တဩဖြစ်သွားဟန်။ အဦးဆုံး စုံတွဲလာရောက်အား





ဖောက်သည်ဦးက ဘာဖြစ်လို့ တစ်ယောက်တည်းပြန်လှည့်လာပြီး

ခွန်းကို မေးရတာလဲ။ ချယ်နဲ့ ပတ်သက်နေမလား။

"ဒီ ဒီလိုပါ စိမ်းစိမ်းစိုစိုနဲ့ အေးအေးချမ်းချမ်းရှိတဲ့ ဒီအပြင်

ဆင်က ကော်ဖီသောက်သူတွေရဲ့ စိတ်ကို ဆွဲဆောင်နိုင်တယ်လေ၊

ကြောင့် မေးကြည့်တာပါ"

"ဪ ဒါလား ရန့် စိတ်ကူးပါ"

သူ မယုံချင်သလိုဖြစ်လာသည်။ သူ့မျက်နှာ မှုန်ကုပ်သွားတော့

စူးစမ်းသလို စိုက်ကြည့်ပြီး

"ဘာဖြစ်လို့လဲရှင့်"

"ဘာ ဘာမှမဖြစ်ပါဘူး မရန့် စိတ်ကူးကောင်းပါတယ်ဗျာ

ပါတယ်"

"ရပါတယ် အခုလို ချီးကျူးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ဖော်ဖော်ရွေရွေပြောတတ်တဲ့ ရန့်ကို သူပြုံး၍ နှုတ်ဆက်လိုက်

သည်။

"ကျွန်တော့်ကို ခွင့်ပြုပါဦး"

ဟုတ်တာပေါ့။ ဒီစိတ်ကူးက ချယ်စိတ်ကူးကို ရန့် အကောင်

ည်ဖော်တာလေ။ ဆိုင်စဖွင့်တဲ့နေ့မှာ ပထမဦးဆုံးလာတဲ့ဖောက်

ည်က အထူးခြားဆုံး မေးခွန်းလာမေးတာ ဘာကြောင့်ပါလဲ။

မဟုတ်မှလွဲရော ချယ် ကောင်တာမထိုင်တာ သူတို့စုံတွဲကို



www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်လား။ မဖြစ်နိုင်တာ သူတို့စုံတွဲကို ဒီနေ့မှ ပထမဦးဆုံးအကြိမ် မြင်ဖူးတာ။

ထိုစုံတွဲနဲ့ ချယ် တစ်ခုခု ပတ်သက်ခဲ့မှုရှိသလား။ ရှိရင် ချယ် ဖွင့်ပြောမှာပေါ့။

ချယ်နဲ့ ရန့်ကြားမှာ လျှို့ဝှက်ပုစ္ဆာမရှိခဲ့ဘူးလေ။ ရှိရင်လည်း ရှေ့ဆက်စောင့်ကြည့်ပြီးဖေါ်ထုတ်ရုံပေါ့။

✠ ✠ ✠

# အခန်း (၃)

တိုက်ဆိုင်မှုကြောင့်လား။ သတိရမှုကြောင့်လား။ သူ့စိတ်ကို သူ အစိုးမရနိုင်တော့။ Gream House ကော်ဖီဆိုင်လေးဆီ သူ့စိတ်အာရုံလွင့်နေဆဲ။ ထို့ကြောင့် သူအလုပ်အားသည်နှင့် ကော်ဖီဆိုင်ဆီ ဦးတည်ခဲ့သည်။

ထိုစဉ်

မီးပွိုင့်မိလို့ ရပ်ထားတဲ့ သူ့ကားရှေ့တွင် အစိမ်းဖျော့ရောင် ပုံရိပ်လေးတစ်ခု ဖြတ်ပြေးသွားသည်ကို သူ ငေးကြည့်မိသည်။ ပျော့တွဲ အိဖြာနေတဲ့ ဆံနွယ်များကြောင့် မျက်နှာပြင်လေးကို မမြင်လိုက်ရ။

ဒူးဆစ်ထိခွဲထားတဲ့ နောက်ကွဲစကတ်လေးကြောင့် ခြေသလုံးသားလေးက ဝင်းခနဲ။

ချယ်ခြေသလုံးသားလေးက အဲသလိုဝင်းဝင်းလေး။ မီးစိမ်းသည်နှင့် သူ့ကားက ထိုအစိမ်းဖျော့ရောင် ပုံရိပ်လေးချိုးကွေ့သွားတဲ့



www.burmeseclassic.com

www.burmeseclassic.com



လမ်းဆီ ကွေ့လိုက်မိသည်။

ထိုပုံရိပ်လေးရှေ့ ကျော်၍ ကားမှန်မှတစ်ဆင့် မျက်နှာလေး ကြည့်လိုက်တော့

"ဟင်"

သူ့ရင်ခုန်သံ ဆောင့်ခနဲခုန်ကြသည်။ ထိုအခါ သူ့ကားရပ်ပစ် ၍ ကားပေါ်က ဆင်းလျက်သား ဖြစ်သွား၏။

ပခုံးပေါ် ဝဲဖြာအိကျနေတဲ့ အလယ်ခွဲဆံပင်ကြားမှ ပန်းသွေး ရောင် ဝင်းအိနေတဲ့ မျက်နှာလေး။ အဲဒါ အဲဒါ မောင့်ချစ်သူ ချယ်ပေါ့။ သူ့ရင်အုံ အဆမတန်မောက်ကြသည်။ .

"ချယ်"

"အို"

ချယ် မျက်ဝန်းအံ့သြငြိမ်သက်သွား၏။

"ချယ်ရယ်"

ပခုံးနှစ်ဖက်ကို လှမ်းမောဖွယ် ဖွဖွလေး ဖက်လိုက်မိ၏။

"အို ဖယ်"

အထိတ်တလန့် ပုတ်ချလိုက်စဉ် သူ့ လက်ချောင်းလေးတွေ ကွာကျသွား၏။

"ချယ်ရယ် မောင့်ကို"

ချာခနဲလှည့်ပြေးသွားသည့် စိမ်းဖျော့ရောင် ပုံရိပ်လေးက လူ





ပ်ရှုပ်ရှား သွားလာနေသူတွေကြား နစ်မြောဝေးကွာသွား၏။

သူ့ရင်မှာ ယူကြုံးမရဖြစ်တဲ့စိတ်နှင့် နှမ်းဖတ်ထုံထိုင်းသွား၏။ ဖြစ်နိုင်ရင် ချယ် နောက် အမိုပြေးလိုက်ချင်ပါသည်။

ချယ်က တိုက်ဘေးလူသွားလမ်းကြောင်းထဲ ပြေးဝင်သွားတော့ သူ့ကားနဲ့ဆက်လိုက်လို့မဖြစ်တော့။

ထိုလမ်းကြားထဲ ခြေကျင်လျှောက်ဝင်၍ ရှာဖွေပေမယ့် စိမ်းဖျော့ ဖျော့ရောင် ချယ်ပုံရိပ်လေးကို မမြင်ရ။ စိတ်ဓာတ်ကျစွာ ကားဆီ လျှောက် ထွက်လာတော့ သူ့ကားဘေးမှ ဖြစ်လျှောက်သွားသည့် မိန်းကလေး သူ့ကိုကြည့်၍

"ရှင်"

"ကျွန်တော် နာမည် သက်တန့်ပါ"

"ဪ သက်တန့်လား၊ ရန့်ကို မှတ်မိလား"

"မှတ်မိပါတယ်"

"ဒါနဲ့ ရှင် ဒီမှာ ဘာလုပ်နေတာလဲ၊ စပ်စုတာ မဟုတ်ဘူးနော် သိချင်လို့"

ရင်းနှီးသယောင် ပွင့်ပွင့်လင်းလင်းမေးလာတဲ့ ရန့်ကို သူ ခပ်ဖျော့ဖျော့ကြည့်ပြီး

"သူငယ်ချင်းတစ်ယောက်ကို လာရှာတာ"

"ဪ"



www.burmeseclassic.com

www.burmeseclassic.com



ရန်နံ့ရဲ့ ဩော် ရွှတ်သံက သူ့ရင်ကို နင်သလိုလို။

"ဒါနဲ့ ရန်နံ့က"

"ရန်နံ့ ကော်ဖီဆိုင် သွားဖွင့်မလို့"

"ကျွန်တော်လိုက်ပို့ပေးမယ်"

"ရတယ် မပို့နဲ့"

"အားနာလို့လား"

"ရန်နံ့က အားမနာတတ်ဘူး"

"အဲဒါဆိုလည်း လိုက်ပို့ပေးမယ် ကားပေါ်တက်လေ"

"ဟင့်အင်း ဆိုင်က နီးနီးလေး။ ရန်နံ့က လမ်းလျှောက်သွားတာ သဘောကျလို့၊ ဒါပဲနော် ကြုံတဲ့အခါ လာအားပေးဦး"

သူ ခေါင်းညိတ်လိုက်စဉ်၊ စတယ်ဆံပင် ပခုံးတိုက်လေးနဲ့ ကျောခိုင်းထွက်သွားတဲ့ ရန်နံ့ကိုကြည့်ရင်း သူ သက်မချမိသည်။

ရန်နံ့ရယ် ချယ်ကို လိုက်ရှာမိတဲ့ ကိုယ့်ကို နားလည်ပေးနိုင်မလားကွယ်။

Green House ကိုရောက်တဲ့အထိ ချယ် ရင်ခုန်သံ ဆောင့်ခုန်နေဆဲ။

မောင် လက်ချောင်းလေးတွေ ထိတွေ့ခဲ့တဲ့ ချယ် ပခုံးသားလေးက ခုချိန်ထိ နွေးလျက်။

ချယ် ရှောင်လျက် ဘာကြောင့် ဆုံတွေ့နေရတာလဲကွယ်။





ဒီတင်မကာ ညနေတိုင်းလိုလို ကော်ဖီဆိုင် ရောက်ရောက်လာတဲ့ မောင့်ကို မြင်တာနဲ့ ကောင်တာ ချယ်မထိုင်ဘဲ အခန်းထဲ ဝင်ပုန်းနေခဲ့တော့ အကယ်၍ မောင်သာ ချယ်ကို ကောင်တာမှာတွေ့သွားရင် ချယ်မတွေးရဲတော့။ မောင်ရှေ့တိုးလာရင် . .

ဟင့်အင်း မောင်ရှေ့တိုးခဲ့လို့မဖြစ်ဘူး။ မောင့်မှာ ချစ်သူရှိတယ်လေ။ မောင့်ချစ်သူက ချယ်ကို အစဉ်ငဲ့ညှာထောက်ထားခဲ့တဲ့ အချစ်ဆုံး သူငယ်ချင်း။

ပယင်း စိတ်နှလုံးပျက်သွားအောင် ချယ် မလုပ်ရက်ဘူး။ တင့်အင်း ချယ် မလုပ်ရက်ဘူး။ ဒါကြောင့် ချယ်ရှောင်နေတာ ရှောင်နေလျက် ခုလိုဆုံတာ နောက်ထပ်မဆုံနိုင်အောင် ချယ် ဘယ်လိုရှောင်မလဲ တွေယ်။

"ချယ်"

ရန်နံ့ခေါ်သံကြောင့် ချယ် ကိုယ်လုံးလေးတုန်ခါသွားသည်။

"ဘာဖြစ်နေတာလဲ"

"ဘာ ဘာမှမဖြစ်ဘူး"

"ဟုတ်ရဲ့လား ချယ်ရယ်"

ချယ်မလုံမလဲ တံတွေးမျိုချလိုက်သည်။

"ချယ် တစ်ခုခု ဖြစ်နေသလိုပဲ"

အနိုင်အမာလိုလို ပြောလာတဲ့ ရန်နံ့ကို ချယ် ဘယ်လောက်ကြာ



www.burmeseclassic.com

www.burmeseclassic.com



အောင် ထိန်းချုပ်ဟန်ဆောင်နိုင်မှာလဲ။

"ပြောလေ ချယ် တစ်ခုခုဖြစ်နေတယ် မဟုတ်လား"

"ရန့် ထင်လို့ပါ"

"ဘယ်လို"

"ရန့်ထင်လို့ပါ၊ ချယ် ဘာမှမဖြစ်ပါဘူး"

"အင်းလေ ဘာမှမဖြစ်ရင်ပြီးရော"

ရန့်ကို ပွင့်ပွင့်လင်းလင်း မဖြေချင်တာလား။ ဒါမှမဟုတ် တကယ်ဘာမှမဖြစ်လို့လား ရန့် မတွေးချင်တော့။

"ဘာမှမဖြစ်ရင် ကောင်တာထိုင်နော်"

"ဟင်"

"ကောင်တာထိုင်ခိုင်းတာလား"

ဟင့်အင်း ချယ် ကောင်တာထိုင်ချင်စိတ်မရှိတော့။

"ဒီနေ့ကစပြီး ချယ် ကောင်တာမထိုင်တော့ဘူး"

ရန့် မျက်ဝန်းပြူးကျယ်ဝိုင်းစက်ကာ ချယ်ကို နက်နက်နဲနဲ စိုက်ကြည့်လာသည်။ ချယ် နှုတ်ခမ်းနှစ်လွှာကို အသာပွတ်လိုက်ပြီး

"ဟို ထိုင်ပါများတော့ ချယ် ခါးအရမ်းညောင်းပြီး အောင့်တက်တာလေ၊ ဒါကြောင့်"

"ဟွန်း ချယ်ပဲပြောတတ်တယ် ထိုင်ခုံမှာ ငြိမ်ငြိမ်လေးထိုင်ရတာ၊ ခါးညောင်းပြီး အောင့်တက်တယ်တဲ့"





"တကယ်ပြောတာပါ ညက ဆေးလိမ်းရသေးတယ်"

ရန့် မျက်စောင်းခဲကြည့်သည်။

"ချယ် မညာပါဘူး ရန့်ရယ်"

"ချယ် ညာညာမညာညာ ချယ်ကိုယ်ချယ် သိမှာပေါ့"

"သိပါတယ် ရန့်ရယ် ဒီနေ့ကစပြီး ရန့်ပဲ ကောင်တာထိုင်တော့"

"ချယ်ကရော"

"ဟို ချယ်က"

ချယ် ဘာတစ်ခုခု ပြန်ပြောရမှန်းမသိတော့။ တစ်စုံတစ်ရာကို ရိပ်မိသယောင် ဖြစ်နေတဲ့ရန့်က နှုတ်ခမ်းလွှာလေးတွန့်ရွဲ့ကာ

"ပြောလေ ချယ်ကဘာလုပ်မလဲ"

"ဟိုလေ ချယ် ခါးနာကောင်းတဲ့အထိ အနားယူမယ်လေ"

"ဩော် ချယ် ဆိုင်ကို ရန့်က ထိန်းရမယ်ပေါ့လေ"

"ရန့်ကလည်း"

"တော်ပါ ရှင် အလွဲကောင်းလုပ်မနေနဲ့ ရန့်ဆိုင်ကို ရန့် အချိန်ကြာ ပစ်ထားလို့မရဘူး မချယ်"

"သိပါတယ်"

"သိတယ်ဆိုလည်း ခါးနာတာအကြောင်းပြပြီး အချိန်မဆွဲနဲ့ နော် ဒါပဲ"

"အင်းပါ ရန့်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



ရန့် ကျော့နုပ်အောင် ချယ် ဦးခေါင်းလေးညိတ်လိုက်ရသည်။ မောင်ရယ် မောင်နဲ့ချယ် ပြန်မဆုံတွေ့နိုင်ဖို့ ချယ် အစွမ်းကုန် ရှောင်ပုံမယ်ကွယ်။

ရှောင်ချင်တဲ့ ချယ်ရင်မှာ မောင့်ပုံရိပ် မောင့်လက်ချောင်းလေးတွေနဲ့ မောင့်ကိုယ်ငွေ့နွေးနွေးလေး လွှမ်းနေခဲ့။

ဟင့်အင်း ချယ် ရင်ခုန်သံကို ဖိကြိတ်မျိုချကာ ဦးခေါင်းတွင်တွင် ရမ်းလိုက်၏။

✠ ✠ ✠



## အခန်း (၄)

"တောက်"

ပယင်း လက်ကောက်ဝတ်မှ ငွေရောင်နာရီဝိုင်းလေးကိုကြည့်ကာ တောက်ခတ်လိုက်၏။ ဆယ်နာရီထိုးနေပြီ ဘာဖြစ်လို့ရောက်မလာသေးတာလဲ ဖုန်းခေါ်တော့လည်း မထူး။

ဖုန်းပိတ်ထားရအောင် ဘာကိစ္စအရေးကြီးနေလို့လဲ။ လာရင်တော့ ပယင်း ဒေါသနဲ့တွေ့ရမှာပေါ့။

ပယင်း မျက်ဝန်းမှ ဒေါသငွေ့လေး တထောင်းထောင်းထနေ၏။ ပယင်း ဒေါသငွေ့ပျံနေတဲ့အချိန်မှာ သူက ပယင်းကိုသွားကြိုဖို့ မေ့လောက်အောင် ချစ်ဦးသူကိုမြင်လို့မြင်ငြား ထိုနေ့က တွေ့ဆုံခဲ့တဲ့လမ်းမှာ ပတ်ရှာနေမိသည်။ လမ်းကြားမှာလည်းမတွေ့။

လမ်းမပေါ်မှာလည်းမမြင်။

ချယ်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



မောင့်နှလုံးသား ဆာလောင်မှုအတွက် ကိုယ်ထင်ပြပါတော့ ကွယ်။ ကော်ဖီဆိုင်လေးနဲ့ ခပ်လှမ်းလှမ်း ကားရပ်ကာ ကော်ဖီဆိုင်လေး ကို ငေးကြည့်ရင်း အချိန်ကုန်မှန်းမသိ ကုန်လွန်ခဲ့သည်။ ဆိုင်ပိတ်ချိန် အထိ သူ ငေးမောင်းနေဆဲ။

စိမ်းဖျော့ရောင် တူညီဝတ်စုံဝတ်ထားတဲ့ ဝန်ထမ်းအားလုံး အိမ်ပြန်ရန် ဆိုင်ထဲကထွက်သွားပေမယ့် ထိုဝန်ထမ်းတွေထဲမှာ သူချစ်သူ ချယ် မပါဝင်။

အဲဒီနေ့က ချယ်ကိုယ်ပေါ်မှာ ကောက်ဖီဆိုင်ယူနီဖောင်း စိမ်းဖျော့ရောင်လေးကို ဘာကြောင့်ဝတ်ဆင်ထားရတာလဲ။

တစ်စုံတစ်ရာကို အလိုလိုသိသလို ခံစားမိတဲ့စိတ်က သူ့ခြေ လှမ်းတွေကို Green House ကော်ဖီဆိုင်လေးဆီ ရွှေ့သွားမိသည်။ ဆိုင်တံခါးက ဖွင့်ထားဆဲ။

ဆိုင်ထဲမှာ စားသောက်သူမရှိသလို ဝန်ထမ်းတွေလည်းမရှိ။ ဆိုင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်က ဆွဲဆောင်မှုရှိနေသလို လို

ထိုစဉ်။

ကောင်တာအနောက်မှ ကျွန်းတံခါးတစ်ချပ် လှပ်ခနဲပွင့်လာ သည်နှင့် တစ်ပြိုင်နက် တစ်ကိုယ်လုံးပေါ်ထွက်လာတဲ့ မိန်းကလေးကို သူ အသက်မဲ့ကာ ငေးလျက်သားဖြစ်သွား၏။





"ချယ်",

သူ့ နှလုံးသားမှ သံစဉ်တစ်ခု လိမ့်ထွက်လာသည်။

"ဟင်"

ချယ် ကောင်တာဘက်လှည့်လိုက်စဉ် ချယ် တစ်ကိုယ်လုံး ဆိုင်းငေးမောသွားစေသည်။

"မောင်"

ဟု ချယ် ရင်ထဲက ရွတ်သံက စေ့ပိတ်လိုက်တဲ့ နှုတ်ခမ်းနှစ် နောက်မှာ ဝပ်ဆင်းသွား၏။

"ချယ်"

ချယ် ရှေ့တိုးလာတဲ့ခေါ်သံနဲ့ ခြေလှမ်းက ချယ် အသိတရားကို ပေးသည့် ခေါင်းလောင်းလေးအဖြစ် မြည်ဟီးလာသည်။ ချယ် ခမ်းလွှာတင်း၍ ချယ် မေးဖျားလေး ပင့်မော့လိုက်သည်။

"ချယ်ရယ် ချယ် မောင့်ကို ရက်စက်တယ်ကွာ"

"ဘာ"

"ချယ် မောင့်ခံစားချက်ကို နားလည်မှုမပေးတာ မောင် ဘယ် တ်ကြေကွဲရလဲ ချယ်ရယ်"

"ရှင် ဘာတွေပြောနေတာလဲ"

အစိမ်းရောင်ဆန်တဲ့ ချယ် စကားလုံးက သူ့ရင်ကို အောင့်မျက် စေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ချယ်"

"ကျွန်မနာမည် ချယ်မဟုတ်ဘူး ပန်းချယ်ရီ"

"ချယ် မောင့်ကို အရူးလုပ်နေတာလား"

"ရှင်သာ ကျွန်မကို အရူးလာလုပ်တာ"

"ဟင်"

သူ့ရှေ့က ချယ်က သူ့ကို အစိမ်းလိုက် နှိပ်စက်နေတာလာ ချယ် မျက်ဝန်းက ဟိုစဉ်ကလို ချစ်ချင်းအရောင်အသွေးတွေ ပျော် နေခြင်းမရှိသလို သူ့ကို တစ်ခါမှမမြင်ဖူးသူလို မလိုမလားကြည့်နေ ချယ် မျက်ဝန်းက သူ့ကို အကြီးအကျယ် အံ့သြရစေသည်။

"ဟုတ်တယ် ရှင် အကြောင်းလာမရိုက်နဲ့"

"ချယ်"

"ကျွန်မနာမည် ပန်းချယ်ရီလို့ပြောနေတာ ရှင်ကြားမှာပါ"

"မဟုတ်သေးဘူး ချယ်"

"ရှင် စိတ်မှန်ရဲ့လား ကျွန်မက ရှင်ရွတ်နေတဲ့ ချယ်ဆို မဟုတ်ဘူး၊ ကျွန်မ ဒီကောက်ဖိဆိုင်ပိုင်ရှင် ပန်းချယ်ရီ ကျေးဇူးပြု အနှောင့်အယှက် လာမပေးပါနဲ့"

သူ့ရင်မှာ အဆမတန်လှိုင်းထန်သွား၏။

"ကျွန်မ ဆိုင်ပိတ်ချိန်ရောက်နေပြီ"

သူ ပါးစပ်အဟောင်းသားဖြစ်သွား၏။





"ကျွန်မက ရှင်ပြောတဲ့ ချယ်မဟုတ်တဲ့အတွက် နောက်တစ်ခါ ကျွန်မထံလာပြီး ခုလို လာမနှောင့်ယှက်ပါနဲ့"

"ချယ်ရယ် မောင်တို့ မတွေ့ရတာ ငါးနှစ်ကြာခဲ့ပေမယ့် ချယ်ကို မောင် လှုမှားလောက်အောင် အသိတရား မခေါင်းပါးဘူး ချယ်ရယ်၊ ကျေးဇူးပြုပြီး မောင့်ကို ဒီလိုမဆက်ဆံပါနဲ့ကွာ မောင် တောင်းပန်ပါတယ်"

"အို ရှင် ဘယ်လိုလူလဲ"

ချယ် လက်ဖဝါးလေးကို ဆတ်ခနဲ ဆွဲကိုင်လိုက်တဲ့ မောင့်လက်ကို ချယ် အထိတ်တလန့် ခါပစ်လိုက်၏။

"ရှင် သိပ်အတင့်မရဲနဲ့ ရှင့်ကို ကျွန်မမသိဘူး၊ မသိဘူး၊ လုံးဝမသိဘူး၊ ရှင် ခုချက်ချင်း ထွက်သွားပါ ခုချက်ချင်းထွက်သွား"

ချယ် ဟန်ဆောင်မှုတွေ ကွာကျမသွားအောင် အသံကုန် အော်ဟစ်နှင်ထုတ်ကာကွယ်လိုက်၏။ သူ့ရင်ခုန်သံ ခြောက်ခမ်းအက်ကွဲလာသည်။

ရက်စက်လိုက်တာ ချယ်ရယ်။

"ရှင် ကြောင်တောင်တောင်နဲ့ ကျွန်မကို အရူးလာမလုပ်နဲ့၊ ရှင် ထွက်မသွားရင် ကျွန်မ သက်ဆိုင်ရာကို အကြောင်းကြားရလိမ့်မယ်၊ ကျွန်မ နောက်ဆုံးပြောမယ် ရှင် ထွက်သွားမလား မသွားဘူးလား"

သူ ဘယ်လိုဖြေရမလဲ ချယ်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



"ပြော ရှင် ထွက်မသွားရင်"

ချယ် လက်ချောင်းက ကောင်တာစားပွဲပေါ်မှ ဟမ်းဖုန်းပေါ် ရောက်သွား၏။

"ရှင် နှောင့်ယှက်မှုအတွက် ရှင့်ဂုဏ်သိက္ခာကို ကျွန်မ ငဲ့မှာ မဟုတ်ဘူးနော်"

"ချယ် သဘောပါ ချယ်ရယ်"

"ရှင် အပိုတွေမပြောနဲ့"

"ချယ်ကို မောင် နှောင့်ယှက်တာ မဟုတ်ပါဘူး"

"မနှောင့်ယှက်ရင် ထွက်သွား"

အကြိမ်ကြိမ် နှင်ထုတ်ခံရတဲ့ ချယ် စကားလုံးတွေနောက်မှာ ခြေလှမ်းက ချယ်နဲ့ တဖြေးဖြေးဝေးလွင့်ခဲ့ရသည်။

ချယ်ရယ်။

အကြောင်းကြောင်းကြောင့် မောင့်ကိုမသိချင်ဟန်ဆောင်လိုက်တာလား။ ချယ် အသိတရားက မသိချင်ဟန်ဆောင်နိုင်ပေမယ့် ချယ် နှလုံးသားက ဟန်ဆောင်လို့ရမတဲ့လား။ ရင်ခုန်သံကို တားဆီးရနိုင်ပါ့ မလား ချယ်။

တလှမ်းချင်းဝေးသွားတဲ့ မောင့်ခြေလှမ်းက ချယ်ရင်ကို ဝမ်းနည်းနစ်ကျွံသွားစေသည်။ ချယ် ရှောင်လျက် ဘာဖြစ်လို့ ထိပ်တိုက် တွေ့ရတာလဲကွယ်။





ဟင့်အင်း

ချယ်နဲ့မောင် နောက်ထပ်တွေ့ဆုံနေဖို့မသင့်ဘူး။ အဲဒီအတွက် အဖြစ်သင့်ဆုံး ကာကွယ်မှုက ကော်ဖီဆိုင်လေး ပိတ်လိုက်ရုံပေါ့။

ချယ် စိတ်ကူးယဉ် ကော်ဖီဆိုင်ကို ပိတ်ရမယ်ဆိုတဲ့ အသိက ချယ် ရင်မှ ဝမ်းနည်းမျက်ရည် ပေါက်ခနဲကျစေသည်။

"ဘယ်လို ချယ် ကော်ဖီဆိုင်ပိတ်တော့မယ်"

ရန့် ရင်ဘတ်လေးဖိကာ မယုံနိုင်လောက်အောင် မေးလိုက်၏။ သွင့်ကျလာတဲ့ မျက်ရည်စကို ရန့်မမြင်သာအောင် လက်ညှိုးဖျားလေးနဲ့ အသာတို့သုတ်လိုက်၏။

"ဟုတ်တယ်"

"ဘာဖြစ်လို့"

"ကော်ဖီဆိုင်ထိုင်ရတာ ပျင်းလာလို့"

"ဟွန်း"

ရန့် နှာခေါင်းတွန့်ကြုတ်ပြီး

"ရှင်လား ကော်ဖီဆိုင်ထိုင်ရလို့ ပျင်းတာ"

"တကယ်ပါ"

"မယုံပေါင် ရှင့် ဆိုင်မဖွင့်ခင်ကတည်းက ရန့်ဆိုင်မှာ အချိန် ပြည့်လာထိုင်နေတတ်တဲ့ ချယ်က အခုမှ ကိုယ်ပိုင်ကော်ဖီဆိုင်ထိုင်ရ ပျင်းတယ်ဆိုတာ နားရှိလို့သာကြားရတာ မယုံရေးချ မယုံဘူးချယ်"



www.burmeseclassic.com

www.burmeseclassic.com



ချယ်စိတ်ကိုသိနေတဲ့ ရန့်ထံမှ ချယ် အကြည့်လွှဲလိုက်သည်။ ရန့် ချယ်စိတ်ကို သိနှင့်သလိုမျက်နှာပေးနှင့်

"နေဦး ခုချက်ချင်း ဆိုင်ပိတ်ဖို့ ပြောရလောက်အောင် ရှင့်မှာ ဘာအခက်အခဲရှိလဲ အကြောင်းတစ်ခုခုရှိရမယ် ဟုတ်တယ်နော်"

"တကယ်ပါ၊ ချယ် တခြားအလုပ်ပြောင်းလုပ်ချင်တယ် အဲဒါကြောင့်"

"ပြောင်းလုပ်ချင်သပဆို ပြောင်းလုပ်ပေါ့ ကော်ဖီဆိုင်မပိတ်လည်းဖြစ်တယ်လေ"

"ဆိုင် မပိတ်ရင် ချယ် လုပ်ချင်တဲ့အလုပ် လုပ်ခွင့်ရဖို့ ခက်မယ်လေ"

"မခက်ပေါင်"

"ဘာဖြစ်လို့"

"မန်နေဂျာနဲ့လွှဲလိုက်လေ"

"အို"

ချယ် ကိုယ်လုံးလေး ဆတ်ခနဲ တွန့်သွားသည်။

"ဟုတ်တယ်လေ မန်နေဂျာနဲ့ လွှဲထားလို့ရတယ်၊ ရှင့်ဘာရှင်ကြိုက်တဲ့အလုပ်လုပ်ပေါ့၊ ရှင့်မန်နေဂျာကို ရန့် ထိန်းထားနိုင်တယ် ချယ် ဆိုင်ပိတ်စရာမလိုဘူးလား"

ဆိုင်ပိတ်ဖို့အားမပေးတဲ့ ရန့် ချယ့် ချေပမဲ့ပြောချင်တော့။





"ဟုတ်တယ်လေ ဒီကော်ဖီဆိုင်လေးဖြစ်လာဖို့ ဘယ်လောက်...ကူးယဉ်ခဲ့သလဲ၊ ရှင့်စိတ်ကူးယဉ်မှုကို ရန့် ဘယ်လောက်ထိ အားတက်...ကူညီခဲ့လဲဆိုတာ ရှင်နဲ့ရန့် သိတယ်လေ"

ချယ် ဦးခေါင်းလေးအသာယမ်းလိုက်မိသည်။ တသွင်သွင်...ကျနေတဲ့ ရေတံခွန်က ချယ် ရင်ထဲက ဝမ်းနည်းခြင်း စီးဖြာ...သွားလားကွယ်။

"အချိန်တိုအတွင်းမှာ ရှင့်ဆိုင်လေး စည်ကားလာတာ ...လောက်အားရစရာကောင်းသလဲ ချယ်ရယ်၊ ရှင်မို့လို့ ဆိုင်ပိတ်ပစ်...ပြောတာ ရန့် အံ့သြလို့မဆုံးဘူး"

ဝမ်းနည်းမျက်ရည် စီးမလာအောင် ချယ်မျက်ဝန်း မျက်နှာ...ကို မော့ကြည့်နေမိသည်။

"ချယ်မှာ ဘယ်လိုစိတ်ကူးရှိရှိ ဒီကော်ဖီဆိုင်လေး ပိတ်ပစ်ဖို့ ...တစ်ခါ မပြောပါနဲ့ကွယ်နော်၊ ရှင်ပျင်းလို့ နားချင်တယ်ဆိုလည်း ...ကြိုက်အနားယူပေါ့၊ ရှင့်ဆိုင်မှာ ရန့်လာနေပေးမယ်"

"ရန့်ဆိုင်က"

"ရတယ် သွယ်သွယ်ကို စိတ်ချလက်ချ လွှဲထားလို့ရတယ်လေ"

"နေပါစေ ရန့်ရယ်၊ ချယ်ကြောင့် ရန့်ဆိုင်ကို ရန့် ပစ်ထား...ဘူး ချယ်၊ ဆိုင်ကို ချယ် ခဏပိတ်ထားလိုက်မယ်"

ရန့်လက်ခံအောင် ချယ် ခပ်ဖျော့ဖျော့လေးပြောလိုက်၏။ ရန့်



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းဝိုင်းလေးက ချယ်ကို ဘယ်လိုမှ နားမလည်နိုင်တော့။

"ခဏပိတ်လိုက်မယ် ခဏပါကွယ်"

ရန့် သက်မအကြိမ်ကြိမ်ချကာ

"ရှင့်စိတ်ကို ရန့် ခံစားလို့မရတော့ဘူး ချယ်ရယ်၊ တကယ် ဟုတ်တယ်"

ချယ်လည်း ချယ်စိတ်ကို ချယ် ခံစားလို့မရတော့ဘူးဆိုတာ ရန့်မှ မသိဘဲ။

"ချယ်နဲ့ရန့် ပေါင်းလာတာ ငါးနှစ်တာအတောအတွင်းဆိုတာ ချယ်စိတ်ကို ရန့် နားလည်ပေးနိုင်ခဲ့ပေမယ့် ဒီတစ်ခါ နားမလည်နိုင်ဆုံးပဲ အင်းလေ ချယ် ဆန္ဒပြင်းပြနေတာဆိုတော့"

ပိတ်လိုက်တော့လို့ ရန့်ပြောမထွက်နိုင်တော့။

"ချယ် သဘောအတိုင်းပေါ့"

ချယ် သဘောအတိုင်းဆုံးဖြတ်ရတာ မဟုတ်ဘူးဆိုတာ ရန့် မသိတာဘဲကောင်းပါတယ်။ ဒီကော်ဖီဆိုင်လေးဖွင့်ထားရင် မောင် နေ့တိုင်း လာနေမှာ။

မောင်လာနေရင် ချယ် ခံစားမှုတွေ ပွင့်အန်မသွားနိုင်ဘူးလို့ ချယ်ကိုယ်ချယ် အာမမခံရဲ။ အဲဒီအတွက် ဆိုင်ပိတ်ဖို့ ဆုံးဖြတ်ရတာပါ ရန့်ရယ်။

✠ ✠ ✠



## အခန်း (၅)

Green House Coffee Bar ကို ယနေ့မှစ၍ ရက်အကန့် အသတ်မရှိ ပိတ်လိုက်သည်ဆိုတဲ့ ကြော်ငြာလေးကိုကြည့်ရင်း သူ့ရင်မှာ အတိုင်းအဆမဲ့ ကြေကွဲသွား၏။ ပို၍ကြေကွဲစရာကောင်းသည်က ပယင်း ရဲ့ဒေါသ။

"နေပါဦး တန့် မနေ့က ဘာဖြစ်လို့ ပယင်းကို လာမကြိုတာလဲ"

ဖြစ်နိုင်ရင် ပယင်းမေးခွန်းတွေနဲ့ ဝေးရာဆီ ပြေးထွက်သွား လိုက်ချင်၏။

"ပြောလေ တန့် ပါးစပ်ပိတ်နေတာကို ပယင်း မမြင်ချင်ဘူး။ ပယင်းမေးတာကိုဖြေ"

သူ့မျက်နှာကို စူးစိုက်ကြည့်ပြီး ပယင်းမေးလာတော့ သူကြိတ်၍ သက်ပြင်းချလိုက်သည်။

"ဖြေလေ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ဘတ်အကျီကို ဆုပ်ကိုင်၍ ခပ်ကြမ်းကြမ်းမေးလာတော့ သူ့အသိတရားက လိမ်ညာဖို့ အဆင်သင့်ဖြစ်သွား၏။

"ဟို ကိုယ့် သူငယ်ချင်းအရေးကြီးကိစ္စပေါ်လို့ အဲဒါ သူငယ်ချင်းဆီ လိုက်သွားရတာနဲ့"

"ဪ တန့်သူငယ်ချင်းက အရေးကြီးသလား ပယင်းက အရေးကြီးသလား ပြောစမ်းပါ တန့်ရယ်"

"ပယင်း အရေးကြီးပါတယ်ကွာ"

သူ့အသံက အတော့်ကိုစိတ်ပျက်ညစ်ထွေးသွား၏။ ပယင်း စကားလုံးတွေနောက်ကို အလိုက်သင့်ပြောနေရတဲ့ သူ့ကိုယ်သူ မုန်းတီးချင်ချင် ဖြစ်လာသည်။

အညိုရောင် ဆေးခြယ်ထားတဲ့ ပယင်းနှုတ်ခမ်းနှစ်လွှာ ပို၍စူလာပြီး

"ပယင်းက အရေးကြီးတယ်ဆိုရင် ပယင်းဆီရောက်လာရမယ်လေ၊ ဘာဖြစ်လို့ တန့်သူငယ်ချင်းဆီ သွားရတာလဲ"

"ဒီတစ်ကြိမ်တည်းပဲကွာ"

"ဘယ်တစ်ကြိမ်မှ ပယင်း ခွင့်မပြုနိုင်ဘူး"

ပယင်း အသံနောက်မှာ သူ့ကိုယ်ကို နှိုးရာထိုင်ခုံပေါ် ဝုန်းခနဲ ထိုင်ချလိုက်သည်။

"ဘာလဲ တန့် အရွဲ့တိုက်တာလား"





"မဟုတ်တာဘဲ ပယင်းရယ်"

"ဘာမဟုတ်ရမှာလဲ၊ အဲဒီနေ့က တစ်နေ့လုံး တန့်ဖုန်းလည်း ပိတ်ထားတယ်၊ အဲဒါ ဘာသဘောလဲ"

"ဖုန်းက ဘတ္တရီ အားကုန်နေလို့ပါ"

"တန့် ဆင်ခြေကို ပယင်းမယုံဘူး"

အသံကျယ်ကျယ် ပြောချလိုက်တဲ့ ပယင်းစကားလုံးကြောင့် သူ နောက်ကျောမလုံသလို ခံစားလိုက်ရသည်။ ပယင်း သူ့ဘေးခုံမှာ ဆတ်ခနဲ ထိုင်ချလိုက်ပြီး သူ့မျက်နှာကို စေ့စေ့ကြည့်ကာ

"ဟုတ်တယ် အဲဒီနေ့တစ်နေ့လုံး တန့် ဘယ်သွားနေလဲ. ပယင်း နောက်ကွယ်မှာ တစ်ခြားတစ်ယောက်နဲ့ ချိန်းတွေ့နေတာလား"

"ဟာ ဈိုယ့်ကို မစွပ်စွဲနဲ့ကွာ"

"ပယင်း စွပ်စွဲနေတာမဟုတ်ဘူး၊ တန့် မှုပျက်နေတာကို ကြည့်ပြီးပြောတာ"

"မဟုတ်ပါဘူးကွာ ကိုယ်သူငယ်ချင်းကိစ္စ အရမ်းအရေးကြီး နေလို့ပါ"

"ဘယ်သူငယ်ချင်းလဲ"

စေ့စေ့ပေါက်ပေါက်မေးနေတဲ့ ပယင်းကို သူဘယ်လို ဆက်ညာရမှန်း မသိတော့။

"ပြောလေ ဘယ်သူငယ်ချင်းလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပယင်း မသိပါဘူးကွာ၊ ကိုယ်တို့ငယ်သူငယ်ချင်းပါ"

"သေချာလို့လား"

"သေချာပါတယ်"

"အဲဒီ သူငယ်ချင်းနဲ့ ပယင်းကိုမိတ်ဆက်ပေး"

"ဟင်"

သူ မျက်ဝန်းပြူးပြူးနဲ့ ပယင်းကိုကြည့်မိသည်။ တိမ်ပြာရောင်နုနုလေး ခြယ်သထားတဲ့ ပယင်းမျက်ခွံကို လှုလှုပပ ပင့်လိုက်ပြီး

"ဟုတ်တယ် တန့် ပြောတာကိုယုံချင်တယ်၊ အဲဒါကြောင့် တန့်ပြောတဲ့ သူငယ်ချင်းနဲ့ ပယင်းကိုမိတ်ဆက်ပေး"

သူ့ရင်မှာ ချောင်ပိတ်ခံရသလို ရှုံးရှုံးရှဲရှဲဖြစ်သွား၏။ ပယင်းဟာ သူထင်ထားတာထက် အဆပေါင်းများစွာ တင်းမာနေကြောင်း သူသိရတော့၏။

"ဘယ်လိုလဲ မိတ်ဆက်ပေးမလား"

"ပယင်းရယ်"

"ဘာလဲ အဲဒီသူငယ်ချင်းက ချစ်ဦးသူဖြစ်နေလို့လား"

"ဟာ"

သူ့ရင်တစ်ခုလုံး ထူပူသွား၏။ ပယင်း ခပ်မဲ့မဲ့လေးပြုံး၍

"ပြောလေ တန့်ရဲ့ တန့်ချစ်ဦးသူ ကောင်မလေးဖြစ်နေလို့လား"

"အို ကိုယ့်မှာ ဘာကောင်မလေးမှမရှိဘူး"





"တန့် ညာဖို့မကြိုးစားနဲ့နော်"

"ကိုယ် မညာဘူး ပယင်းရယ်"

"မညာပေမယ့် လိမ်တာပေါ့ ဟုတ်လား"

မရအရ အစ်မေးနေတဲ့ ပယင်းကို သူ စိတ်ကုန်လာသည်။ သူဆတ်ခနဲထကာ ပယင်းနှင့်အတော်လှမ်းသည့် မြက်ခင်းစိမ်းဆီ လျှောက်သွားမိ၏။

"တန့်ရယ် တန့်စိတ်ကို ပယင်း မဖတ်တတ်ရင် ခက်သွားမှာပေါ့၊ ဒီမှာ တန့်"

ပယင်းအသံ မကြားလိုတော့။ ဒါပေမယ့် ပယင်းအသံက ပယင်းခြေလှမ်းတွေနဲ့အတူ သူ့ဆီတိုးဝင်လာသည်။

"ပယင်းကို အတ္တကြီးတယ်လို့ပြောပြော၊ ချုပ်ချယ်တယ်လို့ပဲပြောပြော တန့်နဲ့ပတ်သက်ရင် ပယင်း ဘာကိုမှ အစွန်းအထင်းမခံနိုင်ဘူး တန့်စိတ်မှာ ပယင်းကလွဲပြီး ဘယ်သူမှ နေရာယူလွှမ်းမိုးတာ မလိုဘူး။ အဲဒါကြောင့် တန့်ကို ပယင်းစိတ်မချနိုင်တာ၊ အခုလည်း ပယင်းမသိအောင် တန့်တစ်ခုခုကို ကျူးလွန်နေတယ်၊ မေးတော့လည်း မဖြေနိုင်ဘူး။ ဖြေတော့လည်း ဝေ့လည်လည်။ တန့်ကို ဘယ်နည်းနဲ့မှ ပယင်းယုံကြည်ထားလို့မရတော့ဘူး"

မယုံချင်မယုံနဲ့လို့ ခပ်တင်းတင်း ပြောထုတ်လိုက်ချင်သည်။ ဒါပေမယ့် သူ့ နှုတ်ခမ်းနှစ်လွှာရဲ့နောက်မှာ သူ့စကားလုံးတွေ ပျောက်သွယ်



www.burmeseclassic.com

www.burmeseclassic.com



သွားဏ်။

"ဒီနေ့ကစပြီး တန့် အချိန်တွေကို ပယင်း စစ်ဆေးရတော့မယ်"

နိုင်ထက်စီးနင်းဆန်လွန်းတဲ့ စကားလုံး လွင့်ကျလာတဲ့ပယင်း နှုတ်ခမ်းလွှာ ဖူးဖူးလေးကို သူ ဖျတ်ခနဲကြည့်မိ၏။

"ဘာလဲ မကျေနပ်ဘူးလား"

သူ ချေပမပြောမိ။

"မကျေနပ်လည်း ပယင်း ဂရုမစိုက်ဘူး။ ပယင်းရွေးချယ်ထားတဲ့ တန့်မှာ ပယင်းမလိုလားတဲ့ ပြစ်ချက်တွေ ထင်ကျန်မနေဖို့ ပယင်း စစ် ထုတ်ပစ်ရမယ်၊ အဲဒါ ပယင်းရဲ့ အခွင့်အရေးပဲ တန့်"

"ပယင်း သဘောကွာ"

သူ စိတ်ပျက်လက်ပျက်ရွတ်လိုက်သည်။ ပယင်း နှုတ်ခမ်းလွှာ လေးတွန့်၍ ခနိုးခနဲ့ပြုံးပြီး

"ပယင်း သဘောအတိုင်းဆိုတော့လည်း အပြစ်ပေးရတာပေါ့"

"ဘာ"

"ဟုတ်တယ် မနေ့က ဖြစ်စဉ်က တန့်မှာအပြစ်ရှိတယ်လေ"

"ကိုယ့်မှာ အပြစ်ရှိတယ်၊ ဟုတ်လား ပယင်း"

"သိပ်သေချာတဲ့အပြစ်ပေါ့ အပြစ်က တစ်ခုတည်းမဟုတ်ဘူး နှစ်ခုလေ ပယင်းကို မကြိုတာတစ်ပြစ်၊ ပယင်းကိုညာတာနှစ်ပြစ်၊ အဲဒီ





နှစ်ပြစ်လုံးကို တန့် တစ်ပေါင်းတည်းခံရမယ် သိရဲ့လား"

သူ အသက်ရှူချင်စိတ်မရှိတော့။

"ပယင်း ပေးမယ့်အပြစ်ခံယူဖို့ ပြင်ပေတော့၊ ကဲလာ သွားစို့"

သူလက်မောင်းကို တွဲခိုလာတဲ့ ပယင်းလက်ချောင်းတွေကို မနှစ်မြို့စွာကြည့်မိသည်။

"လာလေ"

ပယင်း အတင်းဆွဲခေါ်ရာနောက် သူတွန့်ဆုတ်တွန့်ဆုတ်ပါသွား၏။ ဖြစ်နိုင်ရင် ပယင်း လက်ချောင်းတွေကို ဖယ်ရှားပြီး ဟိုအဝေးတစ်နေ ရာဆီ ပြေးလွှားလိုက်ချင်၏။

အဲ့ဒီနေရာက ဘယ်နေရာဖြစ်မယ်ထင်လဲ ချယ်ရယ်။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

" Green House ကို ဘာဖြစ်လို့ ပိတ်ထားတာလဲ"

ရန့်ဆီ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာပြီးမေးတဲ့ သက်တန့်ကို ရန့်ဦး တအံ့တဩ ငေးကြည့်မိသည်။

"ဘာဖြစ်လို့"

"ဟိုဗျာ Green House ဘက်ရောက်တိုင်း ကော်ဖီဆိုင်ပိတ်ထားတာနဲ့ ဆုံနေလို့ ရန့်"

ခပ်ပေါ့ပေါ့ပြောတော့ 'သူ'ရင်မှာ မသိမသာ အုံဆိုင်းသွား၏။

"ဟုတ်တယ်လေ ရန့် ဆိုင်မှာလည်း အားပေးလို့ရသားပဲ",

"ဩော် အင်း အားပေးမှာပါ"

သူ့ အတွေ့တူရှုတ်ကာ စားပွဲဝိုင်းလွတ်မှာ ဝင်ထိုင်သည်။ သူ ထိုင်တဲ့စားပွဲက ရန့်ထိုင်နေတဲ့ ကောင်တာနဲ့အနီးဆုံးမို့ ရန့် မျက်ဝန်းက သက်တန့်ကို အနီးကပ်အကဲခတ်ကြည့်မိသည်။ သက်တန့်မျက်ဝန်းက





ရန့်ဆိုင်ကို အကဲခတ်ကြည့်သလိုလိုနဲ့ ဝန်ထမ်းတွေကို အကဲခတ်ကြည့်ရင်း တစ်စုံတစ်ရာကို ရှာနေသလိုလို။

"ကိုသက်တန့် ဘာလိုချင်လို့လဲ ပြောပါ"

'ရန့်'ရင်းနှီးသယောင် အသံပြုလိုက်မှ သူ ကိုယ်ရှိန်သတ်ပြီး

"ဘာမှမလိုဘူး"

"လိုရင်ပြောနော်"

"အင်း"

အတွေ့တူဖြစ်ကာ ကော်ဖီတစ်ကျိုက်သောက်လိုက်တဲ့ သူ လျှာမှာ လည်ချောင်းတစ်လျှောက် ပူဆင်းသွား၏။ ရန့် မသိမသာပြုံးကာ

"ကိုသက်တန့် ရင်ထဲမှာ တစ်ခုခု ရှုန်းကြွနေတယ်ထင်တယ်"

"ဗျာ"

"ဟိုလေ ကော်ဖီပူပူချည်းကို သတိမထားဘဲ သောက်မိတာလေ"

"ဟာ မဟုတ်တာဗျာ ဘာမှ ရှုန်းကြွမနေဘူးတာကယ်"

"ဟုတ်ရဲ့လား"

ရန့်ကို 'သူ' ဖျတ်ခနဲကြည့်မိသည်။ 'ရန့်'က'ပယင်း'နဲ့ ဆင်တူ[illegible]တယ်။ သိချင်တာတစ်ခုကို ဘယ်သူ့ကိုမှ မငဲ့ထောက်ဘဲ အစ်အောက်[illegible]တတ်တဲ့အကျင့် ပိုတူသည်။

"ဒါနဲ့ စကားမစပ် ကိုသက်တန့် ဘာဖြစ်လို့ ကော်ဖီဆိုင်ပိတ်



www.burmeseclassic.com

www.burmeseclassic.com



တာ စိတ်ဝင်တစားဖြစ်ရတာလဲ''

''ဆိုင်အပြင်အဆင်ကို သဘောကျလို့ပါ''

''ဆိုင် အပြင်အဆင်ကိုပဲလား''

''ဘယ်လို''

''ခြေ့ ဘ် အပြင်အဆင်ကိုပဲလား တစ်ခြားဘာကို သဘော

စရာရှိနေသေးလဲ သိချင်လို့ပါ''

သူမျက်ခုံးတွန့်ကာ ရန့်ကို စူးစိုက်ကြည့်မိသည်။ ရန့်မျက်

က တစ်စုံတစ်ရာကို သိချင်စပ်စုချင်တဲ့အရောင် လင်းလက်ကာ

''ဘာမှမရှိဘူး''

''အဲဒါဆို ရှင်ညာတာ''

''ဘယ်လို ကျွန်တော်ညာတာ''

''ဟုတ်တယ်လေ''

''နေပါဦး ရန့် ဘာသိလို့ ကျွန်တော်ညာတာလို့ပြောရတာ

ရန့်စကားလုံးက သူ့စိတ်ကို မလုံမလဲ ဖြစ်စေသည်။ ရန့်

ခဲအညိုရောင် ဆွဲထားတဲ့ မျက်ခုံးတန်းရှည်လေးပင့်ကာ သူ့ကို ခပ်

လေးကြည့်၏။

ထိုအကြည့်က သူ့ထံမှ အဖြေတစ်ခုခုကို စစ်ထုတ်တဲ့အကြ

ဟင့်အင်း သူ့ဖြစ်စဉ်ကို ဘယ်သူမှ မရိပ်မိဖို့အရေးကြီးသည်။

''အဟွန်း ရန့်က ထင်မြင်ချက်တွေနဲ့ လူတစ်ယောက်ကို





ဖိတ်တတ်တယ်ထင်တယ်''

''ဘယ်လို ရန့်က ထင်မြင်ချက်နဲ့''

''ဟုတ်တယ်လေ''

''ရှင် ဆိုလိုတာက Green House နဲ့ပတ်သက်ပြီး ဘာခံစားမှု

မရှိဘူးလို့ ပြောတာလား''

''အမှန်ပေါ့''

သူ လက်မထောင်၍ ပိပိရိရိညာလိုက်၏။ ရန့်မျက်နှာပေးလေး

နှင့်၍

''အင်းပေါ့လေ ညာခွင့်ရတဲ့အချိန်အထိ ညာဦးပေါ့''

ရန့်စကားများ အချွန်လေးက'သူ'ရင်ကို ကလိလိုက်သလို။

ငြိမ်သက်သွားတဲ့ 'သက်တန့်'ကို 'ရန့်' ပခုံးလေးတွန့်ပင့်ကြည့်

ပြုံး၏။

'ရန့်'တို့က ဟန်ဆောင်ကောင်းတဲ့သူကို ကလိတတ်တဲ့အကျင့်

နေတော့

''ဒါနဲ့ Green House ကော်ဖီဆိုင် ဘယ်နေ့ဖွင့်မလဲဆိုတာ

ချင်လား''

''ဟာ သိချင်တာပေါ့ဗျာ''

''ဘာလုပ်မလို့လဲ''

''ဟို အဲ ကော်ဖီသောက်မလို့''



www.burmeseclassic.com

www.burmeseclassic.com



'သူ' အတော်ထိန်း၍ ပြောလိုက်ရသည်။ အတော်အတန်မူ... သွားတဲ့ သက်တန့်ပုံစံကိုကြည့်ရင်း ရန့် ဟက်ခနဲ ရယ်သည်။

"ကော်ဖီပဲ ဘယ်ဆိုင်သောက်သောက် ရရက်သားနဲ့"

"အဲဒီဆိုင်က ဖီလင်တစ်မျိုးရှိတယ်"

"သိပါတယ် ဘာဖီလင်လဲဆိုတာ"

မဲ့ရွဲ့ရွဲ့လေးပြောတဲ့ ရန့်နဲ့သူ ဘက်ပြိုင်မပြောချင်တော့။ ပြော... များရင်'ရန့်' ကလိတဲ့ စကားလုံးနောက်မှာ သူ ခံစားချက် ပွင့်... လွင့်ကျသွားနိုင်မည်။ 'သူ'ကော်ဖီ ဆက်မသောက်ဖြစ်တော့။ ကျသင့်... ကို စားပွဲပေါ်ချပြီး ထလိုက်တော့

"ဒါနဲ့ ကိုသက်တန့်"

ရန့်အသံကြောင့် 'သူ'ခြေလှမ်းလှမ်းမရသလို ဖြစ်သွား၏။

"ပြောလေ ရန့်"

"ရှင့်ကို အကြံတစ်ခုပေးချင်တယ်"

"ဘာများလဲ"

"တစ်ခုခုကို ဖွဲ့ဖွဲ့နှစ်နှစ် ခံစားမိရင် အဲဒီခံစားမှုကို ဘယ်... မှ မြှုပ်မထားနဲ့"

"ဗျာ"

"ဟုတ်တယ်၊ မြှုပ်ထားရင် ခံရခက်တယ်၊ ပြီးတော့ မြှုပ်ပါများ... အရှိန်လွန်ပြီးပေါက်ကွဲလွင့်စင်သွားတတ်တယ်"



"ဟင်"

သူ့ကိုယ်က ရေခဲရိုက်ခံရတဲ့ ငါးတစ်ကောင်လို အေးခဲခဲ့တောင့် သွား၏။

"ဘာဖြစ်လို့လဲဆိုတော့ ကိုသက်တန့်ကို ရန့် ငဲ့ညှာလို့ အဲဒီ ... ပြောပေးတာပါ၊ တစ်ခုခုကို သိချင်ရင် ပွင့်ပွင့်လင်းလင်းမေးပေါ့"

"ဟင့်အင်း ဘာမှမသိချင်ဘူး"

"အင်းလေ ကိုသက်တန့်သဘောပေါ့"

သူ တုံ့ပြန်မပြောသာတော့ သူ ခြေလှမ်းလိုက်သည်။

"Green House ကော်ဖီဆိုင်က ဘယ်တော့မှ ဖွင့်တော့မယ် ...ဘူး"

ရန့်လှမ်းပြောတော့ ရန့်ကို သမင်လည်ပြန်ကြည့်မိ၏။

"ဟုတ်တယ် ကိုသက်တန့် အဲဒီကော်ဖီဆိုင်ပိုင်ရှင်ကလည်း ... မြှုပ်စိစိနဲ့"

သူ ဆက်မကြားလိုတော့။ သူ့ခြေလှမ်းက ရန့်ဦးကော်ဖီဆိုင်လေး ...ဖြေးဖြေးဝေးကွာခဲ့သည်။ ဟုတ်လား ချယ်ခြေရာကို မောင် ကောက် ...ရအောင် ချယ် ထပ်မံခြေရာ ဖျောက်သွားတာလားကွယ်။

ချယ်ခြေရာဖျောက်ဖို့ ဘယ်လောက်ပဲ ကြိုးစားပါစေ မောင် ... ချယ့်ခြေရာကိုတွေ့ဖို့ လိုက်ရှာနေဆဲပါ။

ဘယ်တော့ပြန်ဖွင့်မှန်းမသိတဲ့ ချစ်ဦးသူရဲ့ ကော်ဖီဆိုင်ကို



www.burmeseclassic.com

www.burmeseclassic.com



အားတဲ့အချိန်တိုင်း ပြေးကြည့်နေခဲ့။ ရန်ဦးဆီက သတင်းတစ်ခုခုရလို့ရကြား ရန်ဦးကော်ဖီဆိုင်သို့ မယောင်မလည် ရောက်နေခဲ့။

သူ့ကို ပယင်း အချိန်ပြည့်စောင့်ကြည့်နေသည့်ကြားက သူ့ရင်ခုန်သံက ချယ်ကို ခြေရှုန်ရှာဖွေနေတာ ပယင်း မသိလို့သာပေါ့။ ပယင်းသိရင်။ အို သူ ဆက်မတွေးရဲတော့။

"သား"

သူ ညှော်ခန်းထဲလှမ်းဝင်သည်နှင့် မာမီ့ခေါ်သံ ပေါ်လာသည်။ စားပွဲတင် အလှပန်းအိုးလေးကို ပိန်းပန်းအစိုတွေ ရောထိုးပြင်ဆင်နေတဲ့ မာမီကို တစ်ချက်ငဲ့ကြည့်ရင်း

"ပြောပါ မာမီ"

"သားကို မာမီ ပြောစရာရှိတယ် ထိုင်ပါဦးကွယ်"

မာမီ ပန်းအိုးဆက်မထိုးတော့ဘဲ ဆိုဖာပေါ် ဝင်ထိုင်သည်။ မာမီဘေးမှဆိုဖာပေါ် သူဝင်ထိုင်ပြီး

"ပြောလေ မာမီ"

"အင်း"

မာမီ သက်မအသာချ၍ သူ့မျက်နှာချောချောကို တစ်ချက်ကြည့်သည်။

"ပြောရမယ်ဆိုရင် သားကို သတိပေးမလို့ပါကွယ်"

"ဘာကိုလဲ မာမီ"





"ခုတလော သမီးလေးမျက်နှာက သိပ်မကြည်လင်ဘူး သားရဲ့"

"ပယင်းလား မာမီ"

"အင်းပေါ့ ပယင်းကလွဲပြီး ဘယ်သူ့ရှိရမလဲ"

ပယင်းကို အတိုင်းထက်အလွန် ချစ်ခင်နေတဲ့ မာမီစိတ်က ...းထန်လွန်းသည်။ သူ မသိမသာနှုတ်ခမ်းတွန့်၍

"မာမီ ထင်လို့ပါ"

"မာမီ ထင်တာမဟုတ်ဘူး မာမီ အကဲခတ်မိတာ၊ သားက ...မီးလေးကို ဂရုမစိုက်လို့ထင်တယ်"

"ဒီထက် ဂရုစိုက်ရရင် သားစိတ်ညှပ်ပိတ်ပြီး သေဖို့ပဲရှိတယ် ...မီ"

"အို သား ဘယ်လိုပြောလိုက်တာလဲ"

"ဟုတ်တယ်လေ မာမီ အခုနောက်ပိုင်း သားကို ပယင်း ...ချိန်ပြည့် တွယ်ကပ်နေတာ သားစိတ်နဲ့သား လွတ်လွတ်လပ်လပ်နေရတဲ့ ...ချိန် မရှိသလောက်ပဲ မာမီ"

ရင်ထဲက တင်းကျပ်မှု တစ်စိတ်တစ်ဒေသကို သူ ဖွင့်ထုတ်လိုက်သည်။ အဲသလို ဖွင့်ထုတ်မိတဲ့ ရလဒ်က မာမီမျက်နှာပြင်ကို တင်းသွားသည်။

တင်းလည်းတင်းစေတော့။ သူ ပြောမိပြီလေ။ မာမီ မျက်နှာ...တင်းနဲ့ သူ့ဘက် တစ်ကိုယ်လုံးလှည့်ကာ လက်တစ်ဖက်ကို ခါးပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ထောက်၍

"သား ဘယ်လို ပြောလိုက်တာလဲ"

"ဟုတ်သားပဲ မာမီရာ၊ သား ရင်ကိုရုံသွားတာတောင် တကောက်ကောက်လိုက်နေတာ လိုက်ရုံနဲ့ အားမရသေးဘူး အချိန်ပြည့် စိတ်ကောက်ပြီး"

"တော်တော့ သား"

မာမီစိတ်က ပယင်းနဲ့ ပတ်သက်ရင် သူ့ကို ဘယ်တော့မှ မျက်နှာသာ မပေးခဲ့တာ ပယင်းကို မာမီ စမြင်ကတည်းက။ မင်္ဂလာဆည်ခံပွဲတစ်ခုသွားရင်း ပယင်းကို မာမီ စတင်မြင်တွေ့ကတည်းက မာမီ နှုတ်ဖျားမှာ ပယင်းမှ ပယင်းဖြစ်သွား၏။

ဆွဲဆောင်မှုရှိတဲ့ပယင်း မျက်နှာပေးက မာနရောင်လွှမ်းကာ အစဉ်သဖြင့် ဘယ်သူ့ကို အလိုမကျသလိုဖြစ်ပြီး တမူမူဖြစ်တည်နေတာက မာမီ မျက်လုံးထဲ ဘယ်လို သဘောကျသွားမှန်းမသိ။

"သားရယ်၊ မာမီတော့ ပယင်းကလွဲပြီး ဘယ်သူ့ကိုမှ ချွေးမ မတော်နိုင်ဘူးနော် ဒါပဲ"

ဆိုတဲ့ အမိန့်ကြမ်းနဲ့ ပယင်းနဲ့ရင်းနှီးအောင် မာမီ အမျိုးမျိုးကြိုးစားကာ ပယင်းကို အဖိုးတန်လက်ဆောင်ပစ္စည်းတွေ ဝယ်ပေးခြင်းနဲ့ ချဉ်းကပ်တော့၏။

ပယင်းမိဘ လက်ခံလာအောင် မာမီ အစွမ်းကုန်ကြိုးစားမှု





ာက်မှာ သူနဲ့ ပယင်း စေ့စပ်ပွဲပြီးခဲ့တာ ခုဆိုရင် တစ်နှစ်ကျော်ခဲ့ပြီ။

ပယင်းနဲ့ စေ့စပ်လိုက်ခြင်းသည် သူ့ဘဝ သူ့နှလုံးသား ပိုပြီး ကျဉ်းကြပ်ကျသွားစေသည်။ အချိန်ပြည့် အလိုမကျ နှုတ်ခမ်းစူနေတတ်တဲ့ ပယင်းကို စိတ်ရှည်သည်းခံကာ သူ ခေါင်းငုံ့နေခဲ့ရသည်။

"အန်တီ တန့်က ပယင်းကို ဂရုမစိုက်ဘူးသိရဲ့လား"

လို့ ပယင်း ချွဲကျိုကျို တစ်ခွန်းပြောလိုက်တာနဲ့ မာမီ မျက်ဝန်း သူ့အပေါ်အပြစ်မြင်ကာ ဆူပွက်မဆုံးတော့။

"သားက ဘာဖြစ်လို့ သမီးလေးကို ဂရုမစိုက်ရတာလဲ"

"သား ဂရုစိုက်ပါတယ် မာမီရယ်"

"သား ဂရုစိုက်တယ်ဆိုရင် သမီးက ပြောမလား"

"ဟာ မာမီ ပယင်းအကြောင်းဘာသိလို့လဲ"

"ပယင်း အကြောင်းမာမီသိတယ်၊ ပယင်းအကြောင်းမသိသေးတာ သားပဲ၊ ပယင်းအကြောင်းသိဖို့ ပယင်းလေးကို သား ဂရုစိုက်ဖို့လိုယ်၊ နောက်တစ်ခါ သမီးလေး တစ်ခုခုပြောလို့ကတော့ သားကို မာမီ ပြစ်ပေးရမယ်နော်"

ထိုသို့မျက်နှာထားနဲ့ ပြောတတ်တဲ့ မာမီစိတ်ကို သူ ဘဝင်မကျ ရ၏။

မာမီ ပြစ်တင်တာလွတ်ကင်းအောင် ပယင်းကို ဂရုစိုက်ရတဲ့ စဉ်က သိပ်ကိုမွန်းကြပ်ဖွယ်ကောင်းသည်။ အချိန်ပြည့် ပူးကပ်ကာ



www.burmeseclassic.com

www.burmeseclassic.com



နေရာတကာ တကောက်ကောက်လိုက်ရှုံမက စက္ကန့်နဲ့အမျှ ပယင်းမျက်နှာကို ငေးကြည့်ရတာ သူ့ရင်မှာ ခြောက်သွေ့လာသည်။

ဒက်ဒီက မာမီလိုမဟုတ်။ သူ့ရှေ့မှ ပယင်းနဲ့ပတ်သက်ပြီး ဘာတစ်ခွန်းမှမပြောပေမယ့် သူ့နောက်ကွယ်မှာ ဘဝင်မကျပြောစမြဲ။

"သိတာရယ် သားဆန္ဒမပါဘဲ အဲဒီလောက်ထိ ဖိအားမပေးစမ်းပါနဲ့ကွာ"

"အို ကိုမောင် ဘာမှမပြောနဲ့ သားအကြောင်း သိတာသိတယ်"

"သိရင်လည်း ပယင်းထက် သားစိတ်ဆန္ဒကို ပိုပြီး ဦးစားပေးရမယ်လေ၊ သိတာ သဘောက သားထက် ပယင်းကို ပိုအလေးထားသလို ဖြစ်နေပြီ"

"ဖြစ်ပစေ သိတာက ပယင်းကို သားနဲ့တန်းတူချစ်တယ်၊ ပယင်းစိတ်အလိုမကျဖြစ်မှာကို မကြည့်ရက်ဘူး"

"သိတာကြောင့် ခက်တယ်ကွာ"

"ဘာခက်တာလဲ"

"ပယင်းကို အဲဒီလောက် ပင့်ထားရင် ပယင်းကြောင့် သိတာ တစ်ချိန်ချိန်မှာ သောကရောက်လိမ့်မယ်ကွာ"

"အို ဘာသောကမှ ရောက်စရာမလိုဘူး။ ပယင်းလေးက သိပ်လိမ္မာတာ ကိုမောင်ရဲ့၊ နောက်တစ်ခါ ပယင်းလေးကို အမြင်မကြည်တဲ့ အကြောင်းမပြောပါနဲ့၊ ကိုမောင် မပြောပါနဲ့ကွယ်"





မာမီ ဆတ်ဆတ်ထိမခံ ပိတ်ပြောလိုက်ရင် ဒက်ဒီ စောဒကမတက်ရှာတော့။

'သူ' ရင်မှာ မာမီကြောင့် အကြိမ်ကြိမ် သက်ပြင်းချရှုံသာ တတ်နိုင်တော့၏။ အခုတစ်ခါ ပယင်း မျက်နှာမကြည်မလင်ဖြစ်တာကို အကြောင်းခံပြီး 'သူ့'ကို စိမ်းစိမ်းရှုံးရှုံး စိုက်ကြည့်ပြီး

"သမီးလေး မျက်နှာ မကြည်မလင်ဖြစ်အောင် သားတစ်ခုခု လုပ်နေလို့ဖြစ်မှာပေါ့၊ ဟုတ်တယ်မဟုတ်လား သား"

"ဟာ သား ဘာမှမလုပ်ဘူး"

"မာမီကို မညာနဲ့သား"

မာမီ နှုတ်ခမ်းလွှာက တဖြည်းဖြည်းတင်းမာလာတာ အက်ကွဲမတတ်။

"သား တကယ်ပြောတာပါ မာမီရာ၊ မယုံရင် ပယင်းကိုမေးကြည့်"

"မေးရမှာပေါ့၊ ဟော ပြောရင်းဆိုရင်း သမီးလေးလာနေပြီ လာ သမီး လာ လာ"

ဘာကို အလိုမကျမှန်းမသိ မျက်နှာလေး တွန့်ခေါက်ကာ ညှိုးခန်းထဲလှမ်းဝင်လာတဲ့ ပယင်းကို မာမီ ပျာပျာသလဲ ထကြိုဆိုသည်။

"သမီးလေး ဘာဖြစ်လာတာလဲ"

"ဘာဖြစ်ရမလဲ တန့်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မကျေမနပ် ဦးတည်ပြောစဉ် သူ သေချင်စိတ်ပေါက်လာသည်။ ပြီးတော့ သူ့လက်ကောက်ဝတ်ကို အတင်းဆွဲ၍ သူ့ကိုထစေသည်။

''လာလိုက်ခဲ့''

''ကိုယ် အခုပဲအပြင်က ပြန်လာတာ အမောမဖြေရသေးဘူး ပယင်းရယ်''

''အို သားကလည်း သမီးခေါ်ရင် လိုက်သွားလေ''

မာမီ အလိုက်မသိဆိုပြန်သည်။

''လာ မြန်မြန်လာလေ''

ပယင်းကလည်း မျက်နှာကို တွန့်ကာ မကျေမနပ် ဆွဲခေါ်လျက် သူ့ဘယ်လိုမှ ငြင်းဆန်နိုင်ခွင့်မရတော့။ ပယင်းဆွဲခေါ်ရာနောက် ပါသွားရ၏။

ပယင်းရဲ့ ဖွတ်တရွတ်ဆန်မှုကိုကြည့်ပြီး မာမီ ကျေနပ်ပီတိဖြစ်၍ ပြုံးသည်။ ဒီအချိန်မှာ ဒက်ဒီရှိနေရင် မာမီကို မျက်စောင်းထိုးမှာ သေချာသည်။

ခုတော့

ပယင်းကို 'သူ' မျက်စောင်းနဲ့ကြည့်မိသည်။ ဘာဖြစ်လို့ သူ့ကို လာခေါ်တာလဲ ပယင်းရယ်။ ပယင်းကြောင့် သူကိုယ်သူ မပိုင်ဆိုင်ချင်လောက်အောင် စိတ်ပျက်သွား၏။

✠ ✠ ✠



## အခန်း (၇)

''တန့် မိန်းကလေးတစ်ယောက်ကို လိုက်နေတယ်မဟုတ်လား''

မထင်မှတ်တဲ့မေးခွန်းကြောင့် သူ တစ်ကိုယ်လုံး ထူပြန်းကာ ပယင်းကို ဖျတ်ခနဲငဲ့ကြည့်မိသည်။ ပယင်းက ရှုနေတဲ့နှုတ်ခမ်းကို တွန့်ကြွပြီး

''ပြောလေ လိုက်နေတယ်မဟုတ်လား''

''ကျစ်''

သူ့ဆံပင်ထဲ လက်ချောင်းတွေထိုးထည့်ကာ စိတ်ပျက်စွာ ရွှတ်လိုက်သည်။

''ဘာကျစ်လဲ ပယင်းကိုညာဖို့မကြိုးစားနဲ့၊ ဝန်ခံလိုက် တန့်''

''ဟာ ကိုယ် ဝန်ခံရအောင်''

''တန့် ပြန်မပြောနဲ့ တစ်ခွန်းမှ ပြန်မပြောနဲ့''

''ကိုယ်''



www.burmeseclassic.com

www.burmeseclassic.com



"မပြောနဲ့"

သံကုန်အော်ဟစ်ဟန့်တားလိုက်တဲ့ ပယင်းအသံက ပတ်ဝန်းကျင်က စုံတွဲတွေ အထိတ်တလန့် လှည့်ကြည့်ကြသည်။ အလိုက်ကန်းဆိုးမသိတဲ့ ပယင်းကြောင့် ကန်ရေပြင်ဘေးခုံတန်းမှာ အေးအေးလူလူ ချစ်စကားပြောနေကြတဲ့ စုံတွဲတွေ အာရုံပျက်သည်။ ထို့ကြောင့် ထိုစုံတွဲနဲ့ဝေးရာဆီ သူခြေလှမ်းရွှေ့လျားခဲ့သည်။

ပယင်းဒေါသတကြီးထပ်ကြပ်မကွာလိုက်ကာ သူ့လက်မောင်းကို အတင်းဆုပ်ကိုင်ဆွဲထားပြီး

"တန့် ဒီလို ရှောင်ထွက်လို့မရဘူး"

"ကိုယ့်ကို ပယင်း ချောင်ပိတ်မေးနေတာလား"

ကမ်းစပ်နံဘေး တောသရက်ပင်အောက်မှာ သူခြေလှမ်းရပ်ပစ်လိုက်သည်။ ပယင်းမျက်နှာပေါ် တွန့်ခေါက်ရွေ့လျားနေတဲ့ ဒေါသလှိုင်း ဖြတ်ပြေးသွားသည်ကို သူဂရုမမူချင်တော့။

"ဘာပြောတာလဲတန့် ပြန်ပြောစမ်းပါ"

"ကိုယ့်ကို ချောင်ပိတ်မေးနေတာလား"

"တန့် မဟုတ်လို့လား"

"ဟာ ကိုယ့်ကို မစွပ်စွဲနဲ့"

"အစွပ်စွဲမခံချင်ရင် ဝန်ခံလေ"

သူ အတော်စိတ်ပျက်သွား၏။ တောသရက်ပင်အောက်က





သစ်သားခုံတန်းပေါ် သူ ဝင်ထိုင်ကာ ကန်ရေပြင်ထံ အကြည့်ပို့လိုက်သည်။ ပယင်း သူ့ရှေ့မှာ လက်တစ်ဖက်ခါးထောက်ကာ ရင်ကလေးချီရပ်၍

"တန့် မိန်းကလေးတစ်ယောက်ကိုလိုက်နေတာ မဟုတ်ဘူးလား"

"မဟုတ်ဘူးကွာ"

"မဟုတ်ဆိုရင်၊ ရန့်ဦးဆိုတဲ့ မိန်းကလေးနဲ့ ဘာဖြစ်လို့ စကားပြောရတာလဲ"

"ဟာင်"

အတိအကျဖြတ်မေးလိုက်တဲ့ ပယင်းကို သူ အနည်းငယ်လန့်သွား၏။ ဘာကြောင့် ဒီလောက်သိနေရတာလဲ။

"ပြောလေ ရန့်ဦးနဲ့ တန့် ဘာလဲ"

"ဘာမှမဟုတ်ဘူးကွာ"

"ရန့်ဦးမဟုတ်ရင် ဘယ်သူနဲ့လဲ"

"နေဦး ပယင်းကို ဘယ်သူပြောလဲ"

"ဘာလဲ ပယင်းကိုညာဖို့ မေးခွန်းပြန်ထုတ်တာလား"

သူ ဦးခေါင်းရမ်းလိုက်သည်။ ပယင်းက ဘယ်နှယ့်ရှိစဆိုတဲ့ မျက်နှာပေးနဲ့။ အဖြူရောင်ဖျော့ဖျော့ပေါ် အနက်ရောင်အစင်းလေးများပါသည့် 'သူ့'တီရှပ်အကျီလက်ကို ခပ်တင်းတင်းဆုပ်ကိုင်ပြီး

www.burmeseclassic.com



"ပြောလေ၊ ပယင်းကို ညာလို့မရဘူး သက်တန့်၊ တန့်
ပတ်သက်ရင် ပယင်း ဘယ်တော့မှ မျက်ခြေပြတ်မခံဘူး။ နားလည်လာ
အခုတန့်လိုက်နေတဲ့မိန်းကလေးက ဘယ်သူလဲ ဘယ်ကလဲ"

"ကိုယ် ကော်ဖီသောက်ရင်း စကားပြောဖြစ်ရုံပါ"

"စကားပြောဖြစ်ရုံ"

"ဟုတ်တယ်"

သူ ပိပိရိရိညာဖို့ ခပ်တည်တည်ပြောလိုက်သည်။ ပယ
မျက်လုံးဝိုင်းလေးက သူ့ကို မယုံကြည်သလို လှည့်ပတ်ကစားရ
ကြည့်ကာ

"ဘာကိစ္စ ဒီလောက်ကြာအောင် စကားပြောရတာလဲ၊ စကာ
ပြောရလောက်အောင် ရန်ဦးနဲ့တန့် ဘယ်အချိန်ကစသိတာလဲ"

တစ်ခုခုကို သိချင်ရင် မရရအောင် ပိတ်ဆို့မေးတတ်တဲ့ ပယ
အကျင့်က ဒီတစ်ခါ အပြင်းထန်ဆုံးထင်ရဲ့။

"ကော်ဖီဆိုင်ထိုင်ဖို့ စိတ်ဝင်စားလေ့မရှိတဲ့ တန့်က အခု
ကော်ဖီဆိုင် တစ်ယောက်တည်းထိုင်ပြီး ဆိုင်ပိုင်ရှင်နဲ့ စကားအမျှင်မပြတ်
ပြောတာ သာမာန်မဟုတ်နိုင်ဘူးလေ"

"တကယ်အရိုးသားဆုံးပြောတာဖြ် ပယင်းရယ်"

"ရိုးသားရင် ပယင်းရှေ့မှာ ပြောပါလား"

"ဒီတစ်ခါ ကိုယ် ပယင်းကိုခေါ်သွားမယ်"





"ဘာလဲ ပယင်းကို ဇေ့လည်လည် လုပ်ပစ်ဖို့လား"

"ကိုယ်ပြောတာကို ပယင်း ယုံစေချင်လို့"

"စိတ်ချ ဘယ်တော့မှ မယုံဘူး၊ အခုလည်းမယုံဘူး"

ပို၍တင်းမာလာတဲ့ ပယင်းမျက်နှာပေးကို သူ မကြည့်ချင်တော့။

"တန့်အကြောင်းကို ပယင်းစုံစမ်းလို့ရတယ်၊ မစုံစမ်းချင်သေးလို့
ပွင့်လင်းလင်းမေးတာ သိရဲ့လား'

"ကိုယ် ပွင့်ပွင့်လင်းလင်း ပြောပြီပဲ"

"တန့်ပြောတာ ဝန်ခံတာမှ မဟုတ်တာ"

"ကိုယ် ဘယ်မိန်းကလေးကိုမှ မလိုက်ဘူးကွာ"

"သေချာလား"

သူမျက်ဝန်းကို စေ့စေ့ကြည့်ပြီး တရားခံဖေါ်ထုတ်နေတဲ့ ပယင်း
ခွန်းကို သူ ဖြေမရအောင်ခက်လာသည်။

"ရဲရဲချည်းငြင်းကြည့်လေ ရန်ဦးကိုလိုက်တွေ့ပြီး တန့်ရှေ့မှာ
င်း မေးခွန်းထုတ်ပြမလား"

"ဟာကွာ"

"ပယင်းကို လျော့မတွက်နဲ့နော်"

သူဆံပင်တွေထဲ လက်ချောင်းတွေထိုးထည့်၍ ခပ်ကြမ်းကြမ်းထိုး
လိုက်သည်။

"ရန်ဦးကို လိုက်နေတာ မဟုတ်ရင်တောင် တစ်ယောက်ယော



www.burmeseclassic.com

www.burmeseclassic.com



ကို တန့် လိုက်နေတယ်ဆိုတဲ့ သဲလွန်စပေါ်အောင် ပယင်း မွှေနှောက်ရမလား''

သူ ဦးခေါင်းရမ်းခါလိုက်၏။

''ဇာတ်လမ်းအရှုပ်မခံချင်ရင် ပယင်းမေးတာကို ဖြေလိုက်၊ တန့်မဖြေရင်''

''ပယင်းအပါးမှာ ကိုယ် အချိန်ပြည့်ရှိခဲ့တာပဲကွာ''

''ဟုတ်တယ် အဲဒါကြောင့်ပိုအံ့သြတာ ပယင်းနားမှာ အချိန်ပြည့်ရှိနေတဲ့တန့်က ရန့်ဦးနဲ့ ဘယ်လိုလုပ်ရင်းနှီးသွားတာလဲ၊ အဲဒီနေ့က ရန့်ဦးနဲ့တန့် နာရီဝက်ကျော်အောင် စကားတွေပြောကြတာ ပတ်ဝန်းကျင်ကိုတောင် သတိမရနိုင်ဘူး မဟုတ်လား''

ထွင်းဖောက်သိနေသူလို ခပ်သွက်သွက် ပြောချလိုက်တဲ့ ပယင်းကို သူ လျှော့တွက်မရနိုင်မှန်း နောက်ကျစွာ သိလိုက်ရပြီး

''အဲဒီကော်ဖီဆိုင်မှာ ပယင်းသူငယ်ချင်းတစ်စု ရှိနှင့်တာ တန့်ဂရုမစိုက်နိုင်ဘဲ''

ဟုတ်ရဲ့လားကွာ။ သူ ဘာဖြစ်လို့ ပယင်းသူငယ်ချင်း တွေကို သတိမထားမိရတာလဲ သူ့ကိုယ်သူ အပြစ်တင်မိသည်။

''ပယင်း သူငယ်ချင်းတွေ ပယင်းကို ပြန်ပြောလို့သိရတာလေ အဲဒါကိုတောင် တန့်က ညာချင်သေးတယ် ဟွန်း''

ပယင်း မျက်ဝန်းမှာ ခံပြင်းဒေါသ ဖွားခနဲ။





''ပြော၊ မပြောရင် အန်တီနဲ့တိုင်မယ်''

''ဟာ ပယင်း''

''အတိုင်မခံချင်ရင်ပြော အန်တီနဲ့တိုင်ရုံတင်မကဘူး အဲဒီ ရန့်ဦးကိုပါ အခုချက်ချင်းသွားတွေ့ပြီး''

''ဟာ ပယင်း အဲလို မလုပ်နဲ့ကွာ''

ဖိုးဖိုးဖတ်ဖတ်ထွက်သွားတဲ့ ပယင်း လက်ကောက်ဝတ်လေး ကို လှမ်းဆွဲလိုက်သည်။

''လွှတ်''

ပယင်း လက်ကိုရုန်းခါ၏။

''ပြဿနာ တက်ကုန်မှာပေါ့ ပယင်းရယ်''

''တက်ပစေ''

''ရန့်ဦးနဲ့ မှမဆိုင်တာ''

''မဆိုင်ပေမယ့် ဆိုင်တဲ့သူနဲ့ ဖယားရှင်ဖို့ ရန့်ဦးကို ဆွဲထည့်ဘဲ တန့်''

''ဟာ အဲလိုလုပ်ရင် ကိုယ့်သိက္ခာကို စော်ကားတာနဲ့အတူတူပဲ''

''ပယင်းကို ညာတာကရော ပယင်းကို စော်ကားတာမဟုတ်လား။ တန့် လွှတ်''

ပယင်း တရစပ်ပြောရင်း သူ့လက်ထဲမှ အတင်းရုန်းထွက်သည်။ ပယင်းကို သူလွှတ်ပေးလို့မရဘူး။ ကျန်လက်တစ်ဖက်နဲ့ ပယင်း ပခုံးပေါ် က်လိုက်မိသည်။

●



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်း ရင်ခုန်ခြင်းမပါဝင်တဲ့ သူ့အပြုအမူကို ပယင်းဘယ်
နားလည်သည်မသိ သူ့ကို မျက်လုံးဝိုင်းလေးနဲ့ မော့ကြည့်သည်။ သူ့မျက်
ပေးကို အငြိမ်ဆုံးဖြစ်အောင်ပြုပြင်ပြီး

"ပယင်း"

"ပြော ပယင်းကို ညာဖို့မကြိုးစားနဲ့"

"ကိုယ် မညာပါဘူး ပယင်းရယ်"

"ပယင်းကတော့ တန့်ကိုမေးပြီးပြီ၊ တန့် ညာနေတော့ အ
မှန်သိဖို့ ရန့်ဦးနဲ့ ရင်ဆိုင်ရမှာပဲ"

သူ အသက်အောင့်လိုက်၏။ ပယင်းပခုံးပေါ်က သူ့လက်
ပုတ်ချသည်။

"ရန့်ဦးနဲ့ ရင်ဆိုင်မှ ပယင်း သိချင်တာ သိခွင့်ရမယ်"

"ပယင်းရယ်"

"ဟုတ်တယ် တန့်နဲ့ပတ်သက်ရင် ပယင်း ဘယ်သူ့မှ ဂရုမစို
ဘူး၊ ဘာအကြောင်းကြောင့်မှ ပယင်းဆီကနေ တန့် ရှောင်ထွက်လို့
ဘူးဆိုတာ တန့်နဲ့သက်ဆိုင်သူ သိသွားစေရမယ်"

သူ လက်ချောင်းတွေကို ဖယ်ရှားရင်း ထွက်သွားတဲ့ ပယင်း
သူ ဘယ်လို စည်းရုံးရမှန်းမသိတော့။ သူ ဖြစ်စဉ်ကို ဘာမှမသိ
ရန့်ဦး ပြဿနာ အမွေခံရမှာကို သူမမြင်ချင်တော့။ ရန့်ဦးဆီ ပယ
ရောက်မသွားဖို့ သူ တစ်ခုခုကို ဝန်ခံရမယ်ဆိုရင် သူ ဝန်ခံပါ
ပယင်းရယ်





"ပယင်း"

ပယင်း လှည့်မကြည့်။ ကန်ဘောင်စောင်းမှာရပ်ထားတဲ့ကားပေါ်
ယင်းလှမ်းတက်လိုက်သည်။ သူ ကားရှေ့မှာ ကမန်းကတန်းပိတ်ရပ်၍

"ပယင်း ဘာကို သိချင်တယ်"

"တန့် အပိုတွေမမေးနဲ့ ရှေ့ကဖယ်နေ"

"ရန့်ကို ပြဿနာမရှာပါနဲ့ ပယင်းရယ်၊ ရန့် ဘာမှမသိဘူး
ယ် မညာပါဘူး"

"အို ပယင်းကို ဒီလို မလိမ့်တပတ်လုပ်တာ ခံပြင်းဆုံးပဲ"

"ကိုယ် တောင်းပန်ပါတယ်ကွာ"

"မတောင်းပန်နဲ့ ပယင်းဆိုတဲ့ မိန်းကလေးက တန့်တောင်းပန်
င်းကျေနပ်ရမှာ မဟုတ်ဘူး၊ တန့်ရဲ့လှို့ဝှက်ချက် ပယင်း ဖေါ်ထုတ်
ယ်"

"ပယင်း သိချင်ရင် ကိုယ်ပြောပြမယ်"

"ဟင်"

ကားသော့ဖွင့်ဖို့ ပြင်နေတဲ့ ပယင်း လက်ချောင်းလေးတန့်သွား
တန့်ပြောပြမတဲ့။ တန့်က ဘာပြောမှာလဲ ပယင်းထင်သလို တစ်ခြား
ကလေးကို တန့်လိုက်နေတာဆိုရင် အိုး ပယင်း ဘယ်လိုခံစားနိုင်


"ဟုတ်တယ် ပယင်း သိပ်သိချင်ရင် ကိုယ်ပြောပြမှာပေါ့"

"ဘာ ဘာကို"



www.burmeseclassic.com

www.burmeseclassic.com



"မဆိုင်တဲ့သူကို ပယင်း သွားပြောရင် ပြဿနာရှုပ်သွားမှာစိုးလို့ပါ၊ ကိုယ် မညာတမ်းပြောပါမယ်ကွာ"

ပယင်း မျက်တောင်ခတ်ဖို့ မေ့သွား၏၊ ထူပိန်းနက်မှောင်နေတဲ့ မျက်ခုံးအောက်မှ စိုလက်နေတဲ့ တန့် မျက်ဝန်းမှိုင်း နောက်နောက်ကို ပယင်း အသက်ရှူရပ်မတတ် စိုက်ကြည့်၏။

"ကိုယ်မှာ ချစ်ဦးသူ ရှိခဲ့တယ်"

"ဟင် ဘာ ဘယ်လို"

ပယင်း ကားတံခါးကို ကမန်းကတန်းတွန်းဖွင့်၍ ကားပေါ်မှ ဆင်းလိုက်၏။

"ဟုတ်တယ် ကိုယ်မှာ ကိုယ့်နှလုံးသားကို အစဉ်လွှမ်းမိုးနေတဲ့ ချစ်သူရှိတယ်"

"အို"

ပယင်း နှုတ်ခမ်းလွှာကို မကျေမနပ် ဖိကိုက်လိုက်သည်။

"ပယင်း သိပ်သိချင်မှတော့ ကိုယ် ထိန်ချန်မထားချင်တော့ဘူး"

ပယင်း ကိုယ်လုံးလေး ပုံကျသွားမတတ် ထိနိုက်ကြေကွဲသွား၏။

"တန့်မှာ တန့်မှာ ချစ်သူရှိတယ်"

ပယင်းအသံလေး အဖျားခတ်လှိုက်တုန်သွား၏။

"ဟုတ်တယ်"





သူ့ အနိုင်အမာ ဝန်ခံစဉ် ပယင်းကိုယ်ကို ကားဘော်ဒီနဲ့ကပ်မှီထားလိုက်သားဖြစ်သွား၏။ ဟင့်အင်း မယုံဘူး လုံးဝမယုံဘူး။

"မရှိရဘူး၊ ဟင့်အင်း တန့်မှာ ပယင်းကလွဲပြီး ချစ်သူမရှိထိုက်ဘူး တန့်ချစ်သူ ဟင့်အင်း"

တကယ် ဝန်ခံစကားကြားရတော့မယ်ဆိုတော့ ပယင်း ကြားနိုင်စွမ်း မရှိသလို ခံစားလိုက်ရ၏။

"ဒါပေမယ့် ခုချိန်မှာ ပယင်းသိပ်သိချင်နေပြီဆိုတော့ ကိုယ်ဝန်ခံမှာပါ"

ပယင်းနှလုံးသားမှာ အက်ကြောင်းတစ်ခု ပေါ်လာ၊သလို နာတျင်လာသည်။ တန့်မျက်နှာပေး သွယ်လျလျက ဟိုအဝေးကို ငေးမောလျက်

"ကိုယ့်ချစ်သူ နာမည်က ချယ်တဲ့၊ ချယ်နဲ့ ကိုယ်"

ဟင့်အင်း ပယင်းနားနှစ်ဖက်ကို လက်ဖဝါးနှန နှစ်ဖက်နှင့်ဆောင်ယမ်း ဖိပိတ်လိုက်မိသည်။ ပယင်း နှလုံးသားမှာ ဝမ်းနည်းထိတ်တုန် ကြေကွဲလာသည်။

ဟိုအဝေးကို မျှော်လင့်နေတဲ့ သူ့မျက်ဝန်းက သူ့ရင်ခုန်သံပုံရိပ်တွေ လွှမ်းမိုးလာသည်။ ထိုမျှမက သူ့နှလုံးသားက ချယ်ထံ လည်ပြန်ခံစားရင်း။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

သူ ဆယ်တန်းအောင်ပြီးစ သူတို့မိသားစု မာမိ့သူငယ်ချင်းရှိရာ နယ်မြို့လေးတစ်မြို့ကို အလည်သွားခဲ့သည်။ ထိုမြို့မှာ သူနဲ့ဆယ်တန်း ဝိုင်းကျူရှင်အတူနေဖူးတဲ့ ခန့်ကိုဆိုတဲ့ သူငယ်ချင်းတစ်ယောက်ရှိသည်။

ခန့်ကို ဆယ်တန်းဖြေပြီး သူမြို့သူပြန်နေသည်။ မာမိနဲ့ဒက်ဒီ ထိုမြို့လေးကို အလည်သွားမည်ဆိုတော့ သူ အားရဝမ်းသာလိုက်ခဲ့သည်။

"မာမီ သား သူငယ်ချင်းဆီသားသွားမယ်"

ခရီးဆောင်အိတ်တွေကို ကားပေါ်ကချပြီးသည်နှင့် မာမိကို အသိပေးတော့ မာမိမျက်ခုံးကြီး ပင့်တက်သွားပြီး

"သား သူငယ်ချင်းဆီ"

"ဟုတ်တယ် မာမိ၊ သားသူငယ်ချင်း ခန့်ကိုက ဒီမြို့ကပဲ သားသူငယ်ချင်းနဲ့သွားတွေ့မယ်"

"သားရယ် သားအန်တီမြလည်း အားနာဦး"





"ဟုတ်သားပဲ သက်တန့်ရယ်၊ အန်တီမြတို့ တိုက်ထဲဝင်နားပါဦး ကွယ်၊ အခုပဲရောက်တာလေ"

အန်တီမြ မျက်နှာမသာမယာနဲ့ ဝင်ပြောသည်။

"နားမှာပါ အန်တီရယ်၊ သားရောက်နေတဲ့အကြောင်း ခန့်ကိုကို အသိပေးရုံသက်သက်ပါ၊ ချက်ချင်းပြန်လာခဲ့မယ် အန်တီမြ၊ နော် မာမိ"

အန်တီမြနဲ့မာမိကို တစ်လှည့်စီကြည့်၍ သူချွဲလိုက်သည်။

"ကဲပါကွာ သားသွားချင်နေတာ ပေးသွားလိုက်ပါ"

ဒက်ဒီ တစ်ခွန်းဝင်ပြောၿ။ သူ့ဘက်က ဒက်ဒီထောက်ခံတော့

"သီတာက မြကို အားနာလို့ပါ မောင်"

"ကဲပါ အားမနာပါနဲ့ သီတာရယ်၊ သက်တန့် သွားချင်တည်ဆို လည်သွားပါစေ၊ ကလေးတွေက သူငယ်ချင်းမက်တာပေါ့ကွယ်၊ ကဲ သား သွား၊ သွားတတ်လား"

အန်တီမြ ခွင့်ပြုတော့ မာမိ စောဒကမတက်တော့။ သူအားရ ဝမ်းသာဖြစ်၍

"သားမှာ လိပ်စာပါတယ် လိပ်စာအတိုင်းသွားပေါ့၊ သွားပြီးနော် မာမိ"

သူငယ်ချင်းဆီ မြူးမြူးကြွကြွ ထွက်သွားသည့်သားကို ဒေါ်သီတာ ဦးသိုက်မောင်နဲ့ ဒေါ်မြနှင်းဆီတို့ ကြည်နူးစွာ ငေးကြည့်လိုက်သည်။ သား မောင်းထွက်သွားတဲ့ ကားရိပ်ပျောက်သွားမှ



www.burmeseclassic.com

www.burmeseclassic.com



"လာ တိုက်ထဲဝင်ဦး၊ သီတာနဲ့ ကိုမောင် ခရီးပန်းလာတယ် မဟုတ်လား"

ဒေါ်မြနှင်းဆီ ခရီးဆောင်အိတ်တွေ ကူသယ်ရင်း နှီးဆော်လိုက်သည်။

"ဟုတ်ပ မြရယ် သီတာတို့က ခရီးပန်းတာ သားက ခရီးပန်းတယ်လို့တောင်မထင်ဘူး၊ ထွက်သွားလိုက်တာ မြူးလို့"

"ဟုတ်တယ် သီတာရယ် သက်တန့်ကတော့ တကယ့်ကို အဖော်မက်တဲ့ကလေး ငယ်ငယ်ကအတိုင်းပဲ၊ ဟင့် ဟင့် သချာတာပေါ့"

ဒေါ်သီတာတို့လင်မယား သဘောတကျ ထောက်ခံလိုက် သည်။ သားကတော့ သူ့ငယ်ချင်းဆီဦးတည်ကာ

ခြံအမှတ် ၁၁

ဥယျာဉ်လမ်း

သစ်သားတံခါးရှေ့မှာ သူ့ကားထိုးရပ်လိုက်သည်။ ခြံဝင်းထဲကို အကဲခတ်ကြည့်လိုက်တော့ ချစ်စရာကောင်းတဲ့ တိုက်ပုလေး။

တိုက်ရှေ့မှာ ဂေါက်ကစားကွင်း အသေးလေးနဲ့ ခန့်ကိုတဂေါက်ဖိကစားတာ ဝါသနာထုံတဲ့ကောင်၊ သူကားပေါ်မှဆင်းသည်။

စေ့ပိတ်ထားတဲ့ သစ်သားတံခါးပေါ်မှ သံပတ်ဝိုင်းလေးကို ဖြုတ်ကာ တံခါးပေါက်ဖွင့်၍ ခြံထဲလှမ်းဝင်လိုက်သည်။

တိုက်ပုလေးရှေ့မှာ သူခြေစုံရပ်၍ ချောင်းကြည့်လိုက်သည်။





ဧည့်ခန်းထဲမှာ ဘယ်သူမှမရှိ။ ဒီကောင် အခန်းအောင်းနေတာလား။

ဧည့်ခန်းအဝမှာ သူ ရှူးဖိနပ်ချွတ်လိုက်သည်။ ဧည့်ခန်းကြမ်းခင်းက ပြောင်လက်နေတာ ဖယောင်းရောင်စိုဖိတ်နေသည်က နင်းရက်စရာမရှိ။

မနင်းရက်ပေမယ့် နင်းရတော့မယ်။ သူဧည့်ခန်းကြမ်းပြင်ပေါ် လှမ်းဝင်ပြီး သုံးလှမ်းပင်မပြည့်ခင် သူ့ကိုယ်လုံး ဗိုင်းခနဲကျသွား၏။

"ဘိုင်း"

"အား ကျွတ် ကျွတ်"

တစ်စုံတစ်ခုကျသံ နာကျင်သံကြောင့် ပြေးထွက်လာတဲ့ ခြေသံသဲ့သဲ့ ကြားရသည်။

ဖင်ထိုင်ကျသွားသည့် သူ့ပုံစံက ကိုးရိုးကားရားဖြစ်ကာ သူ့တင်ပါးအောက်မျက်သွားသည်။ သူမျက်နှာရှုံ့မဲ့၍ ကြမ်းပြင်ပေါ် လက်နှစ်ဖက်ထောက်၍ အားပြုထစဉ်။

"အိုး"

အာမေဋိတ်သံလေး သူမထဖြစ်သေးဘဲ ကြည့်လိုက်တော့ ဒေါ်ဘတ်ဖိကာ မျက်လုံးဝိုင်းလေးနဲ့ တအံ့တဩ ပြူးကြည့်နေတဲ့ ကောင်မလေး။

ပါးပေါ်မှာ ပါးကွက်ဝိုင်းလေးနှစ်ဖက် ထင်းနေတဲ့ ကောင်မလေးကို သူ ငေးကြည့်မိသည်။ ဒီကောင်မလေးက ခန့်ကို ညီမလား။ မဖြစ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



ခန့်ကိုက သူ့လိုပဲ တစ်ဦးတည်းသောသား။

"ကျွတ် ကျွတ်"

ကျသွားတဲ့အရှိန်နဲ့ သူခါးက အောင့်မျက်ကာ စူးတက်လာသည်။ သူငြီးသံလေးကြောင့် သူမအသိဝင်လာပြီး

"ဘာ ဘာဖြစ်သွားလဲ ဟင်"

သူ့ကို စိုးရိမ်တကြီးတွဲကူဖို့ သူ့လက်မောင်းလေးကို လာဆုပ်ကိုင်ပြီးမှ တစ်စုံတစ်ရာကို သတိရသလို မျက်နှာလေးရဲကာ ဖျတ်ခနဲ လွှတ်လိုက်တဲ့ ကောင်မလေးအမူအရာက သူ့ရင်ကို ခုန်သွားစေသည်။

"ဖြေးဖြေးထပေါ့"

လို့ ရှက်ရေးရေးပြောတဲ့ စကားလုံးက သူ့ရင်ကို ငြိတွယ်သွား၏။ သူ လက်ထောက်အားပြု၍ ရှန်းထကာ သူနဲ့အနီးဆုံးမှာရှိနေတဲ့ ကြိမ်ဆက်တီထိုင်ခုံပေါ် ထိုင်ချလိုက်မိသည်။

"ကျွတ် ကျွတ်"

"အရမ်းနာသွားလား"

"ရပါတယ်"

"ချယ် ခုလေးတင် ကြမ်းခင်းကို ဖယောင်းတိုက်ပြီးတာ၊ ဖယောင်းတောင်မခြောက်သေးဘူး နင်းလိုက်တော့ အခန့်မသင့် ချော်ကျသွားတာပေါ့"

သူ့ကို ကရုဏာသက်သလိုကြည့်၍ ခပ်တိုးတိုးလေးပြောတဲ့





ကောင်မလေးပုံစံက ချစ်စရာကောင်းနေပြန်၏။

ဒူးဖုံးဂါဝန်အဝါရောင်ကားကားလေးဝတ်ကာ ရင်ဘတ်ပေါ် ကျစ်ဆံမြီးနှစ်ဖက်ကျစ်ချထားတဲ့ ကောင်မလေးက အရုပ်လေးတစ်ရုပ်နှယ် ဆွဲဆောင်မှုရှိလှသည်။

"ဒါနဲ့ ဒီက ဘာကိစ္စရှိလို့လဲ၊ ဘယ်သူနဲ့တွေ့ချင်လို့လဲဟင်"

သူ့ကို မျက်တောင်ပုတ်ခတ်ပုတ်ခတ်နဲ့ကြည့်၍ စပ်စုသယောင် မေးမှ သူအသိဝင်လာသည်။

"ခန့်ကိုအိမ်မဟုတ်လား"

"ဟုတ်တယ်"

"ခန့်ကိုကော"

"ဂေါက်ကလပ်သွားတယ်၊ တွေ့ချင်ရင် ကလပ်လိုက်သွားလေ"

"ဂေါက်ကလပ်က ဘယ်မှာလဲ"

"ဟင်"

ကောင်မလေး မျက်ဝန်းက အံ့ဩသယောင်တောက်ပသွားသည်။

"ဂေါက်ကလပ်ကိုမသိဘူး"

"သြော် ဆောရီးကွာ ကိုယ် အခုမှ ဒီမြို့ရောက်လာတာ"

"ဘယ်လို"

ကောင်မလေးပို၍ အံ့ဩသွား၏။ အံ့ဩနေတဲ့ ကောင်မလေးကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရတာ သူ ခါးနာတာကို မေ့သယောင်။

"ဘယ်ကလာတာလဲ၊ ဒီမှာ ဘာလာလုပ်တာလဲ"

ကောင်မလေး ထိတ်ထိတ်ပျာပျာပြောမှ သူကောင်းစွာ သဘောပေါက်တော့သည်။

"ဟာ ဆောရီး ကိုယ့်ကို တစ်မျိုးမထင်ပါနဲ့၊ ကိုယ်ခန့်ကို သူငယ်ချင်း"

ကောင်မလေး ထိတ်ထိတ်ပျာပျာ မဖြစ်တော့ပေမယ့် မျက်ခုံးတန်းလေးတွန့်ကာ ကြည့်နေဆဲ

"ခန့်ကိုနဲ့ ဆယ်တန်းဝိုင်းကျူရှင်တက်ခဲ့တဲ့ ရန်ကုန်က သက်တန့်ပါ၊ တစ်မျိုးမထင်ပါနဲ့"

"ကိုခန့် သူငယ်ချင်းလား"

"ဟုတ်တယ်"

"အဲဒါဆို ခဏထိုင်နော်၊ ကလပ်ကို ဖုန်းဆက်ပြီး ကိုခန့်ကို ခေါ်ပေးမယ်"

ချစ်စရာကောင်းတဲ့ သူမပုံရိပ်က ညှော်ခန်းထောင့်က တယ်လီဖုန်းစင်လေးနား ရွေ့သွားသည်။

ဒူးခေါင်းအုပ်ရုံသာရှည်တဲ့ ဂါဝန်အောက်မှ ဝင်းခနဲဖွေးနေတဲ့ သူမခြေသလုံးသားလေး ဆင်စွယ်ရောင် နှစ်ခဲကာ လင်းဖြာနေသည်။

သူမခြေသလုံးသားအရောင်က စွဲစရာ။ ကောင်မလေး တယ်လီဖုန်းနံပါတ်နှိပ်စဉ် သူနောက်မှ ခြေသံကြားရသည်။ သူလှည့်ကြည့်လိုက်တော့

"ဟာ ခန့်ကို"

"သက်တန့်"

ညှော်ခန်းထဲ လှမ်းဝင်လာတဲ့ ခန့်ကိုနဲ့ သက်တန့် အားရဝမ်းသာ ပြုံးဖက်လိုက်သည်။ သူမ တယ်လီဖုန်းနံပါတ်ကို ဆက်မနှိပ်တော့

"ဟာ မင်းလာမယ်ဆို ဖုန်းဆက်ပေါ့ကွ"

"မင်းကို အံ့သြစေချင်လို့ တမင်ဖုန်းမဆက်တာ"

"ကောင်းတယ် အံ့သြရတော့ ပိုကောင်းတာပေါ့ကွ၊ ဟား ဟား"

ခန့်ကိုက သူ့ပင်ကိုယ်စရိုက်အတိုင်း စကားပြောပြီးရင် တဟားဟား ရယ်လိုက်သည်။ ခန့်ကိုနဲ့အပြိုင် သူရယ်ပြီး

"ဟုတ်တယ်ကွ၊ အံ့သြရအောင် ဖုန်းမဆက်တာ အမှတ်တရဆက်ဆောင်ရသလို အီစိမ့်သွားတယ်"

"ဘာလဲကွ မင်းက"

သူနဲ့မျက်နှာချင်းဆိုင်မှာ ခန့်ကိုထိုင်၍ နားမလည်သလိုမေး၏။ သူ့ကြမ်းခင်းကိုငုံ့ကြည့်ပြီး

"ညှော်ခန်းထဲ လှမ်းဝင်တာ ဗိုင်းခနဲ"

"ဟာ မင်းချော်ကျသွားတယ်"

"ဟုတ်တယ်ကွ"







www.burmeseclassic.com

www.burmeseclassic.com



နာမျက်သေးတဲ့ခါးကို သူလက်တစ်ဖက်နဲ့ထောက်ရင်း ပြောလိုက်သည်။ ခန့်ကို သူ့ကို အားနာသလိုကြည့်ပြီး ညှော်ခန်းထဲက ထွက်သွားဟန်ပြင်တဲ့ ကောင်မလေးကို ဒေါသမျက်ဝန်းနဲ့ လှမ်းကြည့်ကာ

"မိချယ် နင်ဘယ်လိုလုပ်လိုက်တာလဲ"

ကောင်မလေးမျက်နှာငယ်သွား၏။

"နင့်ကို ဘယ်သူ ဖယောင်းသုတ်ခိုင်းလဲ"

"ဟို ကို ကိုခန့်မာမိက ကြမ်းခင်းအရောင်မှိုင်းသွားပြီ ဖယောင်း ပြန်တိုက်ပါဆိုလို့"

"တောက်"

ခန့်ကိုမကျေမနပ် တောက်ခေါက်တော့ ကောင်မလေး ကိုယ်ကျုံ့ သွားတာ သနားစရာ။

"ကိုယ် သတိမထားမိလို့ပါ"

"ဟာ ညှော်သည်က သတိထားမလား။ နင်သတိပေးရမယ်လေ"

ခန့်ကိုကို ကောင်မလေးပြန်မပြောရဲရှာ။ မျက်လွှာချငြိမ်သက် နေသည်။ ကောင်မလေးကို သနားစိတ်ဝင်မိတာကြောင့်

"ကိုယ်လာတဲ့အချိန်မှာ ညှော်ခန်းမှာ ဘယ်သူမှမရှိဘူး။ အပြစ် မတင်ပါနဲ့ကွာ၊ ကိုယ်က မင်းကို တွေ့ချင်စိတ်လောကြီးပြီး စွတ်ဝင်ခဲ့မိတာ အခန့်မသင့်ကျတာပါကွာ၊ ကိုယ် အလွန်အကျွံမနာဘူးကွ"





"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ"

ခန့်ကို ကျေနပ်အောင် သူ ရယ်ကျဲကျဲဖြောင်းဖျလိုက်သည်။

"တောက် ဒီနေ့မှ ဖယောင်းတိုက်ရတယ်လို့ သွားညှော်သည် အတွက် တစ်ခုခုလုပ်"

"ဟုတ်ကဲ့"

ကောင်မလေး မျက်နှာငယ်လေးနဲ့ ခေါင်းငုံ့ထွက်သွားတာ သူ့ရင် မှာ မချမ်းမြေ့သလိုဖြစ်သွားသည်။

"မင်းကလည်းကွာ ဘာဖြစ်လို့ ဗိုဟောက်ရတာလဲ၊ ကောင်မ လေးခမျာ သနားစရာ"

"သနားမနေနဲ့ ကြမ်းခင်းကို ဖယောင်းတိုက်ပြီးလို့ ဖယောင်း မခြောက်သေးရင် ခြောက်တဲ့အထိ စောင့်ကြည့်ရင်း ဝင်လာတဲ့သူကို သတိပေးရမှာ မိချယ်တာဝန်၊ မိချယ် စောင့်ကြည့်မနေလို့ မင်း ဆိုချော်ကျတာပေါ့ကွ"

"ကဲပါကွာ ကိုယ်ချော်တဲ့ကိစ္စ ခေါက်လိုက်စမ်းကွာ"

"ခေါက်လို့ရမလား မင်းမာမီသိရင် ကိုယ့်ကို ကောမှာပေါ့ကွ"

"ကိုယ် အသိမပေးဘူးကွာ"

ခန့်ကို မျက်ဝန်းက ကောင်မလေးကို ဘဝင်မကျသေး။ အအေး မိုင့်ပြီးဝင်လာတဲ့ ကောင်မလေးကို ခပ်စူးစူးကြည့်ပြီး

"မိချယ် နင် သတိထား၊ နောက်တစ်ခါဆို နားရှင်းအုပ်ခံရ



www.burmeseclassic.com

www.burmeseclassic.com



မယ်မှတ်''

ခန့်ကို ရှယ်လိုက်စဉ် ကောင်မလေး ဖက်ပုသွားရုံမက မျက်ဝန်း
လုလုလေးမှာ မျက်ရည်ဝိုင်းခနဲ။

ကောင်မလေးက ခန့်ကိုကို အဲသလောက်ကြောက်ရတာလား
ကောင်မလေးက ဘာတစ်ခွန်းမှ ပြန်မပြောဘဲ အအေးခွက်ရှည်ရှည်လေး
ကို သူ့ရှေ့မှာ တရိုတသေချပေးသည်။

''ကဲ ပြီးရင်သွား ညွှန့်သည်အတွက် ကိုယ့်ဘေးကအခန်းရှင်
လိုက်''

''ဟုတ်ကဲ့''

ကောင်မလေး ခေါင်းလေးငုံ့ကာ လှည့်ထွက်သွားသည်ကို သူ
အမြင်တဆုံးကြည့်မိသည်။

''မင်း ကိုယ့်ဆီမှာပဲ တည်းရမယ်''

ခန့်ကို အစီအစဉ်ကို သူ ငြင်းချင်ပေမယ့် မငြင်းရက်တော့
အဲဒါ ဘာကြောင့်ထင်လဲ ကောင်မလေးရယ်။

''ဘာလဲ ငြင်းဖို့ စဉ်းစားနေတာလဲ''

သူငြိမ်သက်သွားသည်ကို ခန့်ကို နားလည်မှုလွဲသယောင်ပြော
၏။

''မရဘူးကွ ကိုယ့်ဆီမှာတည်းရမယ်၊ ငြင်းဖို့မစဉ်းစားနဲ့''

မငြင်းရက်ဘူး ခန့်ကိုရယ်။ သူ့ရင်မှာ တိုးတိုးလေးပြောလိုက်မိ





သည်။

''ကိုယ့်မြို့ရောက်ရင် ကိုယ့်အမိန့်ကို နာခံရမယ်ကွ''

ခန့်ကို ကျေနပ်အောင် သူ ခေါင်းညိတ်လိုက်မှ ကောင်မလေး
အပေါ် ဘဝင်မကျဖြစ်နေတဲ့ ခန့်ကို မျက်နှာကြည်လင်လာသည်။

ကောင်မလေးရယ် မင်းမျက်နှာလေးကိုလည်း ကြည်လင်စေချင်
သယ်ကွယ်။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

၄

"ဘယ်လို မောင်ခန့်"

ခန့်ကို သူ့ပခုံးကို ဖက်လိုက်ပြီး

"သက်တန့်ကို ကျွန်တော်နဲ့ နေခွင့်ပေးမှ သဘာဝကျမယ်လေ"

"ဘာဖြစ်လို့"

"ရန်ကုန်မှာတုန်းက သက်တန့်က ကျွန်တော့်ကို သက်တန့်နဲ့ အတူနေစေတယ်လေ၊ အခုလည်း ကျွန်တော်မြို့ကို ရောက်လာတဲ့ သက်တန့်က ကျွန်တော်နဲ့နေရမှာပေါ့ အန်တီ"

ခန့်ကို အချက်ကျကျ ပြောလိုက်တော့ ခွင့်မပြုချင်သယောင်နဲ့ တဲ့ မာမီမျက်ဝန်း အရောင်ဖျော့သွားသည်။

"ဒါပေမယ့် သားကို အန်တီ စိတ်မချဘူးကွယ်"

"စိတ်ချပါဗျာ၊ ကျွန်တော်လည်း တစ်ယောက်တည်းပျင်းနေတာ နဲ့ သက်တန့်ရောက်လာလို့ ဝမ်းသာသွားတာ သက်တန့်က ဂေါက်ရိုက်





သင်ချင်တယ်လေ၊ အဲဒီတော့ ကျွန်တော်နဲ့အတူနေမှဖြစ်မှာပေါ့ အန်တီ ရယ်၊ စိတ်ချပါ"

"ဟုတ်တယ်မာမီ သား ခန့်ကိုနဲ့ ဂေါက်ရိုက်သင်မလို့ အဲဒါ"

သူ့ မျက်နှာလေး ချိုချိုလေးနဲ့ မာမီမှာ ခွင့်တောင်းတော့ မာမီ စိတ်တင်တင်ဖြစ်လျက်၊ ခန့်ကိုကို အားနာတာတစ်ကြောင်း သားကို လည်း လွတ်လပ်ခွင့်ပေးချင်တာကြောင့်

"ကဲဒါဆိုလည်း ပြီးရော"

"ဒီလိုမှပေါ့ အန်တီရဲ့"

"ဒီလိုမှပေါ့ လုပ်မနေနဲ့ ရှုပ်ရှုပ်ယှက်ယှက် အသံကြားလို့ကတော့ ထွယ်ဘူးမှတ်"

"စိတ်ချ အန်တီ ဘာမှမဖြစ်စေရဘူး"

"စိတ်ချပါ မာမီ"

သူနဲ့ ခန့်ကိုရဲ့ ကတိပေးမှုနောက်မှာ မာမီ လိုက်လိုက်လျော လျော ခွင့်ပြုသည်။ မာမီ ခွင့်ပြုချက်ရတာကြောင့် သူ့ရင်မှာ လွတ်လပ် သွားပါသွား၏။ သူကလည်း ကောင်မလေးမျက်နှာလေးကို ကြည့်နေခွင့်၊ ခန့်ကိုနဲ့အတူနေချင်တာ မာမီခွင့်ပြုတော့ ဝမ်းမြောက်ခုန်ပေါက် သွားကာ ဖြစ်သွား၏။

ခန့်ကို အပါးမှာ သူလာနေတာက ကောင်မလေးပို၍ အလုပ်ပို သွားခဲ့သည်။ သူ့အတွက် သန့်ရှင်းသပ်ရပ်တဲ့ အခန်းလေး ပြင်ဆင်ထားပေး

www.burmeseclassic.com



သည်က နေချင်စရာအတိ။

စိမ်းဖျော့ရောင် အိပ်ရာခင်းလေးက သူ့စိတ်ကို လန်းဆန်းစေသည်။

ခေါင်းရင်းက နံရံကပ်ဗီရိုမှာ သူခရီးဆောင်အိတ်ထဲက အဝတ်တွေကို စီထည့်ထားသည့် ကောင်မလေးလက်ရာက သေသေသပ်သပ်ရှိလှသည်။

"မိချယ်"

"ရှင် ကိုခန့်"

ခန့်ကိုက ကောင်မလေးကို ဒီလိုပဲ ခပ်တင်းတင်းခေါ်တတ် တယ်ထင်ရဲ့။ ခန့်ကို ခေါ်လိုက်သည်နှင့် ကောင်မလေး ခေါင်းငုံ့ရိုကျိုးလျက်သားဖြစ်၏။

"ညီ့သည်ကို ဂရုစိုက်နော်"

"ဟုတ်ကဲ့"

"တစ်ခုခု လစ်ဟင်းလို့ကတော့ နားရင်းအုပ်ခံရမယ် မှတ်"၊

နားရင်းအုပ်မယ်ဆိုတဲ့စကားက ခန့်ကိုရဲ့ လက်သုံးစကားထင်ရဲ့။ အမိန့်အတိုင်း ကောင်မလေးက သူ့ကို ပျာပျာသလဲ ဂရုစိုက်သည်။

သူထမင်းစားခါနီးဆို ကောင်မလေး ဖွယ်ဖွယ်ရာရာလုပ်ပေးတတ်သည်။ သူ့ ပန်းကန်ထဲ ထမင်းဟင်းအသင့် ထည့်ပေးကာ ဂရုတစိုက်ရှိလှသည်။ ခန့်ကို မာမီ အန်တီစိန်က





"ချယ်က သိပ်လိမ္မာတာကွယ် လှည့်ကြည့်စရာ မလိုလောက်အောင် စိတ်ချရတာ၊ ဟင့် ဟင့် သားကတော့ ချယ်ကိုဆို ဘယ်တော့မှ ...သာသာ မဆက်ဆံဘူး ဘုဆတ်ဆတ်နဲ့လို့"

ပွင့်ပွင့်လင်းလင်း ပြောပြသည်။ ခန့်ကို ဘုဆတ်ဆတ်ပြောတတ်...ယ့် ချယ်အပေါ်ကောင်းရှာသူ။

"မိချယ် ဘာဝက သနားစရာကွ"

"ဘာဖြစ်လို့"

"မိချယ်ကို မာမီက သနားလို့ မွေးစားထားတာကု"

"ချယ်မိဘကော"

"မသိဘူးကွာ ကိုယ်တို့ ဒီတိုက်ကို ပြောင်းလာတော့ ဘေးအိမ်...ခိုးမကြီးက ချယ်ကို အချိန်ပြည့်ဆူနေတဲ့ အသံကြားရတယ်။ ဒါနဲ့...စပ်စုကြည့်တော့ ချယ်ကို အဲဒီအိမ်က မွေးစားထားတာတဲ့ သူတို့က...မွေးစားတာလေ။ ဒါနဲ့ မာမီက သနားပြီး ကျောင်းထားပေးတာ။...ကိုင်း အဲဒီအိမ်က သားတွေ အရက်သောက်တတ်တော့ မာမီ...ပြီး ဒီမှာ ခေါ်ထားလိုက်တယ်လေ၊ ချယ်က အလိုက်သိပ်သိတယ်။...တတ်တယ်၊ ဘယ်သူဘာပြောပြော ခေါင်းငုံ့နေလိုက်တာပဲ"

သူ သက်မသာချမိသည်။ ကောင်မလေးဘာဝက တကယ်ပဲ...စရာ။

"မာမီကိုလည်း အရမ်းအားကိုးတာ၊ မာမီကို မိခင်ရင်းပို



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံတာလေ၊ မာမီ အဲဒါလေးတွေကြောင့် ကိုယ့်ထက် ချယ်ကို ပိုပြီးဦးစားပေးချင်တာ ကိုယ်က အဲဒါကို အမြင်ကတ်တာ"

"ဒါကြောင့် မင်းဘုတောတာပေါ့ ဟုတ်လား"

"အဲလိုလည်းမဟုတ်ဘူးကွ၊ ဘာပဲဖြစ်ဖြစ် ချယ်ကို မာမီ မွေးစားထားတော့ ချယ်က ကိုယ့်ညီမဖြစ်နေပြီလေ၊ ဆူစရာရှိရင်ဆူရမှာပဲ မင်းလည်း အမြင်မတော်တာတွေ့ရင်ဆူပေါ့၊ ကိုယ့်ညီမက မင်းညီမပေါ့ မဟုတ်ဘူးလား"

သူကျေကျေနပ်နပ် ခေါင်းညိတ်လိုက်မိသည်။

"ကဲ မင်းခရီးပန်းလာတာနဲ့ အိပ်တော့"

"အင်း"

"လိုတာရှိရင် ပြောကွ"

"မလိုပါဘူးကွာ အားလုံးအိုကေ"

"အိုကေရင် ကိုယ်လည်းအိပ်တော့မယ် "

" Good Night"

ခန့်ကို နှုတ်ဆက်ထွက်သွားစဉ် သူ အခန်းတံခါး အသာပိတ်လိုက်သည်။ ထို့နောက် ပရုပ်နံ့သင်းနေတဲ့ စိမ်းဖျော့ရောင် အိပ်ရာခင်းပေါ် သူ့ကိုယ်လုံး၍ ကောင်မလေးဘဝကို ကရုဏာသက်သလို ခံစားနေမိသည်။

ထိုစဉ်





"ဒေါက် ဒေါက်"

တံခါးခေါက်သံကြောင့် အိပ်ရာပေါ် အပျင်းဆန့်ရင်း

"ခန့်ကို ဝင်ခဲ့လေ"

"ချယ်ပါ"

"ဟင်"

သူ ဆတ်ခနဲ အိပ်ရာပေါ်ထထိုင်လိုက်သည်။ ချယ်က အခန်းတံခါးမဖွင့်ဘဲ အခန်းပြင်မှာရပ်နေဆဲ။

"ချယ်"

"ဟုတ်ပါတယ် ကိုသက်တန့်"

"ပြောလေ ချယ်"

"ဟို ဒဏ်ကြေလိမ်းဆေးဘူး လာပေးတာပါ"

"ဒဏ်ကြေလိမ်းဆေးဘူး"

"ဟုတ်ပါတယ်"

သူနှာခေါင်းတွန့်ပြီး

"ဘာလုပ်ဖို့ ကိုယ် တောင်းထားလို့လား"

"မတောင်းပါဘူး။ ဟို ချော်ကျထားတာ ခါးနာသွားတယ်မဟုတ်လား"

အို သူ့ရင်မှာ လှိုက်ခနဲ နွေးထွေးသလို ခံစားလိုက်ရသည်။

"အဲဒါ ဆေးလိမ်းဖို့ မေ့နေမှာစိုးလို့ လာပေးတာပါ၊ မအိပ်ခင်



www.burmeseclassic.com

www.burmeseclassic.com



လိမ်းလိုက်လေ''

''ဩော် အင်း လိမ်းလိုက်မှာပေါ့''

''ဒီမှာဆေးဗူးက ချယ် တံခါးဖွင့်ပြီး လာပေးရမလား''

''ရတယ်လေ''

သူ မွေ့ရာပေါ်က ဆင်းရုံရှိသေး တံခါးအသာဖွင့်၍ဝင်လာတဲ့ ချယ်ကို ငေးကြည့်မိသည်။

ချယ် အသားအရည်က မီးချောင်းအလင်းရောင်အောက်မှာ ဝင်းခနဲ ဖွေးစိုနေသည်။ ဂရိတ်ဝေါ် ဒဏ်ကြေလိမ်းဆေးဗူး ကမ်းပေးတဲ့ ချယ် လက်ချောင်းလေးတွေက သွယ်လျလျ လှပလျက်။

''ကိုယ် သတိမရဖြစ်နေတာ ကျေးဇူးပဲ ချယ်''

မျက်လွှာချကာ

''ရပါတယ် ကိုသက်တန့် လိုအပ်တာရှိရင်ပြောနော်၊ အားမနာနဲ့ ကိုခန့်က ကိုသက်တန့်လိုအပ်တာတွေ လုပ်ပေးဖို့ အသေအချာမှာထားလို့ပါ၊ ပြီးတော့ အန်တီကလည်း ဧည့်သည်ကို ဂရုစိုက်ပါတဲ့''

''ချယ် ရယ်''

သူ့ရင်မှာ ကရုဏာသက်စွာ ရွတ်လိုက်မိသည်။

''လိုရင် ပြောမှာပါ ချယ်''

ဦးခေါင်းလေး အသာဆတ်လိုက်တဲ့ ချယ်အမူအရာက ဟန်ဆောင်မှုကင်းကာ





''အဲဒါဆို ဆေးလိမ်းပြီး အိပ်တော့နော်''

သူခေါင်းညိတ်လိုက်သည်။ ကောင်မလေး ဂါဝန်ကားကားလေး ဝိုင်းကာ သူ့အခန်းထဲက ပြန်ထွက်သွားမှ ဆေးဗူးလေးနဲ့ ချယ်နောက်ကျောကို တစ်လှည့်ကြည့်ရင်း သူ့ရင်ထဲ တစ်ခုခုတိုးဝင်သလို ခံစားလိုက်ရသည်။ ချယ်ရယ်

ရိုးစင်းလွန်းတဲ့ ချယ်အမူအရာတွေက သူ့ အာရုံကို လွှမ်းမိုးသွားအောင် ပြုစားပြီထင်ရဲ့။

ထိုညက သူ့ အိပ်မက်ထဲမှာ ကောင်မလေးတစ်ယောက်။ ထိုကောင်မလေးက ဘယ်သူဖြစ်မယ်ထင်လဲကွယ်။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"မင်း ဘာလိုင်းတက်ဖို့ စိတ်ကူးလဲ"

ခန့်ကို ပေါင်မုန့်မီးကင်ကို ပလုပ်ပလောင်းဝါးရင်း စိတ်ဝင်တစား မေးသည်။ သူ့အတွက် ကော်ဖီငှဲ့ထည့်ပေးနေတဲ့ ချယ်လက်ချောင်းလေးတွေကို သူ ငေးကြည့်ရင်း

"အမှတ်စာရင်းကျမှ စဉ်းစားမယ် မင်းကရော"

"ကိုယ်လည်း မင်းအတိုင်းပဲ ဟား ဟား"

ပေါ့ပါးစွာရယ်လိုက်တဲ့ ခန့်ကိုကိုကြည့်ရင်း သူပြုံးလိုက်သည်။

"အမှတ်စာရင်းကျတော့ မင်းနဲ့ကိုယ် တိုင်ပင်ကြတာပေါ့ကွာ"

ကော်ဖီခွက်နဲ့မုန့်ပွဲတွေ'သူ့'ရှေ့တိုးရွှေ့ပေးနေတဲ့ ချယ်လှုပ်ရှားမှုလေးတွေက သိမ်မွေ့လွန်းသည်။

"ဒါနဲ့ ချယ် ဘာလိုင်းတက်ဖို့ စိတ်ကူးထားလဲ"

'ချယ်'ကို အရေးတယူ မေးလိုက်တဲ့ 'သူ့'ကို 'ခန့်ကို'ကော်ဖီ





သောက်ရာမှ မျက်ခုံးပင့်ကြည့်သည်။ ချယ်က 'ခန့်ကို'ကို မဝံ့မရဲကြည့်သည်။ 'ခန့်ကို'တစ်ခွန်းမှ ဝင်မပြောမှ

"ချယ် အဝေးသင်ပဲ တက်မလို့"

"ဟွန်း ဘာဖြစ်လို့လဲ"

"အန်တီစိန် တစ်ယောက်တည်းလေ၊ ချယ် အနီးကပ်ရှိနေဖို့လိုတာပေါ့"

'သူ'မသိမသာ သက်မချလိုက်သည်။

"ကိုယ် သဘောက ချယ်ကို ဒေးတက်စေချင်တယ်၊ ချယ်က အဝေးသင်ပဲ တက်ပါရစေလို့ မာမီမှာ ခွင့်တောင်းတော့ မာမီက 'ချယ်' သဘောတဲ့"

ခန့်ကို ပုံမှန်အသံနှင့်ရှင်းပြသည်။

"ချယ်က ဒီသုံးလုံးပါတာဆို"

"ဟုတ်ပါတယ်"

"အဝေးသင်တက်မှာဆိုတော့ ဒီတွေ နှမြောစရာချည်း"

"နှမြောရင် ချယ်ဒီသုံးလုံးကို မင်းပဲပြောင်းယူလိုက်"

ခန့်ကို ခပ်ဆတ်ဆတ်ပြောတော့ 'သူ'ပြုံး၍'ချယ်'မျက်နှာလေးကို ကြည့်သည်။

ချယ် မျက်နှာဝိုင်းပြည့်ပြည့်လေးက စွဲမက်စရာအတိ။ ချယ့် ခါးပြင်ထက်က ပါးကွက်ဝိုင်းလေးက ရှင်မတောင်နဲ့ ပျံ့မွှေးနေသည်က



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကြည်လင်စရာ ကောင်းလှသည်။

"အင်း ချယ် တကယ်ပေးရင် ယူမှာပေါ့ကွ"

"ပေးတယ်ကွာ ယူ"

'ခန့်ကို' ဘုတောသည်။ ချယ် မျက်နှာလေး ပန်းရောင်သန်းကာ

"အဲလို ပေးလို့ရတယ်ဆိုရင် ချယ်က ကိုခန့်ကိုပေးမှာပေါ့"

"ဟာ ကိုယ်လိုချင်တာလေ"

"ကိုခန့်လည်း ဒီငါးလုံးလိုချင်တာ၊ ဒီတစ်လုံးတည်းပါလို့ အောင်စာရင်းထွက်တုန်းက ဒေါ်သတွေထွက်နေခဲ့တာ"

"ဟုတ်လား 'ခန့်ကို'"

ခန့်ကို ကော်ဖီတစ်ကျိုက်မျိုချပြီး

"ဟုတ်တယ်ကွာ ကိုယ်က အဆင့်မြင့်ဘော်ဒါမှာနေပြီး အကောင်းဆုံးဝိုင်းဆရာတွေနဲ့သင်တာ ဒီတစ်ခုတည်းပါတယ်၊ ချယ် ဘာကျူရှင်မှမယူဘဲ ဒီသုံးလုံးထွက်တာ ဒေါ်သထွက်စရာပေါ့ကွ"

"ဒေါ်သထွက်ရင် ထွက်တဲ့ဒေါ်သကို ခေါက်သိမ်းလိုက်ကွာ"

"သိမ်းတာတော့သိမ်းတာပေါ့ကွ၊ ယူလို့ရရင် ချယ် ဒီတွေကိုယ် လုယူပြီးသား ဟား ဟား"

သူ စကားသူ သဘောကျရယ်လိုက်တဲ့ ခန့်ကို မျက်နှာပေးကြည် လင်လာသည့် ချယ်ပုံစံက မပြုံးမရယ်ဖြစ်ကာ





"ကိုသက်တန့် ကော်ဖီသောက်ဦးလေ"

"အင်း"

ချယ် သတိပေးမှ သူ ကော်ဖီခွက်မလိုက်သည်။

"ကဲ မြန်မြန်ကော်ဖီသောက်ပြီးထွက်ခဲ့၊ ဂေါက်ကလပ်သွားဖို့ ကိုယ်ကားထုတ်လိုက်မယ်"

ခန့်ကို လက်ကျန်ကော်ဖီတစ်ကျိုက်မော့သောက်ပြီး ပြောကာ ထွက်သွားသည်။ ချယ်ကမ်းပေးတဲ့ ပေါင်မုန့်ထောပတ်သုတ်[illegible]ချပ်ကို သူလှမ်းယူကာ တစ်ကိုက်ဝါးလိုက်သည်။

ချယ်က ဦးခေါင်းလေးငုံ့ကာ ထမင်းကြော်တစ်ဇွန်းချင်းခပ်စား ၏

"ဒါနဲ့ ကိုသက်တန့်က ဘယ်လောက်ကြာနေမှာလဲ"

"ဘာဖြစ်လို့ မေးတာလဲ"

"မေးကြည့်တာပါ"

"ကိုယ်ရှိနေတော့ ချယ် အလုပ်များရလို့လား"

"မဟုတ်ပါဘူး ကိုခန့်ပြောတော့ ကိုသက်တန့်တို့ ကြာဦးမှာတဲ့ အဲဒါ ဟုတ်သလား သိချင်လို့ပါ"

"အင်း"

သူဦးခေါင်းလေးဆတ်ကာ ပေါင်မုန့်ထောပတ်သုတ်ကို ဖိဝါးမျို ကာ ကော်ဖီနှင့်မျောချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မာမီက ဘုရားစောင်းတန်းအလှူကိစ္စနဲ့ လာတာလေ"

"ပြော်"

"မြို့ဦးစေတီက စောင်းတန်း လာပြုပြင်တာ"

"ဒါဆို တစ်လနှစ်လကြာမှာပေါ့"

"ထင်တာပဲ"

"ကိုက်ဆံအတော် လှူရမယ်နော်"

"ဟုတ်တယ် မြို့ဦးစေတီ စောင်းတန်းက အန်တီမြ မိဘလှူခဲ့တာ၊ အဲဒါ အန်တီမြနဲ့ မာမီက ပူးပေါင်းပြီး ပြန်ပြုပြင်လှူဒါန်းမှာ စောင်းတန်း ရေစက်ချပွဲလုပ်ရင် ချယ်ကို ဖိတ်မယ်၊ ချယ် လာရမယ်နော်"

ဖျတ်ခနဲ အကြည့်ချင်းဆုံသွားသည်။ ချယ် မျက်ဝန်းလေးက တအံ့တဩ ဝိုင်းလျက်

"မလာဘူး ငြင်းမလို့လား"

"အို ဟိုလေ ကိုသက်တန့်မိဘတွေ ချယ်ကို လိုလားပါ့မလား"

"ဘာဆိုင်လို့ မလိုလားရမှာလဲ"

"ချယ်က ချယ်က"

ချယ်ဘဝ မလှပမှုလေးတွေက ချယ်ရင်ကို အစ်ဆို့သွားစေသည်။ ချယ်ဘဝကို ရည်ရွယ်သလဲဆိုတာ သူနားလည်သွားသည်။ သိမ်ငယ်စရာ ချယ်ဘဝကို သူနှစ်သိမ့်ပေးလိုက်သည်။ ချယ် မျက်နှာပေးငယ်ငယ်လေးကို





ခု ငေးကြည့်၍

"ချယ်က ဘာဖြစ်လို့လဲ"

"ဟိုလေ ချယ်က ကိုသက်တန့်တို့လို သူဌေးတွေမှမဟုတ်တာ အန်တီစိန်မွေးစားလို့သာ ချယ်ဘဝ ခုလိုနေနိုင်တာလေ"

"မဆိုင်တာပဲ ချယ်ရယ်၊ အလှူပွဲက ဂုဏ်ပကာသနနဲ့ မသက်ဆိုင်ဘူး"

"ဘာပဲဖြစ်ဖြစ် ချယ်က အန်တီစိန်တို့သဘောပါ၊ အန်တီစိန် ခွင့်ပြုရင်"

"ခွင့်ပြုမှာပါ ချယ်ရယ်၊ အန်တီစိန်ရော ခန့်ကိုကောသွားမှာ အန်တီစိန်နဲ့အတူ ချယ်ပါ လိုက်ရမယ်"

သူ အလေးအနက်ပြောလိုက်တော့ ချယ် မျက်ဝန်းကြည်ကြည်လေးက သူ့ကို စိုက်ကြည့်လာသည်။

"ဘာလဲ ချယ်"

"ဘာ ဘာမှမဟုတ်ပါဘူး"

ချယ်အကြည့်လေးလွှဲလိုက်သည်။ သူက စိုက်ကြည့်နေဆဲ၊ ရှုံးရှုံးတဲ့ သူ့အကြည့်က ချယ်ရင်ကို မလုံမလဲဖြစ်စေသည်။

ချယ် ပြန်ကြည့်မိတော့ သူ့မျက်ဝန်းတောက်တောက်လေးရှိဝေလျက်

"သက်တန့် မြန်မြန်လာလေကွာ"



www.burmeseclassic.com

www.burmeseclassic.com



ခန့်ကို အသံလွင့်လာမှ သူ ဖျတ်ခနဲ အသိဝင်လာသည်။ မလုံမလဲ ရှက်နေတဲ့ ချစ်စဖွယ် ချယ် ပုံရိပ်လေးက သူ့ရင်ကို မြှူးတူးသွားစေသည်။

သူ ကော်ဖီခရားပင့်၍ ချယ့်အတွက် ကော်ဖီခွက်ငှဲ့ကာ ကော်ဖီခွက် ချယ်ရှေ့ တိုးပေးလိုက်သည်။ သူ့အပြုအမူကို ချယ် တအံ့တသြ ဖြစ်သွား၏။

"အိုး ဘာဖြစ်လို့"

"ချယ့်အတွက်"

"မဟုတ်တာ"

"ဘာလို့မဟုတ်ရမှာလဲ"

"ကိုခန့်သိရင် ချယ်ကိုဆူမှာ"

"မဆူပါဘူး ချယ်ရယ်၊ ချယ်ကို ကိုယ်ကျေးဇူးတင်လို့"

"ဟင်"

ချယ် မျက်ဝန်းဝိုင်းသွားပြန်သည်။

"ဘယ်လို ချယ်ကို ကျေးဇူးတင်လို့ ဟုတ်လား"

"ဟုတ်တယ်လေ"

"ဘာကြောင့်"

"ညက ကိုယ့်ကို ဒဏ်ကြေလိမ်းဆေးဗူး လာပေးလို့"

ချယ် နှုတ်ခမ်းလွှာလေးကြည်နူးသွား၏။





"ကဲ ကိုယ် ဂေါက်ကလပ်သွားဦးမယ်"

ချယ် ဦးခေါင်းလေးညိတ်လျက်သား ဖြစ်သွားသည်။ ပေါ့ပါးခန့်ဆန်းစွာ ထွက်သွားတဲ့ သူ့ကို ချယ် ငေးကြည့်လျက်

သူငှဲ့ထည့်ပေးတဲ့ ကော်ဖီက ချယ်ရင်ကို နွေးထွေးမှုတွေ စီးမျောလာစေသလို

ကိုသက်တန့်ရယ်

ဘာဖြစ်လို့ ချယ်ကို အဲဒီအမူအရာလေးတွေနဲ့ ဖျားယောင်းနေတာလဲကွယ်

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"ဟင်"

မြက်ခင်းပေါ်က ခရေပွင့်ဖြူဖြူလေးကို ချယ်လှမ်းကောက်လိုက်တော့ လက်ချောင်းလေးတစ်ခုက ခရေပွင့်လေးကို ပြိုင်တူကောက်လျက်သားဖြစ်နေသည်။

ချယ် မော့ကြည့်လိုက်တော့ သူ။ ချယ် မျက်လွှာလေးချသည်။ ချယ်ကောက်တဲ့ ခရေပွင့်က သူ့လက်ထဲမှာ။

"ခရေပွင့်လေးက သိပ်လှတာပဲနော်"

"အင်း"

"မွှေးလည်းအရမ်းမွှေးတယ် ရော့ယူလေ"

သူကမ်းပေးတဲ့ ခရေပွင့်လေးကို ချယ်မယူရဲ။

"ယူလေ ချယ်"

စိုးရွံ့သလိုဖြစ်နေသည့် ချယ်ကို သူ့ရင်မှာ ကရုဏာသက်ဝင်





သည်။

"ယူလေချယ် ကိုယ်လည်း ချယ်နဲ့အတူ ခရေပန်းကောက်ချင်လို့လာခဲ့တာ"

သူ့လက်ထဲက ခရေပွင့်လေးကို ချယ်မသိမသာ ငုံကြည့်၍ယူလိုက်သည်။ သူ့လက်ချောင်းလေးထဲက ခရေပွင့်က နွေးလျက်။

"ချယ်နေ့တိုင်း ခရေပွင့်ကောက်တတ်တယ်နော်"

"အင်း"

ချယ် ဦးခေါင်းလေးညိတ်သည်။ သူ ခရေပွင့်လေးတွေ လိုက်ကောက်ရင်း

"ချယ် ခရေပန်းကြိုက်လား"

"အနံ့တိစိန် ကြိုက်တာ"

"ဒါဆို ချယ် မကြိုက်ဘူးပေါ့"

"အဲလိုတော့လည်း မဟုတ်ဘူး"

"ဒါဆို ကြိုက်တယ်ပေါ့"

"အင်း ဆိုပါတော့"

"အဲဒါဆိုရင် ချယ်ပန်ဖို့ ကိုယ် ခရေပွင့် သီပေးမယ်"

ချယ် သူ့ကို ဖျတ်ခနဲ မော့ကြည့်မိသည်။ သူ့မျက်ဝန်းက ဘာကိုရည်ရွယ်တာလဲ။ ချယ်ကို အကြွေစောတဲ့ ခရေပန်းလို့ ထင်နေလို့လား။

"ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့"

"ချယ် ခရေပန်းတော့ကြိုက်တယ် ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လဲ ချယ်"

"ဟို ချယ် ပန်းပန်လေ့မရှိဘူး"

"ဟွန်း"

သူ့ မျက်ဝန်းက ချယ်ကို ရင်ခုန်သလို ကြည့်ဖြစ်သည်။

"ပန်းပန်လေ့မရှိဘူး"

"ဟုတ်တယ်"

"ဘာဖြစ်လို့လဲ"

"ချယ်ပန်လိုက်လို့ ပန်းကလေးတွေ ညှိုးသွားမှာကို နှမြော တယ်"

"ဩော် ချယ်ရယ်"

သူ့ရင်မှာ မချင့်မရဲရွတ်မိသည်။ ပန်းတွေ ညှိုးသွားမှာ နှမြော သတဲ့လား။

"ဟုတ်တယ် ကိုသက်တန့် ပန်းလေးတွေ သူ့အလိုလို ညှိုးသွာ တာက သဘာဝလေ၊ ချယ် ပန်လိုက်လို့ ညှိုးသွားတာက သဘာဝ မဟုတ်တာ၊ အဲဒါကြောင့် နှမြောတာ"

ချယ်အတွေးအခေါ်က သူ့ တွေးစရာတွေ ရစ်သိုင်းလျက်။

"ဒါကြောင့် ခရေပွင့်တွေကို ဘုရားတင်ဖို့ မြတ်မြတ်နိုးနိုးကောက် တာ ခရေပန်းရနံ့လေးတွေ သင်းနေတော့ ဘုရားခန်းက ပိုပြီး ကြည်





ရာကောင်းတယ်လေ"

ခရေပွင့်လေးလို ဖွေးဖွေးစင်လှနေတဲ့ ချယ်ကို သူငေးကြည့်နေမိသည်။ ချယ်က ခရေပွင့်လေးတွေကို တယုတယကောက်ကာ ငွေဖလားထဲ ထည့်နေသည်။

သူကောက်ထားတဲ့ ခရေပွင့်တွေကို ချယ် ကိုင်ထားတဲ့ ငွေဖလားထဲ ပေါင်းထည့်လိုက်သည်။ ခရေပွင့်လေးတွေက ငွေဖလားမှာမို့မောက်နေပြီ။

"ချယ် ဘုရားတင်လိုက်ဦးမယ်"

သူ့အပါးက ထွက်သွားတဲ့ ချယ်ပုံရိပ်ကို မျက်တောင်မခတ် တမ်းငေးကြည့်မိသည်။

"ဟော့ သက်တန့်"

ခန့်ကို အသံပြဲပြဲချည်းပေါ်လာတော့ သူ့မျက်ဝန်းက တိုက်ထဲဝင်သွားတဲ့ ချယ်ထံမှ ရုပ်သိမ်းလိုက်သည်။ သူနဲ့ချယ်ကို ခန့်ကို ဘာဝင်ကျော့ဖြစ်နေတာလား။

ရွှတင်တင်းမျက်နှာပေးနဲ့ သူ့အပါး ခန့်ကို ရွေ့လျားလာသည်။

"မင်း ဘာတွေရွတ်နေတာလဲ"

"ခရေပန်းအကြောင်းပြောနေတာ"

"မင်းစိတ်ကူးမယဉ်နဲ့"

"ဘာ"

စကားမစပ် တည့်တည့်ချည်းပြောလိုက်တဲ့ ခန့်ကိုကို သူ



www.burmeseclassic.com

www.burmeseclassic.com



တအံ့တသြ ကြည့်လိုက်သည်။ ခန့်ကိုသာ ခရေပင်အောက်ခုံတန်းမှာ ဝင်ထိုင်ပြီး

"မင်း စိတ်ကူးယဉ်ချင်နေပြီ မဟုတ်လား"

"မဟုတ်တာကွာ"

"မဟုတ်ရင် ဘာဖြစ်လို့ ချယ်နားကပ်ရတာလဲ"

"ရိုးရိုးသားသားပါ ခန့်ကိုရာ"

"ရိုးရိုးသားသားတဲ့ ဟား ဟား"

ခန့်ကို ရှုံ့မဲ့မဲ့ရယ်ကာ သူ မျက်မှောင်ကြုတ်ကြည့်၍

"ရှူး တိုးတိုး ပြောစမ်းပါ"

"ဘာ အခုမှ တိုးတိုးပြောလဲ"

"ဟာ မင်းမဟုတ်ကဟုတ်က လျှောက်ပြောနေတာကိုး"

သူ ခရေပွင့်တွေကို ဆက်မကောက်တော့။ ခန့်ကို ဘေးမှာ ဝင်ထိုင်သည်။ ခန့်ကို မျက်ခုံးချည်းပင့်ကာ ငေါ်တော့တော့ကြည့်ပြီး

"သက်တန့် မင်းကိုယ့်ကို မညာစမ်းနဲ့"

သူ့စိတ်မလုံမလဲ ဖြစ်သွားသည်။

"မင်း သဘောမတူလို့လား"

"ဘယ်လို သက်တန့်"

ခန့်ကို မျက်လုံးပြူးသွားသည်။ သူ သဘောတကျရယ်၍

"တကယ်ဆိုရင် ပြောတာပါကွာ"

"ဟော့ ဒါနောက်စရာမဟုတ်ဘူး သက်တန့် မီးကိုမလောင်ခင်





တားတာ အကောင်းဆုံးပဲ"

"ဘာတွေလဲကွာ"

"မင်းအတည် ပြောတာလား"

စိုးရိမ်လွန်ကဲနေတဲ့ ခန့်ကို ကို သူရယ်ချင်လာသည်။

"မင်းက တကယ် ပြဿနာကောင်ပဲ"

"ပြဿနာကောင်လုပ်မနေနဲ့ မိချယ်ကို မင်း အတည်မခံစားသင့်သလို စိတ်ကူးလည်းမယဉ်သင့်ဘူး"

"ဟွန်း မင်းကလည်း"

"ဟုတ်တယ် မင်းနဲ့ချယ် အနေအထားချင်းမတူဘူး၊ ဘဝချင်း အလှမ်းဝေးကွာလွန်းတယ်"

မဆီမဆိုင်တွေးပူနေတဲ့ ခန့်ကို ကို သူခပ်ပြုံးပြုံးလေးကြည့်သည်။

"အဲတော့ ဘာဖြစ်လဲ"

"ဟ ချယ်နစ်နာသွားမယ်လေ၊ မင်းနဲ့ချယ် တစ်ခုခုငြိကြည့် ခင်းမာမိအတွက် မိုးပေါ်ရောက်သွားမှာကွ"

သူမသိမသာ သက်ပြင်းချမိသည်။

"ကြည်လင်နေတဲ့မိချယ်ကို မနှောင့်ယှက်နဲ့ကွာ"

"ကိုယ် နှောင့်ယှက်တာ မဟုတ်ပါဘူးကွာ"

"ဒါဆိုလည်း ပုံမှန်နေပေါ့ကွ"

"ပုံမှန်အတိုင်းနေတာပဲ မင်းဘာသာ မယောင်ရာဆီလိမ်းချင်



www.burmeseclassic.com

www.burmeseclassic.com



နေတာ''

''ဆီလိမ်းချင်တာမဟုတ်ဘူး ကြိုတင်သတိပေးတာ''

သူ ပခုံးလေးတွန့်ကာ ခန့်ကို သိုင်းဖက်၍

''မင်း သတိပေးမှ ကိုယ် သတိထားမိလာတယ်''

''ဘာ''

''ဟုတ်တယ် ချယ့်ဘဝကို ကိုယ်ကရုဏာ သက်ဝင်မိတယ်''

''နေရာမှာတင် ရပ်တော့ သက်တန့်''

''သူငယ်ချင်း အချင်းချင်း ပွင့်ပွင့်လင်းလင်းပြောတာပါကွ''

''မပြောနဲ့၊ မင်းက အချိန်တန်ရင် အိမ်ပြန်ရမယ့်ကောင် ယောက်ျားလျှပ်ခဲ့ဖို့မတွေးနဲ့ ဒါပဲ''

သူ တစ်ခုခု ရင်ဖွင့်ပြောချင်ပေမယ့် ပြောခွင့်မသာ။

''မပြောနဲ့ကွာ''

ခန့်ကို အသံမာနဲ့ ဟန့်တာကြောင့် သူနှုတ်ခမ်းနှစ်လွှာကို စေ့ပိတ်လိုက်သည်။

''ကဲ မင်းမာမီဆီသွားစို့ ခုနက မင်းမာမီ ဖုန်းဆက်ခေါ်တယ် လာစမ်းကွာ''

သူ့ကို အတင်းဆွဲခေါ်သွားတဲ့ ခန့်ကိုနောက် သူဒရွတ်တိုက်ပါ သွားသည်။ သူ့ကိုယ်က ခန့်ကို နောက်ပါသွားပေမယ့် သူ့စိတ်အာရုံက ခရေပွင့်တွေဆီလွင့်မျော၍။

✠ ✠ ✠



## အခန်း (၁၂)

ရိုးစင်းလွန်းတဲ့ ချယ်အမှုအရာနဲ့ ချယ်ရန့်လေးတွေ လွှမ်းခြုံထားတဲ့ မောဒီဂေဟာမှာ တည်းခိုနေရတဲ့ သူ့စိတ်အလိုလို ကြည်နူးလိုက် မိနေသည်။

မီးဖိုဆောင်မှာ ချက်ပြုတ်နေတတ်တဲ့ ချယ် လှုပ်ရှားမှု။

အခန်းတွေ သန့်ရှင်းရေးလုပ်နေတဲ့ ချယ် ပုံရိပ်တွေကို သူ အမှတ်မထင် ချောင်းကြည့်နေခြင်းဖြင့် ချယ်ကို ရင်ခုန်တပ်မက်နေခဲ့တာ သူ့ကိုယ်သူ သတိမထားနိုင်လောက်အောင် ဖြစ်ခဲ့ပြီ။

သူ သတိထားမိတဲ့အချိန်မှာ သူ ရင်ဖွင့်ပြီးသား ဖြစ်နေတော့ သည်။

ထိုခံစားမှုကို သူ ဘယ်လိုမှ မေ့နိုင်တော့မှာ မဟုတ်ပါ။

ခရေသီးနီနီလေးတွေကို တံခြူနဲ့ လှမ်းခူးနေတဲ့ ချယ်ပုံရိပ်လေး ကို သူ အခန်းပြတင်းပေါက်မှတစ်ဆင့် ငေးကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အနိမ့်ပိုင်းက ခရေသီးလေးတွေကုန်တော့ ပင်မြင့်ကိုင်းမှ ခရေသီးလေးတွေကို ခုန်ခူးနေတဲ့ ချယ်ကို သူ့အလိုလို စိုးရိမ်လာသည်။

ခုံမြင့်လေးပေါ် ခြေဖျားထောက်ရပ်၍ တံချူနဲ့ ခရေသီးတွေကို သည်းသည်းမည်းမည်းခူးနေသည့် ချယ် ခြေချော်သွားရင်ဆိုတဲ့ အသိဝင်လာသည်။ ထိုစဉ် သူခြေလှမ်း ခရေပင်နားမရောက်ခင် ခုံမြင့်ယိုင်နဲ့ကာ ချယ် ကိုယ်လုံးလေး ဝုန်းခနဲ ပြိုကျတော့၏။

"အို"

ချယ် ကိုယ်လုံးလေး လည်ကျသွားစဉ် မြက်ခင်းပေါ်မရောက်ဘဲ တစ်စုံတစ်ဦး ဆီးပွေ့လိုက်တဲ့ ရင်ခွင်ထဲမှာ။

ချယ် တအံ့တဩ ကြည့်လိုက်တော့ သူ။ ချယ်ရင်မှာ ရှိန်းခနဲ လှိုက်ခုန်သွား၏။

"အို ဖယ်"

ချယ် ရှက်စိတ်ကလေးနဲ့ ရုန်းဖယ်လိုက်သည်။

"ဟင့်အင်း"

ချယ် ကိုယ်လုံးအိထွေးထွေးလေးကို သူ မလွှတ်ရက်တော့။ သူ့ရင်ခုန်သံက သူ့ကို သွေးဆောင်ကာ ချယ်ကို တမ်းမက်စွာ စိုက်ကြည့်နေမိသည်။

"လွှတ်လေ ကိုသက်တန့်"

ချယ်အသံလေးက ရင်ခုန်စွာ တုန်ခါနေသည်။





"ချယ်ရယ်"

"ဟင့်အင်း ဖယ်ပါနော်"

"ချယ်"

သူ့လက်ချောင်းလေးတွေက ချယ် ကိုယ့်ကို တင်းကျပ်စွာ ဆုပ်နှောင်လာစဉ် ချယ် အသိတရား လွင့်မျောသွား၏။ သူ့မျက်နှာလေးကို ရှက်ရွံ့ကာ မော့ကြည့်မိသည်။

ရွှန်းစိုတောက်ပတဲ့ သူ့မျက်ဝန်းက ချယ် နှလုံးသားကို ထွင်းဖောက်ကြည့်နေတာလားကွယ်။ သူ့မျက်ဝန်းကို ချယ် ရင်မဆိုင်ရဲ ချယ် မျက်လွှာချသည်။

"ချယ်"

"ဟွန်း"

"ကိုယ် ရင်ခုန်နေတယ် ချယ်ရယ်"

သူရင်ခုန်သလို ချယ်လည်းရင်ခုန်ရတယ်ဆိုတာ သူ မသိလေရောသလား။

"ချယ် ရင်မခုန်ဘူးလားဟင်"

မေးပဲမေးတတ်လွန်းတယ်။

"ကိုယ်တော့ အရမ်းရင်ခုန်တယ်၊ ကိုယ် ရင်ခုန်နေတယ်ဆိုတာ ချယ်ယုံလားဟင်"

"ယုံဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မယုံရင် ကိုယ့်ရင်ခုန်သံကို နားဆင်ကြည့်လေ"

တဖြေးဖြေးတင်းကျပ်စွာ ထွေးဖက်လာတဲ့ သူ့ရင်ခွင်က သူ့ရင်ခုန်နေခြင်းရဲ့ သက်သေထူမှုလား။

"အပိုတွေမပြောပါနဲ့ ကိုသက်တန့်ရယ်"

"ကိုယ် တကယ်ပြောတာပါ၊ ကိုယ် တကယ် ရင်ခုန်နေတယ် ချယ်ကို စမြင်ကတည်းက ရင်ခုန်ခဲ့တာ၊ ဒီအချိန်က ရင်ခုန်သံ အပြင်းထန်ဆုံးပဲ"

"အို"

သူ့စကားလုံးလေးတွေရဲ့နောက်မှာ သူ့နှုတ်ခမ်းလွှာလေး ရွေ့လျားလာစဉ် ချယ် တစ်ကိုယ်လုံး နွေးဖိုလှုပ်ခတ်ကာ လန့်ဖျပ်သလို သူ့ရင်ခွင်မှ ရုန်းထွက်လိုက်မိသည်။

"တကယ်ပြောတာပါ ချယ်"

"ဟင့်အင်း"

ချယ် ဦးခေါင်းလေးရမ်း၍ လှစ်ခနဲ ပြေးထွက်ခဲ့မိသည်။

"ချယ်"

ချယ် လက်ဖျားလေးကို သူ အမိအရ လှမ်းဆွဲလိုက်သည်။ သူ့ရင်ခွင်မှာ မိန်းမူးချင်ချင် ဖြစ်နေတဲ့ ချယ်စိတ်က ယိုင်ခနဲ။

"ကိုယ် တကယ်ရင်ခုန်တာ ယုံကြည်ပေးပါချယ်၊ ကိုယ် တစ်ခါမှ ချယ်ကို ခံစားမိသလို မခံစားဖူးဘူး၊ ကိုယ် ရင်ခုန်သံကို ကိုယ်သိနေ





တယ်"

"ဟင့်အင်း"

ချယ် ဦးခေါင်းလေးရမ်းလိုက်မိသည်။

"ကိုယ့်ကို အထင်သေးလို့လားချယ်"

"မ မဟုတ်ဘူး ကိုသက်တန့်ရယ်"

"ဒါဆို ဘာဖြစ်လို့လဲ"

"ဟင့်အင်း ချယ် မပြောပါရစေနဲ့"

"ဘာဖြစ်လို့လဲ ချယ်ရယ်၊ ချယ် ကိုယ့်ကို ရင်မခုန်ဘူးလား"

ချယ် ဦးခေါင်းလေးငိုက်ကျသွားသည်။ ချယ် လက်ဖဝါးလေးနှစ်ဖက်ကို ဆုပ်ထွေး၍ သူ့ရင်ခွင်မှာ ကပ်ထားမိသည်။

ငုံ့ကျနေတဲ့ ချယ် မျက်နှာလေးကို သူအမိအရကြည့်ပြီး သူလက်ချောင်းလေးနဲ့ ချယ်မေးဖျားလေးကို ပင့်မကာ

"ပြောလေချယ် ချယ် ကိုယ့်ကို ရင်မခုန်ဘူးလား"

"မဖြေပါရစေနဲ့"

"ချယ်ဖြေမှ ကိုယ် သိမှာပေါ့"

"ဟင့်အင်း"

တစ်စုံတစ်ရာကို တွေးပူထိတ်လန့်နေရှာတဲ့ ချယ် မျက်ဝန်းကို သူ ကောင်းစွာဖတ်တတ်ပါသည်။ ချယ် မဖြေပေမယ့် ချယ် ရင်ခုန်သံကို သူ နားဆင်မိတာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



"ချယ် မဖြေလည်းနေပေါ့၊ ချယ် ရင်ခုန်နေတယ်ဆိုတာ ကိုယ် သိတယ်"

"ဟင်"

ချယ် မျက်ဝန်းဝိုင်းလေးမော့ကြည့်စဉ် အကြည့်ချင်းငြိသွား

"ဟုတ်တယ် ကိုယ် ရင်ခုန်သလို ချယ်လည်း ရင်ခုန်နေတယ်"

သူပြောလိုက်မှ ချယ် ရင်ခုန်သံ မြန်ဆန်လာသည်။

"ချယ် ညာချင်ရင် ကိုယ့်မျက်ဝန်းကို တည့်တည့်ကြည့်ပြီး ညာကြည့်ပေါ့ချယ်၊ ချယ် ညာချင်လား"

"ဟင့်အင်း အို"

ချယ် ရင်ခုန်သံ ဂယောက်ဂယက်ဖြစ်ပြီး

"ချယ်"

သူလက်ချောင်းလေးတွေ ချယ် ပခုံးပေါ် ရောက်သွား၏။

"မညာပါနဲ့ချယ်ရယ် ရင်ခုန်သံက ညာလို့မရဘူးလေ၊ ဘာကြောင့် ရင်ခုန်နေလဲသိလား"

"ဟင့်အင်း"

မာယာကင်းစွာ ဦးခေါင်းလေးရမ်းလိုက်တဲ့ ချယ် အမူအရာက သူ့ ရင်ခုန်သံကို လွင့်စင်သွားစေသည်။

"ချစ်လို့ပေါ့ ချယ်"

"ဟင်"





"ဟုတ်တယ် ချစ်လို့ ရင်ခုန်တာ၊ မယုံရင် ကိုယ့်ရင်ခုန်သံကို နားထောင်ကြည့်"

သူ့ရင်ခွင်ထဲ ရုတ်တရက် ထွေးပွေ့ခံလိုက်ရသည့် ချယ်က တစ်ကိုယ်လုံး တစ်ရာထဲ နစ်မျောသွားပြီထင်ရဲ့။

"ချယ်ကို သိပ်ချစ်တာပဲ၊ ချယ်ကော မောင့်ကိုချစ်ရဲ့လား"

"အို"

"ပြောလေချယ် မောင့်ကိုချစ်လား"

ချယ်ကို သူချစ်သတဲ့ ဟုတ်ရဲ့လား။ သူပြောနေတာ တကယ် လား။ ချယ်ကို ခရေပန်းလေးတွေလို အကြွေစောအောင် သွေးဆောင် နေတာလား။

"ချယ်"

"အွန်း"

"ပြောလေ မောင့်ကိုချစ်လားလို့"

ချယ် ဘာပြန်ပြောရမလဲ။ တစ်ခုခုကို ဖွင့်ပြောချင်နေတဲ့ ချယ် နှုတ်ခမ်းလွှာလေးတွေက ဘာကြောင့်စေ့ပိတ်လျက်သား ဖြစ်နေရတာလဲ။ ဘာကြောင့် ရင်ခုန်နေတာ။

သူ့ အဖြေတောင်းနေတာတွေအပေါ် သံသယဖြစ်မိလို့လား။ ဒီကိုယ်ချယ် ဘာပြန်ပြောရမှန်းမသိအောင် ဖိုလှိုက်လာသည်။

"ပြောလေ ချယ်"



www.burmeseclassic.com

www.burmeseclassic.com



"တီ တီ တီ"

ချယ် တစ်ခုခုပြောဖို့ နှုတ်ခမ်းပါးလေးပြင်စဉ် တိုးဝင်လာတဲ့ ကားဟွန်းသံကြောင့် ချယ် လန့်ဖျပ်သွား၏။

"အို"

သူ့ရင်ခွင်ထဲက ချယ် ရုန်းထွက်ကာ တိုက်ထဲ လှစ်ခနဲပြေးဝင်မိ၏။

"တီ တီ တီ"

အဆက်မပြတ်တိုးဝင်လာတဲ့ ကားဟွန်းသံကြောင့် သူ့ရင်ခုန်သံ ဖျောသွားစေသည်။ ခြံဝမှာရပ်နေတဲ့ ကားလေးဆီ သူငေးကြည့်လိုက်သည်။ ခြံတံခါးက သော့ပိတ်လျက်သား။

အဲဒီ ကားဟွန်းသံက သူတို့ရင်ခုန်သံကို ဖြတ်တောက်ပစ်တဲ့ အနှောင့်အယှက်ထင်ရဲ့။ ကျစ် သူ့ရင်ခုန်သံ မချင့်မရဲပွက်ထသွား၏။

✠ ✠ ✠



## အခန်း (၁၃)

အခန်းထဲရောက်တဲ့အထိ ချယ် ရင်ခုန်သံ လှိုက်ဖိုနေဆဲ။ ချယ် ရင်ခုန်နေတာ သူ့ကို ချစ်နေလို့လား။

ဟင့်အင်း။ သူ့ကို ချယ် ချစ်ခွင့်မရှိဘူး။

သူနဲ့ ချယ် အခြေအနေချင်း မတူဘူးလေ သူနဲ့ပတ်သက်ပြီး ကိုခန့်က ချယ်ကို ပြတ်ပြတ်သားသား သတိပေးထားတာ။

"ချယ်"

"ပြော ပြောပါ ကိုခန့်"

ချယ်ကို အမြင်မကြည်သလို စိုက်ကြည့်လာတဲ့ ကိုခန့်မျက်ဝန်းကို ချယ် ရဲရဲဝံ့ဝံ့ မော့မကြည့်ရဲ။

"နင် သတိထား"

"ဘာ ဘာကိုလည်း ကိုခန့်ရယ်"

"သက်တန့်နဲ့ စကားပြောရင် လိုတာထက်မပိုစေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်"

"ဟုတ်ဆိုပြီး ဘာဘာညာညာဖြစ်ရင်တော့လား"

"စိတ်ချပါ"

"ကိုယ် စိတ်မချတာ သက်တန့်ကို"

"ဟင်"

ကိုခန့် မျက်ဝန်းက ချယ်ထံမှ ဝေးသွားသည်။ ချယ် မော့ကြည့် လိုက်တော့

"ဟုတ်တယ် သက်တန့်ပုံစံက နင့်အပေါ် ထိမ်းညွှတ်နေသလို ပဲ"

သူက ချယ်ကို ထိမ်းညွှတ်သံတဲ့လား။

"သက်တန့် ခြေလှမ်းတိုးလာရင်တောင် နင်ရှောင်ရမယ်"

"ရှင် ဘာ ဘာဖြစ်လို့"

"ဟာ နင် ဒီလောက်တောင် နားမလည်ဘူးလား။ ဒီကောင်တွေ က အထည်ကြီးတွေ၊ သူ့မိဘက သိပ်မောက်မာတာ၊ အထူးသဖြင့် သက်တန့်မာမီ"

"ချယ်နဲ့ ဘာဆိုင်လို့လဲ ကိုခန့်ရယ်"

"ဆိုင်လာမှာစိုးလို့ သတိပေးတာ နားလည်လား"

ဘာဆိုင်လာမှာလဲ ကိုခန့်က ဘလိုင်းချည်းစွတ်ပြောနေတာ သူ့နဲ့ ချယ်က ရိုးရိုးသားသား စကားပြောမိရုံပဲ။ တစ်ခြားဘာဆိုင်စရာမှ





ဘူးလေ။ အဲဒါကို ကိုခန့်က ရေးကြီးခွင်ကျယ်ပုံစံနဲ့။

"နင့်ကြောင့် ကိုယ်နဲ့သက်တန့် မျက်နှာမပျက်ချင့်ဘူး မိချယ်၊ နင် အနေအထိုင်ဆင်ခြင်၊ နင့်ကိုယ်နင် ဟုတ်လှပြီမထင်နဲ့၊ မာမီ စိတ် အနှောင့်အယှက်ဖြစ်အောင် လုပ်ဖို့မကြိုးစားနဲ့၊ ဒါပဲနော် နင်ကြပ်ကြပ် သတိထား ဟွန်း"

ချယ်ကို ဘလိုင်ချည်းကြိမ်းမောင်းတဲ့ ကိုခန့်ကို ထိုစဉ် ချယ် အဝင်မကျမဖြစ်ခဲ့။

ခုတော့ ချယ် ဘယ်လို ရင်ဆိုင်ရပါ့မလဲ။

သူ့ဖွတ်အတင်းတောင်းဆိုလာရင် ဟင့်အင်း ချယ် ရင်ခုန်လို့ ဖြစ်သလို သူ့ကိုချစ်ဖို့လည်း မဖြစ်နိုင်ပါ။

ဟုတ်တယ် ချယ် စိတ်ကို ချယ် တင်းထားမိသည်။ သို့သော် ချယ်စိတ်ကို ချယ် ဘယ်လောက်ကြာအောင် တင်းနိုင်မှာလဲကွယ်။

"ချယ်"

"ဟင်"

ချယ် အခန်းထဲဝင်လာတဲ့ သူ့ကို မျက်လုံးအပြူးသားကြည့်မိ သည်။

"ကို ဖွိုသက်တန့် ဘာကိစ္စရှိလို့လဲဟင်"

"ချယ်ရယ်"

လွှမ်းမောသလို ရေရွတ်လိုက်တဲ့ သူ့အသံက ချယ်ရင်ခွင်ကို



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ခတ်သွားစေသည်။ ထိတ်ထိတ်ပျာပျာပုံစံလေးဖြစ်နေသည့် ချယ်ရီ၏ သူ့ရင်မှာ ဘဝင်မကျသလို ဖြစ်မိ၏။

"ချယ်"

"ဟို ဟိုလေ"

"ချယ် မောင့်အချစ်ကို မယုံတာလား"

"ဒီအကြောင်းတွေ မပြောပါနဲ့လား ဟင်"

"မောင့် ရင်ခုန်သံကို အထင်သေးလို့လား ချယ်"

"မဟုတ်ဘူး"

"ဒါဆို"

ချယ် ရှေ့တိုးလာတဲ့ သူ့ကို ချယ် ဘယ်လို ရှောင်ရပါ့မလဲ။

"ဟို ဟိုလေ နောက်မှ ပြောကြရအောင်နော်"

"ဟင့်အင်း"

"ဖွတ်မပြောပါနဲ့လားဟင်"

"ချယ် ဘာဖြစ်လို့ ရှောင်ချင်တာလဲ"

"ပြဿနာ ရှုတ်ကုန်မှာပေါ့၊ အန့်တီ ရိပ်မိလိမ့်မယ်"

"အန့်တီစိန် အပြင်ထွက်သွားတယ်၊ ချယ်ရယ် မောင့်ကို မနှိပ်စက်ချင်ပါနဲ့"

ချယ် ဦးခေါင်းလေးအသာရမ်းကာ ခြေလှမ်းနောက်ဆုတ်သည်။





"ဟင့်အင်း"

"ချယ် ဘာကို စိုးရိမ်နေတာလဲ"

"ကိုခန့်သိရင် ချယ်ကို ဆူမှာ"

ချယ်အသံလေးက ဝမ်းနည်းမှုတွေ ပျော်ဝင်လာသည်။ သူမျက်နှာလေး တအံ့တဩ ပြောင်းတက်သွားပြီး

"ခန့်ကိုနဲ့ ဘာဆိုင်လို့လဲ"

"ကိုခန့်ကို အဲလိုမပြောပါနဲ့"

"မဟုတ်ဘူးလေ၊ မောင်ချစ်တာနဲ့ ခန့်ကိုနဲ့ ဘယ်လိုပတ်သက်သလဲ"

"ကိုခန့်က ချယ်အစ်ကိုလို အားကိုးနေရတဲ့သူပါ၊ ကိုခန့် စိတ်အနှောင့်အယှက်ဖြစ်အောင် ချယ် ဘာမှ လက်မခံပါရစေနဲ့ ကိုသက်တန့် ချယ်၊ ချယ့်ဘဝကို နားလည်ပေးပါ နော် နော်"

သူ့ရှေ့မှာ ငိုမဲ့မဲ့လေး အသနားခံနေရှာတဲ့ ချယ်ကို သူ မချင့်မရဲ့ ထွေးဖက်လိုက်မိသည်။

"ကိုသက်တန့်"

ချယ် အသံပြတ်တောင်းတောင်းက တုန်ခါလို့ထွက်လာသည်။ ချယ် မျက်ဝန်းမှောင်မှောင်လေးမှ မျက်ရည်ကြည်ဥလေးတွေ တွဲခိုလျက်

"ချယ်ရယ် ချယ် ဘယ်သူ့ကိုမှ ဂရုစိုက်စရာ မလိုဘူး၊ ချယ်ကို မောင် အရိုးသားဆုံးချစ်တာ ချယ် အချစ်ကို မြတ်မြတ်နိုးနိုးလိုချင်တာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခြားဘာရည်ရွယ်ချက်မှ မပါဘူး ချယ်ရယ်"

"ဒါပေမယ့်"

ချယ် နုတ်ခမ်းလွှာလေးရှေ့မှာ သူ့ လက်ညှိုးလေး ဆီးကာလိုက်၏။

"ဒါပေမယ့်ဆိုတာ ဘာလဲ ချယ်ရယ်၊ မောင်သိချင်တာ ချယ် မောင့်ကို ချစ် မချစ်"

"ဟင့်အင်း ချယ် မဖြေပါရစေနဲ့"

"မောင့်ကို မချစ်ဘူးဆိုတဲ့သဘောလား"

ချယ် မျက်ဝန်းအိမ်မှ ဝမ်းနည်းမျက်ရည်ဥလေးတွေ အစီအရီ လိမ့်ကျသည်။

"ဘာလဲ ချယ် မောင်က ချယ်ကို အပျော်ကြံတယ်လို့ ခန့်ကို သွေးတိုးထားလို့လား"

"မ မဟုတ်ပါဘူး မဟုတ်ပါဘူးကွယ်"

"ဒါဆို ချယ် သဘောက ဘယ်လိုလဲကွာ"

ချယ် ပခုံးမို့မို့လေးနှစ်ဖက်ကို ဆုပ်ကိုင်၍ အားမလိုအားမရ သူ လှုပ်ခါလိုက်တော့ ချယ် ငိုသံလေး ပျံ့ထွက်လာသည်။ ချယ် မျက်ရည် ချယ် ငိုသံက ဘာအဓိပ္ပါယ်လဲ။

"ချယ် ခံစားချက်ကို မောင် တိတိကျကျ သိချင်တယ်"

ချယ် ဘယ်လိုဖြေရမလဲကွယ်။





"ချယ် အချိန်ယူပြီး စဉ်းစားချင်လား"

"ဟင့်အင်း"

"ဒါဆို အခုပဲ အဖြေပေးမှာပေါ့"

"ဟင့်အင်း"

"ဟာ ဘယ်လိုလဲချယ်ရယ်၊ မောင့်ကို မရက်စက်နဲ့ကွယ် မောင် သိတိကျကျသိချင်တယ် ချယ် မချစ်ဘူးဆိုရင်"

တိမ်ဝင်သွားတဲ့ သူ့အသံလေးနောက်မှာ ချယ် ငိုရှိုက်သံလေး နှိုက်ယှက်သွား၏။ ပြောရက်လိုက်တာကွယ်။ ချယ် မချစ်ဘူးဆိုရင်တဲ့။

"ချယ် မချစ်ဘူးဆိုလည်း မောင်နှလုံးသား ကြေကွဲရုံပေါ့"

ဝမ်းနည်းပက်လက်ပြောလိုက်တဲ့ သူ့ခံစားမှုကို ချယ် လျစ်လျူရှုမတဲ့လား။

"ချယ် ရင်ထဲက အဖြေသိချင်တယ်၊ မောင့်နှလုံးသားအတွက် အပွင့်လင်းဆုံးအဖြေတစ်ခု ပေးပါကွယ်"

ချယ် ပါးပြင်ထက်မှ မျက်ရည်စတွေကို တယုတယသုတ်ပေးလိုက်သည်။

"မောင် သန်ဘက်ခါ ပြန်ရတော့မယ်"

"ဟင်"

"ဟုတ်တယ် နက်ဖြန် စောင်းတန်း ရေစက်ချတဲ့ အလှူပွဲနေ့ဆေ"



www.burmeseclassic.com

www.burmeseclassic.com



မြန်လှချည်လားကွယ် တကယ်ပဲ သွားရတော့မတဲ့လား။

"မောင် မပြန်ခင် ချယ် နှလုံးသားအဖြေ နားဆင်သွားပါရစေနော်၊ ချယ် မောင့်ကို ချစ်တယ်ဆိုရင် နက်ဖြန် အလှူပွဲနေ့ ချယ်လာခဲ့နော်"

ချယ် ခေါင်းညိတ်ရမလား ခေါင်းခါရမလား။

"နော် ချယ် မောင်မျှော်နေမယ်"

အခန်းထဲက ပြန်ထွက်သွားတဲ့ မောင့်ခြေလှမ်းကို ချယ်မကြည့်ရက်တော့ ချယ် မျက်နှာလေးကို လက်ဖဝါးနုနုလေးနှစ်ဖက်နဲ့ အသားဖိအုပ်ကာ ဝမ်းနည်းတကြီး ငိုကြွေးမိတော့၏။

မောင့်ကို ချစ်တယ်ဆိုရင် နက်ဖြန် အလှူပွဲနေ့ ချယ်လာခဲ့တဲ့ မနက်ဖြန် ချယ် အဖြေပေးရမတဲ့။ ချယ် ဘယ်လိုအဖြေမျိုးပေးရမလဲ။

မောင့်ချစ်ခြင်းကို ချယ် ငြင်းရမလား။ ခေါင်းညိတ်လက်ခံရမလား။ ဟင့်အင်း။ ချယ် စဉ်းစားမရနိုင်တော့။

ချယ်ရင်မှာ ထိခိုက်ကြေကွဲခြင်းတွေ လွှမ်းမိုးကာ မနက်ဖြန်ဆိုတဲ့ အချိန်ကို ဆွဲထားလိုက်ချင်ရဲ့။ အချိန်ကို တားလို့ရနိုင်မလားဟင်။

✠ ✠ ✠



## အခန်း (၁၄)

"ခန့်ရေ"

"ပြော မာမီ"

"မောင်သက်တန့်တို့အလှူ ဒီနေ့လေ"

"ဟုတ်တယ် မာမီ"

"အဲဒါဆို အလှူသွားကြစို့ကွယ်"

"သွားရမှာပေါ့ မာမီ၊ ဆက်ဆက်လာဖို့ အန်တီမှာထားတာ မာမီ မလိုက်လို့မရဘူး"

"လိုက်မှာပေါ့ ခန့်ရယ် မာမီ ပြင်ဆင်နေတာကွယ့်"

အန်တီစိန်နဲ့ ကိုခန့်အသံတွေက ချယ်ရင်ကို ခပ်ပြင်းပြင်းလေး ရိုက်ခတ်လာသည်။ ထိုအသံတွေက ချယ်နှလုံးသားကို ပုံတင်ရိုက်ခတ်နေသည်က ချယ်ရင်မှာ ဆောက်တည်ရာမရ ဖြစ်စေသည်။

"ချယ်ရေ"



www.burmeseclassic.com

www.burmeseclassic.com



အန်တီစိန်ခေါ်သံကြောင့် ချယ် ကိုယ်လုံးလေး တုန်ခါသွားစေသည်။

"သမီး ချယ် လာပါဦး"

"လာ လာပါပြီ အန်တီ"

ချယ် မျက်နှာရိပ်လေးကို တည်ငြိမ်အောင် ပြုပြင်၍ အခန်းထဲက ခပ်သွက်သွက်လေး ထွက်ခဲ့သည်။ အန်တီစိန်က ပြင်ဆင်ခြယ်သပြီးကာ ကီမိုနိုထဘီကို အကျအနပတ်ဝတ်နေသည်။

ကီမိုနိုထဘီ ခရမ်းရောင်အပွင့်လေးနဲ့ဆင်တူ အပေါ်ပိုင်း ခရမ်းရောင်ဖျော့ဖျော့ ဇာအင်္ကျီလေးနဲ့ အန်တီစိန်က ကျော့ရှင်းလှပနေသည်။

"အန်တီ ဘာလိုသေးလဲ"

"ခြေအိတ် ဆံထိုး ဘယ်မှာထားမိမှန်းမသိဘူး ချယ်ရယ်"

"အံဆွဲထဲမှာ"

ချယ် သွက်လက်စွာ အံဆွဲဖွင့်ပြီး စိန်ခြယ်ဆံထိုးလေး ထုတ်ပေးလိုက်သည်။

"အေးကွယ် အန်တီလည်း ထားပြီးရင် မေ့ရော"

ချယ် ကမ်းပေးတဲ့ ဆံထိုးကိုယူ၍ မှန်ရှေ့ရပ်ကာ ဆံထိုးမြင့်မြင့်လေးမှာ အန်တီထိုးစိုက်လိုက်သည်။ ဆံထိုးလေးက တလှပ်လှပ်ရှမ်းခါကာ စိန်ပွင့်ရောင် တောက်သွားသည်က အန်တီစိန်ကို ပိုလှသွားစေသည်။ မှန်ရှေ့ရပ်၍ အန်တီစိန် စိတ်တိုင်းကျကြည့်ပြီးမှ မှန်တင်ခုံပေါ်မှ ငွေရောင်





ဆက်ကိုင်အိတ်လေး လှမ်းယူလိုက်သည်။ ပြီးမှ ချယ်ကို သတိထားမိဟန်ကြည့်ပြီး

"ဟွန်း သမီးဘာမှ မပြင်ဆင်ရသေးပါလား"

ချယ်ရင် ဒိန်းခနဲ ဆောင့်ခုန်သွားသည်။

"မြန်မြန်ပြင်ဆင်လေ၊ အိုး ဒီကလေးနှယ် ညကတည်းက အန်တီပြောထားသားနဲ့"

တရုတ်ပိတ်ပွင့် ဂါဝန်ကားကားလေးကို ချယ် သိမ်းမကာ အန်တီ ခေါင်ပေါ် ခြေချထိုင်လိုက်ပြီး

"ချယ် ချယ် မသွားတော့ဘူး အန်တီ"

"ဟင် ညတုန်းကပြောတော့ လိုက်မယ်ဆို"

အန်တီ တအံ့တသြကြည့်၍မေးတော့ ချယ် မျက်လွှာအသာချ

"ချယ် ခေါင်းကိုက်နေလို့ပါ အန်တီ"

"ဆေးသောက်ပြီး လိုက်ခဲ့လေ"

"မလိုက်တော့ဘူး အန်တီ၊ ချယ် အိမ်စောင့်နေခဲ့မယ်"

ချယ်အသံက သိသိသာသာ တိုးသွားသည်။

"မိချယ်ကို ထားခဲ့မယ် မာမီ"

ကိုခန့် မာမီအခန်းထဲဝင်၍ ခပ်တင်းတင်း ဝင်ပြောသည်။ ချယ်နဲ့သူဖြစ်စဉ်ကို ကိုခန့် ရိပ်မိနေသလား။ ကိုခန့်ကို ချယ် မကြည့်ရဲ



www.burmeseclassic.com

www.burmeseclassic.com



လောက်အောင် မလုံမလဲဖြစ်လာသည်။

"မာမီပြီးရင် သွားစို့"

"အို သမီးလေး တစ်ယောက်တည်းကွယ်"

"မာမီ အကဲမပိုနဲ့ လာမာမီသွားမယ်"

ချယ် ဘာတစ်ခွန်းမှ မပြောသလို အန်တီစိန်လည်း ဘာမှ မပြောတော့။ ချယ်ကို စိတ်မချသလို တစ်ချက်ကြည့်ပြီး

"သားကလည်း ချယ် ခေါင်းကိုက်နေတယ် သိပ်မဆူနဲ့"

"ရပါတယ် အန်တီ"

ချယ် ခပ်ဖျော့ဖျော့လေး ပြန်ပြောလိုက်သည်။

"မီချယ် နင် သတိထား"

ခပ်ကျိန်းကျိန်းလေးဖိဆိုလိုက်တဲ့ ကိုခန့်ကို အန်တီ မျက်စောင်းနဲ့ကြည့်ကာ အခန်းထဲ တွန်းထုတ်လိုက်သည်။

"ကဲ သား ကားသွားထုတ်"

"အဲဆင်သင့်ပဲ မာမီ"

"အဲဒါဆိုလည်း အန်တီ သွားမယ်နော် သမီး"

အန်တီ စိတ်ကျေနပ်အောင် ချယ် ဦးခေါင်းဆတ်လိုက်သည်။ ကိုခန့်နဲ့အန်တီစိန် ထွက်သွားရာဆီ ချယ် အမြင်တဆုံး ငေးကြည့်မိသည်။

အလှူပွဲကို ချယ် မသွားဘူးဆိုရင် ချယ့်အပေါ် မောင့်အချစ်





တွေ ပြယ်သွားမယ်ထင်ရဲ့။ ဟုတ်တယ်လေ။ မောင်က ချယ်ဆီက အဖြေ လိုချင်တာ။ မောင်လိုချင်တဲ့ အဖြေချယ်မပေးဘူးဆိုတော့။

သူ့ရင်ခုန်သံက ဒီနေ့ကို အရမ်းမျှော်လင့်ခဲ့တာ ကားပေါ်က ဆင်းလာတဲ့ အန်တီစိန်နဲ့ ခန့်ကိုတွေ့ပြီး ချယ်ကိုမမြင်ရတော့ သူ ချောက်ခန်းကွဲအက်သွား၏။ ချယ်ရယ် မောင်လိုချင်တဲ့ ဆန့်ကျင်ဘက်အဖြေပေးလိုက်တာလား။ ချယ့် ရင်ခုန်သံကို သူခံစားတတ်ပေမယ့် ချယ်ပေးတဲ့ အဖြေကို သူဘဝင်မကျနိုင်။ သူ အောင့်အီး မျိုသိပ်မနိုင်ဘဲ

"ချယ် မပါဘူးလား ခန့်ကို"

"မပါလို့ မင်းမမြင့်ရတာပေါ့ကွ"

ခန့်ကို ဘုတောတော အန်တီစိန် အားနာဟန်နှင့်

"ခန့်ကလည်းကွယ်"

"မာမီကလည်း မီချယ် မပါတာ မြင်လျက်သားနဲ့"

"ဟင်း ဟင်း သူငယ်ချင်းနှစ်ယောက်ကတော့လေ ချယ် ခေါင်းကိုက်နေလို့တဲ့"

"ချယ် ခေါင်းကိုက်နေလို့"

"ဟုတ်တယ် ခေါင်းကိုက်နေတယ်၊ အဲဒါကြောင့် အိမ်စောင့်နေရစ်ခဲ့တာ ရှင်းပလားကွ"

ခန့်ကို အမြင်ကတ်ကတ်ဖိပြောလိုက်သည်။ အမှုအရာပျက်နေတဲ့ သက်တန့်ကို သူ ကြည့်မရတော့။ မီချယ်နဲ့ သက်တန့် ဘာအကြောင်း

www.burmeseclassic.com

www.burmeseclassic.com



အဆက်ရှိနေလဲ။ ခန့်ကို နားမလည်။

"ဟော စိန်စိန်ရောက်ပြီလား"

"ရောက်ပြီ မသီတာရဲ့"

မာမီနဲ့ အန်တီစိန် နှုတ်ဆက်သံကြောင့် သူ့ကိုယ်သူ ထိန်းလိုက်ရသည်။

"သား ဘယ်လိုဖြစ်နေတာလဲ စိန်စိန်တို့ကို နေရာပေးလိုက်လေ"

မာမီ သူ့လက်မောင်းလေးကို ပုတ်၍ပြောသည်။ သူ ယောင်ချာချာ ခေါင်းညိတ်၍

"လာ အန်တီ"

အန်တီနဲ့ခန့်ကို မဏ္ဍာပ်ထဲခေါ်သွား၍ နေရာပေးလိုက်သည်။ မာမီနဲ့ အန်တီမြည့်သည်တွေကို ဆီးကြိုခြင်းနဲ့ အလုပ်ရှုပ်နေသည်ကို အခွင့်ကောင်းယူကာ မာမီ မရိပ်မိအောင် သူရှောင်ထွက်ခဲ့မိသည်။

ချယ်အဖြေကို သူမယုံချင်။ လုံးဝမယုံချင်တော့။ ချယ် မျက်ဝန်းမှာ သူလိုချင့်တဲ့အဖြေကို မြင်နေရသည်။

ခုလိုတုန့်ပြန်တာကို သူ အသိအမှတ်မပြုချင်တော့။ ချယ် မောင့်ကို နိုင်မာတိကျတဲ့ အဖြေတစ်ခုကို ချယ်နှုတ်ကရှုတ်ပြပါတော့ ချယ်။

တဖြုတ်ဖြုတ်ကြွေသက်နေတဲ့ ခရေပွင့်လေးတွေက ချယ် ရင်ခုန်သံပေါ့။ မောင်ရယ် အကြောင်းကြောင်းကြောင့် မောင့်ကို ငြင်းမိတဲ့အတွက်

(စိုးမိုး - တပေ)



ချယ်ကို နားလည်နိုင်မလားကွယ်။

မောင် သီကုံးပေးခဲ့တဲ့ ခရေပန်းကုံးလေးက ချယ်ခေါင်းအုံးအောက်မှာ ခရေကုံးပန်းလေးက ခြောက်ချင်ချင် ဖြစ်နေပြီ။

ပန်းလေးတွေ ခြောက်နေပေမယ့် မွှေးသင်းနေဆဲ။

ပန်းခြောက်ကုံးလေးကို ချယ် တစ်ရှိုက်မက်မက် နမ်းမွှေးလိုက်သည်။

"ချယ်"

"ဟင်"

ချယ်ဦးခေါင်းလေးထောင်မတ်သွားသည်။ ဒီအသံက 'ချယ်' အာရုံမှာစွဲနေတဲ့ အသံအဖြစ် ပွဲတင်ထပ်နေတာလား။ ဒါမှမဟုတ် 'မောင်' ကယ်ခေါ်နေတာလား။

မလုံခြုံတဲ့ ရင်ခုန်သံနှင့် ဖျတ်ခနဲ နောက်လှည့်ကြည့်လိုက်တော့

"မောင်"

ချယ် နှလုံးသားကို ထွင်းဖေါက်ကြည့်နေတဲ့ မောင်မျက်ဝန်းစူးစူးလေး

"ချယ်"

ချယ်ရင်မှာ ဝမ်းနည်းသလို ကြည်နူးသလို လှိုက်ဖိုသွားသလိုလိုနဲ့ ဘာကိုမှထိထိမိမိ ဆင်ခြင်ခံစားမနိုင်လောက်အောင် ချယ် ရင်ခုန်သံတွေကို စီးသွားပြီထင့်။

(စိုးမိုး - တပေ)

www.burmeseclassic.com

www.burmeseclassic.com



"မညာပါနဲ့ ချယ်ရယ်"

ဘယ်အချိန်ကတည်းက ပြည့်အိုင်နေမှန်းမသိတဲ့ မျက်ရည်စ တွေက ချယ် မျက်တောင်စိပ်စိပ်တွေကြားက ဒလဟော စီးကျလာသည်။

"ချယ်ရယ်"

အရာရာအတွက် ကြောင့်ကြနေတဲ့ ချယ်က'သူ'ချစ်ခြင်းကို မတုန့်ပြန်ရဲလောက်အောင် ထိတ်လန့်ကြောက်ရွံ့နေသလားကွယ်။

"ချယ်ရယ် မောင် နားလည်ပါတယ်"

ချယ် ပါးပြင်မှ မျက်ရည်စလေးကို သူ လက်မလေးနဲ့ တယု တယ သုတ်ပေးမိသည်။

"ချယ် မောင့်ကို ချစ်လျက် ဟန်ဆောင်နေတာ မဟုတ်လား"

မျက်လွှာလေးချကာ တသိမ့်သိမ့် ငိုကြွေးနေတဲ့ ချယ်ရင်ခုန်သံ ကို သူနားမဆင်ရက်တော့ ချယ် ကိုယ်လုံးလေးကို အသာပွေ့ဖက် လိုက်ငုံ ဦးခေါင်းလေးက သူ့ရင်ခွင်ဆီပြုဆင်းကျလာသည်။

"ချစ်တယ် ချယ်ရယ်၊ ချစ်တဲ့အတွက် ဟန်ဆောင်နေရတာ ပိုပင်ပန်းတယ်၊ ဟန်မဆောင်ပါနဲ့တော့ ချစ်ရယ်"

ချယ် ဆုပ်ကိုင်ထားသည့် မောင်သီကုံးခဲ့တဲ့ ခရေပန်းကုံးခြောက် လေးကို မောင် တစ်ရှိုက်နမ်းမွှေးလိုက်တော့ ချယ်နှုတ်ခမ်းလွှာလေးမှာ ရှက်ရိပ်လေးလွှမ်းကာ နွေးဖိုသွား၏။

ချယ် လက်သီးကျစ်ကျစ်ဆုပ်ထွေးပြီး မောင့်ရင်အုံကို ဖွဖွထု ...ထိုက်မိသည်။

"မောင့်ကိုချစ်တယ်မဟုတ်လား ချယ်"

"ဟင့်အင်း"

"လိမ်ညာတဲ့ နှုတ်ခမ်းလေးကို"

"မောင်နော်"

ချစ်သူနှစ်ဦးရဲ့ ရင်ခုန်သံက ခရေပန်းခြောက်လေးလို မွှေးလျက်။

✠ ✠ ✠

www.burmeseclassic.com

## အခန်း (၁၅)

မောင့်ချစ်ခြင်းကို လက်ခံမိခြင်းက ကံဆိုးခြင်းလား ကံကောင်းခြင်းလား။

ချယ်မတွေးတတ်တော့။

"ချယ်"

"အင်"

"မောင်တို့ အလှူပွဲသွားကြစို့"

"ဟင့်အင်း"

"ဘာဖြစ်လို့"

"မောင့်မိဘ ရိပ်မိသွားမှာပေါ့"

"မရိပ်မိပါဘူး ချယ်ရယ်၊ အန်တီစိန်တို့ရှိတာပဲကွာ"

'ချယ်'ကို မြတ်မြတ်နိုးနိုးခေါ်နေတဲ့ မောင့်ဆန္ဒကို ချယ် မငြင်းရက်။





"နေဦး အဝတ်လဲဦးမယ်"

"မလဲပါနဲ့ ချယ်ရယ်"

"ဟွန်း ချယ် မလှဘဲ ဖြစ်နေမှာပေါ့"

"မောင့် မျက်လုံးထဲမှာ ချယ် လှပြီးသားကွာ"

ချယ်ဝတ်ထားတဲ့ ချည်သားဝမ်းဆက် ရေကြွဲပုံရိုးလေးက ချယ့်ကိုယ်နေဟန်ကို ထင်းခနဲပေါ်လွင်ကာ လှနေပြီးသား။

"မောင်ကပိုပြန်ပြီ"

"တကယ်ပြောတာ ချယ်လောက်လှတဲ့မိန်းကလေး မောင် မမြင်ဖူး"

"ဟွန်း"

ချယ် မျက်စောင်းထိုးလိုက်သည်။ ထိုမျက်စောင်းက 'သူ့'နှလုံးသားကို ချိုမြိန်ရှသစေသည်။

"ချယ် မျက်စောင်းက ပိုလှတယ်ကွာ"

"မောင်နော်"

"ကဲပါ သွားကြစို့"

"မောင်နော် ဟိုရောက်ရင် သိပ်ကဲမနေနဲ့ ချယ် ကြောက်တယ်"

"စိတ်ချပါ ချစ်ရယ်၊ မြန်မြန်သွားကြစို့ မောင့်ကိုမတွေ့ရင် အမိဆူနေလိမ့်မယ်"

ချစ်သူအလိုကျ ချယ် ခေါင်းညိတ်လိုက်ရသည်။ ချယ်



www.burmeseclassic.com

www.burmeseclassic.com



လက်ဖဝါးလေးကို တယုတယဆုပ်ကိုင်ခေါ်သွားတဲ့ မောင့်နောက် ချယ် အလိုက်သင့်ပါသွား၏။

မောင်တို့အလှူပွဲက ကြီးကျယ်လိုက်တာ။ အလှူပွဲထဲ လှမ်းဝင် တဲ့အခါ ချယ်ကို ဆုပ်ကိုင်ထားတဲ့ မောင့်လက်ကို ချယ် ဖြေလွှတ်တော့

"ဘာဖြစ်လို့လဲ ချယ်"

"ဘယ်သူမှ မသိစေချင်ဘူး မောင်ရယ်"

"ချယ်ကစိုးရိမ်လွန်နေလို့ပါ"

"ဟင့်အင်း မောင်ရယ်နော်၊ မောင်ကမောင့်မိဘနားမှာ ချယ်က အန်တီစိန်တို့နားမှာ နေမယ်လေနော်"

စိုးရိမ်ကြောက်ရွံ့စိတ်ကလေးနဲ့ ဖြေရှာတဲ့ချစ်သူဆန္ဒကို 'သူ' မငြင်းဆန်ရက်တော့။

"အဲဒါဆိုလည်း အန်တီစိန်တို့ဆီ ချယ်သွားလိုက်"

"အင်း"

ချယ် ကြည်နူးစွာ ခေါင်းညိတ်လိုက်သည်။

"အန်တီစိန် ဘယ်နားမှာလဲ ဟင်"

"စောင်းတန်းအနောက်ဘက်က မဏ္ဍာပ်မှာ"

"အဲဒါဆို ချယ်သွားမယ်နော်"

'သူ'ဦးခေါင်းဆတ်လိုက်သည်။ သမင်မလေးလို ကိုယ်ဟန်ကျော့ ကျော့နဲ့ ထွက်သွားတဲ့ ချစ်ဦးသူကို အမြင်တဆုံး ငေးကြည့်မိသည်။





"ဟဲ့သား အိုး ဒီမှာ ဘာရပ်လုပ်နေတာလဲ"

မာမီအသံ ဘွားခနဲပေါ်လာတော့'သူ'ကိုယ် တွန့်ခနဲဖြစ်သွား သည်။

"ကြည့်စမ်း သားကိုမာမီရှာလိုက်ရတာ၊ သားကိုလိုက်ရှာတာနဲ့ အချိန်အတော်လင့်သွားပြီ၊ လာခဲ့ ရေစက်ချပွဲစတော့မှာကွယ့်"

မာမီဆွဲခေါ်ရာနောက် သူစောဒကမတက်ဘဲ လိုက်ပါခဲ့သည်။ ချယ်'က အန်တီစိန်အပါးရောက်သွားပြီး'ချယ့်'ကိုမြင်တော့ အန်တီစိန် မျက်ဝန်း တအံ့တဩဖြစ်သွားသည်။

"ချယ် ခေါင်းကိုက်နေတယ်ဆို"

"ဟို သက်သာသွားလို့ လိုက်ခဲ့တာပါ"

ချယ်မလုံမလဲ ဖြေလိုက်တော့ အန်တီစိန် ဘာမှမပြောပေမယ့် ကိုခန့် ခပ်တင်းတင်းလှမ်းကြည့်သည်။ ရေစက်ချ အလှူပွဲမှာ မောင်က သူ့အနှစ်ပါးနားမှာ ချယ်က အန်တီစိန်အပါးမှာ။ ,,

မောင့်မာမီအသွင်က အန်တီစိန်လို ဖြူဖြူစင်စင်နဲ့ မေတ္တာ တရားကြီးမားပုံမျိုးမဟုတ်။

ပကာသနဂုဏ်ရှိန်ဝါ တဖိတ်ဖိတ်တောက်ကာ မာန်တဝင့်ဝင့် ဖြစ်နေပုံက ချယ်ကျောပြင်ကို စိမ့်ခနဲအေးသွားစေသည်။

ရေစက်ချပွဲပြီးလို့ အလှူထမင်းစားဝိုင်းမှာရှိနေတဲ့ အန်တီစိန် နဲ့ စကားလာပြောတဲ့ မောင့်မာမီက အန်တီစိန်ဘေးနားကပ်နေတဲ့ 'ချယ်'ကို



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းထောင့်ကပ်ကြည့်လျက်

"သူလေးက ဘယ်သူလဲ"

"ဩော် စိန့်မွေးစားသမီးပါ"

"ဟင် မွေးစားသမီး"

"ဟုတ်တယ် မသိတာ"

"ဒါဆို သူလေးက စိန်စိန်တို့နဲ့အတူနေတာပေါ့ဟုတ်လား"

ချယ်ကို အမြင်မကြည်တဲ့ မျက်ဝန်းနဲ့ကြည့်ပြီး စပ်စုသယောင် မေးတော့ အန်တီစိန် ရိုးစင်းစွာပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် မသီတာ၊ ချယ်က သမီးရင်းလေးလို စိန်စိန်အား ကိုးရတာ အဟင်း ဟင်း"

အန်တီစိန် ကျေနပ်ကြည်နူးစွာ ပြောပေမယ့် မောင့်မာမီက ဟန်ဆောင်ကြည်နူးပြကာ မျက်နှာလေးခါ မဆိုမခန့်ရယ်၍ မောင့်လက်ကို ဆွဲကာ ချယ်တို့နှင့်ဝေးရာဆီ ခေါ်ထုတ်သွားသည်။ မောင့်မာမီရဲ့ အပြုအမူက ဘယ်လိုသဘောလဲ။

"နင် ဘာလို့လိုက်လာရတာလဲ မီချယ်"

ကိုခန့် ဘယ်လိုနားလည်မသိ။ ချယ်ကို ဖိဆူတော့၏။

"မလာနဲ့လို့ ပြောရက်နဲ့ကွာ"

"ခန့်ကလည်း"

"မာမီ ဘာသိလို့လဲ"





ချယ်လာမိတာ မှားပြီလား။

"ကဲ ပြန်တော့ မီချယ်"

ကိုခန့် အမိန့်သံနောက်မှာ ချယ်ခြေလှမ်းတွေ နောက်ကြောင်းပြန်လှည့်ခဲ့ရသည်။ မောင်တို့အလှူပွဲကို လိုက်လာတာ ချယ်မှားသွားပြီလား။

ဟင့်အင်း မမှားပါဘူး။

'ချယ်' အရှိုးသားဆုံးလာခဲ့တာပဲ။

ချယ်နဲ့မောင် ချစ်သူတွေပါလို့ ကြော်ငြာတာမှမဟုတ်တာ။

"ဘာဖြစ်လို့ မာမီကို အသိမပေးတာလဲ သား"

"ဘာကိုလဲ မာမီ"

"ခန့်ကိုမှာ မွေးစားညီမရှိတယ်ဆိုတာလေ"

"သားတောင် အခုမှမြင်ဖူးတာ မာမီ"

'သူ' ပိပိရိရိလိမ်လိုက်သည်။ မာမီမျက်ဝန်း တွန့်ကြုတ်သွားပြီး

"စိန်စိန်ပြောတော့ အတူနေတာဆို"

"သား ဘယ်သိမလဲ"

"သား ခန့်ကိုနဲ့ အတူနေတာမဟုတ်လား"

"သားနဲ့ခန့်ကိုက သီးခြားတိုက်တစ်လုံးမှာနေတာ၊ သားဘယ်သိ ခလဲ"

"သေချာတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ရာကို မယုံသလို စူးစမ်းမေးနေတဲ့မာမီ့ မျက်ဝန်းကို 'သူ' နားလည်တာကြောင့်

"သေချာပါတယ် မာမီ မယုံရင်ခန့်ကိုကိုမေးကြည့်"

"အဲဒါဆိုပြီးရော"

မာမီမျက်ဝန်းအနည်းငယ် လင်းလာသည်။ မာမီ မမြင်သာအောင် 'သူ'ကြိတ်၍ သက်မချသည်။

ချစ်သူဖြစ်နေတာသိရင် မာမီဘယ်လောက်တောင် ပြင်းထန်သွားမလဲ။

'သူ'မတွေးရဲတော့။

"ဒီနေ့ကစပြီး 'သား' ခန့်ကိုနဲ့ အတူမနေနဲ့တော့"

"ဟို သား"

"ခန့်ကိုကို သားနဲ့အတူခေါ်ထားမယ်၊ အန်တီမြတ်နိုးဆီ လိုက်နေပစေ၊ မပြန်သေးခင်အခတောအတွင်း သား မာမီ့အမြင်အောက်မှာရှိရမယ် ကြားတယ်နော်"

'သူ' စောဒကတက်ခွင့်မရတော့။ မာမီအမိန့်အတိုင်း မာမီအမြင်အောက်မှာ နေခဲ့ရတာ အလှူပွဲပြီးကတည်းက။

"မင်း မာမီအမိန့်က အကောင်းဆုံးပဲ"လို့

ခန့်ကိုအမြင်ကတ်စွာ ထောက်ခံလိုက်တော့ 'သူ' မကျေမနပ်စိုက်ကြည့်လိုက်သည်။





"ဘာလဲ မင်းမကျေနပ်ဘူးလား"

"မာမီ"မမြင်သာအောင် ခန့်ကိုကို သူ့လက်သီးကျစ်ကျစ်ထောင်ပြလိုက်သည်။

အလိုက်ကန်းဆိုးမသိတဲ့ကောင်။

သူ့အသံတိတ် ဆဲလိုက်တော့ ခန့်ကို သဘောတကျအော်ရယ်သည်။

'သူ'အမြင်ကတ်၍ မာမီလက်ကိုင်ဖုန်းနဲ့ ကောက်ထုဟန်ရွယ်တော့

"ရဲရင့်ပစ်လေကွာ"လို့ ခန့်ကို စိန်ခေါ်ပေမယ့်

ခန့်ကိုလို သူမှာသတ္တိမရှိ။

နေနှင့်ဦးပေါ့။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"သား ဘယ်သွားဖို့လဲ"

အန်တီမြနဲ့အတူထိုင်ပြီး အလှူပွဲကုန်ကျစရိတ်တွေ တွက်ချက်နေတဲ့ မာမီ သူ့ကို မော့ကြည့်ပြီး စူးစမ်းသလိုမေးသည်။

"ခြံထဲဆင်းမလို့"

"ခြံထဲမှာအေးတယ်သား"

"သား ဂျာကင်ဝတ်ထားတယ် မာမီ"

လည်သာကုတ်အနက်ဝတ်ထားတဲ့ 'သူ့'ကို မာမီ ခပ်စူးစူးကြည့်ပြန်သည်။

"ခန့်ကိုကော"

"ခြံထဲမှာဆင်းပြီး ဂစ်တာတီးနေတာ သားလည်း ဂစ်တာတီးမလို့"

"မသိတာရယ် ခြံထဲဆင်းတာ ဆင်းခွင့်ပေးလိုက်ပါကွယ်"





အန်တီမြ 'သူ့'ဘက်က တစ်ခွန်းကူပြောသည်။

"ဒါပဲနော် ခြံထဲမှာ အချိန်ဖြုန်းမနေနဲ့၊ ခပ်မြန်မြန်တက်ခဲ့"

"ဟုတ်ကဲ့ မာမီ"

မာမီကျေနပ်အောင် 'သူ'ရိုရိုကျိုးကျိုး ခေါင်းညိတ်လိုက်သည်။ မာမီ 'သူ့'ထံက အကြည့်လွှဲသည်နှင့် ခြံထဲဆင်းခဲ့သည်။ ခြံထောင့်အုတ်ခုံမှာ သီချင်းငြီး၍ ဂစ်တာတီးနေတဲ့ ခန့်ကိုကိုရပ်ကြည့်ရင်း 'သူ' အကြံထုတ်လိုက်သည်။ အကြံကောင်းတစ်ခု ပေါ်လာစဉ် သူ့ရင်မှာ မြူးကြွလာသည်။

ခန့်ကိုအပါး သူကပ်ထိုင်ကာ ခန့်ကို ရင်ခွင်ထဲက ဂစ်တာဆွဲယူလိုက်သည်။

"သက်တန့် မင်းဘာလိုကောင်းလဲကွ"

ခန့်ကိုမကျေမနပ်လွတ်၍ 'သူ့'လက်ထဲက ဂစ်တာဆွဲယူပြန် သည်။

"ပေးစမ်းကွာ ဖီလင်ပျက်တယ်၊ သက်တန့်"

"မင်းဖီလင်မပျက်အောင် ကိုယ့်ကို တစ်ခုကူညီကွာ"

"မင်းအရှုပ်ပဲ"

"ကူညီစမ်းပါကွာ"

"ဘာကူညီရမလဲ ပြော"

ဂစ်တာကို အတင်းဆွဲလု၍ ခန့်ကိုမေးသည်။ 'သူ့'လက်ထဲက ဂစ်တာကို ဖြေလွှတ်ပေး၍



www.burmeseclassic.com

www.burmeseclassic.com



"ချယ်နဲ့တွေ့ချင်တယ်"

"ဘာ"

ဂစ်တာကြိုးပေါ်ရောက်ခါနီး ခန့်ကို လက်တန့်သွားသည်။

"မိချယ်နဲ့တွေ့ချင်တယ်"

"ဟုတ်တယ်"

"ဘာလုပ်ဖို့လဲ"

သူနဲ့ချယ့်အကြောင်း မရိပ်မိတာလား မသိချင်ဟန်ဆောင်တာလား။ သေချာတာက ခန့်ကို ရိပ်မိဟန်မတူ။ တအံ့တဩဖြစ်ကာ 'သူ'ကို ခပ်စူးစူးစိုက်ကြည့်၍

"မင်း ပြဿနာမရှာနဲ့"

"ကိုယ် ပြဿနာရှာဖို့မဟုတ်ဘူး"

"မဟုတ်ရင် အေးအေးဆေးဆေးနေ"

"နေမနိုင်လို့ပေါ့ကွ"

"နေလို့မနိုင်ရအောင် မင်းနဲ့မိချယ်က ဘာမို့လို့လဲ"

"ချစ်သူ"

"ဘာ"

ခန့်ကို ရင်ခွင်မှာ ပွေ့ပိုက်ထားတဲ့ဂစ်တာ လျှောခနဲကျသည်။

"ဟုတ်တယ် ကိုယ်နဲ့ချစ်သွားကြတယ်"

"တောက် မိချယ်"





ခန့်ကို ဒေါသတကြီး ထထွက်သွားတော့ သူ ကမန်းကတန်း ဆီးကာဟန့်တားမိသည်။

"မင်း'ချယ်'ကို အပြစ်မတင်နဲ့"

"ကိုယ်အတန်တန်တားရက်နဲ့ကွာ"

"ကိုယ် အတင်းအကြပ်တောင်းဆိုလို့ ချယ်အဖြေပေးတာ၊ ချယ်ကို မင်းအပြစ်မတင်ပါနဲ့ကွာ၊ အပြစ်တင်ချင် ကိုယ့်ကိုတင်၊ မင်း ကျေနပ်လို့ ထိုးချင်တယ်ဆို ကိုယ့်ကိုထိုးလိုက်ကွာ"

ခန့်ကို လက်သီးကျစ်ကျစ်ကို'သူ'ဆုပ်ကိုင်၍'သူ'မျက်နှာပေါ် ဆွဲတင်လိုက်သည်။ ခန့်ကို ဒေါသအလျှောက်'သူ'ကို ထိုးချင်ထိုးစေတော့။

"တောက်"

သူ့မျက်နှာပေါ် ဆွဲတင်ထားတဲ့ 'ခန့်ကို'လက်သီးဆုပ် ပြယ်ကျသွားသည်။

"မင်းကွာ"

သူငယ်ချင်းကို အပြစ်မတင်ရက်ပေမယ့် မိချယ်ကို ဒေါသဖြစ်ပြီ။

"ကိုယ် အပျော်ကြံတာမဟုတ်ဘူး ခန့်ကို"

"မပြောနဲ့ကွာ"

'ခန့်ကို'ဒေါသတကြီးဖြစ်ကာ ထွက်သွားဖို့ ဟာဆူနေတာကြောင့်

"မင်းကိုယ့်ကို ယုံစမ်းပါ၊ 'ချယ်' ကို ကိုယ်အလေးအနက်



www.burmeseclassic.com

www.burmeseclassic.com



ချစ်တယ်၊ တန်ဖိုးထားတယ်"

"မင်း ဘယ်လောက်တန်ဖိုးထားနိုင်မလဲ"

"ကိုယ်ဘဝနဲ့ထပ်တူ တန်ဖိုးထားတယ်ကွာ မင်းယုံကြည်ပေး ပါ၊ မင်းကိုယ်အကြောင်းသိသားနဲ့ ကိုယ့်ဘယ်မိန်းကလေးကိုမှ စိတ်ဝင်စား ခဲ့တာမဟုတ်ဘူး။ မင်းကိုယ့်ကို နားလည်စမ်းပါကွာ"

'သူ' အနူးအညွတ်အသနားခံ တောင်းဆိုမိသည်။

"ချယ် စိတ်မဆင်းရဲစေရပါဘူး။ ကိုယ်ကတိပေးတယ်"

ခန့်ကို ဒေါသပြယ်အောင် 'သူ' ခန့်ကိုပခုံးကို သိုင်းဖက်ဟန့်တား လိုက်သည်။ ခန့်ကို မျက်နှာက ဒေါသမပြယ်သေးပေမယ့် တင်းမာမှု လျော့ပါးလာသည်။

"ဒါပေမယ့် မင်းကြောင့် မိချယ်ဘဝ ထိခိုက်နစ်နာသွားမှာကို ကိုယ်အစိုးရိမ်ဆုံးပဲ သက်တန့်၊ မိချယ်ကို မာမီမွေးစားထားပေမယ့် ကိုယ့်ညီမအရင်းလို ကိုယ်သံယောဇဉ်ရှိတယ်"

"ကိုယ်နားလည်တယ် ခန့်ကို"

"မင်းနားလည်ရုံနဲ့ မပြီးဘူး၊ မိချယ်ကို မင်းမြတ်နိုးသလို မင်းမာမီ မြတ်နိုးနိုင်မှာ မဟုတ်ဘူး"

"မာမီမြတ်နိုးလာအောင် ကိုယ် စည်းရုံးမှာပါကွ"

"စောင့်ကြည့်ရသေးတာပေါ့ကွာ"

သူ့ကို မယုံသလို ခပ်အစ်အစ်ပြောလိုက်တဲ့ ခန့်ကို ပခုံးကို





တင်းတင်းဖက်၍

"စောင့်ကြည့်ပါကွာ၊ မာမီက ကိုယ့်ကိုသိပ်ချစ်တာကွ"

"အဲဒါဆိုလည်း ပြီးရော"

ခန့်ကို ဒေါသပြယ်ကျသွားဟန် တူသည်။ ဂစ်တာကို ပြန် ကောက်၍ အုတ်ခုံပေါ် ထိုင်ချလိုက်သည်။ ခန့်ကို ဒေါသပြယ်မှ သူ သက်ပြင်းချောင်လာသည်။ ခန့်ကို အချစ်သီချင်းတစ်ပုဒ် ငြီး၍ ဂစ်တာ တီးညှိစဉ်

"မင်း ကိုယ့်ကိုကူညီဦးကွာ"

"ဘာကူညီရမလဲ၊ မင်းတို့ချင်း ချစ်သူဖြစ်ပြီပဲ"

"ချစ်သူဖြစ်ပေမယ့် အလျူပွဲနောက်ပိုင်းကတည်းက ချယ်နဲ့ ကိုယ် တွေ့ခွင့်မရတာ မင်းအသိပဲ"

"အဲဒါ ဘာဖြစ်လဲ"

"တွေ့ချင်တာပေါ့ကွ"

"တွေ့ချင်ရင် မင်းတို့ဘာသာ သွားတွေ့"

ဘုပြောနေတဲ့ ခန့်ကို ကိုသူ မျက်နှာချိုသွေးကြည့်ပြီး

"မင်းကူညီမှဖြစ်မှာပေါ့ကွ"

"မင်းကွာ အခုမှ ကိုယ်ကူညီရတဲ့"

"ကိုယ်အပြင်ထွက်လို့မရတာ မင်းသိသားနဲ့"

"မင်းမာမီကို မင်းညာထွက်ပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း တစ်ခုခုအကြောင်းပြခေါ်ထုတ်မှ ကိုယ် ညာထွက် ရမှာပေါ့ကွာ၊ နောက်ဆို မလွယ်ဘူး၊ မာမို့စိတ်ကို မင်းသိသားနဲ့"

နားပူနားဆာ လုပ်နေတဲ့ သက်တန့်ကို ခန့်ကို လက်သီး လိုက်သည်။

"ထိုးချင်ထိုးကွာ ထိုးပြီးရင် ကူညီ"

ဖွတ်တရွတ် တောင်းဆိုနေတဲ့ သက်တန့်ကို ခန့်ကို အပြစ် ဖို့ စိတ်မကူးချင်တော့။

"မင်း အရှုပ်ကောင်"

"ကူညီကွာ"

"ပါးစပ်ပိတ်လိုက်တော့ မင်းကြောင့် ဂစ်တာကောင်းတော မတီးရဘူး၊ မတီးရချင်းအတူတူ သွားစို့"

နောက်ဆုံးတော့ ခန့်ကို လိုက်လျောကူညီရတော့၏။ အ ကတ်စရာကောင်းတဲ့ ယောက်ဖလောင်း။

အဲဒါကြောင့် ခန့်ကို ကို အားကိုးရတာ၊ ဒီလိုတော့ ခန့်ကိုက သဘောထားကြီးသား။

"အန်တီ ကျွန်တော်နဲ့ သက်တန့် ကလပ်သွားမလို့"ဟု တောတော ခွင့်တောင်းတော့

"သွားကြ မိုးမချုပ်စေနဲ့"လို့ လိုက်လိုက်လျောလျော ခွင့်ပြုသည်။





မာမိခွင့်ပြုတော့ သူ အတိုင်းမသိ မြူးတူးသွားသည်။ ခန့်ကို ကူညီမှုကြောင့် မာမိ ခွင့်ပြုချက်ရသလို ချယ်ကို ခန့်ကို ကိုယ်တိုင်ခေါ် ၍ သူနဲ့တွေ့ခွင့်ပေးတော့၏။

"မင်းတို့မကြာစေနဲ့"

လို့ ကြည်ကြည်ဖြူဖြူ စကားပြောခွင့်ပေးသည်။

ချစ်သူချင်း လွတ်လပ်စွာ တွေ့ဆုံခွင့်ရခြင်းက သူနဲ့ချယ် နှလုံး သားကောင်းခြင်းလား ကံဆိုးခြင်းလား သူ မခွဲခြားတတ်တော့။

"အရှူးမလေး ဟုတ်လား"

"ဟုတ်တာပေါ့၊ ချယ်က အရှူးမလေး အစစ်"

"ဘာဖြစ်လို့"

"မောင်နဲ့ ပတ်သက်တဲ့ ချယ် စိတ်ကူးယဉ်မှုက ဘယ်လိုလဲ တာကို ကော်ဖီဆိုင် ဖွင့်ချင်သတဲ့၊ အဲဒါ ချယ် ရူးနေလို့ပေါ့"

သရော်ကင်ပွန်းနဲ့ သင်းနေတဲ့ ချယ် ကျစ်ဆံမြီးလေးကို သူ ဆံရှိက်နမ်း၍ ပြောလိုက်တော့ ချယ် လှလှပပပြုံး၍

"ချယ့်စိတ်ကူး မောင့်ကိုလည်း ခံစားစေချင်တာ"

"မောင်က ကော်ဖီဆိုင်ဖွင့်ဖို့ စိတ်မကူးဘူး"

"မောင် စိတ်မကူးလည်းရတယ်"

"မရဘူးကွာ"

"ရတာပေါ့လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့"

"ချယ် စိတ်ကူးယဉ်ကော်ဖီဆိုင်မှာ မောင် ကော်ဖီဖိမ်ခံသော
ခွင့်ရမယ်လေ"

"ဟင့်အင်းကွာ မောင် ကော်ဖီမကြိုက်ဘူး"

"ဟွန်း ဒါဆို ဘာကြိုက်လဲ"

ချယ် မျက်ဝန်းလှနက်နက်လေး ပင့်မော့တော့ မောင် နှုတ်ခ
မ်းလွှာလေး ပြုံးသွား၏။

"ဘာပြုံးတာလဲ"

"သိချင်လို့လား"

"သိချင်တာပေါ့လို့"

မောင် မျက်ဝန်းအစုံ ချယ် နှုတ်ခမ်းလွှာလေးကို စိုက်ခနဲကြ
၏။ ချယ် အလိုလိုသိသွားတော့

"သွား မောင်သိပ်မကဲနဲ့"

"ကဲတာမှမဟုတ်တာ၊ ချစ်တာလေ"

မောင် နှုတ်ခမ်းလွှာလေး တိုးရွေ့လာတော့ ချယ် ရှောင်
ပြီး

"မောင်နော်"

"ချယ်ကလည်းကွာ"

"မောင် သိပ်အတင့်မရဲနဲ့၊ ကိုခန့် တွေ့သွားရင်"





"မတွေ့ပါဘူး၊ ယောက်ဖကာ အလိုက်သိသိ ရှောင်ပေးတာ လေ"

"ရှောင်ရှောင်ပေါ့"

"ဘာလဲ ချယ်က မောင့်ကို မချစ်တော့ဘူးလား"

"ချစ်တာပေါ့လို့"

"ချစ်တယ်ဆိုရင်"

အချစ်ရသကို အရူးအမူးခံစားလိုတဲ့ မောင့်ကို ချယ် အပြစ်
နိုင်ရက် ချယ်လည်း မောင့်ကို အရူးအမူးချစ်ရသူပါကွယ်။

မောင့်ရင်ခွင်မှာ နားခိုခွင့်ရတဲ့ ချယ်ဘဝက အစဉ်ရွှေဖြာနေ
သည်။ ကိုခန့်ရဲ့ နားလည်ကူညီမှုနောက်မှာ ချယ်နဲ့မောင် ချစ်စကား
တွေ တီးတိုးပြောခွင့်ရသလို ချစ်အနမ်းတွေ ဖလှယ်ခွင့်ရခဲ့သည်။ ချယ်တို့
အနမ်းတွေ ချစ်ခြင်းတွေ ဘယ်အချိန်ထိ လွတ်လပ်စွာ ဖလှယ်ခွင့်ရနိုင်
မလဲ။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"သက်တန့်ရောင်"

ဟိန်းခနဲ ပေါ်ထွက်လာတဲ့ မာမီ ဒေါသသံက သူ့သွေးကြော လေးတွေကို လန့်ဖြန့်ထောင်ကြွသွားစေသည်။ သူ ဖျတ်ခနဲ လှည့်လိုက် တော့

"ဟင်"

တောက်နေတဲ့ မျက်ဝန်းဝိုင်းနဲ့ စိုက်ကြည့်နေတဲ့ မာမီက လက် တစ်ဖက်ခါးထောက်လျက် ချယ် ခမျာ ကြောက်ဒူးတုန်၍ သူ့ရင်ခွင်က ရုန်းထွက်ကာ သူ့နောက်မှာ ရပ်လျက်သား ဖြစ်သွားသည်။

"မာမီ"

"တောက် သားသိပ်မိုက်တယ်"

"မာမီရယ်"

"လာစမ်း မာမီ့ရှေ့ကို"





သူနဲ့ အကာအကွယ်ယူရပ်နေတဲ့ ချယ်ကို ထားရစ်ပြီး မာမီ့ ခိုင်းအတိုင်း မာမီရှေ့ သူ သွားရမှာလား။ ဟင့်အင်း။ ရိုးစင်းလွန်းတဲ့ ချယ်ရှေ့မှာ သူ မားမားမတ်မတ် ကာကွယ်ပေးချင်သည်။

"မာမီ"

"မာမီခေါ်နေတယ် လာခဲ့စမ်း"

"သားတို့ကို နားလည်ပေးပါ မာမီရယ်"

"ဘာပြောတယ် သက်တန့်ရောင်"

"သားနဲ့ချယ်ကို နားလည်ပေးပါ"

"တောက်"

မာမီ တက်ခတ်သံနောက်မှာ မာမီ ဒေါသလက်က သူ့ရင်ဘတ် ကိုကို ဆုပ်ကိုင်ဆွဲထုတ်လျက်သား ဖြစ်သွားသည်။

"မာမီ"

သူ့ကိုက မာမီ့လက်ထဲ မြဲမြဲမြံမြံ ပါသွားပြီး ချယ်ခမျာ အကာ အကွယ်မဲ့ကာ မျက်ရည်အဝဲသားနဲ့ မာမီကို ဘယ်လိုရင်ဆိုင်ရမှန်းမသိ အောင် လှုပ်လှုပ်ရှားရှားဖြစ်နေတဲ့ချယ်ကို သူ မကြည့်ရက်။ မာမီကို စိုက်ကြည့်၍

"သား"

"မပြောနဲ့"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါသကြောင့် နှုတ်ခမ်းလှလှတုန်ခါကာ သူ့ကို အပြစ်ကျူးလွန်
သူလို စိုက်ကြည့်နေတဲ့ မာမီကို သူနားမလည်နိုင်ဖြစ်ရတာ။

"သားကိုမယုံလို့ မာမီလိုက်ကြည့်တာ၊ ခုတော့ ထင်တဲ့အတိုင်း
သားမို့လို့ ဒီလိုမိန်းကလေးနဲ့ ပတ်သက်ရတယ်လို့"

"မာမီရယ် ချယ်က"

"ဒီမိန်းကလေးကြောင့် မာမီကို အာခံရဲတာလား"

"မဟုတ်ဘူး မာမီ၊ သားနဲ့ချယ်က ရိုးရိုးသားသား"

"ဘာရိုးရိုးသားသားလဲ၊ ဂေါက်ကလပ်သွားမယ်ဆိုပြီး ခန့်ကို
ခေါ်ထုတ်ရာနောက် လိုက်ခဲ့တယ်၊ ခန့်ကို ကြိုးဆွဲရာနောက် လိုက်က
တဲ့ ဖြစ်စဉ်က ရိုးရိုးသားသားလား"

"ဟာ မဟုတ်ဘူး မာမီ"

ချယ်နဲ့သူ့ ချစ်သူဘဝကို မာမီနားလည်မှုလွဲသလို 'ခန့်ကို'
အထင်မှားနေတာကို သူရှင်းပြချင်ရဲ့။ ဒါပေမယ့် လက်ကာတန့်ပြီး

"ဘာမဟုတ်တာလဲ၊ အမိအဖ ဘယ်သူဘယ်ဝါမှန်းမသိ
အညတြ မိန်းကလေးကို အိမ်ပေါ်ခေါ်တင်ထားပြီး သားကို အမိဖမ်း
ကြိုးစားတဲ့ ခန့်ကို လုပ်ရပ်ကို မာမီ မသိဘူးထင်နေလား"

"မ မဟုတ်ဘူး မာမီ၊ သားနဲ့ချယ် ချစ်သူဖြစ်တာ ခန့်ကို
မဆိုင်ဘူး မာမီ"

"ဘာ ခန့်ကိုနဲ့မဆိုင်ဘူး ဟုတ်လား"





"ဟုတ်တယ် မာမီ၊ ခန့်ကိုနဲ့လုံးဝမဆိုင်ဘူး"

"မဆိုင်ရင် သားကိုခေါ်ထုတ်ပြီး အဲဒီမိန်းကလေးနဲ့ လွှတ်ထား
မတဲ့လား"

"ဟာ"

မာမီရဲ့ တစ်ဖက်သတ် စွပ်စွဲမှု တဖြည်းဖြည်း ရင့်သီးလာစဉ်
သူ့ အတော်ချောက်ချားသွား၏။

"ဒီမှာသား သားကို အခြေအမြစ်မသိတဲ့ မိန်းမနဲ့ အငြိမခံနိုင်
ဘူး"

"မာမီ သား"

"မပြောနဲ့ မာမီမကြားချင်ဘူး"

သူ တစ်ခုခု ချေပပြောလို့မရအောင် မာမီပိတ်ပြောရုံမက
ချယ်ဘက်လှည့်၍

"ဒီမှာမိန်းကလေး"

ချယ် ကိုယ်လုံးလေး ဆတ်ခနဲ တုန်ခါသွားသည်။

"ညည်းကိုယ်ညည်း ရုပ်ကလေးဘန်းပြပြီး ငါ့သားကို အမိဖမ်း
ဖို့ မကြိုးစားနဲ့"

"ဟာ မာမီ"

"သား ပါးစပ်ပိတ်ထား"

ရိုးစင်းလွန်းတဲ့ချစ်သူကို လက်ညှိုးငေါက်ငေါက်ထိုးနေတဲ့ မာမီ



www.burmeseclassic.com

www.burmeseclassic.com



ကို သူ ဘယ်လိုမှ ဟန့်တားနိုင်တော့မယ်မထင်တော့။

"အမိမရှိ အဖမပေါ်ဘဲ ဟိုအိမ်ကပ်နေ ဒီအိမ်ကပ်မှီပြီး ကြီးလာတဲ့ ညည်းလို အလေအလွင့် မိန်းကလေးကို ငါ့သားနဲ့ ဘယ်နည်းနဲ့မှ သဘောမတူနိုင်ဘူး"

"မာမိရယ်"

သူ့ရင်မှာ ချယ် မျက်နှာလေးကို မကြည့်ရက်လောက်အောင် သနားသွားကာ

"ညည်းလို အဆင့်အတန်းမရှိတဲ့ မိန်းမက ငါ့သားကို အမိဖမ်းဖို့ ကြိုးစားတာ ညည်းကိုယ်ညည်း ပိုင်ပြီထင်မနေနဲ့၊ ညည်းဘဝ ညည်း အဆင့်အတန်းနဲ့ ညည်းဖြစ်စဉ်ကို ပြန်ငုံ့ကြည့်ပြီး စဉ်းစားကြည့်စမ်းပါအေ"

"နေပါဦး ငါ့သားကို ဖျားယောင်းဖို့ ညည်းကို ဘယ်သူ လမ်းညွှန်တာလဲ၊ ခန့်ကိုလား၊ စိန်စိန်လား၊ ပြောစမ်း ပြောစမ်း"

ထင်ရာတွေ စွတ်မေးနေတဲ့ မာမိလက်ညှိုးတွေနောက်မှာ ချယ်ခမျာ ဦးခေါင်းလေးငုံ့၍ မျက်ရည်တွေ ဒလဟော လိမ့်ကျကာ ဝမ်းနည်းနေရှာသည်။

"မြန်မြန်ပြောစမ်းပါ၊ ညည်းကို ဒီအကြံအစည် ဘယ်သူသင်ပေးတာလဲ"

ချယ် ပခုံးစွန်းလေးကို မာမိ တွန်း၍ အငြိုးတကြီး မေး၏။





"ညည်းအကြံလောက်က ငါ့ကို ရိုပ်မိပြီးသား၊ ညည်းကို အလျှော့ပေးခဲ့မှာ တွေ့ကတည်းက ငါ မသင်္ကာတာ မိချယ်၊ ဘယ်သူ့အကြံအစည်ကိုပဲ ညည်း အကောင်အထည်ဖော်ဖော် ငါ့သားကို ညည်း ဘယ်တော့မှ ရစေရဘူး၊ ညည်းမြဲမြဲမှတ်ထား၊ ညည်းကို ငါ နောက်ဆုံးပြောလိုက်မယ်၊ ငါ့သားနဲ့တွဲတာ ဒါနောက်ဆုံးဖြစ်ပစေ၊ နောက်တစ်ခါဆိုရင် ညည်းဘဝ ဒီထက်ဆိုးသွားအောင် ငါလုပ်ရလိမ့်မယ်၊ သတ္တိရှိရင် ငါ့သားကို ညည်း နောက်တစ်ကြိမ် ဖျားယောင်းကြည့်၊ ဒေါ်သီတာစိုးမြင့်ဆိုတဲ့ ငါဟာ ဘယ်လိုမိန်းမဆိုတာ သိသွားစေရမယ်"

BURMESE CLASSIC

ပြင်းထန်လွန်းတဲ့ မာမိ့စကားလုံးကြမ်းတွေနောက်မှာ ရှက်ရွံ့ကြေကွဲစွာ ပြေးထွက်သွားတဲ့ ချယ် နောက်ကို ပြေးလိုက်ပြီး နှစ်သိမ့်ပေးချင်ပေမယ့် အခွင့်အရေးမရတော့။

"သက်တန့်ရောင်"

မာမိရဲ့ အသံမာနောက်မှာ ချယ်ဆီ လှမ်းမိတဲ့ သူ့ခြေလှမ်းတန့်သွား၏။

"မာမီ နောက်ဆုံးပြောလိုက်မယ် သား၊ ဒီမိန်းမနဲ့ အဆက်ဖြတ်"

"မာမီ"

"ဒီမိန်းမထက် အဆပေါင်းများစွာသာတဲ့ မိန်းကလေးကို မာမီရှာပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မဟုတ်တာ မာမီ၊ သား"

"သား ဆက်မပြောနဲ့တော့၊ အသိုင်းအဝိုင်းထဲ ချပြစရာ ဘာဂုဏ်ဒြပ်မှမရှိတဲ့ မိန်းကလေးအကြောင်း မာမီရှေ့ ထပ်မပြောနဲ့"

တစ်ဖက်သတ်အတွန့်နဲ့ ပိတ်လှောင်ခံရတဲ့ သူ့နှလုံးသား တစ်မျှင်မျှင် ကြေကွဲကာ ယူကျုံးမရ ဝမ်းနည်းအစ်စို့ရသည်။

"ကားပေါ်တက်စမ်း"

မာမီအမိန့်နောက်မှာ မာမီ လက်ချောင်းတွေက သူ့ပခုံးကိုတွန်း၍ တံခါးအသင့်ဖွင့်ထားတဲ့ ကားပေါ် အတင်းတက်စေရန် ညွှန်ကြားတော့၏။

"သားမို့လို့ ကိုယ့်အဆင့်အတန်းကို ကိုယ် နားမလည်၊ အခြေအမြစ်မရှိတဲ့ မိန်းကလေးနဲ့ တွဲရက်တယ်၊ သားကို မာမီ အထင်ကြီးလို့ မရတော့ဘူး၊ တောက်"

မာမီရွတ်နေတဲ့ မကျေမချမ်းလေသံက သူ့နားထဲ မကြားတစ်ချက် ကြားတစ်ချက်။

"ဒီနေ့ကစပြီး ခန့်ကိုနဲ့ အဆက်ဖြတ်၊ ဒါ မာမီအမိန့်"

ပြင်းထန်လွန်းတဲ့ အမိန့်တွေ နောက်မှာ သူ့နှလုံးသား ချုပ်နှောင်ဆီးတားခြင်း ခံလိုက်ရသည်။

ထိုအချိန်ကစပြီး ချစ်ဦးသူရှိတဲ့ မြို့လေးမှ သူ ထွက်ခွာခဲ့ရသည်။





ချယ်နဲ့ အဆက်အသွယ်လုပ်လို့မရအောင် မာမီ အရိပ်လို စောင့်ကြည့်နေခဲ့သဖြင့် သူ့ရင်ခုန်သံ ခြောက်ခန်းနေလေပြီ၊ ထို့မျှမက ခန့်ကိုရဲ့ အပြင်းစားစကားလုံးတွေက သူ့ရင်ဘတ်ကို ခပ်ပြင်းပြင်း လာဖိနေသည်။

"သက်တန့် တကယ်တော့ မင်းဟာ ကိုယ်တို့မိသားစုကို ဝေဒနာပေးခဲ့တဲ့သူ၊ ချယ်ဘဝကို လက်ညှိုးထိုးရုံမက ကိုယ်နဲ့မာမီရဲ့ ရိုးစင်းမှုကို ထိပါးစော်ကားတဲ့ မင်းမာမီရဲ့ စကားလုံးတွေက ကိုယ်တို့သားအမိရင်မှာ နှုတ်မရတဲ့ဆူးလို အဆိပ်တက်နာကျင်နေခဲ့တယ်၊ မင်းကို ချယ်နဲ့ထောင်ဖမ်းတယ်ဆိုတဲ့ စကားလုံးဟာ တွေးလိုက်တိုင်း အသည်းထဲမှာ စူးခနဲ အောင့်တက်လာတယ် သက်တန့်၊ အဆိုးဆုံးက ချယ်ပဲ မင်းကို ချစ်မိတဲ့အတွက် မင်းမာမီရဲ့ လက်ညှိုးတွေကြောင့် ကိုယ်တို့သားအမိရဲ့ ရင်မဆိုင်ရဲတာလား ချယ်ကိုယ်ချယ် ရှက်တာလားမသိ ဘူး၊ အဲဒီနေ့ကတည်းက ချယ်ကို ကိုယ်တို့လိုက်ရှာလို့ မတွေ့တော့ဘူး"

သူ့နှလုံးသား တဆတ်ဆတ်တုန်ခါ မျက်ရှသွား၏။

"ချယ် ဘယ်ရောက်နေလဲဆိုတာ ခုချိန်ထိ သတင်းအစအန မရဘူး။ အဲဒီအတွက် ကိုယ် အရှမ်းစိုးရိမ်ရသလို ကိုယ်မာမီ စိတ်ထိခိုက်ပြီး အိပ်ရာထဲလဲသွားတယ်၊ မင်းကတော့ မင်းမာမီရင်ခွင်မှာ မိခင်စကားနားထောင်နေတဲ့ သားလိမ္မာဘွဲ့ကို ခံယူနေတဲ့အချိန်မှာ ကိုယ်တို့သားအမိက ချယ်အတွက် ကြေကွဲနေရတယ်။ မိချယ်ကို ကိုယ်တို့သားအမိ ဆုံးရှုံး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတဲ့အတွက် မင်းကိုလည်း ကိုယ် ခံစားလို့မရတော့ဘူး။ ဒါကြောင့် မင်း ကိုယ့်ကို အဆက်အသွယ်မလုပ်နဲ့၊ အဲဒါ ကိုယ့်ရဲ့နောက်ဆုံးစကား ပဲ''

ချယ် သတင်းစုံစမ်းချင်တာကြောင့် ခန့်ကိုကို သူပြန်ဆက်သွယ် ခဲ့ပေမယ့် ခန့်ကိုရဲ့ တုံ့ပြန်ချက်က ခါးခါးသီးသီးဖြစ်ကာ သူ့ကို ပြန်လည် အဆက်ဖြတ်ခဲ့သည်။ ထိုအချိန်ကတည်းကစပြီး ချယ်နဲ့သူ ကွဲခဲ့ရတာ ခုချိန်ထိ။

✠ ✠ ✠



## အခန်း (၁၈)

''ဒါဆို ချယ်နဲ့ တန့်က''

တစ်စုံတစ်ရာကို မယုံနိုင်လောက်အောင် ထိတ်လန့်ပြာဝေနေ တဲ့ ပယင်းမျက်ဝန်းကို သူမကြည့်မိတော့။ ရေတာဖန်းပင်ကိုင်းမှ ရုတ်ချည်း ထပျံသွားတဲ့ ကျေးငှက်မောင်နှံကို သူငေးကြည့်၍

''ချစ်သူတွေပါ ပယင်းရယ်''

''မပြောနဲ့''

အသံပြတ်ရွှတ်လိုက်တဲ့ ပယင်းကို သူ ဖျတ်ခနဲ ကြည့်လိုက်၏။ သည်းမခံချင်လောက်အောင် ကြွတင်းနေတဲ့ နှုတ်ခမ်းလွှာလေး တဆတ် ဆတ်တုန်ခါက

''လုံးဝမကြားချင်ဘူး၊ မကြားချင်ဘူး''

''ပယင်း သိချင်တယ်ဆိုလို့''

''ပယင်း သိချင်တာက တန့်ကိုယ်တန့် ပိုသိနေဖို့လိုပေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ချယ်ဟာ တန့်နဲ့ လုံးဝမထိုက်တန်ဘူး၊ နားလည်ရဲ့လား''

ကျစ် မာမီအတွက်နောက် သံယောင်လိုက်နေတဲ့ ပယင်းကို သူ သည်းမခံချင်တော့။

''ချယ်နဲ့ထိုက်တန်တယ်၊ မထိုက်တန်ဘူးဆိုတဲ့ မှတ်ချက်မျိုး ကိုယ့်ကိုမပေးပါနဲ့ ပယင်း''

''ဘာပြောတယ်''

''ဟုတ်တယ်၊ ရင်ခုန်သံချင်း ညီညွတ်လို့ ချစ်သူဖြစ်ခဲ့ကြတဲ့ ဖြစ်စဉ်ကို ဘာပေတံမှ တိုင်းပြီး တန်ဖိုးဖြတ်လို့မရဘူး ပယင်း''

''တန့် ဆိုလိုတာက''

''မာမီ့အတွက်ကို ကိုယ် လွန်ဆန်လို့မရတာကြောင့် ချယ်နဲ့ကိုယ် ကွဲခဲ့ရတယ်၊ ဒါပေမယ့် ကိုယ့်ရင်မှာ ချယ် ရှင်သန်နေဆဲပဲ''

''ဘာ''

ရဲရဲတင်းတင်း ဖွင့်ပြောလိုက်တဲ့ သူ့ကို ပယင်း ဒေါသတကြီး ဖြစ်သွား၏။

''ဘာပြောတယ်''

''ကိုယ်မညာချင်ဘူး ပယင်း၊ ချယ်ကို အခုအချိန်ထိ ကိုယ်ချစ် နေသေးတယ်''

''တောက် မပြောနဲ့၊ မကြားချင်ဘူး''

''ကိုယ် အရိုးသားဆုံးဝန်ခံတာပါ ပယင်း''





''ဒါ ဝန်ခံတာမဟုတ်ဘူး။ ပယင်းစိတ်ကို နာအောင် နှိပ်စက် တာ သိရဲ့လား တန့်''

''ဘယ်လို ပယင်း''

''တန့် တခြားမိန်းကလေးတစ်ယောက်ကို လိုက်နေတာ ကွယ်ဖို့ ချစ်သူရှိတယ်လို့ ဝန်ခံခြင်းနဲ့ ပယင်းကို နာကျင်အောင် နေတာ''

''မဟုတ်ဘူး။ ပယင်းကို တကယ်ပြောတာ၊ ဒီကိစ္စ ကိုယ့်ရင် ထဲမှာ ခိုအောင်းနေတာ ငါးနှစ်ကျော်ကြာခဲ့ပြီ၊ ဘယ်သူမှမသိအောင် ဖုံးကွယ်ပြီးနေခဲ့တာ ခုချိန်ထိ၊ ဒါပေမယ့် ပယင်းက မဆီမဆိုင် ရန်ဦး ပြဿနာသွားရှာမှာစိုးလို့ အမှန်အတိုင်းဝန်ခံတာ''

ဝန်ခံတာဆိုတဲ့ တန့်ဖြစ်စဉ်က ပယင်းအနာကို ထိုးဆွသည်နှင့် တော့သည်။ ပယင်း မေးဖျားလေး တဆတ်ဆတ်တုန်ပြီး

''ပယင်းလို အစစအရာရာ မက်မောစရာကောင်းတဲ့ မိန်းက ကို အားမနာဘဲ ဘာမှန်းမသိတဲ့ မိန်းကလေးကို တမ်းတနေရ အောင် ဖြစ်နေတာ ပယင်း နားမလည်တော့ဘူး တန့်''

သူ့နှလုံးသား မွန်းကြပ်ကာ အသက်ရှူချင်စိတ် မရှိအောင် ကျသွား၏။

''တန့် စဉ်းစားကြည့်စမ်းပါ၊ ပယင်းက တန့်နဲ့ လူသိရှင်ကြား ထားတာလေ''



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်သိတယ်"

"သိတယ်ဆိုရင် တန့် ရင်ထဲ ချယ်ကို ထုတ်ပစ်လိုက်"

သူ အသံမထွက်နိုင်လောက်အောင် အစ်စို့သွား၏။ ချယ် သူ့ရင်ထဲက ထုတ်ပစ်ရမတဲ့။ ပြောရက်လိုက်တာ ပယင်းရယ်။

"ပယင်း ပြောတာ ကြားလား"

ပယင်း အမိန့်ကို သူနာခံရမတဲ့လား။ ဟင့်အင်း သူ့ခြေလှ ပယင်းနဲ့ဝေးရာဆီ စလှမ်းတော့

"မသွားနဲ့"

"ကိုယ့်ကို နားမလည်ချင်ရင်တောင် ခွင့်လွှတ်ပေးပါ"

"ဘာ"

"ကိုယ့်ကိုခွင့်လွှတ်ပါ"

"ဘယ်လို တန့်"

ပယင်း ဖျတ်ခနဲ သူ့ရှေ့ပိတ်ရပ်၍ သူ့မျက်နှာကို စေ့စေ့ကြ သည်။ သူ့နှလုံးသားမှ အချစ်သတ္တိတစ်မျိုး တိုးထွက်လာပြီး

"ပာတ်တယ် ပယင်း၊ ကိုယ့်နှလုံးသားထဲက ချယ်ကို ထုတ် ဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်လို့ပါ"

"ဟင်"

"အဲဒါ အသေအချာပဲ"

သူ အပြတ်သားဆုံး ဝန်ခံလိုက်၏။ ပယင်း အောက်နှုတ်ခ





ကို ခွဲခြစ်ဖိကိုက်ကာ မျက်နှာထားပင့်ကာ မော့လိုက်ပြီး

"နေဦး တန့်"

ပယင်းနဲ့ ဝေးရာဆီ ထွက်သွားချင်တဲ့ သူ့ခြေလှမ်းက ခုချိန်ထိ ထွက်သွားခွင့်မရသေး။

"ချယ်ကို တန့်ရင်ဘတ်ထဲက ထုတ်ပစ်လို့မရ ဖြစ်လောက် အောင် စွဲလမ်းနေတာ ချယ်က ပယင်းလို လှလို့လား"

သူ့မျက်ဝန်း သေးကြုတ်ကာ နှုတ်ခမ်းပေါ်မှ ခံပြင်းမှုတို့က ခပ်တင်းတင်းစေ့ပိတ်ထားသည့် နှုတ်ခမ်းပါးနောက်မှာ ငြိမ်သက်သွား၏။ ယင်းဖြူ

ငွေမှုန်ကလေးတွေ လက်ခနဲဖြစ်နေတဲ့ ပြာစိုစိုအရောင် ကိုယ်ကြပ်ဝတ်စုံ လည်ဟိုက်ကျောပေါ် ဖက်ရှင်ဝတ်ထား၍ လည်တိုင် ကျော့ကျော့မှ ပလက်တီနမ် ကြိုးပျော့တစ်ကုံး တည်ဆင်ကာ ရင်ကလေး ပြီး ကျော့ကျော့လေးရပ်နေတဲ့ဟန်က ဆွဲဆောင်မှုရှိရုံမက ပခုံးပေါ် ပျော့နွဲ့အိတုန့်ဖြာကျနေတဲ့ အလယ်ခွဲဆံပင်ကြောင့် ပန်းသွေးစိုရောင် ျက်နှာလေးက ဖူးဖူးထွတ်ထွတ် လှနေသည်။

"ပြောလေ ပယင်းလောက်လှလို့လား"

သူ အကြည့်လွှဲလိုက်သည်။ မာနစိုကြွနေတဲ့ ပယင်း အလှက ပြွင်းနေတဲ့ ချယ်အလှကို မမီနိုင်ပါဘူး ပယင်းရယ်။

"ပြောလေ တန့်ချစ်သူက ပယင်းလို လှလို့လား"



www.burmeseclassic.com

www.burmeseclassic.com



သူ မသိမသာ သက်မချမိသည်။

"တန့်ချစ်သူက ပယင်းလို ဂုဏ်ခြဒ်ရှိလား၊ ပယင်းလို အသိုင်းအဝိုင်းတောင့်လား၊ ပယင်းနဲ့ ဘယ်နေရာမှာ ယှဉ်လို့ရနိုင်မလဲ တစ်ခွန်းလောက်ဖြေကြည့်စမ်းပါ"

ခံပြင်းမှုကြောင့် ပွဆူနေတဲ့ ပယင်းအလှက သူ့ကို ဘယ်တုန်းကမှ ဖြားယောင်းနိုင်စွမ်းမရှိခဲ့။ ရှေ့ဆက်ပြီးလည်း ရှိဇာနိုင်မှာမဟုတ်ဘူး။

"ဒီမှာ တန့် ချယ်လို ဘာမက်စရာ ဘာဂုဏ်ခြဒ်မှ မရှိတဲ့ အလေအလွင့် မိန်းကလေးကို တန့် ရင်ဘတ်ထဲ ထည့်လို့ရရင် ပယင်းထက် အစစအရာရာ မက်မောစရာကောင်းတဲ့ မိန်းကလေးကို တန့် ရင်ဘတ်ထဲက နှိုက်ထုတ်ပစ်လို့မရအောင် စွဲစွဲမြဲမြဲထည့်ထားနိုင်ရမယ်"

"ပယင်း"

"ဒီနေ့ကစပြီး တန့် ခံစားချက်ကို တန့် ပြောင်းလဲလိုက်တော့"

"ကိုယ်"

"တန့် ဘာမှမပြောနဲ့တော့"

"မဟုတ်သေးဘူးလေ"

"ဟင့်အင်း ပယင်းသိတာ တန့်နှလုံးသားမှာ ပယင်းက လွဲပြီး တခြား ဘယ်မိန်းကလေးမှ ရှိစရာ မရှိဘူး"

ပယင်းရယ် နှလုံးသားဆိုတာ ဗီရိုအကန့်တွေလို ထည့်ချင်တဲ့





ပစ္စည်း ထည့်သိုရမယ့် သက်မဲ့ရုပ်ထုမှမဟုတ်တာ။

ခံစားချက်နဲ့ ထည့်သိုထားတဲ့ ရင်ခုန်မှုကို ထုတ်ပစ်ပြီး ခံစားသိုမရတဲ့ မိန်းကလေးကို ထည့်သိမ်းလို့ရမတဲ့လား။

"တန့် ရင်ထဲမှာ ချယ်ကို ထည့်ထားသရွေ့ တန့် အသည်းကွဲနေစေရမယ့် တန့် သတ္တိရှိရင် ချယ်ကို တန့် ရင်ဘတ်ထဲထည့်ထားကြည့်လေ၊ ပယင်းအကြောင်း သိသွားစေရမယ် ဟွန်း"

မာနလေးနဲ့ ဆတ်ခနဲ ခါထွက်သွားတဲ့ ပယင်းကို သူ လည်ပြန့်ကြည့်မိတော့။ ပယင်းရယ်

နှလုံးသားခံစားချက်ကို အတ္တနဲ့ စည်းခြားပစ်လို့ရမတဲ့လား။ ပယင်း စည်းဘယ်လောက်တားတား ကိုယ့်နှလုံးသားက ချယ့်ဆီမှာ ချယ့်ကို ကိုယ်ခံစားနေတယ်။ ရင်ခုန်တမ်းမက်နေတယ်။

အဲဒီခံစားမှုတွေကို ကိုယ်ထိန်းချုပ်နိုင်တော့မှာမဟုတ်ဘူး ပယင်းရယ်။ အခုအချိန်မှာ ကိုယ့်စိတ်က ချယ် ရှိရာဆီ ရှက်လွှင့်နေဆဲ။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ကော်ဖီခွက်ကို ငေးကြည့်ရင်း အချိန်အတော်ကြာ ငြိမ်သက်နေတဲ့ သက်တန့်ကို ရန့်ဦး တအံ့တသြ ကြည့်မိသည်။

ဘောင်းဘီရှည်အနက် အပြာကွက် ရှပ်လက်တိုပွပွ တွဲဝတ်ကာ အလယ်ခွဲဖြီးထားတဲ့ ဆံပင်ပုံနဲ့ လိုက်ဖက်တဲ့ သက်တန့်မျက်နှာသွယ်လျလျက တစ်စုံတစ်ရာအတွက် မှုန်းကြုပ်နေသည်။

အင်း

တည့်တည့်ဖွင့်မေးတော့လည်း အဖြေမပေးတော့ပါဘူးလို့ ရန့်ဆုံးဖြတ်ထားသော်လည်း သက်တန့်က ရန့်ရှေ့မှာ လာငိုင်နေတာ မြင်နေရတော့ မစပ်စုဘဲ မနေချင်တော့။

သိချင်တာကို စပ်စုရမှာပေါ့။

ရန့် ကောင်တာမှ ခွာ၍ သက်တန့် တစ်ယောက်တည်း ထိုင်နေတဲ့ စားပွဲဝိုင်းဆီ ရွေ့၍ သက်တန့်နဲ့ မျက်နှာချင်းဆိုင်ခုံမှာ ရန့်ဦး





...ထိုင်သည်။

"သက်တန့် နေမကောင်းဘူးလား"

ရန့်မေးသံကြောင့် သူ့မျက်ဝန်းက ရန့်ထံ ရောက်သွားပြီး

"ကောင်းပါတယ်"

"နေကောင်းတဲ့ပုံစံက အနာကျတဲ့ကြက်လိုပဲ၊ ဒါနဲ့ သက်တန့်"

ရန့်ဦးစကား ရပ်လိုက်တော့ သူ့မျက်ခုံးလေးပင့်ကြည့်ကာ

"ဘာဖြစ်လဲ ရန့်၊ ပြောလေ"

"ပြောချင်တယ်၊ ဒါပေမယ့် သက်တန့်က မြူးလွန်းတော့ ပြောရ...အားမရဘူး"

"မမြူးပါဘူး ရန့်ရယ်"

"မမြူးဘူးဆိုရင် ကော်ဖီဆိုင်ပိတ်တဲ့ကိစ္စ ဘာကြောင့် စိတ်ဝင်...စားဖြစ်ရတာလဲဆိုတာ ပွင့်ပွင့်လင်းလင်းပြောပေါ့"

သူ့ မှုန်းကြုပ်မှုတွေနှင့် မသိမသာ သက်မချသည်။

"ကိုယ့်မှာ ခံစားချက်တစ်ခုရှိတယ်"

"သက်တန့်မှာ ခံစားချက်ရှိမှန်း ရန့်ရိပ်မိပါတယ်၊ အဲဒီခံစား...ချက် ချယ်နဲ့ ပတ်သက်မယ်လို့ ဆက်စပ်နားလည်တယ်၊ ရန့် နားလည်...တယ်"

"ဟုတ်တယ် ရန့်၊ အလိုလို နားလည်နေတယ်၊ အဲလိုနားလည်...တာ ဘာကြောင့်လို့ ကိုသက်တန့်ထင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ရန့်"

"သက်တန့်နဲ့ချယ်က မြို့စိစိနဲ့ ရှောင်ဖယ်ဖယ်ဖြစ်နေလို့ပေ

သူ နှမ်းဖျော့စွာ မျက်လွှာချပြီး

"အကြောင်းရှိလို့ပါ ရန့်ရယ်"

"အဲဒီအကြောင်းက"

"ပယင်းပေါ့"

"ပယင်းဆိုတာ"

"ကိုယ်နဲ့ရေစ့စပ်ထားတဲ့ မိန်းကလေး"

"အဲဒါကြောင့်ထင်တယ်၊ ပယင်းက ရန့်ကို လာမေးတယ်"

"ဟင်"

သူမျက်ဝန်းက အံ့ဩဝိုင်းစက်သွားသည်။

"ပယင်း လာမေးတယ်"

"ဘာမေးတာလဲ"

"ချယ်ကိုသိလားတဲ့"

သူ့အသံက သိလိုစိတ်ကြောင့် အလျင်အမြန် ပွင့်ထွက်သွား

သည်။ ရန့် နှုတ်ခမ်းလွှာလေး လှုလှုပပတွန့်၍

"ချယ်ဆိုတာ ပန်းချယ်ရီကို ပြောတာလားလို့ မေးလိုက်တယ်

လေ"

"အဲဒီတော့ ပယင်း ဘာပြန်ပြောလဲ"





"ပန်းချယ်ရီမဟုတ်ဘူး ချယ်ပဲတဲ့၊ ချယ်ဆိုရင် ရန့်မသိဘူး၊ ရန့်သိတာ ပန်းချယ်ရီလို့ပဲ ပြောလိုက်တော့ ပယင်း ဘာမှပြန်မပြောဘဲ လှည့်ထွက်သွားတယ်လေ"

ရန့် စကားစဖြတ်၍ သက်တန့်ကို အကဲခတ်သလို တစ်ချက်ကြည့်လိုက်သည်။ ပယင်းအတွက် သက်တန့်ရင်မှာ မွန်းကြပ်နေရသည် ထင်ရဲ့ သက်ပြင်းအကြိမ်ကြိမ်ချကာ

"တော်သေးတာပေါ့၊ ရန့်ကို ပြဿနာရှာမသွားလို့"

"ဟာင် ရန့်ကို ပြဿနာရှာဖို့"

"ဟုတ်တယ် ပယင်းက သိချင်တာကို သိခွင့်ရဖို့အတွက် ဘယ်သူ့ကိုမှ အားမနာဘူး၊ တရစပ်ပြောတတ်တယ်၊ ဟိုတစ်ရက်က ရန့်နဲ့ကိုယ် စကားပြောဖြစ်တာ တစ်ခုခုပတ်သက်လို့ဆိုတဲ့ စွပ်စွဲချက်နဲ့ ရန့်ကို မေးမယ်တကဲကဲလုပ်နေလို့ ကိုယ့်ခံစားချက်ကို ဝန်ခံလိုက်ရတယ်"

"ရှုပ်နေတာပဲ သက်တန့်ရယ်၊ ဘာတွေဝန်ခံရတာလဲ"

ရန့် နားလည်ရခက်စွာ ပြောလိုက်၏။ သူ့လက်ချောင်းလေးက အဝါနုရောင် ကော်ဖီခွက်အဖုံးလေးကို တို့ထိကစားရင်း

"ရန့် နားလည်အောင်ပြောရရင် ကိုယ့်မှာ ချစ်သူရှိတယ်"

"ဘယ်သူလဲ"

"ချယ်ဆိုတဲ့ မိန်းကလေး"

"ဟင် ချယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ရန်း"

"ပန်းချယ်ရီလား"

ရန်း တစ်စုံတစ်ရာကို အတိအကျသိချင်တာကြောင့် ခပ်လောလောမေးလိုက်သည်။

"ဟုတ်တယ်"

"ဒါဆို ချယ်နဲ့ သက်တန့်က"

"ဟုတ်ပါတယ်၊ ချစ်သူပါ၊ အကြောင်းကြောင်းကြောင့် ချယ်ကို ကိုယ့်ဘက်က အကာအကွယ် မပေးနိုင်ခဲ့ဘူး။ အဲဒါကြောင့် ချယ် ကိုယ့်ကို နာကျင်မုန်းတီးသွားပြီထင်တယ်၊ ချယ်က ချယ်ဘဝကနေ ပန်းချယ်ရီဘဝကို ခံယူထားတာလေ"

"ဒါဆို ချယ် ကော်ဖီဆိုင် ပိတ်လိုက်တာ"

"ဖြစ်နိုင်တယ်၊ ကိုယ့်ကို မျက်နှာချင်း မဆိုင်ချင်လောက်အောင်ဖြစ်နေတဲ့ ချယ်က ကော်ဖီဆိုင်ပိတ်ပြီး ရှောင်ပုန်းနေလိုက်တာ၊ အဲဒီအတွက် ကိုယ် အရမ်းကြေကွဲရတယ် ရန်းရယ်"

မပြောတော့လည်း မပြောဘူး၊ ပြောတော့လည်း ခရားထဲက ရေလွှတ်သလို အစအဆုံး သက်တန့်နဲ့ချယ် ဖြစ်စဉ်ကို သိရတော့ ရန်းရင်မှာ စိတ်မကောင်းဖြစ်ရသည်။

"ဒါဆို ပယင်းက သက်တန့်ကို နားလည်မှု မပေးနိုင်ဘူးပေါ့"

"ဟုတ်တယ် နားလည်မှု မပေးနိုင်တာထက် ချယ်ကို ကိုယ့်ရင်





ထဲက ထုတ်ပစ်နိုင်းတယ်"

"အဲဒီတော့ သက်တန့်က ထုတ်ပစ်လိုက်ရောလား"

"ရန်းရယ် နှလုံးသားထဲရောက်နေတဲ့ အချစ်က ဘာအကြောင်းကြောင့်မှ ထုတ်ပယ်လွှင့်ပစ်လို့ရတဲ့ ခံစားချက်ပါ"

"ဒါဆို ချယ်ကို သက်တန့် ခုချိန်ထိ ချစ်နေတယ်ပေါ့"

သွဲ့နှုတ်ခမ်းလေးက အလေးအနက် ဖော့ပိတ်ကာ ဦးခေါင်းလေးညိတ် ဝန်ခံလိုက်သည်။ ရန်း နားလည်ခံစားတတ်စွာ ဦးခေါင်းလေးဆတ်ခါ

"အင်းလေ အချစ်ဆိုတာကလည်း အလွဲအပြောင်းလုပ်လို့မှရောဘူးဆိုတာ ချယ်နားလည်မှာပါ"

"ချယ် နားလည်အောင် ကိုယ် ရှင်းပြခွင့်ရချင်တယ်"

"အဲဒီတော့"

"ကျေးဇူးပြုပြီး ကိုယ့်ကို တစ်ခုကူညီပါလား"

"ပြောကြည့်လေ"

"ကိုယ် ချယ်နဲ့ တွေ့ခွင့်ရချင်တယ်"

ရန်း မျက်ဝန်းအစုံ ငြိမ်သက်ကာ သက်တန့်ကို ငေးခနဲ ကြည့်မိသည်၊ အသနားခံတောင်းပန်တဲ့ သက်တန့် မျက်ဝန်းကြည်ကြည်လေးကို ငေး လစ်လျူမရှုရက်။

"ဒါပေမယ့် ချယ်စိတ်က တစ်ခါတစ်ရံ နားလည်ရခက်လွန်း



www.burmeseclassic.com

www.burmeseclassic.com



တယ် သက်တန့်ရယ်''

''ဘာဖြစ်လို့လဲ''

''ပွင့်ပွင့်လင်းလင်းပြောရရင် ရန့်နဲ့ချယ် ခင်မင်ရင်းနှီးခဲ့တာ ငါးနှစ်လောက်ရှိပြီးပြီ၊ ဒါပေမယ့် ချယ်ဘဝ နောက်ကြောင်းကို ချယ် တစ်ခါဖူးမှ ဖွင့်ဟမပြောသလို ချစ်သူရှိခဲ့ဖူးတဲ့ အကြောင်းဆို လေသံမဟ ခဲ့ဘူး၊ တစ်ကိုယ်ရေ တစ်ကာယ လွတ်လပ်တဲ့ မိန်းကလေးပုံစံနဲ့ ရန့်ကို ပေါင်းခဲ့တာကလွဲပြီး ဖွင့်ဟဝန်ခံဖူးတာ မရှိဘူးဆိုတော့ ရန့် ဘယ်လို ကူညီပေးရမလဲ စဉ်းစားမရအောင် ဖြစ်ရတယ်လေ''

သူ သက်ပြင်းမောချမိသည်။ အဲဒီလောက်တောင် ချယ်ဘဝ နောက်ကြောင်းကို ကွယ်ဝှက်ခဲ့တာလား ချယ်ရယ်။

''ချယ် အခုဘယ်မှာရှိနေလဲ''

''နေဦး သက်တန့်၊ ချစ်သူ ချယ်က ရန့်သူငယ်ချင်း ပန်းချယ်ရီ ဟုတ်ရဲ့လား''

''ရန့်ရယ် ချယ်ချစ်သူအနေနဲ့ ချယ့်ကို ကိုယ် လူမှားနိုင်ပါ့ မလား''

''အင်း အဲဒါလည်း ဟုတ်သားပဲ''

''ကိုယ် ချယ့်ကို အရမ်းတွေ့ချင်တယ်''

တောင့်တသံလေးနဲ့ နစ်နစ်အိုင်အိုင် ပြောလိုက်တဲ့ သက်တန့် ကို ရန့် စာနာမိ၏။ မျက်နှာပေါ်ဝဲကျလာတဲ့ ရန့်ဆံနွယ်ပျော့ပျော့လေးကို



သက်ဖျားလေးနဲ့ နောက်လှန်သိမ်းတင်ပြီး

''အင်းလေ အဲဒါဆိုရင် ချယ် ရှိတဲ့နေရာကို ရန့် ညွှန်ပေး မယ်''

''ကျေးဇူးပဲ ရန့်ရယ်''

''မလိုပါဘူး၊ ဒါပေမယ့် ချယ် စိတ်ကိုတော့ ကိုသက်တန့် နိုင်စက်ပါနဲ့''

''စိတ်ချပါ ရန့်ရယ်''

''အဲဒါဆိုလည်းပြီးရော၊ ရန့် လိုက်ပို့ပေးမယ်''

သူ့ နှုတ်ခမ်းလွှာလေးက ပြုံးရွှင်မြူးလှုပ်သွား၏။

''ခဏနေ၊ ဆိုင်ပိတ်လိုက်ဦးမယ်''

ရန့် ထထွက်သွားတော့ သူကျေနပ်စွာ ဦးခေါင်းလေး ဆက် ညိတ်မိသည်။

ချယ်ရယ်။

ချယ်ကို မောင် အကာအကွယ် မပေးနိုင်တဲ့ ဖြစ်စဉ်အတွက် ချယ်ပေးမယ့် ဝေဒနာတွေကို ကျေကျေနပ်နပ် ခံယူပါရစေ ချစ်ရယ်။

✠ ✠ ✠

(စိုးမိုး - စာပေ)



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

စိမ်းဖျော့ရောင် ဆေးခြယ်ထားတဲ့ အခန်းထဲမှာ ချယ် ကိုယ့်ကို ချယ် လှောင်ပိတ်ခြင်းဖြင့် ရှောင်ပုန်းနေခဲ့တာ ကြာလှပေါ့။

လူချင်းမတွေ့အောင် ချယ် ရှောင်နိုင်ပေမယ့် ချယ်စိတ်က မောင့်ပုံရိပ်ကို မြင်ယောင်ခံစားနေမိတာ ဘာကြောင့်လဲကွယ်။

"ချယ်က အစိမ်းရောင် သိပ်ကြိုက်တာပဲနော်"

"အင်း အစိမ်းရောင်က ရင်ကိုချမ်းမြေ့စေတယ်လေ"

"မောင်က အဲလိုမခံစားမိဘူး"

"ဘာဖြစ်လို့"

"ခပ်စိမ်းစိမ်းဆန်သလို ခံစားရတယ် ချယ်ရဲ့"

သစ်စိမ်းရောင်အခံမှာ အဝါရောင် အခက်ကလေးများ ယှက်ထွေးနေတဲ့ ပါတိတ်ဝမ်းဆက်လေးကြောင့် သွယ်လှလှလေး ကြော့ရှင်းနေတဲ့ ချယ့်ကိုယ်လုံးလေးကို တယုတယ ထွေးပွေ့ဆိုလိုက်တဲ့ မောင့်အငွေ့





လေးကို ခုချိန်ထိ ချယ် ထပ်ခါတလဲလဲ ခံစားနေမိတာ ဘာကြောင့်လဲကွယ်။

မောင်ပြောသလို ကံကြမ္မာအကြောင်းကြောင့် ချယ်တို့ချစ်ခြင်းတွေ စိမ်းနေရတာပေါ့နော်။

ချယ် ငေးစိုက်ကြည့်နေမိသည့် သစ်တောစိမ်းစိမ်းတွေကြားရှိ လမ်းသွယ်ထဲမှ လူရိပ်ပုံလေးပေါ်နေသည့် ပန်းခိုက ကြည့်လေ အသက်ဝင်လာသလို ဖြစ်လာသည်က ချယ် စိတ်ရဲ့ လှုပ်ရှားမှုတွေထင်သည်။

ပန်းခိုကားထဲက ပုံရိပ်လေးက ချယ်ဆီ တဖြည်းဖြည်း တိုးရွေ့လာသလိုလို။ တိုးရွေ့လာတဲ့ ထိုပုံရိပ်က မောင်နဲ့တူလိုက်တာ။ ဟုတ်ရဲ့လား။ လွမ်းမောခြင်းတွေ နစ်အိုင်နေတဲ့ မောင့်မျက်ဝန်းရွှန်းစိုစိုက ချယ်ကို တောင်းပန်နေသလားကွယ်။

"ချယ်"

ထိုပုံရိပ်လေးက မောင်ခေါ်သလို ချယ်ကို ခေါ်သလားဟင်။

"ချယ်"

ထိုခေါ်သံက အဆက်မပြတ်။ ပြီးတော့ ဆုပ်ထွေးထားတဲ့ ချယ် လက်ချောင်းလေးတွေ နွေးလာသလို ချယ် မျက်ဝန်းကြည်ကြည်လေး ဖွင့်ကြည့်တော့ ချယ် လက်ချောင်းတွေပေါ်မှာ ယှက်ထွေးတဲ့ လက်ချောင်းလေးတွေ။

"မောင့်ကိုခွင့်လွှတ်ပါ ချယ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



တိုးဝင်လာတဲ့ အသံသိမ့်သိမ့်လေးနောက် ချယ် အာရုံ မျောပါသွားပြီထင်သည်။

"ချယ်နှလုံးသားအတွက် ချစ်ခြင်းက လွဲပြီး မောင်ဘာမှမပေးနိုင်ခဲ့တာ မောင့်ရဲ့အကြီးမားဆုံး ချွတ်ယွင်းချက်ပဲချယ်၊ ချယ်ကို မောင်ချစ်ခဲ့တာ မောင်မာမိ ချိုးနှိမ်တဲ့စကားလုံးတွေနောက်မှာ ချယ်တဝ ရှောင်ပုန်းသွားစေခဲ့ဖို့ မဟုတ်ပါဘူးချယ်ရယ်၊ မာမိ့ရှေ့မှာ မားမားမတ်မတ်ရပ်ပြီး မောင်မကာကွယ်ပေးနိုင်ခဲ့တဲ့အတွက် မောင့်ကို ချယ် နာကြည်းခဲ့တယ်ဆိုရင် ချယ် နာကျင်မှုကို မောင် ချစ်ခြင်းနဲ့ ဖြေသိမ့်ပေးခွင့်ရချင်တယ်ကွယ်"

ထိုစကားလုံးတွေရဲ့နောက်မှာ ချယ်ကိုယ်ချယ် ဘာဖြစ်လို့ဖြစ်သွားမှန်း မသိအောင် ညွတ်နူးသွားပြီလားအသိ ချယ်ပခုံးလေးတွေ နွေးသွားရုံမက ချယ် ရင်ခုန်သံမြန်သွား၏။

"မောင်ချစ်တာ ချယ်ဘဝရဲ့ ဖြူစင်မှုကိုပါချယ်ရယ်၊ ပကာသနတွေ၊ ~~ဏ်တွေ၊ အဆောင်အယောင်တွေ မရှိတဲ့ ချယ်ကို အရိုးစင်းဆုံး မောင် မြတ်နိုးခဲ့တယ်ဆိုတာ ယုံကြည်ပေးပါချယ်"

မောင့်ကို ချယ် ချစ်မိကတည်းက ယုံကြည်ခဲ့တာပါ။

"မောင့်ကို ယုံရဲ့လားဟင်"

ချယ် မေးဖျားလေးပင့်မော့ခံရစဉ် ချယ် ရင်ခုန်သံမြန်သွား၏

"ဒီတစ်ကြိမ် ချယ်ရှေ့က မောင်ရပ်တည်ပါရစေနော်၊ ချယ်





~~င့်အချစ်တွေနဲ့ ချယ်ဖြစ်စဉ်ကို ကာကွယ်ပေးပါရစေ"

အချစ်တွေရဲ့ သွေးဆောင်မှုနောက်မှာ ချယ် ဘာဖြစ်လို့ ခံစား~~ရတာလဲ။ ချယ်ကိုယ်ချယ် မဆန်းစစ်နိုင်အောင်ဖြစ်ရပြီ။

"ချယ်"

"အွန်း"

"ဒီတစ်ကြိမ် မောင့်ကို အခွင့်အရေးပေးပါ ချယ်ရယ်"

ချယ် ကိုယ်လုံးလေး တင်းကြပ်ကာ နွေးဖိုလာသလို ရင်ခွင်~~ခုထဲ နစ်မြုပ်မတတ် ခံစားမိလာသည်။

ဒါတာကယ်လား။ ဒါမှမဟုတ် ချယ်ရဲ့ စိတ်ကူးယဉ်မှုလား။

ချယ် နှုတ်ခမ်းလွှာက စက္ကန့်ပေါင်းများစွာ နွေးပူလာစဉ် ချယ် ~~ယ်လုံးလေး တုန်ခါသွား၏။ အသိတရားကို ဆွဲယူမော့ကြည့်လိုက်တော့

"အို"

"မောင်"

မောင်ဆိုတဲ့ အသိကြောင့် ချယ် ဖျတ်ခနဲ ရုန်းဖယ်ဆောင့်တွန်း~~က်သည်။ သူ့ကိုယ်လုံး နံရံမှာ ကပ်သွား၏။

"ချယ်"

ချယ်တစ်ကိုယ်လုံး လှုပ်ခုန်ကာ ချယ် ပခုံးစွန်းနှစ်ဖက်ကို ချယ် ~~က်ဖဝါးနဲ့ ဆုပ်ကိုင်ကာ အထိတ်တလန့် ခြေလှမ်းနောက်ဆုတ်~~က်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ချယ်"

တိုးလာတဲ့ မောင့်ခြေလှမ်းကြောင့် ချယ် ခြေလှမ်းနောက်ဆုတ်၍

"မလာပါနဲ့ မောင်ရယ်"

"မောင့်ခံစားချက်ကို ချယ် နားလည်မှုမပေးနိုင်ဘူးလားဟင်"

"နားလည်ရမှာပေါ့၊ ချယ် ပိုပြီးနားလည်ရမှာပေါ့ မောင်"

"နားလည်တယ်ဆိုရင် ဘာဖြစ်လို့ ရှောင်ရတာလဲကွယ်"

"ချယ်ဘက်က မရှောင်နိုင်ခဲ့လို့ သူတစ်ပါးလက်ညှိုးထိုးတာ ချယ် ခံခဲ့ရတာလေ"

သူ့နှလုံးသား အဆမတန် လှိုက်တုန်ကြေကွဲသွား၏။ ကြေကွဲ တုန်လှုပ်နေတဲ့ ချယ်နှလုံးသားက ခုချိန်ထိ နစ်အိုင်နေဆဲလား။

ရွှန်းလက်နေတဲ့ ချယ်မျက်ဝန်းအစုံမှာ ပြည့်အိုင်နေတဲ့ ဝမ်းနည်း မျက်ရည်တွေကို သူ တယုတယ နှစ်သိမ့်ပေးခွင့် မရှိတော့ဘူးလား ချယ်ရယ်။

"တကယ်လည်း ဟုတ်ပါတယ်လေ၊ ဘယ်မျိုးရိုး ဘယ်ဇာတ် မှန်း မသိရုံမက ဘယ်မိဘယ်ဖက မွေးလာမှန်းမသိတဲ့ ချယ် ဘဝဖြစ် လူတကာအလယ် ချပြလို့မရအောင် သေးသိမ်လွန်းလှတယ် မောင်ရယ်"

"မဟုတ်ဘူး ချယ်၊ မောင့်မှာ အဲဒီစိတ်မျိုး မရှိခဲ့ပါဘူး"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ချယ်လို မိန်းကလေးအတွက်





ဆ်တည်ကာကွယ်ပေးနိုင်တဲ့ သတ္တိ မောင့်မှာ မရှိခဲ့ဘူးလေ"

သူ့နှုတ်ခမ်းလွှာလေး တဆတ်ဆတ် တုန်ခါကာ ဆွံ့အသလို ဖြစ်သွား၏။

"ဒါကြောင့် ချယ် အရာရာကို နားလည်ခံစားလို့ ရခဲ့ပါတယ်၊ မောင့်မာမီရဲ့ လက်ညှိုးတွေနောက်မှာ ပတ်ဝန်းကျင် အသိုင်းအဝိုင်းက မ်းကြည့်လာတဲ့ သို့လောသို့လော အကြည့်တွေကို ချယ် ရဲရဲဝံ့ဝံ့ မဆိုင်ရဲလောက်အောင် ဖြစ်ခဲ့ရတယ်"

"ချယ်ရယ် အဲဒီအတွက် မောင့်ကို ချယ် စိတ်ကျေနပ်တဲ့အထိ ဖြစ်ပေးပါကွယ်"

"အချစ်ဆိုတာ အပြစ်မဟုတ်ပေမယ့် အပြစ်တစ်ခုလို ချယ် ယူပါတယ်၊ အဲဒီအပြစ်က မောင့်ဆီမှာမရှိဘူး၊ ချယ်ကိုယ်ချယ် မဆင် ခဲ့တဲ့အပြစ်ပဲ ရှိတာလေ၊ ဒါကြောင့် အားလုံးနဲ့ဝေးရာမှာ ချယ်ဘဝကို ယ် မြှုပ်နှံခဲ့တယ်"

သူ့အာရုံမှာ ချယ်နှလုံးသားကို ထွေးပွေ့နှစ်သိမ့်ပေးလိုခြင်းတွေ ဖြာလာသည်။ ချယ်နှလုံးသားမှ ပေါက်ခနဲကျလာတဲ့ ကြေကွဲ ရည်စက်ကို သူ့လက်ချောင်းလေးတွေနဲ့ တယုတယ သုတ်ပေးဖို့ ကြိုးစား မယ့် ချယ် ရှောင်ဖယ်ကာ

"ချယ်ကြောင့် ကိုခန့်နဲ့ အန်တီစိန်ကို မောင့်မာမီ အမြင်မမှား သိအပ်သလို မောင်နဲ့ကိုခန့် မျက်နှာပျက်စရာ မဖြစ်စေလိုဘူး၊ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ချယ်ကိုယ်ချယ် ပန်းချယ်ရီဘဝနဲ့ တိတ်တဆိတ် ရှင်သန်နေ တော

ရှေ့ဆက်ပြီးလည်း ချယ် ဒီအတိုင်းပဲ နေသွားပါရစေ''

''ဒါဆို မောင်က''

''မောင့်ဘဝအတွက် မောင်နဲ့ထိုက်တန်တဲ့ မိန်းကလေးရှိ

တယ်''

''မရှိဘူး၊ မောင်နဲ့ထိုက်တန်တာ ချယ်ပဲ''

ချယ် ဦးခေါင်းလေး တရစပ်ရမ်းပြီး

''စိတ်ကူးယဉ်နေလို့ ဘာမှထူးမှာမဟုတ်ဘူး မောင်''

''မောင် စိတ်ကူးယဉ်တာမဟုတ်ဘူး၊ တကယ်ပြောတာ''

''မောင့်ကိုယ်မောင် မဆင်ခြင်နိုင်ရင်တောင် ဆင်ခြင်နေ

ချယ်ဘဝကို ထပ်မံမနှောင့်ယှက်ပါနဲ့''

''ချယ်''

ချယ် မျက်ဝန်းမှ နှာကျင်ကြေကွဲရိပ်မှာ ပြတ်သားမှု တိမ်

လေးတွေ လိုမ့်တက်လာသည်။

''မောင် နှောင့်ယှက်မယ်ဆိုရင် ဒီထက်ဝေးတဲ့တစ်နေရာ

သွားရလိမ့်မယ် မောင်''

''ဟင်''

''ဟုတ်တယ်၊ ချယ် ဒီထက်ဝေးတဲ့နေရာမှာ ရှောင်နေနိုင်

အတွက် ကြိုတင်ပြင်ဆင်ပြီးပြီ၊ မောင် နှောင့်ယှက်လာရင် ချယ် ရှော





က်ဖို့ အဆင်သင့်ပဲ၊ ချယ်ကို အနှောင့်အယှက်မပေးပါနဲ့လို့ အနူး

ညွတ်တောင်းပန်ပါရစေ၊ မောင်သွားပါတော့၊ ဘယ်တော့မှ ချယ့်ရှေ့

လာပါနဲ့၊ မောင်လာရင် ချယ် ဆုံးဖြတ်ချက်အတိုင်း''

ဟင့်အင်း ချယ် ဆုံးဖြတ်ချက်ဆိုတာကို သူ နားဆင်နိုင်စွမ်း

ရှိတော့ သူ့နားနှစ်ဖက်ကို အသေပိတ်ရမ်းခါမိသည်။

''ဟင့်အင်း ချယ် ရှောင်ပုန်းနေဖို့မလိုအပ်ဘူး၊ ချယ်ရယ်

ယ်ရှေ့က ပြေပြည့်မပေးခဲ့တဲ့ မောင်ချစ်ခြင်းကို အပြစ်ပေးလှည့်ပါ

ချယ်ရယ်၊ မောင့်ကို အပြစ်ပေးပါကွယ်''

တစ်စုံတစ်ရာကို အပြင်းအထန် ရှေရှုတ်နေသည်အထိ ဆူပွက်

တဲ့ သူ့နှလုံးသားကို သူ ဒဏ်ခတ်နေမိသည်။

တကယ်လား။

အိပ်မက်လား။

စိတ်ကူးယဉ်မှုလား။ သူ့ကိုယ်သူ ခွဲခွဲခြားခြားမသိတော့ သူ

ခေါင်းမှာ သိလာတာက သူ့ရှေ့မှာ ချယ်မရှိ၊ တကယ်ရှိနေတာက ပယင်း၊

''တန့်က ပယင်းနောက်ကွယ်မှာ ချယ်နဲ့ ချိန်းတွေ့တာပေါ့

ဟုတ်လား တန့်''

ပယင်းရဲ့ စွပ်စွဲချက်ကို သူ ငြင်းနိုင်စွမ်းမရှိတော့။ သူ ခေါင်း

ညိတ်လိုက်သည့်အခါ

''စိတ်ချ အဲဒီအတွက် တန့် နောင်တရသွားစေရမယ်''



www.burmeseclassic.com

www.burmeseclassic.com



"ပယင်း"

သူ တစ်ခုခုပြောခွင့် ရချင်ပါသည်။ ဒါပေမယ့် အခွင့်မသ

ရှော့။

"ပယင်းဆိုတဲ့ မိန်းကလေးရဲ့စိတ်ကို ရှင်စောင့်ကြည့်လိုက်"

ဟွန်း မျက်နှာလေး ဆတ်ခနဲခါ၍ လှည့်ထွက်သွားတဲ့ ပယင်

ကို သူ ငေးကြည့်မိသည်။

ပယင်းရယ် မောင်တို့နှလုံးသားအတွက် ပယင်းက ဓားသွ

ထက် ထက်လားကွယ်။ ဓားသွားဆိုရင်လည်း ပယင်း ဖြတ်တောက်သ

ခံယူပါ့မယ်ကွယ်။

ဒါပေမဲ့လည်း ပယင်း ဖြတ်တောက်တာခံယူရင်း သူ့စိတ်

ချယ်ဆီ အခေါက်ခေါက် အခါခါ ပြေးလွှားနေဆဲ။

"ပြန်ပါတော့ ကိုသက်တန့်ရယ်"

"မနှင်ပါနဲ့ ချယ်ရယ်"

"ပယင်းက မောင်နဲ့ထိုက်တန်တဲ့ မိန်းကလေးလေ"

"ချယ်ရယ် ထိုက်တန်တယ်ဆိုတဲ့ အသုံးအနှုန်းမျိုး မသုံး

နော် ချယ်"

ဟင့်အင်း ချယ် ဦးခေါင်း အသာရမ်းပစ်လိုက်သည်။

"ချယ်နဲ့မောင် မထိုက်တန်လို့"

"မပြောပါနဲ့ချယ်"



"မပြောလို့မရဘူးလေ၊ ချယ်နဲ့မောင် ခုလိုတွေ့ကြတာ မောင့်

မိသိသွားရင်"

"မသိရဘူးကွာ"

"မောင့်မာမီရဲ့ ဖိနှိပ်ချိုးနှိမ်တဲ့ စကားလုံးအပြင်းစားတွေကို

ာက်တစ်ကြိမ် ချယ် ခံစားတာမြင်ချင်လို့လား"

"မဟုတ်တာပဲ ချယ်ရယ်"

"မဟုတ်ရင် ဘာဖြစ်လို့ မောင် ဇွတ်ပြောနေရတာလဲဟင်"

သူ တစ်ခုခု ချေပမပြောနိုင်လောက်အောင် စို့အစ်သွား၏။

"အခုတောင် ပယင်း သိသွားပြီလေ၊ ပယင်း သိသွားပြီဆို

ာ့ မောင့်မာမီလည်း သိသွားမယ်လေ၊ အဲဒီတော့"

ချယ် အသံတိုးတိုးလေး တိမ်မြုပ်သွားသည့်အခါ သူ့ရင်မှာ

မ်းမြေ့နိုင်တော့။

"ဒါကြောင့် မောင်ပြန်ပါတော့နော်၊ ချယ်နဲ့မောင် မတွေ့ကြတာ

ကောင်းဆုံးပါပဲ"

"ဟင့်အင်း"

သူ့ရှေ့မှာ ဦးခေါင်းငုံ့နေတဲ့ ချယ် ကိုယ်လုံးသွယ်လျလျလေးကို

ရင်ခွင်ထဲ ဆွဲပွေ့လိုက်မိ၏။ ချယ် ရင်မှာ ဖျတ်ခနဲ နွေးဖိုသွားကာ

"မောင်"

"ချယ်ရယ် မောင်တို့ အားလုံးနဲ့ဝေးရာကို သွားကြပါစို့ကွယ်



www.burmeseclassic.com

www.burmeseclassic.com



နော် ချယ်၊ ပယင်းနဲ့ မာမီ့အတွက်တွေ ကင်းလွတ်ရာဆီ သွားပါစို့လား။ အားလုံးနဲ့ဝေးရာမှာ မောင်တို့ချစ်ခြင်းတွေကို လွတ်လွတ်လပ်လပ် ခံစားနိုင်ခွင့်ရှိတယ်လေ၊ နော် ချယ် မောင်တို့သွားကြပါစို့"

ချယ်ကို အနူးအညွတ် သွေးဆောင်ခေါ်ယူနေတဲ့ မောင့်ရင်သံဆီ ချယ် စီးမျောသွားချင်စိတ်က ရှန်းကြွစီးဆင်းလာသလို အချစ်ရေနဲ့ ရီဝေ လှိုက်ကြွနေတဲ့ မောင့်မျက်ဝန်းလေးရဲ့ ခေါ်ဆောင်ရာ နောက်ကို ချယ် လိုက်ပါသွားချင်ပါသည်။

"လာပါ ချယ်"

ချယ် လက်ဖဝါးလေးကို တယုတယ ဆွဲခေါ်နေတဲ့ မောင့်အနားတွေနောက် ချယ် ရင်ခုန်သံပါသွားလုလုဖြစ်စဉ် ဘွားခနဲပေါ်လာသည့် လက်ကြမ်းတစ်ဖက်ကြောင့် ချယ်နဲ့မောင် အသက်မဲ့သလို ဖြစ်သွား၏။

"မာမီ"

"တောက်"

သူ့လက်ကို မာမီ ဆတ်ခနဲ ဆွဲယူလိုက်တော့ သူဆုပ်ကိုင်လိုက်တဲ့ချယ် လက်ဖဝါးလေးလွတ်ကျသွား၏။

မောင့်လက်ကို ဆတ်ခနဲ ဆွဲယူခေါ်ထုတ်သွားတဲ့ မောင့်မာမီ့အတွက်နောက်မှာ မောင် ရှုန်းကန်မရ ပါသွားတော့၏။

ဘာကြောင့်များ ချယ်နှလုံးသားက ဆိုးရတာလဲကွယ်။ ဒီလိုဟော ပြိုကျလာတဲ့ ချယ့်မျက်ရည်တွေနောက်မှာ ချယ် တစ်စုံတစ်ရာဆုံးဖြတ်လျက်သား ဖြစ်သွား၏။





ချယ် အခန်းထဲပြေးဝင်၍ ချယ် ပစ္စည်းတွေကို အိတ်တွေထဲ ရှုပ်ပွထိုးထည့်လိုက်သည်။

"ဟဲ့ ဟဲ့ ချယ်၊ ဒါဘာလုပ်တာလဲ"

ရန့် အံ့သြတကြီး လှမ်းမေးသည်ကို ချယ် ဖြေနိုင်စွမ်းမရှိ။ မျက်ရည်တွေကို မသုတ်မိဘဲ အဝတ်အိတ်ဇစ်ကို ဆွဲပိတ်လိုက်သည်။ ရန့် စိတ်မသက်မသာ ငေးကြည့်ကာ ချယ်အပါးကပ်၍

"ချယ်ရယ် ချယ်ဘာဖြစ်လို့ ဒဲလောက်စိတ်ပျော့နေရတာလဲကွယ်၊ ဘယ်ကို ရှောင်ပုန်းပြေးဦးမလို့လဲ"

"မပြောပါရစေနဲ့တော့

ချယ် ပါးပေါ်မှ မျက်ရည်စတွေကို ပွတ်၍ အဝတ်အိတ်ကို ဆွဲမထထွက်ခဲ့မိသည်။

"ချယ်"

ရန့်ခေါ်သံကို ချယ် လှည့်မကြည့်မိအောင် စိတ်ကို တင်းပစ်လိုက်သည်။

"ချယ် ရှိတဲ့နေရာကို သက်တန့်ရောက်လာအောင် ညွှန်ပြပေးတဲ့ ရန့်ကို ချယ် စိတ်ဆိုးသွားတာလားဟင်"

ဟင့်အင်း ချယ် ဘယ်သူ့ကိုမှ စိတ်မဆိုးပါဘူးကွယ်။ ဒါပေမယ့် ချယ် နှလုံးသား အကြိမ်ကြိမ် ကွဲအက်မနေဖို့အတွက် ချယ်ကို လိုက်မမီနိုင်တဲ့ အဝေးဆုံးမှာပဲ ချယ် ကြေကွဲနေပါ့မယ်ကွယ်။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

အခုတလော ပယင်းလေးမျက်နှာ မသာမယာဖြစ်နေတာ ဘာကြောင့်လဲ။ ဒေါ်သီတာ သိချင်စိတ်ကြောင့် သားကို မယုံလို့ နောက်က လိုက်ချောင်းကာမှ သားက ရည်းစားဟောင်းနဲ့ ချိန်းတွေ့နေတာကို။

"သား သိပ်မိုက်တယ်၊ မာမီတို့ အရှက်ကွဲအောင် လုပ်နေတာလား သား၊ ဒီကိစ္စ ပယင်း သိသွားရင် ဟင့်အင်း မဖြစ်ဘူး၊ သိလို့မဖြစ်ဘူး"

မာမီ အပြင်းအထန်ဆူပွက်ကာ ပျာယာခတ်သွား၏။

"ဒီနေ့ကစ သားဘယ်မှသွားစရာလိုဘူး၊ သားနဲ့ပယင်းကို မာမီ လုံးဝအလွဲမခံနိုင်ဘူးသား"

"မာမီ"

"သား မပြောနဲ့တော့၊ မာမီ မကြားချင်ဘူး"

ဒေါသကြောင့် တဆတ်ဆတ်တုန်ခါနေတဲ့ မာမို့မျက်နှာလေးက





တစ်ခုခုကို ပြတ်သားသလိုဖြစ်ပြီး

"ဒီမှာ သား ချယ်ဆီ ခြေလှမ်းတိုးမယ်ဆိုရင် မာမို့ကိုယ် မာမီ တစ်ခုခုလုပ်လိုက်မှာနော်"

ထို ခြိမ်းခြောက်မှုနဲ့ သူနှလုံးသားကို မာမီ ချုပ်ကိုင်ခဲ့တာ ချယ်နဲ့ ချစ်သူဖြစ်မှန်း သိတဲ့အချိန်ကတည်းက။ အခုလည်း ထိုခြိမ်းခြောက်မှု ကပ်ပါလာပြီး သူဘာယ်လို ရင်ဆိုင်ရမလဲ ချယ်ရယ်။

"အေး မာမီကို အဆုံးရှုံးမခံချင်ရင်တော့ သား ခြေလှမ်းတိုးဖို့ မစဉ်းစားနဲ့၊ မာမီက လုံးဝပဲသား၊ ပယင်းကလွဲပြီး မာမီ ဘယ်မိန်းကလေးကိုမှ လက်မခံဘူး၊ ဒါကြောင့် ပယင်းနဲ့သား မင်္ဂလာကိစ္စကို မာမီ စီစဉ်ရတော့မယ်"

မာမို့ကို မကျေနပ်တဲ့စိတ်က ဒီရေလို ရှုန်းကြွတိုးဝင်လာပေမယ့် တင်းတင်းစေ့ပိတ်ထားတဲ့ သူ့သွားတန်းတွေနောက်မှာ ပျောက်ဆုံးသွားစေခဲ့သည်က

"သား မာမီ တစ်ခုခုဖြစ်သွားစေချင်ရင် သား လုပ်ချင်ရာ လုပ်လိုက်လေ"

ဆိုတဲ့ စိန်ခေါ်စကားလုံးနောက်မှာ သူနှလုံးသားက ဖက်ပြိုင်အံတုမရဲအောင် တုန်လှုပ်ရပြီး ကံကြမ္မာ

"မာမီကတော့ မင်္ဂလာကိစ္စကို အမြန်ဆုံးစီစဉ်မယ်၊ မာမီကို မနှမျောရင် သား စိတ်ကြိုက်ဆုံးဖြတ်တော့၊ ဒါပဲ၊ မာမီပြောတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



မာမီအတွက်နောက် အပြိုင်မလိုက်ဝံ့တဲ့ သူ့စိတ်ကို မာမီ အောင့်ဖွဲ့ခံနေပြီထင်။ ပယင်းနဲ့ သူ့မင်္ဂလာကိစ္စ ဖန်တီးစီစဉ်နေတဲ့ မာမို့ပုံရိပ်ကို သူကြောက်ခွဲစွာ ကြည့်နေခြင်းဖြင့် ငြိမ်သက်နေခဲ့ရပြီလေ။

ပယင်း လက်ခံလာအောင် မာမီ မျက်နှာချို အမျိုးမျိုးသွေးနေပေမယ့် ပယင်းမျက်နှာက ကျောက်စိုင်ကျောက်ခဲလို မာကျစ်ကာ

"တန့်နဲ့ မင်္ဂလာဆောင်ဖို့ကိစ္စကို ပယင်း စိတ်မဝင်စားဘူး အန်တီ"

သူ့ လိုက်ခန် ဝမ်းသာသွားပေမယ့် မာမီ မယုံနိုင်အောင်ဖြစ်ကာ

"ဘယ်လို"

"မင်္ဂလာကိစ္စကို ခဏထားဦးအန်တီ"

"ဘာဖြစ်လို့"

"တန့်နောက်ကြောင်းရှင်းရဲ့လား"

"အလိုလေး"

"တန့်က ချယ်နဲ့ ချိန်းတွေ့တာ အန်တီရဲ့၊ ဟင့် ဟင့်"

"ဟင်"

ဒေါ်သီတာ ရင်ဘတ်ဖိကာ မျက်လုံးအပြူးသား ဖြစ်သွားသည်။

"ပယင်းကို ဘယ်သူပြောတာလဲ"

"တန့် ကိုယ်တိုင်ပြောတာ အန်တီ"





"ဟင်"

သက်တန့်ရဲ့ အတိတ်က နှလုံးသားစာမျက်နှာကို ဖုံးကွယ်ထားသည့် ဒေါ်သီတာ့ မျက်ဝန်းက ပယင်းရဲ့ စကားလုံးတွေကြောင့် ပို၍ ရိုကျယ်သွားလေ၏။

"မယုံနဲ့ သမီး၊ တန့်ပြောတာကို မယုံနဲ့"

"ဘာဖြစ်လို့လဲ အန်တီ"

"သားမှ ဘာချစ်သူမှမရှိဘူး၊ သား တမင်တကာ သမီး စိတ်အနှောင့်အယှက်ဖြစ်အောင် ပြောနေတာထင်တယ်၊ သမီး မယုံပါနဲ့ ကွယ်"

ဒေါ်သီတာ မျက်နှာပေးပြင်၍ ပယင်းလေး ယုံကြည်အောင် ထိတ်ထိတ်ပျာပျာ ပြောလိုက်သည်။ ပယင်း မျက်ဝန်းစူးစူးက ဒေါ်သီတာကို စောင်းခနဲကြည့်မိသည်။ ဒေါ်သီတာ မလုံမလဲဖြစ်ကာ

"သားက သမီးတစ်ယောက်တည်းကိုသာ စိတ်ဝင်စားတာပါ၊ အခုလည်း သားက သမီးနဲ့ လက်ထပ်ပါရစေလို့ ပြောတာနဲ့ သမီးနဲ့ အန်တီ လာဆွေးနွေးတာပါကွယ်"

"ဘယ်လို တန့်က မင်္ဂလာဆောင်ပါရစေတဲ့၊ ဟုတ်ရဲ့လား အန်တီ"

"ဟုတ်၊ ဟုတ်ပါတယ် သမီးရယ်"

ပယင်း နှာခေါင်းလေးတွန့်ကာ ဒေါ်သီတာထံမှ အကြည့်လွှဲ၍ ခနဲ့ပြုံးပြုံးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ပယင်း အန်တီကို နားမလည်တော့ဘူး"

ဒေါ်သီတာ မျက်စိမျက်နှာပျက်၏။ ပယင်း မျက်နှာလေးမော့၍ ဒေါ်သီတာကို ရင်ဆိုင်ကြည့်ပစ်သည်။

"ဒီမှာ အန်တီ၊ ပယင်းက ပယင်းဘဝထဲ ဝင်မယ့်ယောက်ျားဟာ နောက်ကြောင်းရှင်းဖို့လိုအပ်တယ်၊ တခြားမိန်းကလေးနဲ့ ဘယ်အတိုင်းအတာအထိ ပတ်သက်ထားမှန်းမသိတဲ့ တန့်ကို ပယင်း လေ့လာနေခဲ့တာကြာခဲ့ပြီ။ ခုမှ တန့်ဖြစ်စဉ်ကို ပယင်း သိခွင့်ရတာလေ၊ အဲဒါကို အန်တီက လိမ်ညာဖုံးကွယ်နေတာ ဘာသဘောလဲ အန်တီရယ်"

"ဘာကြောင့်မှ မဟုတ်ပါဘူးကွယ်၊ ဘာကြောင့်မှမဟုတ်ဘူး သားနဲ့ပတ်သက်ရင် အန်တီ အရမ်းစိုးရိမ်တယ်၊ သားနဲ့မထိုက်တန်တဲ့ မိန်းကလေးနဲ့ သားဘဝကို အနစ်မွန်းမခံနိုင်ဘူး သမီးရယ်"

"နေပါဦး အန်တီရဲ့၊ ချယ်က တန့်ဘဝကို နစ်မွန်းစေမယ့် မိန်းကလေးလား"

ဒေါ်သီတာမျက်နှာပေါ် တင်းမာမှုလေး ဖြန်းတက်သွားပြီး

"အန်တီ ချွေးမက ချယ်လိုမိန်းကလေးမဖြစ်ထိုက်ဘူး"

"ဘာဖြစ်လို့လဲ အန်တီ"

"ဒီအကြောင်းတွေ မမေးပါနဲ့၊ သားကို ရအောင် ခန့်ကိုတို့ သားအမိက ချယ်ဆိုတဲ့ မိန်းကလေးနဲ့ ထောင်ဖမ်းတာလေ"

"ဘာအထောက်အထားနဲ့ ထောင်ဖမ်းတယ်လို့ ပြောရတာလဲ"





"အိုး အရှင်းကြီးပဲလေ၊ သားကို သူတို့တိုက်ထဲခေါ်ထားရုံမက ခန့်ကို ကိုယ်တိုင်က ချယ်နဲ့သားကို ချိန်းတွေ့ပေးတာ ဒါကို အန်တီ သက်မခံနိုင်ဘူး၊ ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး"

ချယ်အပေါ် အထင်အမြင်သေးမှုနဲ့ ခါးခါးသီးသီး ဖြစ်နေတဲ့ ဒေါ်သီတာကို ပယင်း အထင်ကြီးလို့မရတော့။

"ဒါကြောင့် အန်တီသားဖြစ်စဉ်မှာ ချယ်ဆိုတဲ့ မိန်းကလေး ရှိမနေစေရဘူး။ အန်တီသားနဲ့ ပတ်သက်ရင် ပယင်းဟာ အန်တီ မက်မောသိုချင်တဲ့ ဂုဏ်ရည်တူ မိန်းကလေးပါကွယ်"

"ဟင်း ဟင်း ဒါဆိုတော့ စဉ်းစားစရာဖြစ်နေပြီ အန်တီ"

"ဘယ်လို"

မျက်နှာပေးလေး ဝင့်ခနဲပြောလိုက်တဲ့ ပယင်းကို ဒေါ်သီတာ အံ့ဩဘနန်း ကြည့်လိုက်သည်။ ဆိုဖာပေါ် ပေါင်ဆင့်နေတဲ့ ပယင်းက ခပ်ဖြေးဖြေးထကာ ဒေါ်သီတာထိုင်နေတဲ့ ဆိုဖာနောက်မှာ ခပ်မတ်မတ်လေး လက်ပိုက်ရပ်၍ ဒေါ်သီတာကို စောင့်ကြည့်ပြီး

"ချစ်ခင်နှစ်သက်မှုနဲ့ ပယင်းကို ချွေးမတော်ချင်တာမှ ဟုတ်ရဲ့လားလို့"

"ဟင်"

"ဟုတ်တယ်လေ အန်တီ၊ ပယင်းဟာ ချယ်လို ဘဝမျိုးဆိုရင် အန်တီစဉ်းစားမယ် မထင်ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သီတာ တစ်ကိုယ်လုံး ခြထိုးခံရသလို ခံရခက်သွားဧ။

"အဲဒါ ဘာဖြစ်လို့လဲဟင်"

ဒေါ်သီတာ မျက်နှာ ပူလောင်သွားသလို ခံစားလိုက်ရသည်။ ပယင်းကို အစစအရာရာ လိုချင်မက်မောစွာ လိုက်လျောခဲ့တဲ့ ဒေါ်သီတာ စိတ်ကို ပယင်း လှလှပပ တန်ပြန်ထိုးနှက်နေတာလား။ ဒေါ်သီတာ ပယင်းကို နားလည်လို့မရအောင် ရှုပ်ထွေးနောက်ကျိုလာသည်။

"အန်တီ ပြောကြည့်စမ်းပါ။ ပယင်းကိုတော့ အဖိုးတန် လက်ဆောင်တွေ ပစ်ပေးပြီး စည်းရုံးသိမ်းသွင်းခဲ့တယ်၊ တယုတယ ဆက်ဆံခဲ့တယ်၊ ချယ်ကိုတော့ ပယင်းနဲ့ ဆန့်ကျင်ဘက် ဆက်ဆံခဲ့တာ ဟာ ဘယ်နည်းနဲ့မှ အန်တီ စိတ်ဓာတ်ဟာ ပုံမှန်မဖြစ်နိုင်ဘူးလေ"

"တော်တော့ ပယင်း"

ခံပြင်းမှုကြောင့် ဒေါ်သီတာ အသားဆိုင်တုန်ခါလာသည်။ အုန်းခနဲ ထရပ်ပြီး ပယင်းနဲ့ ရင်ဆိုင်ရပ်ပစ်လိုက်သည်။ ဒေါ်သီတာ ဦးခေါင်းထက် ခရုခွံဆံထုံးမှာ အလှဆင်ထိုးစိုက်ထားတဲ့ စိန်ဆံထိုး ဗရမ်းဗတာ လှုပ်ခတ်သွားသည်။

ပယင်းကလည်း မခေါ ဒေါ်သီတာကို မာနနဲ့အပြိုင် ရင်ဆိုင်လျက်။

"ဘာလဲ အန်တီ၊ ပယင်းက အန်တီတို့ထက် ပိုင်ဆိုင်မှုရှိလို့ တန့်ကို ပိန်းတပြုပြု မျက်နှာချိုသွေးနေတဲ့ အန်တီ့စိတ်ဓာတ်ကို ပယင်း





ကြည့်မယ်လို့ထင်နေလား"

"ပယင်း"

"ပယင်း ကောင်းကောင်းသိသွားပြီ၊ အန်တီဟာ အခြေအနေမဲ့ းကလေးရဲ့ဘဝ ဆောက်တည်ရာမရဖြစ်အောင် နှိပ်ကွပ်ပြီး အခြေ နေကြီးတဲ့ မိန်းကလေးကို မျက်နှာသွေး ဖျားယောင်းတတ်တဲ့ ဖော်လံ း အတန်းစားထဲက မာယာများတဲ့ မိန်းမနဲ့ တူနေတယ်"

ဒေါ်သီတာ အသားစိုင်တွေ တဖျတ်ဖျတ်ခါနေသည်က ပွဲပြတ် လှမတတ်။

"ဟုတ်တယ် ဒေါ်သီတာ၊ ဒေါ်သီတာကို ဖြူဖြူစင်စင် မြင်မိလို့ းနဲ့ သက်တန့်ကိုစွက်ကို ထားတို့ဘက်က သဘောထားကြီးကြီးနဲ့ လက်ခံ ား၊ ထားတို့ရဲ့ ဂုဏ်ပကာသနကို ချိုင်ချင်လို့ အယောင်ဆောင် လာ ခံနေတာကို ထားတို့ လက်ခံမှာမဟုတ်ဘူးနော်"

အပေါ်ထပ်က ဆင်းလာတဲ့ ဒေါ်ထားထားဆွေက လှေကား ယ်မှာရပ်ကာ စတီးလက်တန်းမှာ လက်ကလေးတစ်ဖက်တင်ရင်း လိုက်သည့်အခါ ဒေါ်သီတာ ပါးစပ်အဖွင့်သားနှင့် မော့ကြည့်လျက် း ဖြစ်သွားသည်။

ဆံပင်အလိပ်ကောက် တိုတိုလေးနှင့် ကုတ်ပုံအကျီနှင့် ဒူးဖုံး တ် ကိုယ်ကြပ်တွဲထားတဲ့ အနီရောင်ဖက်ရှင်ကို ခေတ်ရှေ့ပြေးစွာ င်ဆင်ထားသည့် ဒေါ်ထားထားဆွေက ကိုးရိုးယားမင်းသမီးပြီးရဲ့

www.burmeseclassic.com

www.burmeseclassic.com



မာနစတိုင်မျိုးနဲ့ လည်တိုင်လေးပင့်ဆိုတာက ဒေါ်သီတာကို ငေးမော သွားစေတာ အမှန်။

"သီတာသား သက်တန့်ရောင်က ထားတို့မက်လောက်တဲ့ သားမက်အတန်းစားထဲက မဟုတ်ဘူး"

ဒေါ်သီတာ ရင်ထဲက ခံပြင်းမှုက မျက်ရည်ပင်ကျလုလုဖြစ်ခဲ့ လာသည်။

လက်ကိုင်အိတ် အဖြူရောင်ကို လက်ကောက်ဝတ်မှာ ဟန်ပါ ချိတ်ပြီး ဟီးလ်ဖိနပ်သံက တောက်တောက်မြည်အောင် လှေကားထစ် တွေကို ဖြတ်နင်းဆင်းလာတဲ့ ထားခြေလှမ်းက ဒေါ်သီတာရှေ့မှာ ဖျတ်ခနဲ ရပ်သွား၏။

ဒေါ်သီတာစိတ်က စိန်တောင်ကြီးရှေ့ရောက်နေတဲ့ စိန်ပွင့်ငယ် သိမ်ငယ်သလို ခံစားလိုက်ရသည်။

ထားလည်တိုင်မှာ ဆွဲထားတဲ့ တစ်ကုံးတည်းသော စိန်စီဆွဲကြိုး ရှည်က ဝင်းခနဲ လက်ဖြာနေသည်က ဒေါ်သီတာရဲ့ ဂုဏ်ပကာသန ပိုလွှမ်းသွားသယောင်။ ထားစကားလုံးတွေက ဒေါ်သီတာရင်ကို လာစိုက် သလို နာကျင်ဖွယ်ကောင်းလှသည်။

"ထားသမီးအတွက် သက်တန့်ထက် အဆပေါင်းများစွာသာ တဲ့ သားမက်မျိုးကို ရှာထားပြီးပြီလေ။

သက်တန့်လို အသေးစားစက်ရုံတစ်ခုလောက်ပိုင်တဲ့ သားမက်





ကို ထားတို့အသိုင်းအဝိုင်းထဲ ချပြလိုက်ရင် ထားတို့ သိက္ခာမဲ့သွားပြီ ပါ ဒေါ်သီတာရယ်။ ဟင့် ဟင့်။

ဝမ်းနည်းပါတယ် ဒေါ်သီတာရယ်။ ဒေါ်သီတာလို အဆင့် တန်းက ထားတို့ လှီးဖြတ်ပစ်လိုက်တဲ့ လက်သည်းခွံလောက်ပဲ ရှိတယ် ဆိုတာ မမေ့ပါနဲ့။

နောက်တစ်ခါ ထားသမီးနဲ့ မင်္ဂလာကိစ္စ ဆွေးနွေးဖို့ မလာပါ နဲ့ အဲဒီကိစ္စကို မဆွေးနွေးချင်လို့ ထား ရှောင်နေခဲ့တာ ဒေါ်သီတာက လည်းဘဲ ရှေ့တိုးလာတော့လည်း ထားတို့သဘောထားကို ထုတ်ပြရ တာပေါ့၊ ဟင့် ဟင့်"

"ကဲ အန်တီပြန်ပါတော့"

ဒေါ်သီတာ ကိုယ်လုံး ဓာတ်လိုက်ခံရသလို တွန့်ခနဲ လှုန့်ခနဲ ဖြစ်သွား၏။

"အန်တီစိတ်ဓာတ်ကို ပယင်းတို့မိသားစု သိသွားပြီ၊ ဒါကြောင့် နာချို မသွေးနဲ့တော့"

"လာရာလမ်းက ခပ်မြန်မြန်ကြွပေတော့ ဒေါ်သီတာရယ်"

ပယင်းတို့သားအမိနှစ်ယောက်ရဲ့ စကားလုံး ဓားသွားတွေ အောက်မှာ ဒေါ်သီတာ မျက်ရည်ထိန်းထားမနိုင်တော့။ မျက်ရည် တစ်ပေါက် ဖြိုင်ခနဲကျသွား၏။

"အခြေအနေမဲ့ မိန်းကလေးတစ်ယောက်ကို ရက်စက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေမြင့် ပယင်းကို ချိုင်ယူဖို့ ကြိုးစားရဲတဲ့ အန်တီ့စိတ်ဓာတ် အစုတ်အပြတ်ကို ပယင်းတို့က စင်ပေါ်တင်ပြီး ပူဇော်ရမတဲ့လား၊ ဟွန်း တစ်လောကလုံးကို ဟိုးအဝေးလွင့်ကျသွားအောင် ခြေနဲ့ ကန်ထုတ်လိုက် ရုံပဲ အန်တီ၊ ဟင့် ဟင့်''

ပယင်း၏ စကားသွားထက်ထက်က ဒေါ်သီတာ အသည်းနှလုံး ကို ပါးပါးလေး လှီးဖြတ်နေတာလားကွယ်။

စဉ်းစားလိုက်တိုင်း အသည်းထဲ ထိုးဆောင့်လာတဲ့ ထိုစကား လုံးတွေကြောင့် ဒေါ်သီတာ ဖျတ်ဖျတ်လူး နာကျင်ကာ မျက်ရည်ပေါက် ကြီးငယ် ယိုကျလာသည်။

"ရှက်ဖို့ကောင်းတယ်ကွာ၊ သိမ်ငယ်ဖို့ကောင်းတယ် သီတာ ရယ်"

ခင်ပွန်းသည်က အရှက်သည်းစွာ မခံမရပ်နိုင် ပြောကာ ဒေါ် တဖွားဖွားထွက်နေသည်ကို ဒေါ်သီတာ ပြန်မချေပနိုင်ရှာ။ ထိုစိတ် ခံပြင်းကာ ဒေါ်သီတာ အိပ်ရာထဲ လဲသည်အထိ ဖြစ်သွား၏။

မာမီ့အတွက် သူ စိတ်မချမ်းမသာဖြစ်ရပေမယ့် မာမီ့စိတ် ကျေနပ်အောင် ဖြေသိမ့်ပေးနိုင်တဲ့ စကားလုံးတွေ သူ့ထံမှာမရှိသ ခံစားလိုက်ရသည်။

ပယင်းက မာမီ့စိတ်ဓာတ်ကို အလဲထိုးနိုင်သည်သာမက သူ့ အတ္တတွေ့ သုတ်လိမ်းပစ်ခဲ့တာ သူ့ရင်မှာ အစဉ်မျက်ရှုစေခဲ့သည်။

"ဒီမှာ တန့် ပယင်း ခါပစ်လိုက်တယ်ဆိုပြီး ချယ်ကို လွတ်



ာ ပိုးပန်းခွင့်ရမယ်လို့ မထင်လိုက်နဲ့ သက်တန့်ရောင်၊ ချယ်ဆိုတာ ယင်းလက်ထဲက ပြေးမလွတ်တဲ့ မိန်းကလေးဆိုတာ ရှင်ကောင်းကောင်း သွားစေရမယ်၊ အဟွန်း''

ကာလာချယ် နှုတ်ခမ်းကြားက လိမ့်ထွက်လာတဲ့ ပယင်းအတ္တ သူ့ရင်မှာ စူးခနဲဖြစ်ကာ

"ဒီမှာပယင်း ပယင်းနဲ့ ပတ်သက်တဲ့ကိစ္စကို ပယင်းစိတ်ကြိုက် င်လို့ရမယ်၊ ကိုယ်နဲ့ချယ်ကြားမှာ သွေးထိုးနေစရာမလိုဘူး''

"သွေးထိုးတယ်ထင်ချင် ထင်လိုက်လေ၊ ရှင်ဘယ်တော့မှ ယ်ကိုရမှာမဟုတ်ဘူး သိရဲ့လား''

အပြာရောင် မျက်မှန်လေးကို ဟန်ပါပါ တပ်ရင်းပြောလိုက်တဲ့ င်းကို သူ ဒေါသတကြီး စိုက်ကြည့်မိ၏။

"မယုံရင် စောင့်ကြည့်လိုက်''

စိန်ခေါ်သလို ပြောပြီး ကားကို လျှောခနဲမောင်းထွက်သွားတဲ့ င်းကားနောက်ပိုင်းကို အုတ်နီခဲကျိုးနဲ့ ကောက်ထုလိုက်ချင်သည်။

ပယင်းဆိုတဲ့ မိန်းကလေးဟာ သူ့တဝနဲ့ နှလုံးသားကို မွှေနှောက် နိုင်စွမ်းရှိတဲ့ အတ္တရှင်လား။ ဟင့်အင်း မဟုတ်ရဘူး။

ကိုယ့်ချစ်သူကိုရဖို့ ကိုယ် အစဉ်ကြိုးစားခဲ့တာပဲ၊ မာမီ အတ္တ ကြောင့် ရှောင်ခွာနေတဲ့ ချယ်ကို မောင် ကြိုးစားခွင့်ရှိတယ်လေ၊ ချယ် ခြင်း မောင့်ထံ စီးမျောလာဖို့ မောင် အစွမ်းကုန် ကြိုးစားပါမယ်



www.burmeseclassic.com

www.burmeseclassic.com



ချစ်ရယ်။

မောင်နဲ့ချယ် ချစ်ခြင်းမှာ ပယင်းက လုံးဝမသက်ဆိုင်ဘဲ မိန်းကလေး ဟုတ်တယ်နော်။

✠ ✠ ✠



## အခန်း (၂၂)

ချယ်ကို သူ ရှာမတွေ့တော့။ ချယ် ရှောင်ပုန်းနေတာလား။ ပယင်း ပယောဂကြောင့် ရှာမရတာလား။ သူ ဝေခွဲရခက်လာသည်။ ချယ်နဲ့သူ့ကို ဆက်ပေးနိုင်တဲ့ တစ်ယောက်သောသူက ရန့်ဦး။ ရန့်ဦးရှေ့ သူရောက်ရပြီး

"ချယ်ကော"

"အဲဒီနေ့ကတည်းက ချယ် ထွက်သွားတာ"

"ဟင် ဘယ်ကိုထွက်သွားတာလဲ"

"ရန့်ကို ပြောမသွားဘူး"

"ရန့်ဘာဖြစ်လို့ ကိုယ့်ကို သတင်းမပေးတာလဲကွာ၊ ခုတော့"

ရန့်ကို ဆူဆောင့်ဆောင့်လေး ပြောမိပြီးမှ သူ အားနာသွားသည်။

"ဆောရီး ရန့်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် သက်တန့်ရယ်"

ရန့်က စိတ်ဆိုးလွယ်တတ်သူ မဟုတ်ပါ။ ခံစားချက် ညီမျှတဲ့ချင်းကို တွေ့ဆုံခွင့်ပေးချင်သည်။

တွေ့ဆုံပေးချင်လို့လည်း ချယ်ရှိတဲ့နေရာကို တစ်ကြိမ် ညွှန်းပြီးပြီ။ ထိုတစ်ကြိမ်တည်းနဲ့ ပြဿနာ ရှုပ်ကုန်တယ်လေ။

ချယ်နဲ့သက်တန့် တွေ့ကြတာကို သက်တန့်မာမီ သိသွား၏။

သိသွားလို့ သက်တန့်နဲ့ ပယင်း မင်္ဂလာဆောင်ဖို့ စီစဉ်ကာမှ ပယင်းက တိုက်ကြက်ကောင်းလို ခွပ်လိုက်တာ မာနခဲကြီး ဒေါ်သီတာ မျက်ရည်ပေါက်ပေါက် ကျသည်အထိ။

ချယ်က ကြောက်စိတ်ကလေးနဲ့ ရှောင်ထွက်သွားတာ ရန့်ကို သဲလွန်စပေးမသွားခဲ့။ ချယ် သဲလွန်စမရတော့ သက်တန့်က ဆွလောင်ပွက်ထလျက်

"ချယ် ဘယ်သွားမယ်လို့ ပြောမသွားတာအမှန်ပဲ သက်တန့်ဒါပေမယ့် ထူးခြားတာတစ်ခုရှိတယ်"

သက်တန့် လှည့်ထွက်ဟန်ပြင်ပြီးမှ ခြေလှမ်းရပ်ပစ်ကာ ရန့်ကိုကြည့်သည်။ ရန့်က ပခုံးတိုက်ဆံပင်လေးကို တစ်ချက်သသည်။

"ဘာထူးခြားတာလဲ ရန့်"

"ချယ်ရဲ့ Green House ကော်ဖီဆိုင်ကို ပယင်းပိုင်သွားသတဲ့"

"ဘယ်လို"





"ဟုတ်တယ် ရန့်၊ အဲဒါကို အံ့သြနေတာ၊ ပြီးတော့ ချယ်ဘယ်သွားမယ်လို့ ရန့်ကို အသိပေးမသွားတာက ပယင်းနဲ့ ပတ်သက်ယ် သက်တန့်"

ရန့်တွေးဆချက်က သူ့ရင်ကို လှိုင်းပုတ်သလို မငြိမ်မသက်ဖြစ်သွား၏။ စိတ်ကပဲဖြေဖြေ ဆေးလိမ်းထားတဲ့ ရန့်မျက်နှာလှလှကနဲ့သိထားတဲ့ အဖြစ်အပျက်လေးကို ဖုံးဖိထိန်ချန်ထားဖို့ စိတ်ကူးမရှိစွာကတတိရိုးစင်းကာ

"ရန့် ဘယ်လိုထင်လဲ ပြောပါဦး"

"ကောလဟာလကြားတာတော့ ချယ်ကို ကိုခန့်နဲ့ အန်တီစိန်ခေါ်သွားသတဲ့၊ ကိုခန့်တို့ ခေါ်သွားအောင် ပယင်း သတင်းပေးတာလေ"

"ပယင်းက"

"ဟုတ်တယ် ပယင်းနဲ့ချယ်က ငယ်သူငယ်ချင်းတဲ့၊ ပယင်းနဲ့ကိုခန့်ကိုက မောင်နှမတဲ့"

"မဖြစ်နိုင်တာ"

ခန့်ကိုက တစ်ဦးတည်းသောသား။

"ဖြစ်နိုင် မဖြစ်နိုင်တော့ ရန့်မသိဘူး ချယ်က ပယင်းလက်ထဲမှာ ငြိနေတာဖြစ်နိုင်တယ်၊ ရန့် အဲလိုပဲ ယူဆတယ်"

ရန့်ယူဆချက်က ချယ်ကို တွေ့နိုင်ဖို့ သဲလွန်စဆိုရင် အဲဒီသဲလွန်စနောက်ကို သူလိုက်ရမှာပေါ့၊ ဟုတ်တယ် ချယ်ကို တွေ့ခွင့်ရဖို့



www.burmeseclassic.com

www.burmeseclassic.com



ပယင်းနဲ့ ရင်ဆိုင်ရှိပေါ့။

"ချယ် ဘယ်မှာလဲ ဟုတ်လားသက်တန့်"

ပယင်း ပခုံးလေးတွန့်ကာ မခိုးမခန့်ရယ်သည်။

"စိတ်ကူးမယဉ်နဲ့ သက်တန့်ရောင်၊ ဟင်း ဟင်း"

သရော်လှောင်ပြောင်သလို ရယ်၍ သူ့ကို ရိတိတိပြောတဲ့ ပယင်းကို သူစိတ်မရှည်ချင်တော့။

"ကိုယ်တို့စိတ်ကူးယဉ်ခဲ့တာ မဟုတ်ဘူး။ ပယင်း တကယ်ချစ်ခဲ့တာ"

"လမ်းလည်ခေါင်မှာရပ်ပြီး တစ်လောကလုံး ကြားသွားအောင် အော်ဟစ်လိုက်စမ်းပါ သက်တန့်ရောင်"

"နေပါဦး ချယ်နဲ့ ကိုယ့်ကြားမှာ ပယင်း စွက်ဖက်ခွင့်မရှိဘူး"

"စွက်ဖက်တာမဟုတ်ဘူး သက်တန့်၊ ပကာသနမက်တဲ့ ရှင့်မိခင်နဲ့ ရှင့်နှလုံးသားကို ဖျစ်ညှစ်ဆုပ်ကိုင်ချင်တာ နားလည်လား။ အဲဒီအတွက် ကိုယ့်မာမီကို ပယင်း အလဲထိုးခွပ်လဲပြီးပဲ"

"ဒီတစ်ကြိမ် သက်တန့်အလှည့်လေ၊ ဟင်း ဟင်း"

နေကြာစေ့တစ်လုံးကို ရွှေ့သွားနှစ်ချောင်းနဲ့ ကိုက်ခွဲရင်း မထီတရိပြောလိုက်တဲ့ ပယင်း အမူအရာက သူ့ဒေါသကို ပြုံ့ထွက်စရာဖြစ်စေသည်။

"ပယင်းကို ကိုယ်မချစ်တာနဲ့ ချယ်ကို ပစ်မှတ်ထားလို့မရဘူး





ပယင်း"

"ဟင်း ဟင်း သက်တန့်၊ သက်တန့်မှမချစ်ရင် ပယင်း မစားနိုင်မအိပ်နိုင်ဖြစ်ပြီး သေသွားမယ်လို့ ယူဆထားတာကိုး၊ ဟွန်း"

ပယင်း နှုတ်ခမ်းပါးကို မဲ့ရွဲ့ပစ်ကာ ဖျတ်ခနဲထရပ်၍ သူ့ကို မာန်ဝင့်ရင်ဆိုင်စိုက်ကြည့်သည်။

"သက်တန့်မာမီရဲ့ အဆမတန် လိုက်လျောမှုကို အားနာလို့ စေ့စပ်တာလက်ခံခဲ့တာ၊ အစကတည်းက ဒီလို ပကာသနမက်တဲ့ မိန်းမကြီးမှန်းသိရင် ခါချပစ်ခဲ့တာကြာလှပေါ့"

"အခုလည်း ပယင်း ခါချပြီးပဲ၊ ဘာဖြစ်လို့ ချယ်နဲ့ကိုယ့်ကြားဟန့်တာလဲ၊ ချယ်ကို တစ်ခုခုနဲ့ ချည်နှောင်ထိန်းချုပ်လို့မရဘူး။ ကိုယ်လုံးဝ သည်းမခံဘူး"

"သည်းမခံရင် ဘာလုပ်ချင်လဲ၊ လုပ်ချင်ရာလုပ်လိုက်လေ"

ပခုံးချင်းယှဉ်ပြောလာတဲ့ ပယင်းကို သူလုံးဝ သည်းမခံချင်တော့။

"ချယ် ဘယ်မှာလဲပြော"

"သိပ်သိချင်လား"

"သိချင်တယ်၊ ကိုယ်ချစ်သူကို ကိုယ်မြင်ချင်တယ်"

"မြင်ချင်ရင် ကြည့်လိုက်လေ"

ပယင်း မျက်စလေးနဲ့ ညွှန်တဲ့ဆီကို သူလှမ်းကြည့်လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်ဝန်းပြာမှောင်ကကာ မယုံနိုင်လောက်အောင် ဖြစ်သွား၏။

ချယ်နဲ့ခန့်ကို ရှက်ကျပန်းချုံ့သော ခုံတန်းမှာ ထိုင်နေတဲ့ ခန့်ကို ပခုံးပေါ် ချယ်ခေါင်းလေးမှီကာ ခန့်ကိုက ချယ်ပခုံးပေါ် လက်တစ်ဖက် တင်လျက် ခန့်ကိုခေါင်းက ခန့်ကိုပခုံးပေါ် မှေးမှီနေတဲ့ ချယ်ခေါင်းပေါ်မှာ သူ့ကို ကျောခိုင်းအနေအထားလို ဖြစ်နေတဲ့ ခန့်တို့နဲ့ ချယ်က သူ့ကို မမြင်လို့လား၊ ဒါမှမဟုတ် တမင်အရွဲ့တိုက်နေတာလား။

ဟင့်အင်း အရွဲ့မတိုက်ပါနဲ့။ သူ့ ခြေလှမ်းဆက်ခနဲလှမ်းတော့ ပယင်း သူ့ရှေ့က ပိတ်ရပ်လိုက်၏။

"မနှောင့်ယှက်နဲ့ သက်တန့်ရယ်"

သူ့ အံတင်းတင်းဖိကြိတ်၍ ပယင်းကို စိမ်းစိမ်းကြီး စိုက်ကြည့်သည်။

"ကိုယ့်ကို အနိုင်ယူဖို့ ကိုယ့်ချစ်သူကို ဖျက်ဆီးပစ်ဖို့ ကြိုးစားနေတာလား ပယင်း"

"သက်တန့် အဲသလို ထင်တာလား"

"မဟုတ်လို့လား"

"ဟုတ်တယ်ဆိုရင်တောင် ရှင့်မာမီနဲ့ ရှင့်စိတ်ဓာတ်လောက် အောက်တန်းမကျဘူး"

"ဘာ"

သူ့တစ်ကိုယ်လုံး ဒေါသကြောင့် ညို့မောင်းတုန်ခါသွားသည်။





"ဟုတ်တယ်လေ၊ ရှင့်မာမီကြောင့် ရိုးသားဖြူစင်တဲ့ ချယ်က မျက်ရည်ပေါက်ပေါက်ကျပြီး ပတ်ဝန်းကျင် အသိုင်းအဝိုင်းကြားက ပြေးထွက်ခဲ့ရတယ်"

"ရှင်ကရော ရှင့်ချစ်သူဖြစ်တဲ့ ချယ်ကို ဘာတစ်ခု အကာအကွယ်ပေးနိုင်ခဲ့လို့လဲ၊ ရှင့်မာမီရဲ့ လက်ညှိုးကြောင့် ကျခဲ့တဲ့ ချယ်မျက်ရည်ကို ရှင် နှစ်သိမ့်ပေးဖူးလို့လား သက်တန့်ရောင်"

မျက်လုံးလှလှလေး လှည့်ပတ်ကာစားရင်း အေးတိအေးစက် မေးလိုက်တဲ့ ပယင်းစကားလုံးက ဘူရင်အုံကို ပိဿာလေးနဲ့ ထုနေသလို ဖျပ်ဖျပ်လူး လူးခါသွား၏။ ချယ်ကို ဆုပ်ကိုင်ပြီး သူ့ကို တန်ပြန်နှိပ်စက်နေတာလား။

ပယင်းစိတ်ကို သူနားမလည်နိုင်တော့၊ စူးစိုက်ကြည့်လာတဲ့ ပယင်း မျက်ဝန်းစိမ်းကြောင့် ချယ်ဆီ လှမ်းသွားချင်တဲ့ သူ့ခြေလှမ်းက ကြိုးချည်ခံရသလို တုံ့ဆိုင်းရပ်တန့်သွား၏။

"ဒီမှာ သက်တန့် အဲဒီအချိန်တုန်းက ပယင်း ရှိမနေလို့ ချယ်နဲ့ရှင် ချစ်သူဖြစ်ခွင့်ရသွားတာ ပယင်းသာရှိနေရင် အဲဒီအချိန်ကတည်းက ရှင့်မာမီမျက်နှာ မြောင်းပုတ်ထဲထိုးကျသွားအောင် ပယင်း ထုပ်ပစ်လိုက်မှာ နားလည်လား"

သူ့ခြေထောက်က မတ်မတ်ရပ်မရသလို တုန်ခါလာသည်။

"ခန့်ကို ဆိုတာ တခြားမဟုတ်ဘူး ပယင်းရဲ့အစ်ကိုရင်း၊ ကိုခန့်



www.burmeseclassic.com

www.burmeseclassic.com



မွေးစအရွယ်ကတည်းက အန်တီစိန့်လက်ထဲမှာ ကြီးခဲ့တာ၊ အန်တီစိန့်ကို အမေရင်းလို့ ချစ်ခဲ့တာ၊ အဲဒါကြောင့် အန်တီစိန့်နဲ့ ကိုခန့်ကို ပယင်းမိဘက မခွဲဘဲထားခဲ့တာ"

"ဟုတ်ရဲ့လား၊ ဒီအကြောင်းတွေကို ခန့်ကို ဘာကြောင့်မပြောခဲ့တာလဲ"

"ချယ်ကို သေးခြာကလူတွေ အနိုင်ကျင့်နေတာကို ကိုခန့် သနားနေတာသိလို့ အန်တီစိန့် စောင့်ရှောက်ပြီး ချယ်ကို မွေးစားတဲ့အထိ ဖြစ်ခဲ့တာ ပယင်းလည်း ချယ်ကို ချစ်ခဲ့တယ်၊ ငဲ့ညှာခဲ့တယ်၊ ကိုခန့်က ပယင်းထက် ချယ်ကို ပိုငဲ့ညှာခဲ့တယ်၊ ချယ်ကို ဖိဟောက်သလို ပြောဆိုဆက်ဆံနေပေမယ့် ကိုခန့်စိတ်မှာ ချယ်ကို နေရာအပြည့်အဝပေးခဲ့တယ်၊ ပယင်းတို့မိသားစု နိုင်ငံခြားထွက်ဖို့ စီစဉ်တာတောင် ကိုခန့်က ချယ်ကို မခွဲနိုင်လို့ နေရစ်ခဲ့တာလေ၊ ပယင်း ဒေါသဖြစ်ပြီး ကိုခန့်ကို အဆက်ဖြတ်ခဲ့တာ၊ အဲဒါကြောင့် ချယ်နဲ့ အဆက်အသွယ် မဖြစ်ခဲ့တာ"

"ပယင်းတို့ နိုင်ငံခြားက ပြန်လာတော့ ရှင့်မိဘကြောင့် ချယ် ခြေရာပျောက်သွားမှန်း သိလိုက်ရတာ၊ ရှင် ကံဆိုးချင်တော့ ရှင့်မာမီက တစ်ဆင့် ရှင်နဲ့ကြုံတွေ့ရာက ချယ် သဲလွန်စကို ပြန်ရခဲ့တာလေ"

အောင့်အီးမျိုသိပ်ထားတဲ့ ခံပြင်းမှုတွေက ပယင်းနှုတ်မှ ဒလဟော ပြုံကျလာသည်။

"ချယ်ကို လက်ညှိုးထိုးခဲ့တဲ့ ရှင့်မာမီရဲ့အတွက် ချယ်ကို အကာ





အကွယ်မပေးနိုင်တဲ့ ရှင့်နှလုံးသားကို ပယင်း လက်တုံ့ပြန်ခွင့်ရပြီလေ၊ အခုဆို ချယ်ဘယ်လောက်ကံကောင်းသလဲ၊ ချယ်ကို ငယ်ငယ်ကတည်းက တွယ်ငြိမြတ်နိုးနေတဲ့ ကိုခန့်ရင်ခွင်မှာ ချယ် နှလုံးသား နားခိုခွင့်ရတာလေ"

သူ့နှလုံးသားက မီးမြိုက်ခံရသလို ပူလောင်ကျွမ်းရှလာသည်။

"ရှင်ဘာတွေ ဆွေ့ဆွေ့ခုန်ပြနေစရာမလိုဘူး၊ ချစ်သူပါလို့ တကြော်ကြော်အော်ပြနေလို့ သနားနေမှာမဟုတ်ဘူး၊ မိန်းကလေးတစ်ယောက်ကို ချစ်သူတော်ပြီး အကာအကွယ်မပေးနိုင်တဲ့ အတ္တသမားကို ပယင်းက အသိအမှတ်ပြုပေးရမလား၊ ဟင်း ဟင်း ဝမ်းနည်းတယ် သက်တန့်ရောင်"

သူ့ကိုလှည့်ပတ်၍ ပျစ်ပျစ်နှစ်နှစ် ပြောချလိုက်တဲ့ ပယင်းစကားလုံးတွေက သူ့နှလုံးသားကို ခြောက်ခန်းသွားစေသည်။

"ရော့ ဟောဒီမှာ"

သူ့ရင်ဘတ်ထဲ ပစ်ထည့်ပေးသည့် ဖိတ်စာဖြူဖြူတစ်ခု။

"အဲဒီဖိတ်စာကို ဖတ်ကြည့်လိုက်"

ဘယ်အချိန်ကတည်းက ပြည့်အိုင်နေမှန်းမသိတဲ့ မျက်ရည်ကြောင့် သူ့မျက်ဝန်းမှာ ငွေရောင်စာလုံးတွေက ဝေဝါးနေသည်။

"ချယ်ဘဝကို မာမီတို့က အသိုင်းအဝိုင်းထဲ ချပြရဲတယ်၊ ချယ်ပြစ်မှုကို မာမီတို့မြတ်နိုးတယ်၊ ကိုခန့်ချစ်တဲ့ ချယ်ကို မာမီတို့ ငဲ့လား



www.burmeseclassic.com

www.burmeseclassic.com



စုံမက်တယ်၊ ဒါကြောင့် မာမီတို့က ကိုခန့်နဲ့ချယ်ကို ကြီးကြီးကျယ်ကျယ် စေ့စပ်ပေးတော့မှာ"

"ရှင်စိတ်ဝင်စားရင် လာခဲ့ပေါ့ သက်တန့်ရယ်၊ စေ့စပ်ပွဲက လာမယ့်ဆန်းဒေးလေ"

သူ့နှုတ်ခမ်းလွှာကို သူ ဖိကိုက်ထားမိတာ ပြတ်သွားပြီထင်ရဲ့၊ သွေးစိမ်းတချို့ ဆူထွက်လာသည်။ တဒိုင်းဒိုင်း ဆောင့်ဝင်လာတဲ့ ပယင်းစကားသံနောက်မှာ သူ ဆောက်တည်ရာမရဖြစ်ကာ တစ်စုံတစ်ရာကို သည်းကြီးမည်းကြီး ဆုပ်ခြေပစ်လျက်သား ဖြစ်သွား၏။ သူ့ရှေ့မှာ ဖိတ်စာက မွမွကြေပြန့်ကြဲလျက်။

ချယ်ရယ်

မောင့်နှလုံးသားကို ဒီနည်းနဲ့ လက်စားချေနေတာလား။

ဟင့်အင်း။

မောင် ရှင်းပြခွင့်ရချင်တယ်။

ခန့်ကို သူငယ်ချင်းအချင်းချင်း ဒီလို မရက်စက်စမ်းနဲ့ကွ။

✠ ✠ ✠



## အခန်း (၂၃)

"ဝမ်းမနည်းပါနဲ့ ချယ်ရယ်"

ဖြေသိမ့်ပေးတဲ့ ပယင်းအသံလေးက ချယ်ရင်ကို ပို၍ဝမ်းနည်းသလို ဖြစ်လာသည်။ ထိန်းထားတဲ့ကြားမှ မျက်ရည်စီးကြောင်းဖြာကျတာ တစ်ချက်ရှိုက်လိုက်သည်။

"ချယ်ရယ် ဝမ်းနည်းစရာမှ မဟုတ်တာကွယ်"

ပါးပြင်ဖွေးဥဥလေးထက်မှ ချယ် မျက်ရည်စလေးကို ပယင်းလက်ချောင်းလေးနဲ့ တယုတယသုတ်လိုက်သည်။

"ကိုခန့်က ချယ်ကို ယေယေကတည်းက ချစ်ရှာတာလေ၊ ခုဆို ကိုခန့်က ချယ်ကို အရင်လိုမဆူတော့ဘူး မဟုတ်လား ချယ်ရယ်"

ပယင်း ကျေနပ်အောင် ချယ် ခေါင်းလေးညိတ်လိုက်ရသည်။ ဘာကယ်လည်း ကိုခန့်စိတ်က အပြောင်းလဲချည်း ပြောင်းလဲသွားတာ ချယ် အံ့ဩရသည်အထိ။



www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်ကဆို ချယ်ကို မျက်နှာသာမပေးတတ် ခပ်ဟောက် ဟောက်ပုံစံလေး ဆက်ဆံကာ ချယ် ခေါင်းငုံ့ရင်တောင် ဘဝင်မကျ တတ်ပေမယ့် ခုတော့။

ချယ်ကို တသသဖြစ်ကာ မြတ်မြတ်နိုးနိုး ဆက်ဆံလာသည်က ချယ် အနေခက်သည်အထိ။

"ချယ် ဝမ်းနည်းနေရင် ကိုခန့် ဘယ်စိတ်ကောင်းမလဲကွယ်"

ချယ် မရှိုက်မိအောင် ထိန်းလိုက်ရသည်။

"ချယ် ဘယ်လောက်ကံကောင်းသလဲ၊ ချယ်ကို လက်ညှိုး ငေါက်ငေါက်ထိုးတဲ့ ဒေါ်သီတာရှေ့မှာ ချယ် သိမ်ငယ်နေစရာ မလိုတော့ ဘူး၊ လက်မထောင်ပြီး မာန်ဝင့်နေလို့ရတယ်လေ"

"ဟုတ်၊ ဟုတ်တာပေါ့"

အလိုက်သင့်ထောက်ခံမိတဲ့ ချယ်အသံက ရှိုက်သံလေး နှောနေ သေးသည်။

"ချယ် ဘဝအတွက် အချစ်ကလွဲပြီး ဘာတစ်ခုမှ အကာ အကွယ်မပေးနိုင်တဲ့ သက်တန့်အတွက် ကြေကွဲနေရင် ချယ်ပိုပြီး စိတ်ဆင်း ရဲ... ချမ်းမသာဖြစ်ရမယ်လေ၊ ပြီးခဲ့တာတွေကို တွေးမနေပါနဲ့ ချယ်ရယ်"

ချယ်ကို အားပေးနှစ်သိမ့်တတ်တဲ့ ပယင်းက ခုချိန်မှာ ပို၍ငယ် ကရုဏာသက်ဝင် နှစ်သိမ့်ပေးတာကို ချယ် လျစ်လျူရှုလို့ရမလားကွယ်။

"ဖြစ်စဉ်အားလုံးအတွက် ချယ် ဝမ်းနည်းပြီး ငိုကြွေးနေရင်





ကိုခန့် စိတ်မချမ်းမသာ ဖြစ်မှာပေါ့၊ ပြီးတော့ အန်တီစိန် ပိုပြီးဝမ်းနည်း နေမှာလေ၊ အန်တီစိန်က ကိုခန့်ထက်တောင် ချယ်ကို ပိုချစ်တာလေ"

"အင်း ချယ်၊ ချယ် နားလည်ပါတယ်ကွယ်"

ဝမ်းနည်းခြင်းတွေ ယိုစီးမလာအောင် ချယ်စိတ်ကို ချယ် င်းပစ်ရပြီကွယ်။ မျက်ရည်စတွေ အကုန်အစင်သုတ်၍ ရှိုက်သံတွေ မျိုချပစ်နေသည့် ယောက်မချောကို တစိမ့်စိမ့်ကြည့်ရင်း ပို၍ ချစ်စိတ် ဝင်လာသည်။

"အဲဒါဆိုရင် ချယ် လုံးဝဝမ်းမနည်းမိစေနဲ့နော်"

"အင်းပါ"

ချယ်က ငယ်စဉ်ကလို ပယင်းစကားကို နားထောင်စမြဲ။ ချယ် ခေါင်းလေး အသာညိတ်လိုက်တော့ ချယ် ပခုံးလေးကို ချစ်စဖွယ် သိမ်းဖက်လိုက်သည်။

"သမီးရေ ပယင်း"

"ရှင် မာမီ"

အန်တီထားခေါ်သံကြောင့် ချယ်အပါးမှ ပြေးထွက်တော့

"ချယ်ရော"

မာမီဝင်လာတာနဲ့ အခန်းဝမှာဆုံသည်။

"ချယ် ဒီမှာလေ"

"ပြော်"



www.burmeseclassic.com

www.burmeseclassic.com



သမီးလေးခုတင်မှာ ခြေတွဲလောင်းချ၍ ကျုံ့ကျုံ့လေး ထိုင်နေ
တဲ့ ချယ်ကို ဒေါ်ထားထားဆွေ မြတ်နိုးစွာ ကြည့်၍ ပြုံးလိုက်သည်။

"ချယ်က မာမီ အခန်းထဲ ရောက်နေတာကိုး"

"ဟုတ်ကဲ့ အန်တီ"

ချယ် ခေါင်းလေးညိတ်သည်။ အန်တီထား လက်နှစ်ဖက်မှာ
ဆွဲကိုင်လာတဲ့ အိတ်တွေကို ခုတင်ပေါ် ပစ်တင်၍ ထိုင်ချသည်။ ချယ်နဲ့
အန်တီထားကြားမှာ ကုန်တိုက် အမှတ်တံဆိပ်ပါတဲ့ အိတ်တွေ ပယင်းက
အန်တီထား ပခုံးလေးကိုမှီ၍

"ဘာတွေလဲ မာမီရဲ့"

"ဩော် ဒီမှာလေ၊ ချယ် စေ့စပ်ပွဲနေ့မှာဝတ်ဖို့ ဂါဝန်နဲ့ လိုအပ်
တဲ့ပစ္စည်းတွေလေ၊ ချယ် ကြည့်ပါဦး၊ အန်တီထား ဝယ်လာတာ လှရဲ့
လား"

အန်တီထား ချယ်အရှေ့ အထုပ်တွေ တိုးရွှေ့ပေးသည်။ ပယင်း
ဖျတ်ဖျတ်လတ်လတ် အိတ်တွေဖွင့်ကာ အိတ်ထဲက ပစ္စည်းတွေ နှိုက်ထုတ်၍
ချယ်ရှေ့မှာ ပုံချပြသည်။ ပြီးတော့ ဂါဝန်အဖြူရောင်လေးကို ပယင်း
ဖြန့်ကြည့်ရင်း

"ဟယ် လှလိုက်တာ၊ ကြည့်စမ်းပါဦး"

ပခုံးကြိုး လက်တစ်ချောင်းတည်းပါတဲ့ ကိုယ်ကြပ်ဂါဝန်က
ရင်ဘတ်မှာ စိန်ပွင့်တလေးများမြုပ်ပြီး ဒီဇိုင်းဖော်ထားသည်က တဖိတ်





ဖိတ်တောက်ကြွလျက်။

"ချယ် ဝတ်ကြည့်လေ"

"ဝတ်ကြည့်ပါ၊ ချယ်လေးနော်"

ပယင်းနဲ့ အန်တီထားကို ချယ် အားနာလှပြီ။

"လာ ချယ်ရဲ့၊ ဝတ်ကြည့်စမ်းပါ၊ ချယ်နဲ့ ဘယ်လောက်လှလဲ
ဆိုတာ သိရတာပေါ့ ချယ်ရယ်"

ချယ် လက်မောင်းကို အတင်းဆွဲ၍ ထစေပြီး ပယင်းက ဖွတ်
အတင်း ဝတ်စေတာကြောင့် ဂါဝန်ကိုယ်ကျပ်လေးကို ချယ်ဝတ်လိုက်ရ
သည်။

အဖြူရောင်ပေါ်မှာ စိန်ပွင့်လေးတွေ တောက်ပနေတဲ့ ကိုယ်ကျပ်
ဂါဝန်လေးကြောင့် မို့ကြွတဲ့ရင်အုံ၊ သိမ်နွဲ့သော ခါးနှင့် ဖွင့်နေတဲ့တင်လှ
လှလေး ထင်းခနဲဖြစ်နေသည့် ချယ်ကိုယ်ဟန်က ဒေါ်ထားထားဆွေတို့
သားအမိ မျက်ဝန်းကို ဝေးသွားစေသည်။

"အိုး လှလိုက်တာကွယ်"

အန်တီစိန် ဝင်လာရင်း ပြောသည်။ အန်တီစိန်ဘေးမှ ကပ်ပါလာ
တဲ့ ကိုခန့်မျက်ဝန်းက ချယ်ကို တအံ့တသြကြည့်ပြီး

"ချယ် ဒီလောက်လှသတဲ့လား မာမီ"လို့

အံ့ဩသံကြီးနဲ့ ပြောချသည်အထိ ချယ်မှာ မလုံမလဲရှက်ကာ
ပယင်းနဲ့ ကွယ်ရပ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီထက်လှသွားမယ် ကိုကို၊ ချယ် မိတ်ကပ်မလိမ်းရသေးဘူး စိန်တွေလည်း မဆင်ရသေးဘူး။ ပြီးတော့ ဆံပင်လည်း မပြင်ရသေးဘူးလေ၊ အစအဆုံးပြင်ဆင်လိုက်ရင် ကိုကို ချယ်ကို မှားသွားလောက်တယ် သိရဲ့လား"

ပယင်းက ချယ်ကို ထွေးဖက်၍ ခပ်ဝင့်ဝင့်ပြောတော့ ကိုခန့်မျက်နှာ တွန့်သွားပြီး

"လူမမှားပါစေနဲ့ ပယင်းရယ်၊ ကိုကို မှတ်မိအောင် ပြင်ရှာရပါပြီကွာ၊ နော် ချယ်"

"အို"

ချယ်အပါးကပ်၍ဆိုလာတဲ့ ကိုခန့်ကြောင့် ချယ် ရှက်ကာ ခေါင်းငုံ့လိုက်ပေမယ့် အန်တီစိန်တို့ အားလုံးရဲ့ သဘောတကျ ရယ်သံတွေ ပျံ့ထွက်လာသည်။

"ချယ်ကလည်း မရှက်ပါနဲ့၊ ခေါင်းမော့ထားစမ်းပါ၊ ချယ် ဘယ်လောက်လှသလဲဆိုတာ ကိုကို သိအောင် ဆင်ပြလိုက်မယ်၊ မာမီ ရတနာဘူးတွေကော"

"ဒီမှာ သမီး"

ပြောပြောဆိုဆို ပယင်း အန်တီထားနဲ့ အန်တီစိန်က ချယ်ကို ရတနာတွေ ဆင်ဖို့ ပြင်ဆင်ကြသည်။ အန်တီစိန်က ရတနာဘူးကို ဖွင့်သည်။





စိန်ထည်တွေက ပြီးခနဲ ပျက်ခနဲ ပယင်းက စိန်ဘယက်တစ်ကုံးကိုယူ၍ ချယ်လည်တိုင်မှာ လာကပ်ပြီး

"ကိုကို ဒီဘယက်နဲ့ဆို လိုက်ရဲ့လား" လို့မေး၏။ ကိုခန့်က ချယ်လည်တိုင်နဲ့ မျက်နှာလေးကို ကြည့်တော့ ချယ်ရှက်ကာ တစ်ကိုယ်လုံး ထူပူလာသည်။ ကိုခန့် ဘာမှမပြောရသေးခင် ဘယက်ကို ချယ် ဆုပ်ကိုင်လိုက်ပြီး

"ပယင်းရယ် တော်ပါတော့၊ ပစ္စည်းတွေ ကျပျောက်ကုန်မယ်ကွယ်"

"မပျောက်ပါဘူး သမီးရယ်၊ ပြင်ဆင်ကြည့်တော့ သိတာပေါ့ကွယ်"

"ဟုတ်သားပဲ သမီးချယ်က မလိုအပ်ဘဲ ရှက်နေတာ"

"စေ့စပ်ပွဲမှာ အဲလို ရှက်မနေရဘူးနော်၊ ယောက်မ"

အန်တီထားတို့ တစ်ယောက်တစ်ခွန်းပြောစဉ် ကိုခန့်က အရယ်ပျက်။ ရှက်ရိပ်လေးရွှန်းစိုနေတဲ့ ချယ်ကို မျက်တောင်မခတ် ကြည့်နေတာ ချယ်မှာ ရှက်လွန်းလို့ ဦးခေါင်းချည်း ငုံ့ချထားရတာ ဖက်တောင်ညှောင်းလှပေါ့။

"ကဲပါကွယ် သမီးရှက်မနေပါနဲ့၊ အန်တီစိန်တို့က မိသားစုအရင်းတွေချည်းပါကွယ်၊ ချယ် ဘယ်လောက်လှလည်းဆိုတာ အန်တီသားတို့ သိပြီးသားပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ထားရယ်၊ ချယ်လေးလိုလှပြီး အပြစ်ကင်းစင်တဲ့ မိန်းကလေးကို ပက်ပက်စက်စက်ပြောပစ်တဲ့ ဒေါ်သီတာ စိတ်ခါတ်ကို စဉ်းစားမိတိုင်း စိန်စိန် ဒေါသထွက်ရတယ်၊ တကယ်ကွယ်"

အန်တီစိန် ကြိတ်မနိုင်ခဲမရဆိုစဉ် အားလုံးမျက်နှာပေါ် မကျေနပ်ရိပ်ငေး စွန်းထင်သွားသည်။ ချယ်အပေါ် မြတ်မြတ်နိုးနိုးရှိကြတဲ့ ဒီမိသားစုလေးရှိနေတာ ချယ် ကံကောင်းလို့လားကွယ်။

"ဟုတ်တယ် အန်တီစိန်၊ ပယင်းဆိုရင် လုံးဝမကျေနပ်ဘူး အဲဒီအချိန်က ပယင်းရှိနေရင် ပွဲကြမ်းသွားမှာမေ့၊ ဟွန်း ကိုကိုကိုက ညှိုတာကို၊ ကိုယ့်အိမ်လာလည်တဲ့ဧည့်သည်ကို အိမ်ခေါ်တည်းပြီး ချယ်ဘဝနာအောင် လမ်းခင်းပေးသလို ဖြစ်ရတာလေ"

"ကိုကို့ကို ပယင်း ထုသတ်ပစ်ချင်တယ် သိရဲ့လား။ ဟွန်း"

ပယင်း နှုတ်ခမ်းလေး တဆူဆူနဲ့ပြောတော့ မျက်နှာထားလေးတည်သွားသည်။ ပျော်စရာလေးဖြစ်ပြီးမှ မကျေနပ်မှုလေးတွေ ရှုန်းကြလာတဲ့ ပယင်းတို့မိသားစုကို ချယ်ကြောင့် စိတ်မချမ်းမြေ့မှုတွေ ခံစားစေချင်တော့။

"အွန်တီရယ် ပြီးတာပြီးခဲ့ပြီလေ၊ ချယ်က ချယ်က အန်တီတို့ မိသားစုဝင် ဖြစ်တော့မှာလေ၊ အတိတ်က နာကျင်စရာတွေကို တွေးနေလို့ ဘယ်ဖြစ်မလဲနော် ပယင်း"

"ဟုတ်သားပဲကွယ်"





"ခနဲ့ကို ပျော်ရမယ့်အချိန်မှာ ချယ် ဝမ်းနည်းနေမယ့် အဖြစ်တွေ ပြန်မပြောကြတာ ကောင်းပါတယ်ကွယ်"

အန်တီစိန်တို့ တစ်ယောက်တစ်ခွန်းပြောကာ တင်းမာနေတဲ့ မျက်နှာလေးတွေ ပြင်လိုက်ကြသည်။

"မာမီ ဖိတ်စာဝေဖို့ ကျန်သေးတယ်ဆို"

"ဪ အင်း ဟုတ့်တယ်"

ကိုခနဲ့ စကားလမ်းကြောင်း ပြောင်းလိုက်မှ အန်တီစိန် ရင်ထဲ ကျေနပ်မှု လွှင့်မျောသွား၏။

"မာမီလည်း မာမီ့မိတ်ဆွေတွေကို ဖိတ်စာပေးဖို့ ကျန်သေးတယ်မဟုတ်လား"

ပယင်းက အန်တီထားကို ထပ်ဆင့်သတိပေးလိုက်သည်။

"ဟုတ်တယ် သမီး။ Thank you သမီး"

အန်တီ မျက်နှာလေး လန်းသွားသည်။

"အဲဒါဆိုလည်း ကိုကိုတို့ အန်တီစိန်တို့နဲ့ တစ်ပါတည်းသွားသလိုက်ပေါ့"

"အင်း ကောင်းသားပဲ"

အန်တီထားတို့ စိတ်အနှောင့်အယှက်တွေ လွှင့်ကာ မျက်နှာလေး ကြည်လင်လာကြသည်။

"သွားစို့ မာမီ"



www.burmeseclassic.com

www.burmeseclassic.com



ကိုခန့် နှိုးခော်တော့ အန်ဂ်ီထားနဲ့ အန်ဂ်ီစိန် ခေါင်းလေး တညိတ်ညိတ်နှင့် ထွက်သွားသည်။ ချယ် သက်မလေးအသာချ၍ စိန်ဘယ်က်ကို စိန်ဘူးထဲ ထည့်သိမ်းလိုက်သည်။ ပယင်းက ချယ်ကို ငေးကြည့်ရင်း

"ဟုတ်တယ်၊ အန်ဂ်ီစိန် ဒေါသထွက်ရင်လည်း ထွက်စရာ ချယ်ရဲ့ သက်တန့်ရောင်ကို ချယ်နဲ့ထောင်ဖမ်းတာတဲ့ ထောင်ဖမ်းရေး အောင် ဒေါ်သီတာတို့က မာမီတို့လောက် ချမ်းသာနေလို့လား၊ ဟွန်း"

ခရိုန်ထိ မကျေနပ်ရိုက်ကလေးနှင့် ဒေါသထွက်ချင်ချင်ဖြစ်နေတဲ့ ပယင်းဘေးမှ ချယ် အကြည့်လွှဲကာ ဂါဝန်လေးကို စောစောက ချွတ်ထားတဲ့ ပါတိတ်ဝမ်းဆက်နှင့် ပြန်လဲဝတ်လိုက်သည်။

"အလကား စက်ရုံတစ်ခုပိုင်တာကို နတ်ပြည်တစ်ခုပိုင်သလို ဘလိုင်းချည်းကြီး ဂုဏ်မောက်နေတဲ့ မိန်းမကြီး၊ ဟွန်း ကျက်သရေမရှိတဲ့ မာန"

"အခုတော့ ဘာတတ်နိုင်သေးလဲ၊ ပယင်း လက်ညှိုးတွေကြောင့် ဒေါ်သီတာ အရှက်လွန်ပြီး ရောဂါဝင်သွားသတဲ့၊ ရောဂါဝင်ရုံမကလို့ ဗိုင်းခနဲလဲကျပြီး သေသွားရင်တောင် ပယင်းက ဟား ဟားနဲ့ အော်ရယ်လိုက်မှာ ချယ်ရဲ့"

ချယ်ကို သိုင်းဖက်ရင်း မာနခဲလေးနဲ့ မြူးကြွကြွပြောတဲ့ ပယင်းကို ချယ် မပြောသာတော့။ ဟုတ်တယ်လေ မောင့်မာမီက ချယ်ကို





နှိမ်နှိမ်ချချ ပုတ်ခတ်ခဲ့တာ။ ပယင်းတို့ မိသားစုက ချယ်ကို မြှတ်မြှတ်နိုးနိုး တန်ဖိုးထားခဲ့တာ။ အဲဒီအတွက် ချယ် မောင့်ကို စွန့်လွှတ်ရရုံပေါ့ကွယ်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၄)

"ခန့်ကို"

ရုတ်တရက် ရှေ့က ဝိတ်ရပ်လိုက်တဲ့ သူ့ကို ခန့်ကို အံ့ဩသယောင်ကြည့်သည်။ သူနဲ့ခန့်ကို မျက်နှာချင်းမဆိုင်ခဲ့တာ ကြာခဲ့ပြီ။ ရင်းနှီးခဲ့တဲ့ ယံယောဇဉ်ရှိပေမယ့် ချယ်ဘဝကို ရက်စက်ခဲ့တဲ့ သက်တန့်ကို ခန့်ကို နာကျင်သလို ဖြစ်လာသည်။

"မင်းနဲ့ကိုယ် စကားပြောချင်တယ်"

"ကိုယ့်မှာ ပြောစရာစကားမရှိဘူး သက်တန့်"

"မင်းမှာမရှိပေမယ့် ကိုယ့်မှာရှိတယ်ကွာ"

"ဖယ်စမ်းပါကွာ"

သူ့ပခုံးစွန်းကို တွန်း၍ ခန့်ကို ဖယ်ထွက်သည်။

"ခန့်ကို မင်း ကိုယ့်ခံစားချက်ကို တစ်ချက်ငဲ့ကြည့်စမ်းပါ"

"ဟ မင်းခံစားချက်ကို ငဲ့ကြည့်ဟုတ်လား သက်တန့်"





ခန့်ကို ခြေလှမ်းတန့်ကာ ခြေတစ်လှမ်း နောက်ဆုတ်ရပ်ပစ်၍ သက်တန့်ကို ခပ်စူးစူးကြည့်သည်။ ခန့်မှာ နားလည်လာဖို့ သူ အတတ်နိုင်ဆုံး မျက်နှာထားနှိမ့်ချပြီး

"ကိုယ့်ခံစားချက်ကို ငဲ့ကြည့်ပါ သူငယ်ချင်း၊ ကိုယ် ချယ်ကို အမြတ်နိုးဆုံးချစ်ခဲ့တာပါကွ"

"ဟုတ်ဘယ်၊ မင်းဘယ်လောက် မြတ်နိုးသလဲဆိုတာ ချယ်ဘဝ ရှောင်ပုန်းနေရတဲ့အထိ ထိခိုက်ခဲ့တာ၊ ကိုယ်ဘယ်လို ခံစားနိုင်မလဲ သက်တန့်၊ အဲဒီအတွက် မင်းအပြစ်ပေးသမျှ ခံပါ့မယ်ကွာ"

"အပြစ်၊ ဟား ဟား နဲ့ ရယ်ပစ်လိုက်ချင်တယ် သက်တန့်၊ အဲဒီအချိန်တုန်းက ချယ်ဘက် မင်း စကားတစ်ခွန်းနဲ့ဖြစ်ဖြစ် ကာကွယ်ပေးခဲ့ရင် မင်းကို ကိုယ် လျှော့ပေါ့စဉ်းစားပေးနိုင်တယ်၊ ခုတော့ကွာ"

သည်းခံနိုင်စွမ်းမရှိတဲ့ ခန့်ကိုစိတ်က အံတင်းတင်း ကြိတ်လိုက်သည်။

"ချယ်ဘဝ ဘယ်နေရာမှာ ဘယ်လိုဖြစ်နေသလဲဆိုတာ မင်းစဉ်းစားခဲ့သလား သက်တန့်"

"မာမီ မသိအောင် ကိုယ် ကြိတ်ရှာခဲ့ပါသေးတယ်"

"မင်းကို ကိုယ် စိတ်မဝင်စားတော့ဘူး သက်တန့်၊ မင်းနားလည်အောင် ပြောရရင် မင်းကို အရေးပေးခဲ့လို့ ချယ်နဲ့မင်း ချစ်သူဖြစ်ခွင့်ရခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအတွက် မင်းကို ကျေးဇူးတင်လျက်ပါကွာ"

"ဒါပေမယ့် အဲဒါ ကိုယ့်အမှား"

ညှို့မှိုင်းမှောင်တူးသွားတဲ့ ခန့်ကိုမျက်နှာပေးက သူ့နှလုံးသားကို ပိုင်းဖြတ်ဖို့ ပြတ်သားသလို ဖြစ်နေသည်က သူ့ရင်ကို တလှိုက်လှိုက် ဆူစေသည်။

ခန့်ကို ခြေဖျားဆောင့်ကာ ကားဘေးမှီရပ်၍ သူ့ကို စိမ်းစိမ်းရှုရှုကြည့်သည်။

"မင်းကိုပေးလိုက်တဲ့ အခွင့်အရေးက ကိုယ့်နှလုံးသားကို ကိုယ်ပြန်ပြီး ဒဏ်ခတ်သလို ဖြစ်ခဲ့တယ်ဆိုတာ မင်းမသိအောင် ကိုယ်မျိုသိပ်ခဲ့တာကွ"

ချယ်ကို သူချစ်သလို ခန့်ကို ချစ်နေတာလို့ ဝန်ခံနေတာလား။ သူ ဘာကိုမှ မယုံချင်လောက်အောင် ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး

"မင်းက"

"ဟုတ်တယ်"

"ဟာ"

သူ့နှလုံးသား မီးကြိုးအပစ်ခံရသလို လန့်ဖြန့်ကာ နှလုံးသားအပိုင်းအစတွေ ဖွာလန်ကြဲပြန့်ထွက်သွားသည်။

"ကိုယ်ချစ်နေတဲ့ မိန်းကလေးကို မင်းရင်ခွင်ထဲ ထည့်ပေးမိတဲ့အထိ ကိုယ်ချစ်ခဲ့တာကွ"





"မင်း ချယ်ကို မချစ်ထိုက်ဘူး ခန့်ကို၊ မင်း လုံးဝမချစ်ထိုက်ဘူး။ ချယ်က ကိုယ့်ကိုချစ်ခဲ့တာ"

"မင်းကို ချယ် ချစ်ခဲ့သလို ကိုယ့်ချစ်ခြင်းကို ကိုယ် မျိုချခဲ့တာကွ"

"အခုလည်း ချယ် ကိုယ့်ကို ချစ်နေတာလေ"

"အခွင့်အရေးဆိုတာ တစ်ကြိမ်ပဲ အလားအလာကောင်းနိုင်မယ် သက်တန့်၊ အစဉ်အမြဲ ကောင်းနေမှာမဟုတ်ဘူး"

ဟာ။ သူ့ခံစားမှုတွေ ဝုန်းခနဲ ပြိုကျလုမတတ် လှုပ်ခါသွားပြီး

"ဒါ ဒါဆို မင်းက ကိုယ့်ချစ်သူကို"

"ကိုယ့်ရင်ခွင်ထဲ သိမ်းပိုက်ရလိမ့်မယ်"

တစ်လုံးချင်းပြောချလိုက်တဲ့ ခန့်ကို စကားလုံးနောက်မှာ သူ့အသိတရား ပြိုကျသွားပြီထင့် ချိနဲ့ရွယ်လျက်သား ဖြစ်နေသည့် သူ့ရင်ဘက်သီးဆုပ်ကို ခန့်ကို လက်တစ်ဖက်နဲ့ ဆုပ်ကိုင်ဆောင့်တွန်း၍

"မင်း အခုမှ ရှူးချင်ဟန်မဆောင်နဲ့ သက်တန့်၊ ချယ်အတွက် မင်းနှုတ်ဖျားက ထွက်လာတဲ့အချစ်က ကိုယ့်ရင်ဘတ်က ပွင့်ထွက်တဲ့ စကားချက်လောက် ချယ်ဘဝနဲ့ နှလုံးသားကို နွေးထွေးမှုပေးနိုင်ခဲ့လို့ လား"

ဆောင့်တွန်းခံရမှုနှင့်အတူ လွင့်ထွက်လာတဲ့ ထိုမေးခွန်းက သူ့တစ်ကိုယ်လုံး ထိန်းမနိုင်အောင် ယိုင်နဲ့နဲ့ ဖြစ်သွား၏။

"မင်းမာမီအတ္တနောက် ခေါင်းငုံ့လိုက်နေတဲ့ မင်းနှလုံးသားမှာ



www.burmeseclassic.com

www.burmeseclassic.com



ချယ်ဘဝအတွက် ဘယ်တော့မှ နွေးထွေးမှုမပေးနိုင်မှာ သေချာနေတဲ့ မင်းရင်ခွင်ထဲ ချယ်ကို ကိုယ် နောက်တစ်ကြိမ် ဝင်ရောက်ခွင့်ပေး[illegible] သဘောထားမကြီးနိုင်တော့ဘူး သက်တန့်''

''ကိုယ်တောင်းပန်ပါတယ်ကွာ၊ မင်း ကိုယ့်ကို မကျေနပ်[illegible] စိတ်ကြိုက်အပြစ်ပေးပါကွာ သူငယ်ချင်း''

သူ့ရဲ့စိတ်က ခန့်ကိုရှေ့မှာ ပုံလျက်သားဖြစ်သွားသည်။

''ကိုယ် ချယ်ကို မကာကွယ်ပေးနိုင်ခဲ့တာ မှန်ပါတယ်၊ ခန့်[illegible] ဒါပေမယ့် နှလုံးရောဂါကြောင့် တစ်စုံတစ်ခု ဖြစ်သွားနိုင်တဲ့ မာမိစိတ်[illegible] မလွန်ရဲတဲ့ ကိုယ့်အချစ်တွေက ချယ်ကို ထိနိုက်နစ်နာစေခဲ့တယ်ဆို[illegible] ကိုယ် သိနေ့တယ်ကွာ၊ ကိုယ် သိသိချည်းနဲ့ မျိုချပစ်ခဲ့ရတာကွ၊ ချယ်[illegible] အကာအကွယ်မပေးချင်လို့ ရေငုံနှုတ်ပိတ်ခဲ့တာ မဟုတ်ပါဘူး သူငယ် ချင်း''

''ဒါက မင်းနှလုံးသားကို မင်းစီရင်တာပဲ၊ ကိုယ်ဘာမှမတတ် နိုင်ဘူး''

ပခုံးလေးတွန့်ခနဲခါကာ ပြောလိုက်တဲ့ ခန့်ကိုကို သူ နားလည် မပေးချင်တော့။

''ချယ် ကြေကွဲတာကို မင်း တစ်သက်လုံး ထိုင်ကြည့်နေ[illegible] လို့လား ခန့်ကို''

''ချယ်က မင်းနဲ့တွေ့စဉ်ကလို ရင်ခုန်တတ်စ ဆယ်[illegible]





[illegible]သက်အရွယ် မဟုတ်တော့ဘူး၊ နှလုံးသားနဲ့ဘဝကို အသိတရားရှိရှိ [illegible]ပန်ဆင်ခြင်နိုင်တဲ့အရွယ် ဖြစ်နေပြီ''

''မင်းမညစ်နဲ့ ခန့်ကို''

''ကိုယ်တကယ်ပြောတာ သက်တန့်၊ ချယ် ကိုယ့်ကို စိတ် [illegible]ကြိုက်ရွေးချယ်လိုက်တာ''

''မယုံဘူး''

သူ အသံကုန် ငြင်းပစ်လိုက်သည်။ ကားဘေးမှီရပ်နေတဲ့ ခန့်ကို [illegible]ကိုယ်မတ်ကာ သူ့ကို အစ္စကြောင်းကြောင်းကြည့်ပြီး

''မင်းယုံပါလို့ မတောင်းဆိုဘူး သက်တန့်''

''ဟင့်အင်း ချယ် မင်းကို ခံစားချက်အစစ်အမှန်နဲ့ ရွေးချယ် [illegible]တာမဟုတ်ဘူးကွ၊ ကိုယ်သိတယ်''

''ဟ ဘာနဲ့ပဲ ရွေးပစေ၊ ချယ် ကိုယ့်ကို ရွေးချယ်တာ [illegible]မှန်အကန် ချယ်ရွေးချယ်လို့ ချယ်နဲ့ကိုယ် စေ့စပ်ပွဲဖြစ်တော့မှာ''

''ချယ် ရွေးချယ်အောင် မင်းချုပ်ကိုင်ပြီး''

''တော်တော့ သက်တန့်၊ ချယ်ကို ကိုယ် ဘာပြယုဂ်နဲ့မှ [illegible]ချုပ်ကိုင်ပြီး စေ့စပ်ပွဲဖန်တီးတာ မဟုတ်ဘူး''

ခန့်ကို ဆတ်ဆတ်ထိမခံ ဖြစ်သွား၏။ ချယ်လက်ခံတဲ့ကိစ္စ က [illegible]ယ် ကျေကျေနပ်နပ် ခေါင်းညိတ်လို့ ခန့်ကို စီရင်ခဲ့တာလေ။

''မင်း လိပ်ပြာသန့်သန့်နဲ့ ပြောရဲလား ခန့်ကို၊ ချယ် စိတ်သန္



www.burmeseclassic.com

www.burmeseclassic.com



အစစ်အမှန်နဲ့ မင်းကို ရွေးချယ်တာလို့"

သံသယမျက်ဝန်းနဲ့ စိုက်ကြည့်ပြီး စွပ်စွဲတဲ့ သက်တန့်ကို ခန့်ကို မလှုံမလဲ စိုက်ကြည့်မိသည်။

"ပြောလေ ခန့်ကို မင်း အခုစီစဉ်တဲ့ဇာစပ်ပွဲက ချယ် စိတ်ဆန္ဒ အစစ်အမှန်နဲ့လို့ ရဲရဲချည်းပြောဝံ့သလား"

ခန့်ကို စိတ်လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး

"မင်းဘာမှာ စစ်ဆေးစရာမလိုဘူး"

"လိုတာပေါ့ကွ၊ ချယ် ခံစားချက်အစစ်အမှန်နဲ့ ရွေးချယ်တာဆိုရင် ကိုယ် ကျေကျေနပ်နပ် နောက်ဆုတ်ပေးမယ် သူငယ်ချင်း"

ခန့်ကို စိတ်လှုပ်ရှားကာ ကားတံခါးကို ဆောင့်ရမ်း ဆွဲဖွင့်လိုက်သည်။ သူ ခန့်ကိုလက်ကို အားကိုးတကြီးဆုပ်ကိုင် အသနားခံလိုက်ပြီး

"ကိုယ့်ကို နောက်ဆုံးတစ်ကြိမ် ချယ်နဲ့ တွေ့ခွင့်ပေးပါကွာ ချယ် ငြင်းရင်"

ခန့်ကို ဦးခေါင်းရမ်းပစ်လိုက်သည်။

"မင်း စိတ်ကူးမယဉ်နဲ့တော့ သက်တန့်"

"ကိုယ် အစစ်အမှန်ကို ခံစားချင်တာ"

"ဟင့်အင်းကွာ"

ခန့်ကို စိတ်ရှုပ်ထွေးနောက်ကျိကာ ကားပေါ်တက်၍ ကားတံခါးဆွဲပိတ်လိုက်သည်။

"ခန့်ကို ကိုယ်တောင်းပန်တယ်ကွာ၊ နောက်ဆုံးအကြိမ် တွေ့ခွင့်ပေးပါကွာ"

ကားတံခါးမှာ လက်နှစ်ဖက်ထောက်ကာ ကိုယ်ကို ကိုင်းညွှတ်၍ သူ ကြိမ်ဖန်များစွာ အသနားခံတောင်းဆိုမိသည်။

"ချယ်နဲ့ တွေ့ခွင့်ပေးပါကွာ၊ ချယ်ဆန္ဒကို ကိုယ် နားဆင် ပါရစေ သူငယ်ချင်း"

"ဟင့်အင်း မင်း ချယ်နဲ့ တွေ့ခွင့်မရှိဘူး။ တွေ့ခွင့်မပေးနိုင်ဘူးကွာ"

ခန့်ကို တရစပ်ရွတ်ကာ ကားကို တရကြမ်း မောင်းထွက် သွားတော့။

"ခန့်ကို"

သူ စိတ်ပြင်းထန်လှုပ်ရှားမှုက ခန့်ကို ကားနောက် တရစပ် ပြေးလိုက်မိသည်။

"ခန့်ကို ချယ်နဲ့ကိုယ့်ကို တွေ့ခွင့်ပေးစမ်းပါကွာ၊ မင်းစိတ်ကို ပြင်ဆုံးကြည့်ရင် ချယ်နဲ့ကိုယ့်ကို တွေ့ခွင့်ပေးနိုင်ရမှာပေါ့ကွ"

တရစပ်ပြေးထွက်သွားတဲ့ ခန့်ကိုကားနောက်မှာ သူ တဖြည်းဖြည်းဝေး၍ ကျန်ရစ်ခဲ့သည်။

ခန့်ကို မင်းက ကိုယ့်နှလုံးသားကို အလဲထိုးဖို့ ကြားဝင်ယင်လှုယ်တာလား သူငယ်ချင်း။







www.burmeseclassic.com

www.burmeseclassic.com



မင်းညီမက ကိုဖယ့်မာမိစိတ်ကို ရိုက်ချိုးပစ်သလို မင်းက ကိုယ်ချစ်ခြင်းကို ရိုက်ချိုးဖျက်ဆီးဖို့ ဖန်တီးနေတာလားကွာ၊ မင်းရဲ့ ဖန်တီးမှုစစ်မှန်မှု ရှိမရှိ ကိုယ်သိခွင့်ရမှာဖြစ်မယ်လေ။

ဟုတ်တယ်။

ကိုယ့်ချစ်သူ နှလုံးသားဆန္ဒ အစစ်အမှန်သိဖို့ မင်း ခွင့်မ ပြုရင် ကိုယ့်နည်းကိုယ့်ဟန်နဲ့ သိခွင့်ရအောင် ကြိုးစားရမှာပေါ့ သူငယ် ချင်း ချယ်ဆန္ဒ အစစ်အမှန်ကို သိခွင့်ပေးပါချစ်ရယ်။

✠ ✠ ✠



## အခန်း (၂၅)

"ချယ်"

တိတ်ဆိတ်လွန်းတဲ့ညမှာ တိုးလျှလျှ ပေါ်ထွက်လာတဲ့ မောင့် အသံက ဘယ်ဆီက လွင့်လာတာလဲ။ မွေ့ယာပေါ် လှဲလို့မှိန်းရင်း အိပ် ပျော်ရန် ကြိုးစားနေတဲ့ ချယ်စိတ်က ငေါက်ခနဲ ထထိုင်မိသည်။

"ချယ်"

မောင့်အသံက ပိုရှုံကျယ်လာသလို ညအိပ်မီးရောင် ပြာလဲ့ လဲ့အောက်မှာ ချယ်မျက်ဝန်းက တစ်စုံတစ်ရာကို ရှာဖွေမိသည်။ ပြတင်း ပေါက်နောက်မှာ ပြုံးထွက်လာတဲ့ လှုပ်ရှုရှုသဏ္ဌာန်လေး ချယ် စူးစမ်း ကြည့်လိုက်တော့ မောင့်ခေါင်း။

"အိုး"

ချယ်ရင်မှာ လှိုင်းတစ်ခု ဖြတ်ပြေးသွားသည်။ ပြတင်းပေါက် ခု ကိုယ်တစ်ပိုင်း ပေါ်လာသည်။ မောင့်ပုံရိပ်ကြောင့် ချယ် စိုးရိမ်



www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်စိတ်ကလေးနဲ့ မွေ့ရာပေါ်မှ ဆင်းသည်။

"မောင်ရယ် ညအချိန်မတော်"

ချယ် ပြတင်းပေါက်အနား ရောက်သွားပြီး လှေကားထိပ်ဆုံးဆင့်မှ ရပ်ကာ ပြတင်းပေါက်ဘောင်ကိုမှီကာ ကပ်ရပ်နေတဲ့ မောင့်ရဲ့ ရဲတင်းမှုကို ချယ် အပြစ်မမြင်ရက်။

"ချယ်"

ချယ် လက်ဖဝါးလေးကို အားကိုးတကြီး ဆုပ်ကိုင်၍ ပြတင်းပေါက်ကိုကျော်ပြီး အခန်းထဲဝင်ဖို့ တာစူမိသည်။

"အို မောင် အတင့်မရဲပါနဲ့ကွယ်၊ ကိုခန့်သိသွားမယ် မောင်ရဲ့"

"သိပါစေ ချယ်"

"မောင် အဲလိုမလုပ်ပါနဲ့ကွယ်"

မောင် လက်ချောင်းတွေကို ရှောင်ဖယ်ကာ ပြတင်းပေါက်မှ တစ်ဆင့် အခန်းထဲ တိုးဝင်မလာအောင် မောင့်ကို ချယ် စိုးရိမ်တကြီး ကာကွယ်မိ၏။

"မောင် ပြန်ပါတော့နော်"

"မပြန်ပါရစေနဲ့ ချယ်ရယ်"

"အန်တီထားတို့ ရိပ်မိသွားလိမ့်မယ် မောင်ရယ်၊ ပယင်းက မောင့်ကို အငြိုးမပြေ ဖြစ်နေတာလေ၊ ကိုခန့်က မောင်နဲ့ အတွေ့မခံရ





ဘူးလို့ တားထားတာ မောင်ရဲ့"

"ချယ် ခန့်ကိုတို့မိသားစုကို ကြောက်နေလို့ လက်ခံလိုက်တာ ဟုတ်လား"

"မဟုတ်ဘူး"

ချယ် ဦးခေါင်းရမ်းခါသွားစဉ် ပြတင်းပေါက်ဘောင်ကို သူ အားပြုဆုပ်ကိုင်ထားရင်း

"ဒါဆို ဘာဖြစ်လို့ လက်ခံရတာလဲ ချယ်"

"ချယ် မဖြေပါရစေနဲ့ကွယ်"

ဝမ်းနည်းမှုတွေ စီးဝင်နေတဲ့ ချယ် အသံတုန်တုန်လေးကို သူ အားမလိုအားမရ ဖြစ်လာသည်။

"ချယ် မောင့်ကိုမချစ်တော့ဘူး"

"မမေးပါနဲ့တော့နော်၊ မမေးပါနဲ့တော့"

"မမေးလို့ရမလား ချယ်ရယ်"

"မမေးပါနဲ့"

"အဓိပ္ပာယ်မရှိတာကွာ၊ ချယ် မောင့်ကို မချစ်တော့လို့ ခန့်ကိုဘဲ ရွေးတာလား၊ မောင် လက်ခံလို့ရအောင် ပြောစမ်းပါ ချယ်"

သူ လက်လှမ်းမမှီအောင် ခြေလှမ်းနောက်ဆုတ် ရပ်လိုက်တဲ့ ချယ်ကို သူ အားမရနိုင်တော့။ ပြတင်းပေါက်မှ အခန်းထဲ ခုန်ဝင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင် ပြန်ပါတော့နော်"

"ချယ် အဲလိုရှောင်လို့ ပြီးမတဲ့လား"

"ချယ် ရှောင်တာမဟုတ်ပါဘူး။ ချယ် အကောင်းဆုံးကို ရွေးချယ်လိုက်တာပါ"

"ချယ် ရွေးချယ်စရာမလိုဘူးကွာ"

"ချယ် ဘာဝကို နားလည်ပေးပါနော်"

"မောင်တို့ချစ်ခြင်းက ဒီနည်းနဲ့ အဆုံးသတ်ရမှာတဲ့လား ချယ်"

လက်ဖဝါးနုနုလေးနှစ်ဖက်ကို သူ ဖျစ်ညှစ်ဆုပ်ကိုင် လှုပ်ခါ မေးတော့ ချယ် ဦးခေါင်းလေး ရမ်းခါကာ တသိမ့်သိမ့် ငိုရှိုက်လျက်သား ဖြစ်သွားချေ၏။

"ချယ်ရယ်"

ချယ် ပခုံးလေးကို သူ တယုတယ ထွေးဖက်ကာ နှစ်သိမ့်ပေး မိသည်။

"ခန့်ကို ကို မလွန်ဆန်နိုင်လို့ ချယ် ခေါင်းငုံ့လက်ခံတာဆိုရင်"

"မ မဟုတ်ဘူး မောင်၊ ကိုခန့် ချယ်ကို ဘာဖိအားမှမပေးပါဘူး"

"ဒါဆို ချယ် ဘာဖြစ်လို့ လက်ခံရတာလဲ"

"အန်တီစိန်နဲ့ ကိုခန့်ကျေးဇူးတွေ ချယ်ဘဝတစ်ခုလုံးနဲ့ အပြည့် ရှိနေတယ် မောင်"





"အဲဒီကျေးဇူးတရားအတွက် မောင့်အသည်းကို ခွဲပစ်တော့ မှာလား"

"မ မဟုတ်ပါဘူး"

"ဒါဆို ဘာဖြစ်လို့ ချယ် ရွေးချယ်ရတာလဲ"

ချယ် ရင်ထဲမှ ပြိုကျလာတဲ့ ကြေကွဲမှုကို ချယ် ချုပ်တည်း မို့ချုပြီး

"ချယ်ကြောင့် မောင့်မိဘစိတ်ကို အနာတရ မဖြစ်စေချင်ဘူး။ ချယ်ကို မနှစ်မြို့တဲ့ မောင့်မိဘရှေ့မှာ ချယ် မရှင်သန်ရဲဘူး မောင်၊ မောင့်မာမီ လက်ညှိုးတွေက ချယ် နှလုံးသားမှာ ဆူးနစ်နေတယ်၊ ဒါတွေ ကို မောင် ခံစားတတ်မှာ မဟုတ်ပါဘူးကွယ်"

ချယ်ကို ချိုးချိုးဖွဲ့ဖွဲ့ လက်ညှိုးထိုးခဲ့တဲ့ မာမီ့စကားလုံးတွေကို ချယ် ဘယ်လောက်ထိ ခံစားရမလဲဆိုတာ မောင်နားလည်ပါတယ် ချယ် ရယ်၊ မျက်ရည်စတွေ သူ့လက်ညှိုးလေးနဲ့ တယုတယ သုတ်ပေးရင်း

"ပြင်းထန်လွန်းတဲ့ မာမီစိတ်ကို မောင်ဖတ်တတ်ပါတယ်၊ တကယ်တော့ မာမီက ဂုဏ်ပကာသန မက်တာထက် မောင့်ကို ချစ်လွန်း တဲ့စိတ်ကြောင့် အတ္တကြီးခဲ့တာပါ။ ဒါတွေကို ချယ် နားလည်နိုင်မှာ မဟုတ်ပါဘူး ဒါကြောင့် မာမီ့စိတ်ကို မောင် ခေါင်းငုံ့လိုက်လျောခဲ့ရတာ ပါ။ မာမီ စိတ်ဖောက်ပြန်မှာစိုးလို့ မောင် နှုတ်ဆိတ်နေခဲ့ရတာပါ ချယ် ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် မောင့်မာမီ စိတ်တည်ငြိမ်နေဖို့ ချယ်နဲ့မောင် လမ်းခွဲလိုက်တာ အကောင်းဆုံးပါပဲကွယ်"

ကြေကွဲမှုကြောင့် လှုပ်ခါသွားတဲ့ ချယ့် နှုတ်ခမ်းလှလှလေး ကို သူ့လက်ချောင်းလေးနဲ့ ကန့်လန့်ဖြတ်တေ့ပိတ်လိုက်သည်။

"လမ်းခွဲမယ့်စကား မပြောပါနဲ့၊ မောင်နဲ့ချယ် အပြန်အလှန် ချစ်နေတဲ့အတွက် အသည်းအကွဲခံပြီး ကျောခိုင်းနေဖို့ မလိုအပ်ဘူး ချယ်၊ အခြေအနေပေးရင် မာမီကို မောင် စည်းရုံးလို့ရနိုင်မှာလေ၊ အခုတောင် မာမီက မောင့်ကို ဘာတစ်ခွန်းမှ ဟန့်တားတာမရှိတော့ဘူး ချယ်"

"ဒါပေမယ့် ချယ် ဘာကိုမှ မမျှော်လင့်တော့ဘူး"

"ဘယ်လိုချယ်"

သူ့ရင်ခွင်ထဲမှ ရုန်းထွက်လိုက်တဲ့ ချယ် ခံစားမှုကို သူ လိုက်မမှီ နိုင်အောင် ဖြစ်ရပြီး

"ဟုတ်တယ် မောင်၊ ချယ်ဘဝမှာ လိုအပ်တာ နွေးထွေးလုံခြုံ တဲ့ မေတ္တာတရား။ အဲဒီမေတ္တာတရားတွေ ရှိနေတဲ့ မိသားစုတစ်စုရဲ့ ရင်ဘတ်ကို ချယ် ဆောင့်ကန်ရုန်းထွက်လိုက်ရင် ချယ်လောက် မိုက်မဲ တဲ့သူ ရှိတော့မှာမဟုတ်ဘူး"

"ချယ်"

"ချယ်ကို ဖိအားမပေးပါနဲ့ မောင်"

"ဘယ်လို ချယ်"





သူနားသူ ကြားရမယုံနိုင်ဖြစ်ရသည်။ ချယ်ပြောနေတာမှ ဟုတ်ရဲ့လား။ ကြေကွဲစွာ ငိုရှိုက်ခဲ့သည့်အရှိန်ကြောင့် နီမြန်းမို့အစ်နေတဲ့ ချယ်မျက်နှာဖော့င်းဖော်င်းကို သူ ပြူးကြောင်ကြောင် ကြည့်မိသည်။

ချယ် ရင်ခေါင်းထဲက လှိမ့်တက်လာတဲ့ ရှိုက်သံကို ချယ် မျိုချ ပြီး

"ဟုတ်တယ် မောင်၊ အန်တီစိန်ရဲ့မေတ္တာ၊ ကိုခန့်ရဲ့ နားလည် ပေးမှု၊ ပယင်းရဲ့ သိတတ်ငဲ့ညှာတဲ့စိတ်၊ အန်တီထားရဲ့ မြတ်နိုးမှုတွေကို ချယ် တစ်ကြိမ်တစ်ခါဖြစ်ဖြစ် တုံ့ပြန်ရမယ်လေ"

"မဟုတ်သေးဘူး ချယ်၊ မဟုတ်သေးဘူးကွာ"

"ဟောဒီလောကမှာ ဘယ်သူမှ မနှစ်မြို့မလိုလားတဲ့ ချယ်ဘဝ ကို အလိုလားဆုံး မိသားစုတစ်ခုပဲ ရှိခဲ့တယ်၊ ရှားရှားပါးပါးရှိခဲ့တဲ့ ကိုခန့်တို့ မိသားစု ချယ်ကို မပစ်ပယ်ဖို့ ချယ် ဒီလောကကြီးမှာ ဘယ်သူ တွေကိုမှ အံတုနေနိုင်မှာမဟုတ်တော့ဘူး၊ ဒါကြောင့် ချယ် နှလုံးသား ထက် ဘဝဆန္ဒကို ချယ် ရွေးချယ်တာပါကွယ်"

ချစ်ခြင်းခံစားမှုကို သေးဖယ်ပုံချလိုက်တဲ့ ချယ် ခံစားမှုက သူ့နှလုံးသားကို အတိုင်းမသိ လှုပ်ခတ်တုန်ခါသွားစေသည်။

"ချယ်"

"မောင် ပြန်ပါတော့နော်၊ ပြန်ပါတော့၊ တော်ကြာ အန်တီထား တို့ နိုးသွားရင် မောင့်ကို တစ်ခုခု လုပ်ကြလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်အုံကို တွန်းထိုးနှင်ထုတ်နေတဲ့ ချယ်က သူချစ်သူ ချယ် အစစ်ဟုတ်ရဲ့လား။ အချစ်ခံစားချက်ကို ရင်ခုန်တမ်းမက်ခဲ့တဲ့ ချယ် မဟုတ်တော့ဘူးထင်ရဲ့။

"ချယ်"

"မောင်ပြန်ပါတော့နော်၊ ပြန်ပါတော့"

ချယ် နှင်ထုတ်သံက သူ့နှလုံးသားကို ခပ်ပြင်းပြင်း ထုရိုက်သလို သူ့ခံစားချက်တွေ မွမွကြေကာ နှလုံးသားတစ်ခု အရည်ပျော် စီးဆင်းလာပြီး

"မောင့်ကို နှင်ထုတ်ရက်သလား ချယ်ရယ်"

"မမေးပါနဲ့တော့"

"ကောင်းပြီလေ၊ ချယ် မောင့်ကိုမှ မမြင်ချင်တော့ဘူးဆို ချယ် မမြင်နိုင်တဲ့နေရာမှာ နေပေးပါ့မယ်ကွယ်၊ မောင် နေပေးပါ့မယ်"

သူ ချာခနဲလှည့်ကာ ပြတင်းပေါက်ကိုကျော်၍ ခြေနှစ်ဖက်ကို လှေကားဆီ ချလိုက်ပေမယ့် လှေကားထစ်ချော်ကာ လှေကားနှင့်အတူ ဝုန်းခနဲ ပြုတ်ကျသွားသည်။

ထိုအသံကျယ်ကြောင့် ချယ် ရင်ဘတ်လေးဖိကာ မျက်စိနှံလေး ပြူးသွား၏။ ရုတ်ချည်းပျောက်ကွယ်သွားတဲ့ မောင့်ပုံရိပ်နောက်က ဝုန်းခနဲ ကျသံက

"ဘုရား ဘုရား"





ချယ် ပြတင်းပေါက်ဆီ ဖျတ်ခနဲ ရွေ့လျားသွားပြီး အောက်ငုံ့ကြည့်လိုက်တော့ မြေပေါ် ကိုရှို့ကားယားကျကာ ငြိမ်သက်နေတဲ့ မောင့်ကိုယ်လုံးလေး။

"အို မောင် မောင်"

ချယ် ထိတ်လန့်ကြောက်ခွဲစွာ အသံကုန်အော်ဟစ်ရင်း အခန်းတံခါး ဆွဲဖွင့်ကာ ပြေးဆင်းခဲ့မိသည်။

"မောင် မောင် ဘာမှမဖြစ်ရဘူး မောင်"

ပုံကျတဲ့အတိုင်း ငြိမ်သက်သွားတဲ့ မောင့်ကိုယ်လုံးလေးကို ချယ် ရင်ခွင်မှာ ပွေ့ကာ အထိတ်တလန့် ခေါ်နေမိသည်။

"မောင်"

မောင့်မေးဖျားလေးကို တယုတယ လှုပ်ခါပေမယ့် မောင် ဇက်ကလေး လည်စင်းသွားစဉ် ချယ် နှလုံးသားက မောင်နှင့်ထပ်တူ ပြိုကျသွားတော့၏။

"မောင် မောင် ဘာဖြစ်သွားပြီလဲ၊ မောင် ဘာမှမဖြစ်ရဘူး၊ ဟင့်အင်း မောင်ဘာမှမဖြစ်ရဘူး၊ မောင့်ကို ချယ် ချစ်ပါတယ်မောင်ရယ်၊ မောင် ဘာမှမဖြစ်ရဘူး၊ မောင့်ကို ကယ်ကြပါ၊ ကယ်ပေးကြပါ၊ ဟင့် ဟင့်"

"ချယ် ချယ် သတိထားလေ"

"သမီး ချယ် ချယ်လေး"



www.burmeseclassic.com

www.burmeseclassic.com



သွေးရူးသွေးတန်း အော်ဟစ်နေတဲ့ ချယ်ကို ပယင်းနဲ့ အန့်တီစိန် စိုးရိမ်တကြီး ခေါ်လိုက်သည်။ လူးလွန့်နေတဲ့ ချယ်ကိုယ်လုံးလေးက လူးလွန့်အော်ဟစ်နေမှုနောက်မှာ ဆေးအရှိန်ကြောင့် ပြန်လည်ငြိမ်သက်သွားစဉ် ခန့်ကို သက်မအသာချကာ အခန်းထဲမှ ထွက်ခဲ့သည်။ ထိုညက ချယ်ရဲ့ အထိတ်တလန့် ငိုသံနောက်မှာ သူတို့ လန့်နိုးခဲ့သည်။ ချယ် အသံရှိရာကို စိုးရိမ်တကြီး ပြေးကြည့်တော့

သက်တန့်ကို ရင်ခွင်မှာ ပိုက်ကာ သွေးရူးသွေးတန်း အော်ဟစ်ငိုကြွေးရင်း သတိလစ်မေ့မျောသွားသည့်ချယ်ကို သူတို့ စိုးရိမ်တကြီး ဖြစ်လာသည်။

သက်တန့်ကို အရေးပေါ် ဆေးရုံပို့တင်ခဲ့ပေမယ့် သက်တန့်ရဲ့ ရှင်သန်နိုင်ခွင့်က ကံကြမ္မာလက်ထဲမှာ ချယ်က သတိဝင်လာသည်နှင့် သက်တန့်အတွက် စိုးရိမ်ကြီးစွာ ရွတ်နေဆဲ။

သက်တန့်ကို ထိုမျှထိ ချစ်ရသလား ချယ်ရယ်။

သူမိသားစုက ချယ်ကို စက္ကန့်မလပ် စိုးရိမ်ကြီးစွာ စောင့်ကြည့်ချိန်မှာ သူ့ရင်မှာ မွန်းကြပ်ကြေကွဲကာ တစ်စုံတစ်ရာအတွက် စိတ်မချမ်းမသာ ဖြစ်ရတော့သည်။ မင်းခုလိုဖြစ်ရတာ ကိုယ့်ကြောင့်လား သက်တန့်ဟင့်အင်း။

✠ ✠ ✠



## အခန်း (၂၆)

အဖြစ်ဆိုးရှာတဲ့သားကို ဒေါ်သီတာ မကြည့်ရက်ရှာတော့။

"သားရယ် မာမီကို အပြစ်တင်လှည့်ပါသားရယ်၊ သား အခုလို အဖြစ်ဆိုးရတာ မာမီ့ကြောင့်ပါ သားရယ်၊ သား မာမီဘယ်လိုဖြေသိမ့်ရမလဲကွယ်၊ ဟင့် ဟင့်"

သားဝေဒနာကိုကြည့်ရင်း ဒေါ်သီတာ ရင်ကွဲပက်လက် ငိုကြွေးနေရှာပြီး ဦးခေါင်းဒဏ်ရာ အပြင်းစားရသွားတဲ့ သားက ခုချိန်ထိ သတိမရသေး။

သားလက်ဖဝါးတစ်ဖက်ကို ဆုပ်ကိုင်ရင်း ဒေါ်သီတာ တရှုတ်ရှုတ် ငိုကြွေးနေမိသည်။ သားဖြစ်စဉ်ကို တွေးရင်း ဦးသိုက်မောင်း သားအတွက် ယူကြုံးမရ ဖြစ်ရှာပြီး

"ဘယ်လိုလုပ်ကြမလဲ ကိုမောင်ရယ်၊ သားလေး တစ်ခုခု ဖြစ်သွားနိုင်သလားဟင်၊ သားတစ်ခုခုဖြစ်သွားရင် အမလေး သီတာ



www.burmeseclassic.com

www.burmeseclassic.com



ရင်ကျိုးရချည်ရဲ့ ကိုမောင်ရဲ့''

တတွတ်တွတ်ပြောရင်း ငိုကြွေးနေတဲ့ ဇနီးသည်ကို ဦးသိုက်မောင် အပြစ်တင်ချင်ပေမယ့် သားအတွက် ယူကြုံးမရ ခံစားနေရတာကြောင့် အပြစ်တင်ချင်စိတ်လည်း မရှိတော့။

''ဘာတတ်မှာလဲ သီတာ၊ ကံတရားအတိုင်းပေါ့''

''ဟင့်အင်း သားကို သီတာ အဆုံးရှုံးမခံပါရစေနဲ့၊ အဆုံးရှုံးမခံပါရစေနဲ့၊ ဟင့် ဟင့်''

ဆေးဝတ်စုံအဖြူရောင်လေးနဲ့ သတိလစ်မျောနေတဲ့ သားက အပြစ်ကင်းစွာ အိပ်မောကျနေတဲ့ ကလေးလေးသဖွယ် အောက်ဆီဂျင် ပေးထားတဲ့ သားရဲ့နှုတ်ခမ်းလေးကို မျက်တောင်မခတ်ကြည့်ရင်း ဒေါ်သီတာ ဝမ်းနည်းပက်လက် ဆိုရှာသည်။ ဦးသိုက်မောင် သက်မ အဲသာချကာ

''ဆရာဝန်ကြီးတွေ အစွမ်းကုန် ကုသနေတာပဲ သီတာရယ်၊ သားကို ကိုမောင်တို့ မျှော်လင့်လို့ရသေးတာပဲ၊ စိတ်လျှော့ပါ သီတာရယ်၊ သီတာမှာလည်း ရောဂါနဲ့''

''ဟင့်အင်း သီတာရောဂါကြောင့် သားလေး ခုလိုဖြစ်ရတာ၊ သီတာအတွက်ကြောင့် သားလေးအဖြစ်ဆိုးရတာ၊ သီတာကို သတ်လိုက်ပါတော့ ကိုမောင်ရယ်၊ ဟီး ဟီး''

ဒေါ်သီတာ ပြောပြောဆိုဆို ချုံးပွဲချ ငိုကြွေးတော့သည်။ ဇနီး





သည် ပခုံးစွန်းလေးကို ဖွဖွဖက်ကာ ဦးသိုက်မောင် နှစ်သိမ့်ပေးရင်း

''သားလေး သတိရလာမှာပါကွယ်''

''သတိရလာရင်တောင် သား အာရုံတစ်ခုခု ချွတ်ယွင်းနိုင်တယ်လို့ ဒေါက်တာပြောသွားတယ် ကိုမောင်ရယ်''

''ဒါက အဆိုးဆုံးပြောတာပါ သီတာရယ်၊ အကောင်းဘက်ကတွေးယူပြီး စိတ်ကိုဖြေမှပေါ့''

''ဖြေချင်ပါတယ် ကိုမောင်ရယ်၊ ဒါပေမယ့် သားခံစားချက်ကို နားမလည်ပေးလို့ မှိုင်းစားမိလေ ယူကြုံးမရဖြစ်လေ ခံစားရလို့ပါ ကိုမောင်''

''ဘာတတ်နိုင်မှာလဲ သီတာ၊ သားခံစားချက်ကို အလေးမထားသူ အတွက်ကို ရှေ့တန်းတင်တယ်၊ အဲဒီနောက်မှာ သား ခုလိုဖြစ်သွားတာပေါ့''

ဇနီးသည်ကို အပြစ်တင်ချင်စိတ် မရှိပေမယ့်လည်း အပြစ်တင်သယောင် ပြောလိုက်မိပြီးမှ ဦးသိုက်မောင် ဦးခေါင်းရမ်းလိုက်မိသည်။

''ဘာတတ်နိုင်မှာလဲ သီတာရယ်၊ ဒေါက်တာပြောသလို သားသတိရလာတဲ့အထိ စောင့်ကြည့်ရုံပေါ့''

''သားရယ် သားသတိရလာရင်လေ သားခံစားချက်တွေ မာမီနားလည်ခံစားပေးပါ့မယ် သားရယ်၊ သားအမြန်သတိရလာပါစေ၊ အရှင်ဘုရား သားကို ကယ်တော်မူပါ ဘုရားရှင်''

ဒေါ်သီတာ သွေးဆုကြေကွဲစွာ လက်အုပ်ကလေးချီ၍ ဘုရားရှင်



www.burmeseclassic.com

www.burmeseclassic.com



ထံ အားကိုးတကြီး ဆုတောင်းတော့၏။

"ချယ်"

ချယ် မျက်လွှာလေး အသာဖွင့်ကြည့်မိတော့ ချယ်ကို စိုးရိမ်တကြီး စောင့်ကြည့်နေရှာတဲ့ ပယင်း။

"ချယ် နိုးလာပြီနော်"

ပယင်း မျက်ဝန်းကြည်ကြည်လေးနဲ့ ချယ်ကို စိုက်ကြည့်ပြီးမေးတော့ ချယ့် ဦးခေါင်းလေး အသာညိတ်လိုက်သည်။

"ချယ် နေသာရဲ့လား"

"အင်း"

"အခုမှပဲ စိတ်အေးရတော့တယ် ချယ်ရယ်၊ ကိုကိုဆို ချယ့်အတွက် အရမ်းစိုးရိမ်ပြီး ညတစ်ညလုံး ချယ်ကို ထိုင်စောင့်နေတာ ချယ်ရဲ့"

ချယ် နဖူးပြေပြေလေးကို လက်ဖဝါးလေးနဲ့ ဖွဖွစမ်းရင်း ပယင်းဆိုတော့ ချယ်ရင်မှာ ဝမ်းနည်းဝမ်းသာ ဖြစ်ရသည်။ ချယ်ကို ဘာကြောင့်ဒီလောက်တောင် အလေးထားရတာလဲကွယ်။

"ကိုခန့်ကော"

ချယ် ကိုယ်လုံးလေးကို အားယူထရင်း မေးတော့ ပယင်းမျက်လုံးလေး ဝင်းပသွားသည်။

"ရှိတယ် ချယ်ရဲ့၊ နေဦး ကိုကို့ကိုခေါ်ပေးမယ်"

ခုတင်ပေါ် တင်ပါးလွှဲထိုင်နေတဲ့ ပယင်း ဖျတ်ဖျတ်လတ်လတ်ထသွားတော့

"ရပါတယ်၊ မခေါ်ပါနဲ့"

"ဘာဖြစ်လို့လဲ"

"ကိုခန့် အိပ်ရေးပျက်နေမှာပေါ့"

"မပျက်ပါဘူး ချယ်ရယ်၊ ချယ် အခုလို လန်းလန်းဆန်းဆန်း ဖြစ်လာတာမြင်ရင် ကိုကို ပိုပြီးကြည်နူးသွားမှာ ယောက်မရဲ့"

ချယ် မေးဖျားလေးကို ချစ်စနိုးပွတ်၍ ပြောကာ ထွက်သွားသည့် ပယင်း အမူအရာလေးက ချစ်စဖွယ်ကောင်းလိုက်တာ။ မောင်ကသင်းလို ချစ်စရာကောင်းတဲ့ မိန်းကလေးကို ရင်မခုန်ရတာလဲကွယ်။

ခုတော့ ပယောဂမကင်းတဲ့ နှင်ထုတ်မှုတွေနောက်မှာ မောင်ဘာဖြစ်နေပြီလဲ။ မောင်တစ်ခုခုဖြစ်သွားပြီလားကွယ်။

"ချယ်"

ကိုခန့်ရဲ့ နူးညံ့တဲ့အသံလေးကြောင့် ချယ် မျက်နှာပေးလေးပြင်ကာ ခုတင်ဘောင်မှာ ကျောမှီထိုင်လိုက်သည်။ ကိုခန့်က ခုတင်ပေါ်ထိုင်၍ ချယ်ကို စိုးရိမ်စိတ် မပြယ်စွာကြည့်ရင်း

"ချယ် နေသာတယ်နော်"

"အင်း"

ချယ် နဖူးပြင်နဲ့ ချယ် လက်ဖဝါးလေးကို ကိုခန့် တယုတယစမ်းရင်း





(စိုးမိုး - စာပေ)

www.burmeseclassic.com

www.burmeseclassic.com



"ချယ် စိတ်အပင်ပန်း မခံပါနဲ့ကွယ်၊ ချယ် စိတ်ဖိစီးမှုများနေလို့ ရှော့ခ်ရသွားတာတဲ့၊ ပြီးတော့ ချယ် အားနည်းနေသေးတယ်"

ချယ်ကို စိုးရိမ်စိတ်ကလေးနဲ့ ကရုဏာသက်ဝင်စွာ ပြောနေတဲ့ ကိုခန့်က ထိုညက ဖြစ်စဉ်ကို အစဖေါ်ချင်ဟန်မတူ။

"ချယ် နေသာသလိုနေနော်"

"အင်းပါ ကိုခန့်ရယ်"

"ချယ် နေသာမှ စေ့စပ်ပွဲက ကျေဘ်သရေရှိမှာ ချယ်ရဲ့ ကိုယ်တို့နဲ့ချယ် စေ့စပ်ပွဲက အရမ်းစည်မှာ ချယ်၊ မာမီတို့ အသိုင်းအဝိုင်းက သိပ်ပြီးကျယ်ပြန့်တာလေ၊ ပြီးတော့ ချယ်ကိုလည်း အားလုံးက စိတ်ဝင်စားနေကြတာ"

မောင့်သတင်းကို ဘာဖြစ်လို့ အစဖေါ်မပြောရတာလဲ။ ချယ်သိချင်တာ ကိုခန့် ပြောပြနေတဲ့ စေ့စပ်ပွဲစည်ကားမယ့်သတင်းထက် မောင့်အခြေအနေကို သိချင်တာလေ။ မောင်ဆိုတာက ကိုခန့်သူငယ်ချင်းပဲလေ။ သူငယ်ချင်းအတွက် ကိုခန့် စိတ်မပူဘူးလားဟင်။ ချယ် အစဖေါ်မေးလိုက်ချင်မိသည်။

"ချယ် ပိုပြီးလန်းဆန်းသွားအောင် အနားယူလိုက်ပါလား"

ချယ် ခေါင်းညိတ်လိုက်ရသည်။ စိတ်ကျေနပ်မှုရဟန်နှင့် ကိုခန့် ချယ်အပါးမှခွာတော့

"ကိုခန့်"





ချယ်သိချင်တာ သိခွင့်မရရင် ဘယ်လိုလုပ် အနားယူလို့ရမလဲ။ ထိုစိတ်ကြောင့် ချယ် လွှတ်ခနဲခေါ်လိုက်တော့ ကိုခန့် ငဲ့ကြည့်ပြီး

"ပြောလေ ချယ်"

"ဟို ဟို လေ"

ချယ် ဖွင့်မေးဖို့ မရဲတရဲ ဖြစ်နေတော့ ကိုခန့် ချယ်အပါး ချဉ်းလာသည်။

"ဘာလဲ ချယ် ပြောလေ"

"ချယ် သိချင်တယ်"

"ဘာလဲ ချယ် ဘာသိချင်တာလဲ"

"ဟိုလေ ဟိုညက"

ချယ် လွှတ်ခနဲ အစဖေါ်လိုက်တော့ ကိုခန့်မျက်နှာ ကွက်ခနဲ ညိုသွားသည်။

"ကိုယ်မသိအောင် ချယ် အခန်းထဲ ခိုးကြောင်ခိုးဝှက် ဝင်တဲ့အတွက် ကံကြမ္မာက အပြစ်ပေးလိုက်တာပဲ၊ ကိုယ်အပြစ်မယူပါဘူး"

"ဟုတ်ပါတယ်၊ ဒါပေမယ့် မောင်အခုလိုဖြစ်သွားတာ မဆင်ခြင် နှင်ထုတ်မိလို့လေ"

ကိုခန့် ချယ် မျက်နှာငယ်လေးထံမှ အကြည့်လွှဲကာ သက်ပြင်းချတ်ချသည်။ ဝမ်းနည်းအစ်စို့ကာ မျက်ရည်လေးဆို့ထွဲနေတဲ့ ချယ် ကြေကွဲမှုက ခန့်ကို နှလုံးသားကို ဖိစီးလာသလို



www.burmeseclassic.com

www.burmeseclassic.com



"ချယ်ရယ် သက်တန့်ကို မေ့ပစ်လိုက်ပါကွယ်"

"မေ့ပစ်ရမတဲ့လား ကိုခန့်ရယ်"

"ဟုတ်တယ်လေ မေ့ရမှာပေါ့။ ကိုယ်တို့နှစ်ယောက် အနာဂတ်မှာ သက်တန့်မပါဝင်ဖို့ အရေးကြီးတယ်၊ ဒါကြောင့် ကိုယ် အားလုံးစီစဉ်ထားပြီးပြီ၊ ကိုယ်တို့ စေ့စပ်ပွဲပြီးရင် ဒက်ဒီရှိတဲ့ ဆွစ်ဇာလန်ကို မိသားစုအားလုံး သွားကြမယ်"

"ချယ်ပါလားဟင်"

"ချယ်ပါပေါ့၊ ဟိုရောက်တာနဲ့ မင်္ဂလာဆောင်မှာလေ"

ပေါ့ပေါ့ပါးပါး ပြောလိုက်တဲ့ ကိုခန့်စကားလုံးတွေနောက်မှာ အသားဆိုင်လေးများ တဖျပ်ဖျပ်တုန်ခါသည်အထိ အံကြိတ်ငိုရှိုက်မိသည်။

"ကိုခန့်ရယ်"

"ဝမ်းမနည်းပါနဲ့ ချယ်ရယ်၊ သက်တန့်ကို မေ့လိုက်တော့"

ချယ်နှလုံးသားကို လှစ်လျှုရှုရက်တာလား ကိုခန့်ရယ်။

"ချယ်နဲ့ သက်တန့် ချစ်သူဖြစ်ခဲ့တာ အိပ်မက်လို့ သဘောထားလိုက်ပါ ချယ်ရယ်"

"အိပ်မက်တဲ့လား ကိုခန့်ရယ်"

"ဟုတ်တယ် အိပ်မက်လို့ သဘောထားရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ချယ်ကို သက်တန့် ကြိုးစားခွင့်တွေ အကြိမ်များစွာ ရခဲ့ပေမယ့် မကြိုးစားခဲ့ဘူး။ မကြိုးစားရုံတင်မက သူ့မာမီစီစဉ်တဲ့အတိုင်း ပယင်းနဲ့





စေ့စပ်တာကို ကျေကျေနပ်နပ် ခံယူခဲ့တယ်"

မျက်နှာပေးလေး မာကျစ်ကာ မကျေမနပ် ရွတ်နေတဲ့ ကိုခန့်ကို ချယ် မျက်ရည်များအကြားမှ မော့ကြည့်လိုက်သည်။ ကိုခန့်က အခဲမကြေတဲ့ဖြစ်စဉ်တွေ ရွတ်နေဆဲ။

"ညီမလေး စေ့စပ်တာ ဘယ်သူနဲ့မှန်း ကိုယ်မသိခဲ့ဘူး၊ အဲဒီအချိန်က ညီမလေးနဲ့မာမီကို စိတ်ဆိုးပြီး ကိုယ်နဲ့ မာမီစိန် အဆက်အသွယ်မလုပ်ခဲ့ဘူး။ အန်တီစိန် အမျိုးသားတာဝန်ကျတဲ့ နယ်စပ်မြို့မှာ ကိုယ်တို့နေခဲ့တယ်၊ အဲဒီလိုနေရတာက ချယ် နယ်စပ်ဘက်သွားသလိုလိုဘာလိုလို သတင်းရလို့လေ"

"ကိုယ်တို့သားအမိ ချယ်အတွက် စိုးရိမ်တကြီး ဖြစ်နေချိန်မှာ သက်တန့်က ပယင်းနဲ့ ကြီးကြီးကျယ်ကျယ် စေ့စပ်တာ ခံယူခဲ့တယ်၊ ဒါတွေကို ကိုယ် နောက်ကျမှ သိခဲ့ရတယ် ချယ်"

ချယ် တစ်ချက်ရှိုက်ကာ လိမ့်ကျလာတဲ့ မျက်ရည်စလေး ပုတ်သုတ်ရင်း

"ပြီးခဲ့တာ ပြီးခဲ့ပြီပဲ ကိုခန့်၊ အခုလည်း ကိုခန့်စီစဉ်တဲ့အတိုင်း ချယ် ကျေနပ်ပါတယ်၊ လက်ခံပါတယ်"

"အဲဒါဆို ဘာဖြစ်လို့ သက်တန့်နဲ့ တွေ့ချင်ရတာလဲ ချယ်"

"ချယ် ချယ် ပယောဂမကင်းသလို ဖြစ်ရတာလေ"

"ချယ် ပယောဂမဟုတ်ဘူး၊ ချယ်ဘဝကို ထိပါးပုတ်ခတ်ခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



သူမှာမိရဲ့အတွက် သူ့အပေါ် တန်ပြန်သက်ရောက်တာလေ''

အောင့်ထားခဲ့တဲ့ မျက်ရည်က ဝေါခနဲ လိမ့်ဆင်းလာသည်။ တန်ပြန်သက်ရောက်သွားတဲ့လား ကိုခန့်ရယ်။

''အခုမှ ချယ်ကို ပြန်ရဖို့ကြိုးစားတာ ကိုယ် ကြည်ဖြူရမလား ချယ်''

''ကိုခန့်''

''ချယ်ကို ကိုယ်ချစ်ခဲ့တာ''

တစ်ခုခုပြောချင်တဲ့ ချယ် စကားလုံးလေး ပြတ်တောက်သွားတော့၏။ ချယ် မေးဖျားလေးပင့်ကိုင်ကာ ချယ် ပါးပြင်မှ မျက်ရည်စတွေကို သုတ်ဖယ်ပေးရင်း လွတ်ခနဲ ရင်ဖွင့်လိုက်တဲ့ ကိုခန့်ကို ချယ် အသက်မဲ့သလို မော့ကြည့်လိုက်မိသည်။

''ချယ်ကို ကိုယ်ချစ်နေခဲ့တာ ကိုယ်ကိုယ်တိုင် မသိခဲ့ဘူး။ ကိုယ်သိတဲ့အချိန်က သက်တန့်မှာမီ လက်ညှိုးငေါက်ငေါက်ထိုးနေတဲ့ အချိန်မှ ကိုယ့်နှလုံးသားကို ကိုယ်ကိုယ်တိုင် သိသွားတယ် ချယ်။ ချယ်ကို သိပ်ချစ်နေမိတာလေ''

အမြွက်တနိုး ရင်ဖွင့်လာတဲ့ ကိုခန့်ရင်ခွင်မှာ ယစ်မူးရမတဲ့လား ကိုခန့်ရယ်။

''ညီမလေးက သက်တန့်နဲ့ချယ် ပတ်သက်မှုကို ဘယ်လိုသိသွားတယ်မသိဘူး။ ချယ်နဲ့သက်တန့် သတင်းကို ပေးဖို့ ကိုယ်နဲ့ ပြန်ဆက်သွယ်လာတာလေ။ ချယ်ကို ပြန်တွေ့ရပြီးဆိုတဲ့ အသိနဲ့ ကိုယ့်နှလုံးသား ရှူးသွပ်မတတ် ပျော်မြူးခဲ့ရတယ်။ အဲဒါကြောင့် ချယ် ဘယ်လိုမှ ခြေရာဖျောက်ပြေးလို့မလွတ် ကိုယ် ချက်ချင်း လိုက်ခေါ်ခဲ့တာပေါ့။ ပြီးတော့ ချယ်ဘဝ သိမ်ငယ်မှုမရှိစေဖို့ ကိုယ် ချစ်ခြင်းနဲ့ ဖေးမပြီး ပိုင်ဆိုင်ဖို့ ဆုံးဖြတ်ခဲ့တာပါ ချယ်ရယ်''

နှလုံးသားက မောင့်ဆီမှာဆိုတော့ ကိုခန့်ရင်ခွင်မှာ ချယ် မျက်ရည်ကျရပြီပေါ့။

''ဒါကြောင့် ဝမ်းမနည်းပါနဲ့ကွယ်''

ချယ် နှလုံးသားမှာ အသံတိတ်ရှိုက်မိ၏။

''ချယ်ဘဝကို နွေးနွေးထွေးထွေး ကြိုဆိုတဲ့ ကိုယ့်မိသားစုရှိတယ်၊ ချယ်နှလုံးသားကို နားလည်တဲ့ ကိုယ့်ချစ်ခြင်းရှိတယ်လေနော် ချယ်''

ချယ်ကို ရင်ခွင်ထဲ တယုတယ ထွေးပွေ့ကာ ရင်ခုန်စွာ ပြောနေတဲ့ ကိုခန့်စကားလုံးတွေနောက်မှာ ချယ် ဝမ်းနည်းကြေကွဲမှုတွေကို မှိုချရတော့မှာပေါ့ ဟုတ်လားဟင်။

''သက်တန့်ကို မေ့လိုက်ပါတော့ကွယ်၊ မေ့လိုက်ပါတော့ ချယ်ရယ်''

နားသယ်စပ်နားမှာ စင်းကျနေတဲ့ ချယ် ဆံနွယ်စလေးကို အမြွက်တနိုး နမ်းရှိုက်ဖျောင်းဖျလာတဲ့ ကိုခန့် ရင်ခုန်သံကို ချယ် အသိ







www.burmeseclassic.com

www.burmeseclassic.com



အမှတ်ပြုရမလား ကံကြမ္မာ။ ကိုခန့်အနမ်းတွေကြောင့် ချယ် အသက် အောင့်ကာ ကိုခန့် ရင်ခွင်ထဲမှ မသိမသာ ရုန်းဖယ်လိုက်မိသည်။

"မောင်ရယ်"

မောင့်ကို ချယ် မေ့ပစ်နိုင်မှာ မဟုတ်ပါဘူး။ ကိုခန့် ကျေနပ် အောင် ခေါင်းညိတ်လိုက်ရပေမယ့် ချယ် နှလုံးသား မောင့်ဆီ ပြေးလွှား နေဆဲပါပဲ။

✠ ✠ ✠



## အခန်း (၂၄)

"မောင်ခန့်"

သူ ညေ့ခန်းထဲ ဝင်လာသည်နှင့် အသံဖျော့ဖျော့လေးနဲ့ အလေး အနက်ခေါ်လိုက်တဲ့ ဒေါ်သီတာကို ခန့်ကို လှည့်မကြည့်။

"မောင်ခန့်ရယ် အန်တီတောင်းပန်ပါတယ်ကွယ်"

"ကျစ်"

ခန့်ကိုရင်မှာ တင်းခနဲဖြစ်သွား၏။ သူ့ရှေ့မှာ ပိတ်ရပ်လာတဲ့ ဒေါ်သီတာနဲ့ ရင်မဆိုင်လို့ ခန့်ကို လှည့်ထွက်ဟန်ပြင်တော့

"မောင်ခန့်ရယ် အန်တီ အနူးအညွတ်တောင်းပန်ပါတယ် ကွယ်"

လက်ဖဝါးကို အတင်းအကြပ် ဆုပ်ကိုင်တောင်းပန်လာတဲ့ ဒေါ်သီတာကို သူ အသိအမှတ်ပြုရမတဲ့လား။

"ချယ်ကို အန်တီ ချိုးချိုးဖဲ့ဖဲ့ ဆက်ဆံခဲ့သလို မောင်ခန့်ရဲ့ သားအမိကိုလည်း အန်တီ အထင်လွဲခဲ့ပါတယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါက အန်တီစိတ်ပါ"

"ဟုတ်ပါတယ်ကွယ်၊ ဒါပေမယ့် အခု အန်တီသားလေး အခြေအနေက"

"မပြောနဲ့ အန်တီ"

"အန်တီ တောင်းပန်ပါရစေကွယ်"

သူ့ရှေ့က ပိတ်ကာပြီး အတင်းအကြပ် ပြောနေတဲ့ ဒေါ်သီတာကို ခန့်ကို ခပ်စိမ်းစိမ်းစိုက်ကြည့်မိသည်။ သားအတွက် သောကရောက်နေတဲ့ အန်တီ့မျက်နှာက အရင်က ဂုဏ်မောက်ခဲ့တယ်လို့ ထင်ရက်စရာ မရှိလောက်အောင် ညှိုးငယ်နွမ်းဖတ်နေရှာသည်။

"အန်တီလေ သားကို သည်းသည်းလှုပ်ချစ်ခဲ့ပါတယ်ကွယ်၊ သားခံစားချက်ကို နားလည်မှု မပေးနိုင်လောက်အောင် အတ္တကြီးခဲ့ပါတယ်ကွယ်"

"ဒါတွေကို ပြန်ပြောနေလို့ ဘာမှထူးခြားလာမှာ မဟုတ်ဘူး"

"မှန်ပါတယ် မောင်ခန့်ရယ်၊ ဒါပေမယ့် အန်တီက အတ္တလွန်ကဲခဲ့သူ၊ အန်တီ့မှာ အပြစ်ရှိတယ်လေ၊ အန်တီ့အပြစ်ကို အန်တီသိလို့ မောင်ခန့် ကျေနပ်အောင် တောင်းပန်ရတာပါ"

"အန်တီကို အပြစ်ရှိတယ်လို့ ကျွန်တော် မစွပ်စွဲခဲ့ဘူး"

"ဒါပေမယ့် အန်တီကို မောင်ခန့်နာကြည်းခဲ့တယ် မဟုတ်လား"

သူ့နှုတ်ခမ်းလွှာကို ဆတ်ကနဲတင်းကာ မျက်နှာမော့၍ ဦးခေါင်းဆတ်လိုက်သည်။





"နာကြည်းတာထက်ပိုတယ် အန်တီ"

ဒေါ်သူဇာ မျက်နှာလေး အိုစာထိုင်းမှိုင်းသွားသည်။

"အန်တီ စွပ်စွဲခဲ့တဲ့ စကားလုံးက ကျွန်တော်တို့ဂုဏ်သိက္ခာကို ဖဲ့ပစ်ရုံမက ကျွန်တော်တို့သားအမိရဲ့ စစ်မှန်တဲ့မေတ္တာကို အဆိပ်သွန်းလောင်းတာနဲ့တူတယ် အန်တီ"

"ပြောပါတော့ မောင်ခန့်ရယ် ပြောပါတော့"

"အန်တီ စိတ်ဓာတ်ကိုသိလို့ အစကတည်းက သက်တန့်ကို ချယ်နဲ့ ရောရောနှောနှော မနေစေခဲ့ဘူး။ သက်တန့်ကို ကျွန်တော့်တိုက်မှာတည်းစေတာ အရှိုးသားဆုံး တည်းခွင့်ပေးခဲ့တာ"

ဒေါ်သီတာ ဝမ်းနည်းကြီးစွာ ဦးခေါင်းလေးညိတ်၍

"အန်တီ အထင်မှားခဲ့လို့ပါ မောင်ခန့်ရယ်"

"ချယ်နဲ့ ထောင်ဖမ်းတယ်ဆိုတဲ့ အန်တီ အတ္တက ကျွန်တော်တို့သားအမိအတွက် ဖြေသိမ့်လို့မရတဲ့ နာကျင်မှုပါ အန်တီ"

"ဟုတ်ပါတယ် မောင်ခန့်ရယ်၊ အဲဒီအတွက် အန်တီ ယူကြုံးမရ ခံစားရပါတယ်ကွယ်"

"အန်တီခံစားမှုကို ကျွန်တော် အသိအမှတ်ပြုနိုင်မှာ မဟုတ်ဘူး"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အန်တီ၊ ကျွန်တော် အသိအမှတ်မပြုနိုင်ဘူး"

ဒေါ်သိတာရင်မှာ အတိုင်းမသိ ထိန့်ကနဲကြက်သွားပြီ။

"မောင်ခန့်ရယ် အန်တီခံစားချက်ကို အသိအမှတ်မပြုရင်တောင် မောင်ခန့်သူငယ်ချင်းကို နားလည်ပေးပါကွယ်၊ နားလည်ပေးပါ မောင်ခန့်ရယ်"

"ကျွန်တော့်မှာ သူငယ်ချင်းမရှိတော့ဘူး အန်တီ"

"သားအပေါ် အဲလောက်ထိ မစိမ်းကားပါနဲ့ကွယ်"

သူ့ နှုတ်ခမ်းပါးမဲ့ကာ တွန့်ခနဲ ဖြစ်သွားပြီ။

"အန်တီ ထင်ချင်သလိုထင်နိုင်တယ်"

"အခု သားက"

"မပြောပါနဲ့ အန်တီ"

"သားက ဟီး ဟီး"

သူဖျတ်ခနဲ လှည့်ထွက်ခဲ့စဉ် အန်တီရဲ့ အစ်စိုစိုငိုသံကြီးက သူ့ခြေလှမ်းကို တန့်သွားစေသည်။

"သား သတိရလာပေမယ့်"

ပြတ်တောက်သွားတဲ့ အန်တီစကားလုံးကြောင့် သူ့စိတ်က အန်တီကို ငဲ့ကြည့်မိပြန်သည်။

"သားက တစ်ခွန်းမှ မပြောနိုင်ရှာတော့ဘူး မောင်ခန့်ရယ် သားမျက်လုံးက တစ်စုံတစ်ရာကို တမ်းတသလိုငေးရင်း မျက်ရည်တွေ





ကျနေရှာတာ ဆရာဝန်ကြီးပြောတော့ တစ်ခုခုကိုခံစားလို့တဲ့၊ အာရုံခံစားမှု ပြင်းပြနေတာတဲ့ သားလေး ပုံမှန်ဖြစ်လာဖို့ သား တောင့်တနေတဲ့ အရာတွေဖြည့်ဆည်းပေးရင်"

"တော်ပါတော့ အန်တီ"

"ဘာဖြစ်လို့လဲ မောင်ခန့်ရယ်"

"ယုတ္တိမတန်တဲ့ အကြောင်းပြချက်နဲ့ ချယ်ဘဝကို နောက်ထပ် တစ်ကြိမ် မနှောင့်ယှက်ပါနဲ့"

"အန်တီ တကယ်ပြောတာပါကွယ်၊ မောင်ခန့် မယုံရင် ဆရာဝန်ကြီးကို မေးလို့ရပါတယ်ကွယ်"

သူ့ဦးခေါင်းတရစပ်ရမ်းကာ အန်တီထံမှ အကြည့်လွှဲလိုက်သည်။

"မောင်ခန့်ရယ် အန်တီ မညာပါဘူး။ အန်တီ တကယ်ပြောတာပါကွယ်၊ အန်တီ ပြောတာမယုံရင် မောင်ခန့် သူငယ်ချင်းကို မောင်ခန့် တစ်ချက်လိုက်ကြည့်ပါကွယ် အန်တီ တကယ်ပြောတာပါ"

ဟင့်အင်း သူမယုံချင်။ ဘာရည်ရွယ်ချက်နဲ့ သူ့ထံချဉ်းကပ်လာတာလဲ အန်တီစိတ်ဓာတ်က ယုံချင်စရာကောင်းတာ ဘာမှမရှိဘူး။

"ချယ်နဲ့ မောင်ခန့် စေ့စပ်ပွဲကို အန်တီ အသိအမှတ်ပြုပါတယ်ကွယ်၊ မောင်ခန့်စိတ်ကိုလည်း အန်တီ လေးစားပါတယ်၊ အန်တီတောင်းဆိုတာက သားလေးပုံမှန်ဖြစ်လာဖို့ ကူညီပါ မောင်ခန့်ရယ်"

သူ့ရှေ့ကြမ်းခင်းမှာ ကျုံ့ကျုံ့လေးပုံကျသွားတဲ့ အန်တီအမူ



www.burmeseclassic.com

www.burmeseclassic.com



အရာက သူ့ကို အနူးအညွတ်တောင်းပန်နေတာလား။

"သားစိတ် ပုံမှန်ဖြစ်လာဖို့ သားခံစားချက်ကို နားလည်နေတဲ့ ချယ်ကို တစ်ကြိမ်ဖြစ်ဖြစ် သားနဲ့ တွေ့ခွင့်ပေးပါကွယ်၊ သားက ဝေဒနာခံစားရင်း ချယ်ကို တမ်းတနေရှာတာ မောင်ခန့်ရယ် သားတမ်းတနေတဲ့ ချယ်ကို"

"တော်ပါတော့ အန်တီ"

သူ့ခြေလှမ်းက အန်တီရှေ့မှ ဆက်ခနဲ ဖယ်ခွာရွေ့လျားခဲ့မိသည်။

သက်တန့်နဲ့ချယ်ကို တွေ့ခွင့်ပေးရမတဲ့။ ဟင့်အင်း သူတွေ့ခွင့် မပေးနိုင်ပါ။ ချယ်က သူ့ချစ်သူ။ သက်တန့်နဲ့တွေ့ခွင့်ပေးလိုက်လို့ ချယ်နဲ့ သက်တန့် နှလုံးသားက သူ လိုက်မမှီနိုင်တဲ့ ချစ်ခြင်းဆီ စီးမျောသွားရင်

အို သူခံစားနိုင်မှာ မဟုတ်တော့ဘူး။

သူ့ခြေလှမ်းက ချယ်ဆီ ရွေ့လျားခဲ့မိပြီ။

"မောင် ဝေဒနာခံစားနေရတာ ချယ် အားပေးကြည့်ရှုခွင့်မရှိဘူးလား ကိုခန့်ရယ်"

"ကိုယ့်ခံစားချက်ကို နားလည်ပါ ချယ်ရယ်"

"ချယ် နားလည်ပါတယ်"

"ဒါဆို ဘာဖြစ်လို့ ချယ် တောင်းဆိုနေရတာလဲ"

ချယ် ပခုံးလေးကို ဆုပ်ကိုင်မေးလာတဲ့ ကိုခန့်ကို အသနား





က်ဝန်းလေးနဲ့ ချယ်မော့ကြည့်ရင်း

"မောင် ပုံမှန်အတိုင်းဖြစ်သွားရင်"

"တော်ပါတော့ ချယ်ရယ်"

"စိတ်ချပါ ကိုခန့်ရယ်၊ ဘာအကြောင်းကြောင့်မှ ကိုခန့်နဲ့ ချယ် ဆုံစပ်ပွဲကို အပျက်ခံမှာ မဟုတ်ပါဘူး"

"ချယ် နားလည်မှုပေးချင်ပါတယ် ချယ်ရယ် ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လဲ ကိုခန့်၊ အန်တီသီတာရဲ့ စကားလုံး နောက်မှာ ချယ် စီးမျောပြီး တောင်းဆိုလာတာ ကိုယ် ဘယ်လိုလုပ် ကြည့်ရမှာလဲ"

"ချယ်ကို အယုံမကြည်မရှိတော့ဘူးလား ဟင်"

အရိုးစင်ဆုံး တောင်းဆိုနေတဲ့ ချယ့်ဆန္ဒကို သူလိုက်လျောပေး လား။

"ချယ် ရင်ကို ဖြေသိမ့်မှုပေးစေချင်ရင် မောင်နဲ့ တစ်ကြိမ် ဖြစ်ဖြစ် တွေ့ခွင့်ပေးပါ ကိုခန့်ရယ်"

သူ့ လက်ချောင်းလေးတွေကို အားကိုးတကြီး ဆုပ်ကိုင်တောင်း တဲ့ ချယ်ကို တားဆီးဖို့ သူစိတ်ဖျော့တော့လာသည်။

"ချယ် ကတိပေးပါတယ် ကိုခန့်ရယ်၊ ချယ်ကြောင့် မောင် နာခံစားရသလို ချယ်ကြောင့် မောင်ပုံမှန်ပြန်ဖြစ်လာဖို့ ချယ်နောက် ကြိမ် နှစ်သိမ့်ပေးပါရစေနော်"



www.burmeseclassic.com

www.burmeseclassic.com



ချယ် လက်ဖဝါးလေးကို သူ မြတ်မြတ်နိုးနိုး ဆုပ်ကိုင်၍

"ကိုယ် အသည်းကိုမခွဲပါနဲ့ ချယ်ရယ်"

"ချယ် နားလည်ပါတယ် ကိုခန့်၊ ကိုခန့်က ချယ်ဘဝရဲ့ အလင်း ရောင်ပါ၊ ကိုခန့်ကြောင့် ချယ်ဘဝ ငြိမ်းချမ်းမှုရခဲ့တာပါ၊ ကိုခန့်ရယ် ကိုခန့် ဝေဒနာခံစားရအောင် ချယ် မပြုရက်ပါဘူးလေ"

"ချယ် တကယ်ပြောတာလား"

"တကယ်ပါ ကိုခန့်ရယ်"

ချယ် အလေးအနက်ပြောတဲ့ ချယ် ဝန်ခံသံလေးကို သူ အသိ အမှတ် ပြုရမှာလားကွယ်။

"ချယ်ကိုယ်ပံ့ပါ ကိုခန့်ရယ်၊ မောင့်ကို ချစ်ခဲ့ပါတယ်၊ ဒါပေမယ့် ချယ့်ဘဝအတွက် အစစအရာရာ ဖြည့်ဆည်းပေးခဲ့တဲ့ ကိုခန့်ရဲ့ ဖြူစင် တဲ့ချစ်ခြင်းကို ချယ် ကျော်မနင်းရက်ပါဘူး"

ချယ်က သူ့နှလုံးသားကို နားလည်နေသလားကွယ်။ သူ့ကို အားကိုးတကြီး မော့ကြည့်တာ

"ကိုခန့်"

အနူးအညွတ်တောင်းဆိုနေတဲ့ ချယ်စိတ်ကို သူ့ရဲ့ငြင်းဆန်မှုနဲ့ နာကျင်အောင် မနှိပ်စက်ရက်တော့။

"ချယ်ရယ်"

နွဲ့ပျောင်းနေတဲ့ ချယ့်ကိုယ်လုံးလေးကို သူ့ရင်ခွင်မှ ဖြေလွှတ်





သချင်လိုက်သည်။

"ကိုခန့်ရယ်"

"အင်းပါလေ၊ ချယ် ကိုယ့်ကို နားလည်ရင်ကျေနပ်ပါပြီကွယ်"

"သက်တန့်ကို ချစ်ခဲ့တဲ့ ချယ်နှလုံးသား ဖြေသိမ့်မှုရနိုင်ဖို့ ကိုယ်နောက်ဆုံးအကြိမ် ထပ်ဆင့်နားလည်မှုပေးပါ့မယ်ကွယ်"

ကိုခန့်ရဲ့ နားလည်ပေးမှုက ချယ် နှလုံးသားမှ ဝမ်းနည်းဝမ်း သာ မျက်ရည်စလေး စီးဖြာကျဆင်းလာစေသည်။

မောင်ရယ်၊ ချယ်နဲ့မောင် နောက်ဆုံးအကြိမ် တွေ့ကြပါစို့ကွယ်။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

သူ့အာရုံမှာ ခရေပန်းရန့်လေးသင်းထုံသလို ခံစားလိုက်ရသည် နှင့်တစ်ပြိုင်နက် ခရေရနံ့ကို တစ်ရှိုက်မက်မက်ရှူမိ၏။

ခရေနံ့ရေမွှေးသင်းသင်း ရှူရှိုက်မိခြင်းရဲ့နောက်မှာ သူ့အာရုံမှာ ပုံရိပ်လေးတစ်ခုက ထင်းခနဲ။

ခရေပွင့်လေးတွေကောက်နေတဲ့ ရိုးသားဖြူစင်လွန်းတဲ့ မိန်း လေး။ အဲဒါ သူချစ်သူပေါ့။

"ဟုက်တယ်လေ သူနဲ့ချယ် ခရေပွင့် တယုတယကောက်က ရင်ခုန်ခဲ့ကြသည်။ ခရေသီးလေး မမိုတမိုရူးရင်း လွှင့်ကျသွားတဲ့ ချယ် မြတ်နိုးစွာ တွေ့မွေ့ ရင်ခုန်စကားတွေ ခြွေလွှင့်ခဲ့ဖူးတယ်လေ။ သူပေး ခရေပန်းလေးကို မွှေးရှိုက်ရင်း ချစ်သူတွေဖြစ်ခဲ့တယ်။ ပြီးတော့ မာ အတ္တ ဟင့်အင်း သူ မစဉ်းစားချင်တော့။ ခရေပွင့်လေးတွေကို နမ်းရှို ခဲ့စဉ်က ခံစားမှုတွေ သူ့ရင်မှာ ရစ်ဝေကာ တစ်စုံတစ်ရာ တွေ့မွေ့ချ





တဲ့ သူ့အာရုံလွှင့်နေခဲ့တာလေ။ ခုတော့ သူတွေ့မွေ့ချင်တဲ့ တစ်စုံတစ်ရာ ကို တွေ့မွေ့ခွင့်ရပြီ"

သူ မျက်နှာပေါ်မှာ နူးညံ့သိမ်မွေ့မှုတွေ ရွှေ့လျားကာ သူ နှုတ်ခမ်းလွှာလေး နွေးလာသည်။ သူ့လက်ဖဝါးလေးထဲမှ အိဖထွေးမှုလေး တွေ။

"မောင်"

သူ့မျက်လွှာလေး အသာအယာဖွင့်ဟလာသည်။

"မောင်ရယ်"

ချယ် နှလုံးသားမှ ဝမ်းသာမျက်ရည်လေး ပြိုဆင်းလာသည်။

"မောင် သတိရလာပြီနော်"

သူ့ဦးခေါင်းလေး ညိတ်လိုက်တာလားမသိ။ သူ့ဦးခေါင်းနောက် မှာ ဆတ်ခနဲနာမျက်သွား၏။

"မောင်ရယ်"

သူ့ရင်ခွင်ထဲ တိုးဝင်လာတဲ့ ခံစားမှုလေး။ အိုး သူ့နှလုံးသားက တစ်စုံတစ်ရာကို ခံစားမိစဉ် ဝမ်းနည်းမှုတွေ အိုင်ထွန်းသွားတော့၏။

"မောင်ရယ် ချယ်ကို တစ်ခုခုပြောပါလားဟင်"

တစ်ခုခုပြောရမတဲ့။ သူ ဘာပြန်ပြောရမလဲ။

"ချယ်ကြောင့် မောင်ကျသွားတာလေ"

ဟင် သူကျသွားတာတဲ့ သူဘာမှာကျတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



"မောင့်ကို ချယ် နှင်ထုတ်မိလို့ ချယ်သာ နှင်မထုတ်ရင် မောင် မောင်ဘာမှဖြစ်မှာမဟုတ်ဘူးလေ"

ဟုတ်ပါရဲ့ ဝုန်းခနဲ ပြိုကျတဲ့အသံ သူ့အာရုံမှာ ပဲ့တင်ထပ်လာသည်။ လက်ချောင်းလေးတွေက သူ့ရင်ဘတ်ကို တွန်းကာ

"မောင်ပြန်ပါတော့နော် ပြန်ပါတော့"

ဆိုတဲ့ အသံလေးနောက်မှာ သူ့အသိတရားက ဘာကိုမှ ခံစားမနိုင်အောင် ဆောက်တည်ရာမရဖြစ်နေခဲ့သည်။ အဲနောက် သူ ဘာဖြစ်သွားမသိတော့။

"မောင် ခုလိုဖြစ်ရတာ ချယ်ကြောင့်ပါမောင်ရယ်၊ ချယ်ကို အပြစ်ပေးပါတော့နော်"

အပြစ်ပေးရမတဲ့။ ဟင့်အင်း။ သူ ဘယ်သူ့ကိုမှ အပြစ်မတင်ရက် သူ့ကံကြမ္မာက ဒီလိုဖန်တီးလာတာလေ။

မျက်ရည်စတွေ ဖြာကျနေတဲ့ သူ့မျက်ဝန်းစပ်မှာ နူးညံ့တဲ့ အတွေ့အထိလေးက တယုတယ။ အဲဒါ သူ့မျက်ရည်တွေကို ခရေပွင့်လေးက နှစ်သိမ့်ပေးနေတာလေ။

"ချယ်လေ မောင့်ကို နားလည်ပါတယ်ကွယ်၊ မောင့်မာမီ ရောဂါကြောင့် ချယ်ဘက်က ရပ်တည်ကာကွယ် မပေးနိုင်ခဲ့တဲ့ဖြစ်စဉ်ကို ချယ် ခံစားလို့ရပါတယ်ကွယ်"

မာမီ. မာမီကြောင့် သူ့ချစ်သူနဲ့ကွဲခဲ့တာ။ ဟုတ်တာပေါ့ သူ့ဦး





ခေါင်းထဲမှာ လက်ခနဲ အလင်းတန်းလေးပေါ်လာသလို။

"အခုဆို မောင့်မာမီက အရမ်းသနားဖို့ကောင်းတာ၊ မောင် ချယ် မောင့်အတွက် ထိခိုက်ကြေကွဲနေတာ မောင် အသိတရား ပုံမှန်အတိုင်း နိုးထရှင်သန်မလာမှာကို စိုးရိမ်ပြီး အသည်းကွဲ ရင်ကွဲခံစားနေရတာလေ"

သူ့ကြောင့်မာမီ ခံစားနေရသတဲ့။ ဟင့်အင်း သူ့ကြောင့် ဘယ်သူ့ကိုမှ မခံစားစေချင်ဘူး မာမီရယ်။ သားကြောင့် မာမီ စိတ်မဆင်းရဲစေချင်ဘူး။ မာမီမှာ နှလုံးရောဂါရှိတယ်လေ။ မာမီ ရောဂါငြိမ်းဘယ်လေ။ မာမီရောဂါကို သူ့ငွဲညှာပေးရမှာပေါ့ ဟုတ်တယ်။

"မာမီ"

သူ့ရင်မှ တောင့်တောင့်တတ ခေါ်နေမိသည်။ မာမီ ဘယ်မှာလဲဘင်။ ပါတိတ်ရနံ့လေး အစဉ်မွှေးပျံ့နေအောင် ပါတိတ်ဝမ်းဆက် မက်မက်မောမော ဝတ်ဆင်လေ့ရှိတဲ့ မာမီရဲ့ ဂုဏ်ရောင်တောက်တောက် ပုံရိပ်လေး အဝဲလည်လည် ပေါ်လွင်လာသည်။

တစ်စုံတစ်ရာကို စူးစိုက်ခံစားမိတဲ့ သူ့ဦးခေါင်းက တဆက်ဆက် ကိုက်ရှလာသည်။

"အား ကျွတ် ကျွတ်"

မောင့်ရဲ့ ငြီးတွားသံလေး။

"မောင်"

www.burmeseclassic.com

www.burmeseclassic.com



မောင့် လက်မောင်းလေးကို ချယ် ဆုပ်ကိုင်လှုပ်ခါ၍ အကြိမ်ကြိမ်ခေါ်နေမိသည်။

"မောင် ချယ်လေ"

"ချယ်"

နှုတ်ခမ်းလွှာလေး လှုပ်လီလှုပ်လဲ့ တွန့်သွား၏။

"ဟုတ်တယ် မောင်ရဲ့"

ဖြူစင်နူးမွတ်နေတဲ့ ပုံရိပ်လေး သူ့နှလုံးသားထဲ တိုးဝှေ့ဝင်ရောက်ခဲ့တဲ့ ချစ်စရာပုံရိပ်လေး။

"ကိုခန့်က မောင်နဲ့ချယ်ကို တွေ့ခွင့်ပေးတာလေ"

ကိုခန့်။ ခန့်ကို

ခန့်ကိုဆိုတာ သူ့ သူငယ်ချင်း။

သူ့ သူငယ်ချင်းက သူနဲ့ချယ်ကို အစဉ်မပြ တွေ့ခွင့်ပေးခဲ့တာလေ။ ခန့်ကိုကြောင့် သူနဲ့ချယ့် ချစ်စကားတွေ ပြောလို့ရခဲ့တာ။

"မောင် ဝမ်းမသာဘူးလားဟင်"

ဝမ်းသာတာပေါ့ ချယ်ရယ်။ တလှုပ်လှုပ်ဖြစ်နေတဲ့ မောင့်နှုတ်ခမ်းလွှာလေးပေါ်မှာ ကြည်နူးရိပ်လေး သန်းလာသည်။

"မောင်ရယ်"

သူ့ လက်ဖမိုးလေးက ခံစားမှု တစ်ခုနောက်မှ နွေးလျက်

အဲဒါ သူလိုချင် တောင့်တခဲ့တဲ့ ခံစားမှုပါ။





မှုတ်ရဲ့လား ကံကြမ္မာ သူ့လက်ချောင်းလေးတွေကို ပင့်မရင်းတစ်စုံတစ်ရာကို မြည်းစမ်းခံစားမိနေသည်။

မောင့်လက်ချောင်းလေးတွေက ချယ့် လည်တိုင်လေးတွေ ချယ့်ပါးပြင်နုနုလေးနဲ့ ချယ် နှုတ်ခမ်းလွှာလေးဆီ ရွရွလေး ရွေ့လျားလျက်။

နွေးနေတဲ့ နှုတ်ခမ်းလွှာလေးကို သူ တသသ နှံစားလိုစိတ်လေးကြီးစိုးလာသည်။

"ချယ်"

သူ ရင်ခေါင်းထဲက ဖျစ်ညှစ်လိုက်မိသည်။

"မောင်"

"ချယ်ရယ်"

ဝေဝါးနေတဲ့ သူ့အာရုံက တစ်စုံတစ်ရာ လွတ်ထွက်မသွားအောင်မိမိရရဖက်တွယ်မိတဲ့ သူ့လက်ချောင်းလေးတွေက

မောင့်ကို ချစ်ပါတယ်။ သိပ်ချစ်ရပါတယ် မောင်ရဲ့။ အို သူ့မိန်းမူသွားထင်ရဲ့။

သူ့ကို အဖြေပေးစဉ်ကလို သူ့နှလုံးသားကြည်နူး လိုက်ဖိုသွားပြီး သူနဲ့ချိန်းတွေ့စဉ်ကလို ရင်ခုန်စွာ ဦးခေါင်းတိုးဝင်လာတဲ့ ချယ်ကိုယ်လုံးလေးကို သူချစ်မြတ်နိုးစွာ ထွေးပွေ့လိုက်သည်နှင့် တစ်ပြိုင်နက်နှုတ်ခမ်းလှလှလေးကို တစ်ရှိုက်နမ်းမွှေးလိုက်စဉ် ခရေရနံ့လေးပျံ့မွှေးသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"အို"

မောင့်ချစ်ခြင်းတွေကို ချယ် မရှောင်ရက်နိုင်တော့။

မောင် ဖောင့်တမက်မောတဲ့ ခံစားချက်အတွက် မောင်နဲ့ထပ်တူ ခံစားလိုက်မိပြီး အချစ်တွေနဲ့ အပြန်အလှန်နေတဲ့ နှုတ်ခမ်းလွှာလေး နှစ်စုံကြားမှာ ပေါ်ထွက်လာတဲ့ သကေ်တကို ခန့်ကို မကြည့်ရက်တော့။

မျက်နှာပြင်ဖြန်းခနဲ ပူကာ ရှောင်လွှဲမိ၏။ ဝေဒနာခံစားနေရသူ တစ်ဦးရဲ့တောင့်တမှုက အချစ်လား။

ထိုအချစ်ကိုပေးတဲ့ ချယ်က ရက်ရက်ရောရော။

သူ့စိတ်ရိုင်းက ချယ်ကို ဆုပ်ကိုင်ခွဲပစ်လိုက်ချင်ပေမယ့် သူ့ ခြေလှမ်းက သူ့စိတ်နောက်သို့ ပါမသွားတာ ဘာကြောင့်လဲ။

"ကတိပေးပါတယ် ကိုခန့်ရယ်"

ဆိုတဲ့ ချယ်အသံလေးက သူ့နှလုံးသားမှ ဖွဲ့ခွာသွားပြီလား။ ဘာကြောင့်မှန်းမသိ လွင့်ကျလာတဲ့ သူ့မျက်ရည်က ဘာအဓိပ္ပါယ်လဲ သူ့ကိုယ်သူ မခန့်မှန်းတတ်တော့။

"မောင်ရယ်"

"ချယ်ရယ်"

ဆိုတဲ့ အချစ်ကြောင့် ပေါ်ထွက်လာတဲ့ သံစဉ်ကို နားဆင်နိုင်စွမ်းမရှိတော့။

"ကိုကို"





မကျေမနပ် ဒေါသလေးပေါ်ထွက်လာတဲ့ ပယင်းခေါ်သံ နောက်မှာ ခန့်ကို အသိဝင်လာသည်။ ချယ်နှင့်သက်တန့်ရှိနှင့်သည့် အခန်း ထဲ ဆတ်ခနဲ ပြေးဝင်လာသည်။ ပယင်းကို ခန့်ကို ကမန်းကတန်း ဆွဲထားလိုက်မိသည်။

"ညီမလေးရယ်"

"ဟင့်အင်း၊ ပယင်း လုံးဝလက်မခံနိုင်ဘူး ကိုကို"

ပယင်း လက်ကောက်ဝတ်ကို မလွှတ်တမ်းဆွဲကာ လူနာခန်း နဲ့ဝေးရာဆီ ခေါ်ထုတ်ခဲ့မိသည်။

"ကိုကို ဘယ်လိုဖြစ်နေတာလဲ၊ ကိုကိုစိတ်ကို ပယင်းနားမလည် တော့ဘူး ကိုကို"

ညီမလေး စိတ်ကြိုက်ပြောပါကွယ်။

"လွှတ် ပယင်းလက်ကိုလွှတ်ပါ ကိုကိုရယ်"

သူ့ ဦးခေါင်းလေးတရစပ်ရမ်းရင်း ဝေးသထက်ဝေးရာသို့ ဆွဲခေါ် ခဲ့မိတဲ့ သူ့စိတ်ကို သူနားမလည်တာ အမှန်ပဲ။

"ဘယ်နည်းနဲ့မှ သက်တန့်ကို ခွင့်မလွှတ်နိုင်ဘူး၊ ကိုကို သက်တန့်ဘာသာ သက်တန့် ပုံမှန်ဖြစ်ချင်ဖြစ် မဖြစ်ချင်ပြီးရော ပယင်းတို့ မောင်နှမ ဂရုစိုက်စရာမလိုဘူး ကိုခန့်ရဲ့"

ညီမလေးရယ် ကလေးစိတ်နဲ့ အစဉ်ဖွတ်တိုးလုပ်နေတတ်တဲ့ ညီမလေးစိတ်ကို ကိုကိုနားလည်ပါတယ်ကွယ်။

"ချယ်ကို ဘာကြောင်းကြောင့်မှ သက်တန့်နဲ့တွေ့ခွင့်မပေးသင့်



www.burmeseclassic.com

www.burmeseclassic.com



ဘူး ကိုကိုရဲ့၊ ကိုကိုစိတ် ဘာဖြစ်နေတာလဲ၊ ကိုကို့စိတ်မှ ကောင်းသေးရဲ့လား''

သူဆွဲခေါ်ရာနောက် ဒရွတ်တိုက်ပါရင်း ဒေါ်သကလေးနဲ့ တရစပ် ရွတ်နေတဲ့ ပယင်းလေးကို သူတစ်ခွန်းမှ ချေပမပြောမိ။

''ကိုကို့ကို ပယင်း ဒေါ်သထွက်လာပြီနော်၊ လွှတ်စမ်းပါ လွှတ်''

သူ့ကို တဝုန်းဝုန်းထုရိုက်နေတဲ့ ညီမလေးကို ဂရုဏာသက်စွာ ငေးကြည့်မိသည်။ ညီမလေးက ချယ်ကို သိပ်ချစ်တာ။ သူကရော ချယ်ကို မချစ်လို့လား။ ဟင့်အင်း ညီမလေးထက် ချယ်ကို သူပိုချစ်ခဲ့ရတာ ပိုချစ်ခဲ့လို့လဲ။

✠ ✠ ✠



# အခန်း (၂၉)။

''ဘယ်လို''

''ဘာပြောလိုက်တာလဲ သား''

ဒေါ်ထားထားဆွေနဲ့ ဒေါ်စိန်စိန်ဆွေ ရင်ဘတ်ဖိကာ တအံ့တဩ မေး၏။ ဆိုဖာပေါ် ကိုယ်ကိုဖျော့ထိုင်နေသည့် ခန့်ကို အောက်နှုတ်ခမ်းလွှာကို အပေါ်သွားနဲ့ ဆွဲကိုက်ကာ မျက်လွှာလေးချလိုက်ပြီး

''သား စေ့စပ်ပွဲကို ဖျက်ပါရစေ မာမီ''

''ဘာဆိုင်လို့ဖျက်ရမှာလဲ သား''

ဒေါ်စိန်စိန်ဆွေ အစ်စို့စို့မေးလိုက်၏။

''ပြောလေသား ဘာဖြစ်လို့ဖျက်ရမှာလဲ၊ မာမီတို့နားလည်အောင် ပြောစမ်း''

သူ ဘယ်လိုပြောရမလဲ။ သူ့ရင်မှာ ကျစ်ခဲရှုပ်ထွေးလာသည်။ ဆံပင်ကို လက်ချောင်းတွေနဲ့ထိုးဖွရင်း



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ ချယ်က"

"ချယ် ဘာဖြစ်လို့လဲ"

"မြန်မြန်ပြောစမ်းပါသားရယ်၊ ချယ် ဘာဖြစ်လို့လဲ"

"ဟို ချယ်တို့ ချယ်ကို လွတ်လွတ်လပ်လပ် နေခွင့်ပေးချင်လို့ပါ မာမီ"

"အပိုတွေမပြောနဲ့ သားရယ်"

"ချယ်ကို မာမီတို့ ချုပ်ချယ်ထားလို့လား"

"ဘာမှမဟုတ်ဘူး မာမီ၊ သက်တန့်နဲ့ချယ်ကို တွေ့ခွင့်ပေးပြီး ကိုကို ခုလိုဖြစ်နေတာလေ"

ညှော်ခန်းထဲဝင်လာတဲ့ ညီမလေးက ဖိုးခနဲဖော်ခနဲ ပြောချလိုက်တော့ သူ ပယင်းကို မာန်မဲတဲ့အကြည့်နဲ့ လှမ်းကြည့်လိုက်သည်။

"မဟုတ်လို့လား ကိုကို"

ပယင်း နှုတ်ခမ်းစူကာ လွှတ်ခနဲပြောရင်း မာမီအပါးမှာ ကပ်ထိုင်လိုက်သည်။

"ဟုတ်လား သား"

ဒေါ်စိန်စိန်ဆွေ မယုံသလိုဖြစ်၍ သားကို ခပ်စူးစူးလေးကြည့်သည်။

"ညီမလေးပြောတာ အမှန်ပဲလား"

"သက်တန့်နဲ့ချယ်ကို တွေ့ခွင့်ပေးလိုက်တယ်ဆို"





ဒေါ်ထားထားဆွေတို့ အလောတကြီးမေး၏။ သူခေါင်းမညိတ်ချင် ဘယ်သူမှမသိအောင် ချယ်ကို သက်တန့်နဲ့ တွေ့ခွင့်ပေးမိတာ ညီမလေး ဘယ်ကဘယ်လို သိသွားသည်မသိ သူ့ကို မကျေမနပ် ပြောလို့အားမရသေးဘဲ မာမီတို့သိအောင် ဖော်ကောင်လုပ်တော့၏။

"ပြောလိုက်လေ ကိုကို"

မြူစိစိဖြစ်နေတဲ့ သူ့ကို ညီမလေး မျက်စောင်းခဲကြည့်သည်။

"သားက ဘာဖြစ်လို့ တွေ့ခွင့်ပေးရတာလဲ"

"ပြောလေ ခန့်"

မာမီတို့ တစ်ယောက်တစ်ခွန်းဖိမေးတော့ သူ ငြင်းလို့ရနိုင်တော့မည်မထင်။

"ဟို ချယ်က တွေ့ချင်တယ်ဆိုလို့ပါ"

"ချယ်တွေ့ချင်တယ်ပြောတိုင်း တွေ့ခွင့်ပေးရသလား သားရယ်"

"ကဲ ထားတော့ တွေ့ခွင့်ပေးတာကို မာမီ ဘာမှမပြောတော့ဘူး"

သူသက်ပြင်းချ၍မဆုံးသေး

"မပြောလို့ရမလား ထားရဲ့"

"စိန်စိန်ရယ် ချယ်ကတွေ့ချင်တယ် သားက တွေ့ခွင့်ပေးလိုက်တယ် ပြီးသွားပြီလေ၊ ပြန်တားလို့ရမလား"



www.burmeseclassic.com

www.burmeseclassic.com



"တားဖို့ပြောတာမဟုတ်ဘူး ထားထား၊ တွေ့ခွင့်ပေးတာကို မပြောချင်ပေမယ့် စေ့စပ်ပွဲဖျက်ချင်တာ ဘာကြောင့်လဲ၊ အဲဒါကို စိန် လက်မခံနိုင်ဘူး"

"ဟုတ်တယ်သား စေ့စပ်ပွဲ ဘာကြောင့်ဖျက်ရမှာလဲသား"

သူ ဘယ်လိုအကြောင်းပြရမလဲ မာမီတို့ လက်ခံနိုင်တဲ့ ဘယ်လို အကြောင်းပြချက်နဲ့ဖြေရှင်းရမလဲ။ သူ့ရင်မှာ ရှုပ်ထွေးကာ ဦးခေါင်းဖိ ကုတ်နေတော့ ပယင်း ဒေါသထွက်လာသည်။

"ပြောလိုက်လေ ကိုကို"

"ညီမလေးကလဲ"

"ဘာလဲ ပယင်းပြောလိုက်ရမလား"

"ဟာ ညီမလေး မဟုတ်မဟတ်တွေနော်"

"ဘာမဟုတ်မဟတ်လဲ၊ ဟုတ်တာတွေပြောမှာ"

"ဘယ်လိုဖြစ်နေတာလဲ ဒီမောင်နှမနှစ်ယောက်"

ဒေါ်ထားထားဆွေ စိတ်မရှည်သလို ဟန့်လိုက်သည်။

"ဘယ်လိုဖြစ်ရမှာလဲ မာမီသားပေါ့"

"ညီမလေး"

ညီမလေးပါးစပ်ကို လှမ်းပိတ်ပေးမယ့်မရ။ ညီမလေး မာမီဘက် တိမ်းရှောင်သည်။ ဒေါ်ထားထားဆွေ စိတ်မရှည်ချင်တော့။

"သား ဘာမှမပြောရင် ညီမလေးပြောပစေ"





"ပြောလေ သမီး"

အန်တီစိန် ခပ်လောလောမေးတော့ ပယင်း မျက်နှာပေး ထူပွ၍ ကိုကို့ကို ထိမထင်လှမ်းကြည့်ပြီး

"ချယ်နဲ့ သက်တန့်ကို တွေ့ခွင့်ပေးပြီးတော့ ကိုကို စိတ်အနာ ကျသွားတာလေ"

"ဘာဆိုင်လဲ"

"မဆိုင်ရင် ကိုကိုက ဘာဖြစ်လို့ စေ့စပ်ပွဲ ဖျက်ချင်ရတာလဲ ပြောကြည့်လေ"

"ဟုတ်သားပဲသားရယ် ညနေပဲ စေ့စပ်ပွဲ လုပ်ရတော့မယ်၊ သားကအခုမှ ဘာစိတ်ရှုပ်နေတာလဲ"

စိတ်ရှုပ်နေတာလားတဲ့ သူ စိတ်ရှုပ်နေတာလား။ အင်း သူ့ကြောင့် ညိုမှုနေတဲ့ နှစ်ယောက်သော နှလုံးသားကို ဝေဒနာ တွေ မဖြစ်တွန်းစေချင်။ ချယ်တို့ကို ဝေဒနာမဖြစ်စေချင်ပေမယ့် သူ့ နှလုံးသား နာကျင်နေမှာကို ဘာကြောင့်မစဉ်းစားမိရတာလဲ။

မစွန့်လွှတ်နိုင်တဲ့ အချစ်စိတ်က မျက်ဝန်းထောင့်ဆီမှ မျက်ရည် လေး စိမ့်ထွက်လျက်။

ဒေါ်စိန်စိန်ဆွေ သားအပါးရွှေ့ထိုင်ကာ

"သား ဘာဖြစ်နေတာလဲကွယ်"

"ဘာမှမဖြစ်ပါဘူး မာမီ"



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းထောင့်မှ လိမ့်ကျလာတဲ့ မျက်ရည်စကို ဦးခေါင်းလေး စောင်း၍ ပခုံးနဲ့ဖိသုတ်ပြောလိုက်သည့်သားက တစ်စုံတစ်ရာကို ပြတ်သား သလိုလို။

"ဘာမှမဖြစ်ရင် စေ့စပ်ပွဲဖျက်ဖို့ မပြောပါနဲ့ကွယ်"

"ဟုတ်သားပဲ သားရယ်၊ ချယ်ကို သားလည်းချစ်တယ်၊ မာမီ တို့အားလုံးလည်းမြတ်နိုးတယ်၊ ချယ်ကလည်း ခေါင်းညိတ်လက်ခံလို့ စေ့စပ်ပွဲတောင် နွဲရတော့မယ့်ဥစ္စာ သားပျော်ရွှင်နေသင့်တယ်လေ၊ ခုတော့ သားပုံစံက"

ဒေါ်ထားထားဆွေ ဆံပင်ကောက်လေးကို လက်ချောင်းလေးနဲ့ ဆွဲဖြန့်ကာပြောတော့ သူဦးခေါင်းလေး တစ်ချက်ရမ်းပြီး

"ခုချိန်မှာ သက်တန့် ကျန်းမာရေးက ချယ်အပေါ်မှာ မူတည် နေတယ် မာမီ"

"အဓိပ္ပါယ်မရှိတာ ကိုကို ဟွန်း"

သူ့ လက်ကလေးဟန့်လိုက်တော့ ပယင်း နှုတ်ခမ်းတွန့်ကာ စကားရပ်ပစ်ပြီး ခြေဆောင့်ထွက်သွားသည်။

"သားသဘောက"

"ချယ်နဲ့ တစ်ကြိမ်တွေ့ရရုံနဲ့ သက်တန့်အခြေအနေ တိုးတက် လာတယ် မာမီ"

"အဲဒီတော့"

"သက်တန့် ပုံမှန်ဖြစ်လာဖို့ ချယ်ကို တောင့်တနေမှာလေ၊ ယ်ကလည်း သက်တန့်ကို"

ချစ်ဦးသူနှစ်ဦးရဲ့ နှုတ်ခမ်းလေးမှ ပေါ်ထွက်လာတဲ့ သင်္ကေတ အာရုံမှာ ပျံ့ဝဲလာစဉ်၊ သူ့နှုတ်ခမ်းလွှာကြားမှာ စကားလုံး တိုးထွက်မလာ ာ့

"နေပါဦး သားက ဘာဖြစ်လို့ သက်တန့်အတွက် စဉ်းစားပေး ာလဲ"

"မာမီရယ်"

"သား ပျော့တိပျော့ညံ့ မလုပ်နဲ့လေ"

"မမထားပြောတာ မှန်တယ်သား သားပျော့ညံ့နေတာ ကယ်ဆို သက်တန့်နဲ့ချယ်ကို သားတွေ့ခွင့်မပေးရဘူး၊ စေ့စပ်ပွဲဖျက် ပေးဖို့ကို တောင်းဆိုစရာ မလိုဘူးလေ၊ မာမီ အားမရတော့ဘူး ာယ်"

သူ့မျက်နှာကို ငုံ့ကြည့်၍ ဒေါ်စိန်စိန်ဆွေ ခပ်တင်းတင်းရွတ် ည်။

"သားပြောတာတွေကို မာမီတို့ လက်မခံဘူးနော်"

ချယ်ကို ချစ်မြတ်နိုးနေတဲ့ ဒေါ်ထားထားဆွေစိတ်မှာ သားရဲ့ ဝေမှုကို အသိအမှတ်မပြုနိုင်စိတ် လွှမ်းမိုးကာ မျက်နှာထားနဲ့ပြော သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်သား မာမီကလည်း သားမာမီနဲ့ တစ်သဘော တည်းပဲ"

"ဒေါ်သီတာတို့သားအမိကို သားငဲ့နေဖို့မလိုဘူး၊ သူတို့သားအမိ က ချယ်ကိုငဲ့တာမဟုတ်ဘူး၊ သားရဲ့ဖြူစင်မှုကို အသိအမှတ်ပြုခဲ့တာ မှမဟုတ်ဘူး၊ သူတို့သားအမိအပေါ် ရောက်နေတဲ့သားစိတ်ကို ခေါက်သိမ်း လိုက်စမ်းပါ သားရယ်"

"ဟုတ်တယ် သားရဲ့ သားစိတ်က ဟိုတက်ရောက်နေရင် ချယ် စိတ်က ပိုရောက်နေမှာလေ၊ ခုချိန်မှာ သားနဲ့ချယ်တို့ရင်ထဲမှာ တစ်ယောက် ကိုတစ်ယောက် ခံစားနေဖို့ကလွဲပြီး တစ်ခြားဘာမှ မထည့်နဲ့"

"မာမီ ဒီလောက်ပဲပြောမယ်"

ဒေါ်ထားထားဆွေနဲ့ ဒေါ်စိန်စိန်ဆွေ တစ်ယောက်တစ်ခွန်း ဖိပြောရင်း သူတောင်းဆိုမှုတို ငြင်းပယ်လိုက်တော့ သူဆံပင်တွေကို စိတ်ပျက်စွာ ထိုးဖွရင်း မာမီတို့နှစ်ယောက်ရှေ့မှ ထထွက်တော့၏။

ဒေါ်ထားထားဆွေတို့နှစ်ယောက် သားနောက်ကျောကိုကြည့်ရင်း မေးလေးဆတ်လိုက်သည်။

"ပွန်း တော်တော် သဘောထားကြီးချင်တဲ့ သား"

✠ ✠ ✠



## အခန်း (၃၀)

အချစ်စစ်က သူ့ဘဝပုံမှန် ပြတ်ဖြစ်လာစေတဲ့ အားဆေး ...စ်လက်လားကွယ်။ ချစ်သူရဲ့ ဖေးမနှစ်သိမ့်မှုနောက်မှာ သူ့နှလုံးသား ...သလာခဲ့ပေမယ့် ရာသက်ပန် တွေးပွေ့ခွင့် မရှိနိုင်တာ ဆိုးဝါးလှသည်။

"သားရယ် မာမီကြောင့် သားခုလို ခံစားရတာပါကွယ်"

သူ့အတွက် ယူကြုံးမရ ထိခိုက်ကြေကွဲနေတဲ့ မာမီမျက်ရည်ကို ... မကြည့်ရက်ပါ။ သူ့ကြေကွဲရိပ်ကို အတတ်နိုင်ဆုံး ဖုံးဖိမျိုသိပ်လိုက် ...

"ပြီးခဲ့တာကိုတွေးပြီး နောင်တရနေဖို့ မလိုပါဘူး၊ မာမီရယ် ...အခုလို ကျန်းမာလာတာကို မာမီ ဝမ်းမသာဘူးလားဟင်"

"ဝမ်းသာတာပေါ့သားရယ်"

"ဒါဆို ဘာဖြစ်လို့ ဝမ်းနည်းစရာတွေ တွေးနေရတာလဲဟင်"

"သားရယ် သားကျန်းမာလာလို့ မာမီ ဝမ်းသာရပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် မာမီအတ္တကို နာကြည်းမနေဘဲ သားကိုချယ်နဲ့ တွေ့ခွင့်ပေး တဲ့ မောင်ခန့် ခံစားချက်ကိုတွေးရင်း မာမီရင်မှာ ယူကြုံးမရ ဝမ်းနည်း ရပါတယ်ကွယ်''

သူ့အာရုံမှာ ခန့်ကိုရဲ့ ပုံရိပ်လေးပေါ်လာသည်။ ထောင်ထော မှတ်မှတ်ကလေးဖြစ်နေတဲ့ ကိုယ်ဟန်မြင့်မြင့်မှာ ဘောင်းဘီကျပ်ကျပ် စွယ်တာအရောင်ရင့်ရင့်လေး တွဲဝတ်တတ်တဲ့ ခန့်ကိုက အတော်ကြ ကြည့်ပျော်ရှုပျော်ရှိကာ ဆံပင်ဂုတ်ဝဲ အသားဖြူဖြူလေးနှင့်မို့ သူနဲ့အပြိုင် ဆွဲဆောင်မှုရှိတဲ့ ခပ်ချောချောကောင်လေး။ အနည်းငယ် ကြွပ်ဆ သယောင်ဖြစ်ပေမယ့် စိတ်သဘောပြည့်ဝသူ။ သူ့ဆန္ဒကို လိုက်လျော တတ်တဲ့ သူငယ်ချင်းကောင်း။

''တကယ်တော့ မောင်ခန့်က သားတစ်ခုခု ဖြစ်သွားမှာ စိုး ရှာပါတယ်ကွယ်၊ သားဦးခေါင်းဒဏ်ရာကြောင့် အာရုံခံစားမှု ထိခိုက်ေ တဲ့အချိန်မှာ သား အာရုံခံစားမှုပုံမှန်ဖြစ်လာဖို့ ဆရာဝန်ကြီးနဲ့တွေ့ ဆွေးနွေးခဲ့တာ သားရယ်''

ခန့်ကို အဲသလောက် သူ့အပေါ် ငဲ့ညှာသလားကွာ။

''ဝေဒနာကြောင့် တစ်ခုခုကို အပြင်းအထန်တောင့်တနေ သားစိတ်ဆန္ဒကို ဖြည့်ဆည်းပေးရင် အလားအလာရှိနိုင်တယ်လို့ ဆ ဝန်ကြီး အကြံပေးတာနဲ့ သားတောင့်တချက်တွေ ပြည့်ဝအောင် ချယ် သားကို တွေ့ခွင့်ပေးခဲ့တာ သားရယ်၊ ချယ်နဲ့ တွေ့ပြီးတဲ့နောက်မှာ သ





စိတ်အာရုံရွှတ်ယွင်းနေတဲ့ ဝေဒနာက တဖြေးဖြေး သက်သာလာ တာလေ၊ အဲဒါကြောင့် မောင်ခန့်ကို မာမီ အရမ်းကျေးဇူးတင်ရတယ် သားရယ်''

ပြည့်လျှံနေတဲ့ သူ့မျက်ဝန်းအိမ်မှ မျက်ရည်စတွေကို မျက်တောင် များနဲ့ ပုတ်ခတ်ဖယ်ရှားမိသည်။

''သားကို မာမီ အကောင်းပကတိ ပြန်ပိုင်ဆိုင်ခွင့်ရတာ မောင်ခန့်နဲ့ချယ်ရဲ့ နားလည်သိတတ်မှုကြောင့်ပါ သားရယ်''

''အဲဒါကြောင့် ချယ်နဲ့မောင်ခန့်ရဲ့ စေ့စပ်ပွဲကို သားမနှောင့် ယှက်ပါနဲ့သားရယ်၊ မောင်ခန့်နဲ့ချယ်ကို အသိအမှတ်ပြုပေးပါကွယ် နော်သား''

သူဦးခေါင်းညွတ်ကျသွားသည်။ အသိအမှတ်ပြုပေးရမယ်တဲ့။ အင်းလေ ချယ်ကို တစ်ကိုယ်တည်းချစ်နေခွင့်ရအောင် ဖေးမနှစ်သိမ့်ပေး တဲ့ ချစ်ဦးသူနဲ့ သူငယ်ချင်းကို သူ အသိအမှတ်ပြုပေးရမှာပေါ့။

မှားတတ်တယ်။

မာမီအတ္တကြောင့် ချယ်ကို အကာအကွယ် မပေးနိုင်တဲ့ သူ့ဘဝ ရဲ့ ချွတ်ယွင်းချက်ကြောင့် ချစ်သူကို လက်လွှတ်ဆုံးရှုံးရတာလေ။ သူဖြေ သိမ့်နိုင်ရမှာပေါ့။

''ကိုယ့်ရဲ့အတ္တကြီးမှုကို ခွင့်လွှတ်ပါ ခန့်ကို၊ မင်းသာ ချယ်နဲ့ ဆိုက်တန်တာပါကွာ ချယ်ဘဝကို မင်းကသာ ငြိမ်းချမ်းပြည့်စုံအောင် ဖန်တီးပေးနိုင်ခဲ့တဲ့သူပါကွာ''



www.burmeseclassic.com

www.burmeseclassic.com



ခန့်ကို လက်ဖဝါးလေး ဆုပ်ကိုင်ရင်း သူ့ တတွတ်တွတ်ရွတ်ကာ ခန့်ကို ကျေနပ်အောင် နှစ်သိမ့်ပေးနေမိသည်။

"ချယ်ကို ဇွတ်တရွတ် ပိုင်ဆိုင်ချင်တဲ့စိတ်ကြောင့် မင်းခွင့်မပြုတဲ့ကြားက ချယ်နဲ့ တွေ့ခွင့်ရဖို့ ကိုယ် ခိုးကြောင်ခိုးဝှက်တွေ့ခဲ့တာ ကိုယ့်အမှားပါ၊ အဲဒီ မှားယွင်းမှုကို ကံကြမ္မာက ဒဏ်ခတ်အပြစ်ပေးခဲ့တာပါကွာ။ ကံကြမ္မာ ပေးတဲ့အပြစ်ကို ကိုယ်ကျေနပ်တယ်၊ ကိုယ် ဝေဒနာ သက်သာအောင် နှစ်သိမ့်မှုပေးတဲ့ မင်းရဲ့သဘောထားကြီးမှုကို ကိုယ် လေးစားပါတယ်၊ ဒါကြောင့် မင်းနဲ့ချယ် စေ့စပ်ပွဲကို ကိုယ်မနှောင့်ယှက်ပါဘူးကွာ၊ မနှောင့်ယှက်ပါဘူး"

တွေဝေဖျော့တော့နေတဲ့စိတ်ကို အားပေးနှစ်သိမ့်လာတဲ့ သက်တန့်ကို ခန့်ကို လျစ်လျူမရှုရက်နိုင်တော့ သက်တန့် လက်ဖဝါးလေးကို အပေါ်မှ အုပ်ကိုင်ပြီး

"ကျေးဇူးတင်တယ် သက်တန့်"

"မလိုပါဘူးကွာ မင်းနဲ့ကိုယ်က အပြန်အလှန် နားလည်မှုပေးနိုင်တဲ့ သူငယ်ချင်းအရင်းကြီးပါကွာ"

တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် နှစ်သိမ့်ပေးနေတဲ့ မျက်နှာပေးတွေရဲ့နောက်မှာ ဝေဒနာကိုယ်စီနှင့်။

"စေ့စပ်ပွဲအတွက် ပြင်ဆင်တော့ခန့်ကို ကိုယ် ဘာကူညီပေးရမလဲ"





"မင်း တကယ်ကူညီမလား"

"ကူညီရမှာပေါ့ သူငယ်ချင်း"

ချစ်သူကို ပေးလိုက်ရတော့မယ့် သူ့နှလုံးသားမှာ တဆတ်ဆတ် တုန်ခါနေမယ့် တစ်ပါးသူ မရိပ်မိအောင် သူ့နှုတ်ခမ်းပါးပေါ် အယောင်ဆောင် အပြုံးနုလေးတင်လိုက်၏။

"ပြော ကိုယ် ဘာကူညီရမလဲ"

"ကူညီမယ်ဆိုလာ"

သူ့ပခုံးကို သိုင်းဖက်ဆွဲခေါ်သွားသည့် ခန့်ကိုနောက် သူပါသွားပြီ။ ချယ်ရယ်

အကြောင်းကြောင်းကြောင့် မောင်တို့ချစ်ခြင်း ကွေကွင်းရပေမယ့် အသိတရားနဲ့ ထိန်းချုပ်ပြီး ခံစားကြပါစို့။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"သတို့သမီးလောင်းလေးရယ် မျက်ရည် အဲသလောက်ကျနေလို့ မဖြစ်ဘူးလေ"

ပယင်းက တို့ပတ်ပွပွနဲ့ ချယ်မျက်ရည်စတွေ တို့သုတ်၍ တတွတ်တွတ်ပြောနေပြီ။

"မျက်ရည်ကြောင့် မိတ်ကပ်တွေ ကွက်ကုန်မှာပေါ့ကွယ်၊ ကြည့်ပါလား မျက်လုံးအိမ်မှာချယ်ထားတဲ့ ငွေရောင်ရှဲဒိုးတွေ အရည်ပျော်ဆင်းလာပြီလေ"

ချယ် မျက်ရည်စတွေ တို့သုတ်ရဖန်များလာတော့ ပယင်း စိတ်ညစ်ရပြီထင်။ မှန်ပေါ်မှာ ထင်ဟပ်ခနဲပေါ်နေတဲ့ မိတ်ကပ်လိမ်းပြီးသား ချယ်ပါးမို့မို့ စိုဖတ်ကာ ချယ် မျက်ဝန်းဝိုင်းမှာ ချယ်ထားတဲ့ ငွေရောင်ရှဲဒိုးက ငွေရောင်စီးကြောင်းလေးဖြစ်လျက်။

"ဘာဖြစ်လို့ ဝမ်းနည်းမျက်ရည်ကျရတာလဲ ချယ်ရယ်၊ ကိုကို မြင်ရင် စိတ်မကောင်းဖြစ်သွားမှာပေါ့၊ နေဦး ပယင်း ရှဲဒိုးပြန်ချယ်ပေးမယ် မျက်ရည်ထိန်းထားနော်"

"အင်းပါ"

ဝမ်းနည်းမှုတွေ နစ်အိုင်မသွားအောင် ချယ် ထိန်းလိုက်ရသည်။ ပယင်းက စုတ်တံလေးကိုင်ကာ ကိုယ်ကိုကိုင်း၍ ချယ့် မျက်ဝန်းဝိုင်းလေး ပိုလှလာဖို့ စိတ်ရှည်လက်ရှည် ချယ်သနေဆဲ။

"ကြည့်စမ်း ချယ် ဘယ်လောက်လှသလဲလို့"

ချယ် မျက်ဝန်းကို စိတ်တိုင်းကျ ကာလာချယ်ပြီးတဲ့ ပယင်းက ပြုံးကြည့်၍ အားတက်သရောပြောတော့ ချယ် မျက်နှာလေးကို ချယ် ပြန်ငေးကြည့်မိသည်။

ကြေကွဲရိပ်ထွန်းနေတဲ့ ချယ် မျက်ဝန်းဝိုင်းလေးက ငွေရောင် တောက်တောက်လေးနဲ့ လုံးဝန်းကာ အဖျားသွယ်သွားတဲ့ စိမ်းညို့ညို့ မျက်ခုံးတန်းလေးက ထူးခြားပေါ်လွင်ကာ မိတ်ကပ်ရောင်စိုဖတ်နေတဲ့ ချယ် မျက်နှာဝိုင်းလေးကို ပေါ်လွင်နေသည်။

အောက်နှုတ်ခမ်းလေး အနည်းငယ်သွဲ့ကာ အပေါ်နှုတ်ခမ်းလေး ပြည့်ဖူးကာ ဖူးကြွနေတဲ့ နီဆွေးဆွေးအရောင် ဆေးချယ်ထားတဲ့ ချယ့် နှုတ်ခမ်းအစုံက ပန်းသွေးရောင် ဖြူနုအိစက်နေတဲ့ မျက်နှာလေးပေါ်မှာ ထင်းနေသည်။

လိုက်ဖက်တဲ့ ကိုယ်ကြပ်ဇာဂါဝန်လေးကြောင့် ကောက်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လွင်လှတဲ့ ကိုယ်နေဟန်က ကျော့ရှင်းကာ စွဲမက်စရာအတိ။

"ကိုကိုမြင်ရင် အသက်ရှူဖို့မေ့သွားမယ့်အလှမျိုး ယောက်မရဲ့"

ချယ်ပါးပြင်ဖွဖွလေး နမ်းရှိုက်၍ဆိုတဲ့ ပယင်းကြောင့် အသက်ရှူ မြန်သွား၏။

"ရော့ ပန်းစည်းလေးကိုင်လိုက်"

အဖြူရောင် နှင်းပွင့်ပန်းစည်းလေးကို ဇာလက်အိတ်ဖြူဖြူလေး စွပ်ထားတဲ့ ချယ်လက်ထဲ ထည့်ပေးတော့ ချယ် အလိုက်သင့် ကိုင်လိုက်ရသည်။

မျက်ရည်စတွေ လိမ့်ကျမလာအောင် ထိန်းထားနိုင်ပေမယ့် မျက်ဝန်းအိမ်မှ မျက်ရည်စတွေ ရစ်သိုင်းနေသည်က ချယ်အလှကို ပို၍ တောက်ပနေသလို။

"အင်း စေ့စပ်မင်္ဂလာပွဲထွက်ဖို့ အချိန်နီးနေပြီ"

နံရံကပ် နာရီဝိုင်းလေးကို မော့ကြည့်ရင်း ချယ် အသံမြူးမြူး လေးထွက်လာသည်။ ချယ်နှလုံးသားမှာ ကြေကွဲသက်ပြင်းချ၍ မဆုံးနိုင်တော့။

"သတို့သမီးလောင်းက အဆင်သင့်ဖြစ်ပြီး သတို့သားလောင်း ပြင်ဆင်လို့ မပြီးသေးဘူးထင်တယ်"

ချယ့်ကို ရှေ့နောက်ပတ်၍ စိတ်တိုင်းကျကြည့်ရင်း ပယင်း ပြောသည်။ ချယ် မသိမသာ အကြည့်လွှဲတော့





"ယောက်မချောကလည်း"

"ပယင်းကလည်း"

"ပယင်းကမလည်းနဲ့ ကိုကိုပြီးပြီးလားမသိဘူး၊ ပယင်းသွား ကြည့်လိုက်မယ်"

"အင်း"

ပယင်းမရှိတော့ကောင်းတောပေါ့။ ချယ် တစ်ကိုယ်တည်း လွတ်လွတ်လပ်လပ် ခံစားလို့ရတယ်လေ။ ချယ် ခေါင်းဆတ်လိုက်တော့ ပယင်း မျက်ဝန်းလေးမြူးကြွတောက်ပသွားပြီး

"ကိုကို ပြင်ဆင်ပြီးပြီးဆို ချယ်ကို လာခေါ်မယ်လေ၊ ကိုကိုလက် ကိုချိတ်ပြီး ဧည့်ခံပွဲထဲ ထွက်ခဲ့ပေါ့နော် ယောက်မ"

ချယ် ခေါင်းမညိတ်မိသလို ဦးခေါင်းလည်းမခါမိ။ ပယင်းအခန်း ထဲကထွက်သွားတော့ ချယ်ရင်မှာ နွမ်းဖတ်ကာ ထိုင်ခုံနောက်မှီထိုင်ကာ ချယ် ဆုပ်ကိုင်ထားသည့် နှင်းပန်းစည်းလေးက ချစ်စရာအတိ။

ပန်းစည်းလေးက ချယ့်လိုလှနေပေမယ့် နှင်းမှုန်လေးတွေ တင်ကျန်နေသည်က ချယ့် မျက်ဝန်းအိမ်မှ မျက်ရည်စလို လက်ဖြာလျက်။

မောင်နဲ့သာဆိုရင်။

အိုး။

ချယ် စိတ်ကူးယဉ်နေလို့မရဘူးလေ။

မောင့်ကို မေ့ပစ်နိုင်အောင် ကြိုးစားရမယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



အခုအချိန်မှာ မမေ့နိုင်သေးပေမယ့် မေ့နိုင်အောင် ကြိုးစားရမှာပေါ့

ထိုစဉ်။ ခရေပန်းရနံ့လေး သင်းထုံလာသည်နှင့် တစ်ပြိုင်နက် နှင်းပန်းစည်းကိုင်ထားတဲ့ ချယ်လက်ဖဝါးလေးပေါ် သွယ်လျလျ လက်ချောင်းလေး ကျရောက်ဆုပ်ကိုင်လာတော့ ချယ် နှလုံးသား လှိုက်ခနဲဖိုလျက်

"ချယ်"

"ဟင်"

အသံလေးကြောင့် ချယ် မျက်လွှာလေးပင့်ကာ မော့ကြည့်လိုက်တော့ အနောက်တိုင်းဝတ်စုံ ဖြူစွတ်စွတ်လေးဝတ်ထားတဲ့ သတို့သားလောင်းက မောင်တဲ့လား။

ထိုင်နေရာမှ ချယ်ကိုယ်လုံးလေးကြွကာ

"မောင်"

"ချယ်ရယ် မောင်အရမ်းဝမ်းသာတာပဲကွယ်၊ ခန့်ကိုက ချယ်နဲ့ မောင်တို့နှလုံးသားကို အသိအမှတ် ပြုတယ်တဲ့ ချယ်ရယ်"

ချယ် ရင်ခုန်သံမြန်သွားသည်နှင့်တစ်ပြိုင်နက် မောင်ဆွဲယူတဲ့ ချယ့်လက်ချောင်းတွေနဲ့အတူ ချယ် ကိုယ်လုံးလေးက မောင့်ရင်ခွင်ထဲ ယိုင်ခနဲကျသွား၏။

"ဒါ ဒါဆို"





"ဟုတ်တယ် ချယ်၊ ခန့်ကိုက ချယ်နှလုံးသားအတွက် မောင့်ကို လက်ဆောင်ပေးပါရစေတဲ့"

"ဒါဆို ချယ်နဲ့မောင်က"

"ခန့်ကို စီစဉ်တဲ့အတိုင်း သတို့သားလောင်းနဲ့ သတို့သမီးလောင်းလေ"

"မောင်ရယ်"

ချစ်ခြင်းရဲ့ ကြည်နူးမှုလေးတွေက ချစ်သူရဲ့ ရင်ခွင်မှာ ငြိမ့်ညောင်းသံစဉ်လေးအဖြစ် နစ်ဒိုင်တွဲခိုလျက်။

"မောင်နဲ့ချယ် စေ့စပ်ပွဲကို ချယ်ဖွင့်ထားတဲ့ Green House ကော်ဖီဆိုင်မှာ လုပ်ပေးမှာတဲ့လေ"

မောင့်ရင်ခွင်မှာ ချယ် ဦးခေါင်းမှီနွဲ့ကာ ရင်ခုန်သံတွေဖြာခနဲ လွှင့်ကျသွား၏။

"အိုး ချယ် ငိုနေတာလား"

"ဟင့်အင်း"

"မငိုဘူးတဲ့ မျက်ရည်တွေက"

"ဟွန်း"

"ချယ် မျက်ရည်ကို မောင့်နှလုံးသားမှာ နမ်းရှိုက်ပါ့မယ်ကွယ်"

ရင်ခုန်သံ တိုးတိတ်လှိုက်ဖိုစွာ ရပ်တန့်သွားကာ ချယ် ကိုယ်လုံးလေးကို ထွေးခနဲ ရစ်ပွေ့လျက် တိုးကပ်လာတဲ့ မောင့်နှုတ်ခမ်းလွှာလေးကို



www.burmeseclassic.com

www.burmeseclassic.com



ချယ် ရှောင်တိမ်းဖို့မေ့သွားပြီထင့်။

သတို့သားလောင်နဲ့ သတို့သမီးလောင် အနမ်းတွေနဲ့ အိပ်မောကျနေပြီလို့ ပယင်း အသည်းကြည်ကြည်လေး တိုးဝင်ဟန့်တားလာပေမယ့် မောင်တို့အနမ်းတွေ မရပ်စဲနိုင်တော့။

"ချယ်"

ချစ်ခြင်းဆီသို့ ရင်ခုန်စွာ ကူးခတ်နေတဲ့ ချစ်ဦးသူနှစ်ဦးရဲ့နှလုံးသားမှာ ပန်းတွေ အစီအရီ ပွင့်ကြွေနေလေပြီ။

**အဆုံးအထွတ်**

နှတ်သမီး

(စိုးမိုး - စာပေ)

www.burmeseclassic.com